
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး

★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး

★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး၊ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ ခံမှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မြပုလဲသွယ်

# ချစ်တတ်စေသတည်း

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၀၊ စကားဝါလမ်း
အင်းမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

မြပုလဲသွယ်
ချစ်တတ်စေသတည်း / မြပုလဲသွယ်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်တတ်စေသတည်း

ညက ဆောင်းည။ ပတ်ဝန်းကျင်တစ်ခုလုံး ဆောင်း၏ လေအေး အေးက လက်ကြမ်းကြီးတစ်ခုနှင့် တောင်ပေါ်မြို့လေးကိုဆွဲယူ၍ သူ့ရင်ခွင်လွင်ပြင်ထဲ ထည့်ထားသည်။ ရိုးရိုးဆောင်းပါဆိုမှ တောင်ပေါ် ဒေသဖြစ်၍ မြေပြန့်ထက် ပိုအေးရတဲ့အထိ နှင်းမှုန်တွေကျနေတာ ဆုကြီးထည်ကြီးနှင့်ဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးက နှင်းကမ္ဗလာကြီး ကာရံထားသည့် အတိုင်း။ ဘာမဆို သဲကွဲစွာ မမြင်ရဘဲ အရာရာ ဝေဝါးဝါး ရှိနေသည်။ မြို့လေးမှာ လူအများ နေချင်စရာကောင်းလောက်သော ချစ်စဖွယ် ကောင်းသော တိုက်ပုလေးက နှင်းထုတွေကြား တောင်ကုန်းမို့မို့လေး ပေါ်မှာ ဣန္ဒြေရရတည်ရှိသည်။ အနီရောင် အုပ်ကြွပ်မိုးနှင့် အောက်ခြေ မှာ အဖြူရောင်ကြွေပြားတွေ ကပ်ထားသော တိုက်ပုလေးသည် နံရံ အားလုံးက ဓိုးညိုရောင်မှန်ချပ်ကြီးတွေ ကာရံထား၏။

ဒီဒေသက အေးတဲ့ဒေသမို့ အုတ်တိုက်ပုပုပြားပြားလေးတွေ ကြတာ မှန်သည်။ နေရာအနှံ့ အိမ်ပုံစံဆန်းဆန်းတွေ တွေ့ရတာမှန်ပေမဲ့ နှစ်ထပ်တိုက်လို ခန့်ညားတာမျိုးရှိသည်။

သေးနုပ်ပေမဲ့ အေးချမ်းမှုရှိသော ပျဉ်ထောင်အိမ်ပုံစံမျိုးလဲ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့ပေမဲ့ ဒီလို မှန်လုံးပြည့်ကာသော အိမ်ကလေးရဲ့ ကြွရှုသော အလှအပမျိုးတော့ မမြင်ဖူးခဲ့ကြပေ။ ခိုးညိုရောင်မှန်ချပ်ကြီးရဲ့ အတွင်းမှာတော့ နို့နှစ်ရောင် ပိုးလိုက်ကာ ထူထူအိအိကြီးတွေ ကာရံထားတာက လည်း ထိုင်ငေးချင်စရာ ကောင်းလှ၏။ သို့ပေမဲ့ ငေးချင်သူတွေက ဒီဒေသမှာ မှောင်စပျိုးတာနဲ့ ကိုယ့်အိမ်ထဲ ကိုယ်ဝင်ကာ မီးလင်းဖိုရှေ့ ရောက်သွားကြတာများသည်။ အအေးဓာတ်ကို ကာကွယ်သည်ပေါ့။ ထို့ကြောင့် အိမ်ကလေးရဲ့ အေးချမ်းခြင်းထဲ တိတ်ဆိတ်စွာ ရှိနေသည့် အချိန်မှာပဲ ခပ်ဟာဟာပွင့်နေသော ပြတင်းမှတစ်ဆင့် မည်းနက်ရှည်လျားသော သတ္တဝါတစ်ကောင် အိပ်ခန်းအတွင်းသို့ တိတ်ဆိတ်စွာ ဝင်ရောက်လာကာ လူနှစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ခုတင်ပေါ် လျှောခနဲ ရောက်သွားသည့် အခိုက်မှာပဲ အေးစက်သည့် အထိအတွေ့ ကြောင့် မျက်ဝန်းအစုံ ဖျတ်ခနဲပွင့်လာပြီး ညအိပ်မီးရောင်နှင့် ထိုအရာကို ကြည့်လိုက်မိချိန်မှာပဲ အရောင်တဖိတ်ဖိတ် လက်နေသည့် မြွေက ထိုလူကို အားပါးတရ ပေါက်ထည့်လိုက်တာ ခံလိုက်ရ၏။

"အား...."

"မြွေ.... မြွေ.... လုပ်ပါဦး"

ခြေစောင်ကို ကြမ်းတမ်းစွာ ဆွဲဖယ်ရင်း နေရာက အလန့်တကြား ထပြေးချိန်မှာပဲ ပိတ်ထားသည့် တံခါးချပ်ပွင့်လာပြီး လူတစ်ယောက် ဝင်လာတာ မြင်လိုက်ရသည်။

"ဟင်.... မင်း.... မင်း"

"အေး.... ငါပဲ"

"ဆောင်.... ဘာဖြစ်တာလဲ"





ရေချိုးခန်းထဲမှ ထွက်လာသော အမျိုးသမီးက အိပ်ခန်းထဲမှလူကို င်လိုက်တာနဲ့ မျက်စိမျက်နှာပျက်သွားချိန်မှာပဲ ထိုလူလက်ထဲက ဓား လည်း အရောင်လက်ခနဲ အမျိုးသမီးရင်ဝကို စူးစိုက်သွားသည်။

"ဟင်.... ရှင်.... ရှင်"

"ကဲကွာ"

"အား...."

"အမယ်လေး"

သည်းအူပြတ်မတတ် အော်လိုက်သော ကြောက်စဖွယ် အော်သံ ီးအဆုံးမှာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားကာ စ်အိမ်လုံး အမှောင်အတိကျသွားသည်။

◈



www.burmeseclassic.com

www.burmeseclassic.com

# နောက် သုံးလကြာပြီးနောက်

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

''ဒါတော့ မောင် လွန်ပြီကွာ''

သက်လယ်က မူနွဲ့နွဲ့လေသံနှင့်မလိုက်အောင် မဲ့ခနဲ ညွတ်ကွေး ကျသွားသည့် အချိုးညီ နှုတ်ခမ်းတွေက ပုစွန်ဆီရောင်သွေး စိုလက်နေပုံက အသက်ရှုမှားလောက်အောင် လှသည်။ မျက်ဝန်းတွေက စာဖွဲ့လောက် အောင် မလှပေမဲ့ မျက်တောင်တုတွေ ဒီနေ့ခေတ်ရဲ့ နည်းပညာအကူ အညီတွေကြောင့် စိုလဲ့ပြီး အလင်းပြန်နေပုံကလည်း အကြည့်ချင်းဆုံတိုင်း ရင်ခုန်ချင်စရာကောင်းတာလည်း ဝန်ခံပါ၏။ နှာတံက စင်းနေအောင် မချွန်ပေမဲ့ ဘဲဥပုံသွယ်လျတဲ့ မျက်နှာထဲမှာ အံဝင်ခွင်ကျ ရှိသည်။

ကျောလယ်ခန့်ရှိတဲ့ ဆံပင်ထူခဲခဲတွေကို မျက်ခုံးအထိ နဖူးပေါ် ဘစောင်းခပ်ဝဲဝဲလေး ချထားကာ ရွှေရောင်လက်နေသော ဆံနွယ်တွေက ပါးရိုးနားမှာ အထပ်ထပ်ဖြစ်အောင် ပုံသွင်းထားတာလည်း လှသည် သက် လှချင်၍ ပြုပြင်ထားမှန်း သိသာသည်။ တိုက်က ဖန်ခွက်ထဲရှိ ျူ(စ်)ကို ပိုက်နဲ့ စုပ်မျိုချလိုက်ပေမယ့် စိတ်ထဲ မသက်မသာနှင့်ဖြစ်ပြီး ရင်ထဲက ပျို့အန်တက်လာသော မေးခွန်းတွေအားလုံး အအေးနှင့် ရော ထွေးပြီး မျိုချပစ်တာနှင့် တူသည်။





သက်လယ်ကတော့ သူမချစ်သူ တိုက်က သူမအား စေ့စေ့ ကြည့်ပြီး ဘာစကားမှမပြော၊ သက်ပြင်းတွေ ရှိုက်လိုက်၊ အအေး သောက်လိုက် လုပ်နေတာကိုပဲ ချစ်စနိုး အမူအယာနှင့် လှပသော ျက်နှာလေးထက် မေးထောက်ကာ တိုက်မျက်နှာကို ခပ်ငဲ့ငဲ့လေး ကြည့်သည်။ ဒီပုံကိုပဲ သူမရဲ့ ပင်တိုင် ဓာတ်ပုံဆရာ၊ ဒီဇိုင်နာတွေရဲ့ အဆိုအရ သက်လယ်ထိုသို့ ပြုံးတိုင်း တစ်ဖက်သားက ဘာမဆို ခေါင်းညိတ် လိုက်လျောချင်စိတ် ဖြစ်သွားသည်တဲ့။ ထိုသူတွေထဲမှာ သက်လယ်ချစ်တဲ့ တိုက်ရော မပါဘူးလား။

''မောင်''

BURMESE CLASSIC .com

သက်လယ်က တိုက်ကို ခပ်နွဲ့နွဲ့ခေါ်ရင်း စားပွဲပေါ်တင်ထားသည့် တိုက်လက်ဖမိုးပေါ် အုပ်ကိုင်ကာ တစ်ဆက်တည်း လှုပ်ခါပစ်ပေမယ့် တိုက်က မလှုပ်။ ဒါကိုပဲ သက်လယ် အသည်းယားနေမိတာပါ။

''မောင်.... စကားပြောဦးလေကွာ၊ အဲဒီလိုကြီး အသံတိတ်နေ တော့မှာလား၊ သက်လယ်နဲ့မောင်က တစ်ပတ်မှာတစ်ရက်၊ တစ်ရက်မှာ နာရီပိုင်းလောက်ပဲ တွေ့ရတာ၊ မောင်က ဒီလိုကြီးလုပ်နေမှတော့ သက်လယ်က ဘာဆက်လုပ်ရမှာလဲလို့''

''မောင် ဒီလိုလုပ်နေရင် သက်လယ်ပြန်မယ်ကွာ၊ ဒါဆို မောင် တော့နပ်ပြီ မဟုတ်လား''

သက်လယ်က ပြောပြောဆိုဆို တိုက်နားက ခွာပြီး သူမ လက်ပွေ့ အိတ်ကို တကယ် ပြန်တော့မည့်ဟန်နှင့် ခပ်တည်တည် ဆွဲယူပြီး ထားသော့ကို ကောက်ယူလိုက်တော့မှ တိုက်က ခုံကျောမှီမှာ ပက်လက် မှီကာ စိတ်ပျက်ခြင်းတွေနဲ့ပါ။ သက်လယ်က သူမ ဘုပ်ချင်တာလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဘက်ကို လှမ်းအကြည့်မှာ တိုက်ခေါင်းမှာ ငှက်သိုက်ကြီး တစ်ခု ခွပ်ချထားသလို ကောက်ကွေးလိမ်နေတဲ့ ပခုံးထိ ဆံပင်ရှည်ကြီးတွေနှင့် မောင်က သက်လယ်ကို ဒီအတိုင်း ပြန်ကြည့်နေတာမြင်တော့ ဒုတိယ အကြိမ် သူမဘက်က အလှဆုံး အချိုမြိန်ဆုံး ချစ်သူကို ထပ်ပြုံးပြလိုက် ပြန်၏။

"မောင်"

"ခြော"

"စိတ်ကောက်ပြေပြီလား"

"ဘာကို စိတ်ကောက်ရမှာလဲ"

"သိဘူးလေ၊ မောင်ကမှ သက်လယ်ကို စကားမပြောတာ"

"ကိုယ်ပြောတဲ့စကားက မင်း မကြိုက်တာတွေပဲဖြစ်မှာ"

"အဲဒါဆိုလည်း မောင်က သက်လယ်ကြိုက်တာ ရွေးပြောပေါ့၊ ပထမဆုံး မောင် အရင်ပြောရမှာက မောင် အခုလို ကိုယ်ဆိုတဲ့နာမ်စား နေရာမှာ မောင်လို့ အရင် အကျင့်ပါအောင် အရင်ပြောပါဆို"

"မင်းတော်တော့ သက်လယ်"

"မတော်နိုင်ဘူးမောင်၊ ပြောစရာရှိတာ ပြောရမှာပဲ"

"သက်.... လယ်"

"မောင် သက်လယ်ကို မအော်နဲ့"

"အော်မယ်ကွာ၊ ဘာဖြစ်လဲ"

"ကဲကွာ...."

"ဒုန်း...."

တိုက်က ဒေါသတကြီး စားပွဲကို ဖြန်းခနဲထုပြီးအော်တော့





သက်လယ်က ဘောဘီ အကြည့်ဝေ့ဝဲသွား၏။

"မောင် ဘယ်လိုဖြစ်နေတာလဲ"

"စကားပြောတာ အဆင့်ရှိရှိပြောပါ မောင်၊ သက်လယ်ကို အော်တာဟာစ်တာတွေ မလုပ်ပါနဲ့၊ ဒါ လမ်းဘေးဈေးတန်း မဟုတ်ဘူး"

ဒေါသကြီးနေသည့် တိုက်ကို ရှုးလက်သောမျက်ဝန်းနဲ့ တုံ့ပြန် ကြည့်ရင်း သက်လယ် ဆံပင်တွေကို ဆတ်ခနဲခါတော့ ပခုံးထိအောင် ဆွဲချထားတဲ့ သက်လယ် နားဆွဲဝိုင်းကြီးတွေကလည်း ပြိုးပြက်ခြင်းဖြင့် ဝဲခါသွားသည်။ တိုက်ကတော့ ကျောမှီထိုင်နေရာမှ လှပသော သက်လယ် မျက်နှာကို ရှုးရဲစွာ စိုက်ကြည့်ရင်း နာကျင်ခံပြင်းသော အပြုံးတစ်ခု လက်ခနဲပြုံးသည်။

"ဒါဆို မင်းလည်း အဆင့်ရှိရှိနေလေ"

"မောင် ဘာပြောတာလဲ"

"ကြားတဲ့အတိုင်းပဲ"

"မောင် သိပ်လွန်နေပြီနော်၊ သက်လယ်က အခုရော ဘယ်လို နေ,နေလို့လဲ၊ ပြောပါဦး မောင်"

"ဒါတော့ မင်းကိုယ်မင်း သိမှာပေါ့"

"မောင်"

တိုက်ကို ဒေါသနှင့် အံကြိတ်အော်လိုက်သည့် သက်လယ့်အသံက မချိတင်ကဲသံဖြစ်သည်။ တိုက်မျက်နှာက ယောက်ျားတန်မဲ့ ချောမွေ့ ခြင်းမှာ မာန်မာန ထောင်လွှားခြင်းကြောင့် တိုက်ပုံစံက ခက်ထန်သလို လည်း ရှိသည်။

စိမ်းညို့နေတဲ့ မျက်ခုံးတန်းအောက်မှာ တိုက်မျက်ဝန်းအစုံက



www.burmeseclassic.com

www.burmeseclassic.com



မျက်အိမ်ကျယ်ပြီး မျက်တောင်တွေ ကော့ယော့ပုံတက်နေပုံက မျက်ခုံးရိုး အထိ ပြန့်သိနေသည်။ နှာတံရိုးမြင့်ကာ နှုတ်ခမ်းပါးတွေက အပြစ် ဆောက်ပြစရာရှိလျှင် တက်ညီလက်ညီ လှုပ်ရှားတတ်တာ သက်လယ် အသိဆုံး။ ငယ်တုန်းက သက်လယ်နဲ့တိုက်ဆိုတာ သူငယ်ချင်း၊ အခု အရွယ်ရောက်လာတော့ ကိုယ် ဝါသနာပါရာလမ်း ကိုယ်စီလျှောက်ကြ ချင်းက သက်လယ်က ပရော်ဖက်ရှင်နယ်(လ်)မော်ဒယ်။ မောင်ကတော့ အခုချိန်ထိ ယုံကြည်ရာ မာနကိုစွဲကိုင်ရင်း မိဘတော်လှန်ရေးမင်းသား လုပ်ကောင်းဆဲ။

"ဒီမှာ.... သက်လယ်"

"ပြောပါ"

"မင်း လုပ်သမျှ ငါက စာရင်းပြုစုပြီး ပြောပြရမှာလား၊ အနု ပညာသမားမို့ လူချစ်လူခင်များတာလည်း ငါနားလည်တယ်၊ ပရိသတ် အမြင်မှာ လှပအောင်နေတာလည်း ငါသိတယ်"

"ဒါဆို မောင် ပြောချင်တာက ဘာလဲ"

"အနုပညာကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးမရှာဖို့"

"မောင်ဖြစ်ချင်တဲ့ဆန္ဒက ဒါပေါ့.... ဟုတ်လား"

"ဟုတ်တယ်"

"အဟင်း.... ဟင်း"

"ခစ်.... ခစ်"

"ဘာများလဲလို့ မောင်ရယ်"

"အဟက်"

သက်လယ် ခေါင်းမော့ပြီး ရယ်သောအခါ သွားစွယ်ချွန်လေးမှာ





မြုပ်ထားတဲ့ စိန်တစ်ပွင့်ဟာ မြင်သူ မျက်စိကျိန်းလောက်အောင် အရည် အသွေးကောင်းမှန်း သိသာလွန်းလှ၏။

"မောင့်စကားတွေက ရယ်စရာကောင်းနေပြီ"

"မင်း ကိုယ့်ကို လှောင်တာလား"

"မဟုတ်ဘူး မောင်"

"ဒီလမ်းကို သက်လယ် ဖောက်ကတည်းက ဒီလမ်း လျှောက် ချင်လို့ပဲ မောင်၊ အကျိုးလိုလို့ ညှောင်ရေသွန်းတာ၊ မောင်က ဆုမတောင်း ရဘူးဆိုတာမျိုး ဖြစ်နေပြီ"

"ကိုယ်ပြောတာ အောင်မြင်တာတွေ၊ ကျော်ကြားတာတွေကို မဟုတ်ဘူး သက်လယ်၊ လူဆိုတာမျိုးက သာမန်ထက် ထူးခြားတာမျိုးဆို မက်မောကြတာပဲ၊ ဒါပေမယ့် ကိုယ်ဖြစ်စေချင်တာ မင်း ရေလိုက်မလွဲဖို့"

"သက်လယ်က အခု ဘာတွေ ရေလိုက်လွဲနေလို့လဲ"

"သက်လယ်"

တိုက်က အားမလိုအားမရဖြစ်စွာနှင့် ကျောမှီနေရာမှ စားပွဲစွန်းမှာ ရင်ဘတ်ကပ်သည်အထိ တိုးထိုင်ရင်း သက်လယ်မျက်နှာကို စေ့စေ့ ကြည့်သည်။

သက်လယ်ကလည်း မျက်နှာမလွှဲ။ တိုက်မျက်ဝန်းမှာ ဒေါသတို့ တွေ့နေရတာတောင် ချောမွေ့ခြင်းက ပျက်မသွားသော တိုက်တိုက် သက်လယ်က သက်ပြင်းတစ်ချက်နှင့် ပြန်ကြည့်သည်။

"မောင် သက်လယ်ကို ဘာပြောချင်လဲ၊ သက်လယ် တကယ်ကို မသိတော့ဘူး"

"မောင် ကြားထား၊ မြင်ထားတာတွေ ရှိကောင်းရှိမယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အနုပညာသည်နဲ့ ကောလာဟလဆိုတာ မှန်တိုင်းနဲ့ အပျက်အစီးများလို့ပဲ၊ မုန်တိုင်းထန်တာ အားကြီးရင် အပျက်အစီး အသေအပျောက်တော့ ရှိမှာပဲ၊ ဒါဆန်းတာမှ မဟုတ်တာ''

''မင်းအဖြစ်က သဘာဝဘေးအန္တရာယ်လောက် မရိုးစင်းဘူး သက်လယ်''

တိုက်က စားပွဲပေါ် လက်ထောက်အားပြုရပ်တော့ ရင်ခွဲဖွင့်ထားသော ဒေါသနှင့် တိုက်ရှပ်အင်္ကျီတွင်းမှ ပလက်တီနမ်ကြိုးအရှည်က ယမ်းခါသွားသည်။ ဒေါသနှင့် ငုံ့မိုးကြည့်သူနှင့် စိတ်ပျက်ခြင်းနှင့် မော့ကြည့်သူတို့ရဲ့ မျက်ဝန်းတွေက စက္ကန့်ပိုင်းလောက် ဆုံစည်းသွား၏။

''ငါ လေထဲကလာတဲ့ သတင်းတိုင်း မယုံကြည်တတ်ဘူးဆိုတာ မင်း သိပါတယ် သက်လယ်''

ဒေါသကိုယ်စီနဲ့မို့ ချစ်သူဘဝရဲ့ နူးညံ့သော အခေါ်အဝေါ်တွေ ပျောက်ဆုံးသွားသည်။ ခေါ်ကြတယ်ဆိုတာတောင် သက်လယ်ကပဲ မောင်ဟု သူမပဲ တိုက်ကို စခေါ်ခဲ့ကာ သွားကြ လာကြပြီဆိုရင်လည်း သက်လယ်ကပဲ...မောင့်လက်ချင်း ပြေးချိတ်ခဲ့ရသည်။ ထို့ကြောင့် သက်လယ်ရဲ့ ပင်တိုင်မိတ်ကပ်ဆရာမ မာမီကတောင် တိုက်ကို ကြည့်မရ။

''အံ့ပါရဲ့နော် သမီးရယ်၊ သမီးလူက မင်းသမီးနဲ့ တွဲခွင့်ရတဲ့ အဖြစ်ကိုတောင် သူက နာအံ့ထင်နေတာ''

သက်လယ်တို့အဖြစ်ကို ဘေးက ရိပ်မိကုန်တဲ့အထိ တိုက်တို့က အမြဲ သက်လယ်ဆို ရှောင်ဖယ်ခဲ့သူ။ တိုက်နဲ့သက်လယ်ရဲ့ အတိတ်က ပြန်တွေးတိုင်း နာကြည်းစရာမို့ စိတ်ရဲ့အရိပ်ကြောင့် မောင်နှင့်သက်လယ်





အကြောင်း တွေးမိတိုင်း လှပသည့် သက်လယ်မျက်နှာမှာ အပြုံးက ပြွင့်ခြင်း မရှိ။ ချစ်သူအကြောင်း သတိရမိတိုင်း ရင်နာလွန်းလို့ သက်လယ် ပြုံးမိတာတောင် ခပ်မဲ့မဲ့ပါ။

''သက်လယ်ကလည်း အရာရာတိုင်း စေ့စပ်သေချာလွန်းတဲ့ ရှင့်အကြောင်း သိပြီးသားပါ တိုက်ရဲ့၊ အဟွန်း.... အခြေအမြစ် ရှိရဲ့ မကပဲ အခြေခိုင်တဲ့အထိ ရှင် ထောက်လှမ်းထားတဲ့ သက်လယ်ရဲ့ အကြောင်းက....''

''မင်း စပွန်ဆာရှာတဲ့အကြောင်း''

သက်လယ်က လက်ပိုက်ကာ ကျောပြန်မှီချရင်း ပြောချင်ရာ ပြောဆိုတဲ့ လှပသော မျက်နှာလေးကို ခပ်မော့မော့လုပ်ထားလျက် တိုက် ပြောသမျှ နားထောင်သည်။ ဒါကိုပဲ တိုက်က သက်လယ်ကို ဒေါသဖြစ်နေ၏။ ဒါက ဘာပုံစံလဲ။ တိုက်ကို လုပ်ပြနေပုံကိုက ဘာကယ့် မထီတရီ။ မခိုးမခန့်။

''မင်း အောင်မြင်ချင်လို့ ဝါသနာပါလို့ ဒီလောကထဲ ဝင်လာတာ မဟုတ်ဘူးလား၊ အဲဒါတွေ လိုသေးလို့လား သက်လယ်၊ အဲဒီ နောက် ကွယ်က ပေးဆပ်မှု၊ ဆုံးရှုံးမှု''

''ခဏလေး.... တိုက်''

သက်လယ်က တိုက်စကားကို လက်ကာတားရင်း မတ်တတ် ထရပ်လိုက်တော့ သက်လယ်အလှက ထင်းခနဲ ရှင်းလင်းပြတ်သားစွာ ရှင်းတိုင်း လှနေ၏။ သက်လယ်က ဇီးဖျော့ရောင်မျက်မှန် ကျားသစ်ကွက် အဆင်ကို ကိုယ်လုံးပေါ်အောင် ချုပ်ထားသော ဂါဝန်တိုနှင့် ဘယ်သူကို ကြည့်ကြည့် လှနေပေမဲ့ တိုက်ကတော့ ထိုအလှတရားတွေကိုပဲ မုန်းတီး



www.burmeseclassic.com

www.burmeseclassic.com



စရာအဖြစ် မြင်နေ၏။

“တိုက်ကို သက်လယ် နည်းနည်းလောက် ရှင်းပြပါရစေ”

“သက်လယ် သိထားတဲ့ စပွန်ဆာဆိုတာ သက်လယ်လုပ်ငန်းကို ဒီထက် ပိုတိုးတက်အောင်၊ သက်လယ် လျှောက်မဲ့လမ်းမှာ ခလုတ်ကန်သင်း မရှိအောင် ကူညီထောက်ပံ့ပေးတဲ့သူ.... ဒါပဲ၊ တခြားဘာအကန့်မှ မရှိဘူး၊ တစ်ယောက်သောသူဖြစ်တဲ့ရှင်သာ စပွန်ဆာပေးရင်တော့ တစ်မျိုးပေါ့၊ တခြားလူတွေ မရမဲ့ စပါယ်ရှယ်အခွင့်အရေးတွေနဲ့....”

“သက်.... လယ်.... မင်း”

“သိပ်ဒေါသမကြီးနဲ့ တိုက်၊ သက်လယ်တို့ နောက်မှ ထပ်ဆုံကြမယ်၊ အခုတော့ သွားပြီ”

တိုက်က သက်လယ်ကို ဒေါသတကြီး အော်ပစ်ချင်ပေမဲ့ သက်လယ်ကတော့ လက်ချောင်းလေးလှုပ်ခါရုံ သူ့ကို ဘိုင့်ဘိုင်လုပ်၍ နှုတ်ဆက်သွားသည့်အတွက် သူ့ဘက်က ဘာမှဆက်ပြောခွင့်မရဘဲ ဖြစ်သွားသည်။

“သက်လယ် ဖုန်းဆက်လိုက်မယ်”

သက်လယ်က တိုက်ကို လက်ဟန်ခြေဟန်နှင့် ဖုန်းဆက်မည့်ဟန် လုပ်ပြသွားကာ ကျော့ကျော့မော့မော့ လျှောက်ထွက်သွားသည်။ သူမကို တိုက် လည်ပြန်လိုက်ကြည့်တာ မခွဲနိုင်မခွာရက်လွန်းလို့တော့ မဟုတ်ပါ။ မငြိမ်းသေးသော ဒေါသအား ဖြေဖျောက်ရန် ကြည့်ခဲ့တာမှန်ပေမဲ့ သူမ မှန်တံခါးနားအရောက်မှာ ဟိုတယ်ပေါ်တီကိုအောက် လျှောခနဲ ရပ်လာတဲ့ Lexus ကားနက်ကြီးကြောင့် တိုက်ရင်ထဲ ဖျင်းခနဲ ဖြစ်သွားသည်။





“အဲဒါ မော်ဒယ်(လ်)သက်လယ်ရဲ့ စပွန်ဆာကားကြီးလေ”

“ဟား.... သူ့စပွန်ဆာကလည်း ဟဲဗီးဝိတ်နော်၊ ××× ကုမ္ပဏီအုပ်စု အားလုံးမှာ ရှယ်ယာအများဆုံးတဲ့”

“ဟာ.... ဟ.... သက်လယ်က ခေါင်းကြီးမှ ခမ်းချုပ်ထားတာ ဘယ်ညံ့ပါ့မလဲ”

“တောက်”

တိုက်ရင်ထဲမှ ခံပြင်းဒေါသကြောင့် သူ့ထံမှ တောက်ခတ်သံက သိန်းမနိုင် သိမ်းမရဘဲ ရင်ဘတ်ထဲမှ နှုတ်ခမ်းဖျားဆီ တိုးထွက်သွားသည်။ ဒါတောင် ဒေါ်သက်လယ်က နှစ်ကိုယ်ကြား ကြော်ငြာသွားသေးသည်။ တစ်ယောက်သောသူသာ စပွန်ဆာပေးရင် အထူးအခွင့်အရေး ရမယ်ဆိုပဲ။

အချစ်ဆိုတာ ပေးပြီးပြန်လည်ရယူတာ မျိုးတဲ့လား။ ဒါဆိုရင်တော့ သူနဲ့သက်လယ် ပြန်ဆွေးနွေးဖို့တော့လိုပြီ။ ခံယူချက်လွဲနေသမျှ ရင်ဘတ်တစ်ခုထဲ အတူခံစားဖို့ဆိုတာရော၊ လက်တွဲကြဖို့ဆိုတာရော လုံးဝမဖြစ်နိုင်တာ သူ သိသည်။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဂေါ့(ဖ်)ရိုက်တာလည်း ကျွမ်းကျင်အဆင့်တစ် ဖြစ်သွားပြီ ပါပါရဲ့"

ဦးလင်းသန့်က စာကြည့်ခန်းထဲ ဝမ်းသာအားရ ဝင်လာပြီးပြောသော သမီးဖြစ်သူ ယာယာ့ကို အလုပ်လုပ်နေရာက မော့ကြည့်သည်။

"ဒါဆို ပါပါ့သမီးက တယ်တော်တာပဲ၊ သင်တာ ဘယ်လောက်မှတောင် မကြာသေးပဲနဲ့"

သမီးဖြစ်သူ ယာယာ့သဘောကျ စကားကို လိုက်လိုက်လျောလျော ပြောရင်း ဦးလင်းသန့်မျက်လုံးက အသစ်ရောက်လာသော ဖက်(စ်)မှာမရသေး။ အိမ်ပြန်ရတဲ့အချိန်က နည်းသလောက် အိမ်ရောက်တာနဲ့ အလုပ်တွေပါ ပူးတွဲပါလာတတ်တာကို တစ်ဆင့်ချင်း ရှင်းတတ်တာ ဦးလင်းသန့်ရဲ့ အကျင့်လို့ ဆိုရမည်။ ထို့ကြောင့် ရှယ်ယာပါတနာတွေက ဆုံတိုင်း သူ့ကိုပြောပြတာက လောဘနည်းနည်း လျှော့ပါဆိုတော့ သူ ရယ်နေခဲ့သည်။ သူတို့ပြောလည်း ပြောစရာ။

"မြန်မာနိုင်ငံမှာ ဘဏ်လုပ်ငန်းတွေ ခေတ်ထတုန်းကလည်း





ခင်ဗျား ဘဏ်တစ်ခုတည်း ပစ်တယ်၊ ဟော . . . . အခု အဲ(လ်)လိုင်း လေကြောင်း ပို့ဆောင်ရေးလည်း ခင်ဗျားက ပထမဆုံး တီထွင်ဆူထောင်တဲ့သူ"

"ရွှေတူးဖော်ရေး ကန်ထရိုက်ဆိုလည်း ဦးလင်းသန့်တို့ ပါတာပဲ၊ ကျောက်တွင်းသူဌေးဆိုလည်း ဦးလင်းသန့်"

"ကြိုကြားကြိုကြား စားသောက်ကုန်လုပ်ငန်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေဆိုတာလည်း လက်ညှိုးထိုးမလွဲဘူး"

"ဒါတောင် ကျွန်တော် မနည်းကြီး တားထားလို့ပါဗျာ၊ ကားကုမ္ပဏီတစ်ခု ထပ်တည်ပြီး ရှိုးရွမ်းဖွင့်မယ်ဆိုလို့လေ၊ ဒီထက် လုပ်ငန်းတွေများလာရင် ဒီမှာ ဥပဒေစည်းမျဉ်းတွေ ထပ်ထုတ်ရမှာ ခေါင်းစားလွန်းလို့ဆိုပြီး တောင်းပန်ထားလို့"

လူစုံတိုင်း သူ့ရဲ့ ဥပဒေအကျိုးဆောင်က ထိုသို့ပြောယူရတဲ့အထိ ဦးလင်းသန့်က အလုပ်လုပ်တဲ့နေရာမှာ လောဘကြီးလွန်းသည်။ လောဘကြီးတယ်ဆိုတာထက် အလုပ်လုပ်ခြင်းမှာ ပျော်မွေ့ခြင်းဆိုမှန်ပါလိမ့်မည်။ ထိုစိတ်ရင်းကြောင့်ပဲလား မသိ။

အလုပ်ကိုချစ်၍ အလုပ်က ပြန်အကျိုးပေးခြင်းဟု သူ ယုံကြည်သည်။ နောက်တစ်ခုက လုပ်ငန်းတစ်ခု ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ သူကိုယ်တိုင် ကျွမ်းကျင်နှံ့စပ်မှုကို အဓိကထားသည်။ သူကိုယ်တိုင် လုပ်ငန်းသဘောတရားကို နားမလည်ဘဲ ဘာမှမလုပ်။ တတ်ကျွမ်းနားလည်သည့် ပညာရှင်တွေနှင့် တိုင်ပင်ဆွေးနွေးပြီး သေချာပြီဆိုမှ သူလုပ်ရမည့် အလုပ်ကို အင်နှင့်အားနှင့် လုပ်တတ်သူဖြစ်သည်။

ထို့ကြောင့် ဦးလင်းသန့် ဘာပဲထူထောင်ပါစေ။ မအောင်မြင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုး အတိုချုပ်ခဲ့သေးဘူးဆိုတာ မရှိဘဲ စီးပွားရေးလောကမှာ ဘုရင်တစ်ပါးအဖြစ် ရပ်တည်ခဲ့တာကြာပြီ။ ထို့ကြောင့် မိတ်ဆွေ သမီးလေးကို ခင်တွယ်သလိုရှိပေမဲ့ ယာယာကတော့ ထိုသို့မခံယူ။

''ပါပါလည်း ပါပါ့အလုပ် ပါပါလုပ်၊ ယာယာလည်း ကိုယ့်အလုပ် ကိုယ်လုပ်မယ်''

သမီးက အလိမ္မာ။ သမီးအတွက် စိတ်ပူနေရတာ မရှိ။ အားလုံးစိတ်ချရသည်။ ယာယာလေး ပညာသင်ကြားတဲ့အချိန်မှာလည်း စာကိုကြိုးကြိုးစားစား သင်ယူသဖြင့် ဦးလင်းသန့်မှာ တခြားမိဘတွေလို စိတ်မညစ်ခဲ့ရဘဲ သမီး လိုသမျှ ပံ့ပိုးပေးရုံသာ ဖြစ်သည်။ သမီးက ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်သည်။

''သမီး.... ဆေးလိုင်းယူမလား၊ ဒါမှမဟုတ် ကွန်ပျူတာတက္ကသိုလ် လျှောက်မလား၊ အဲဒါမှမဟုတ်ရင် နိုင်ငံခြားတက္ကသိုလ်တစ်ခုခုနဲ့ချိတ်ပြီး တခြား သမီး စိတ်ဝင်စားတဲ့ ဘာသာရပ်တစ်ခုခုတက်မလား''

ဦးလင်းသန့်က သမီးကိုမေးတော့ သမီးယာယာက သူ မေးသမျှအားလုံးကို ခေါင်းခါခဲ့သည်။

''ယာယာ ဆယ်တန်းကို ကြိုးစားခဲ့တာ အဲဒီလို ရည်ရွယ်ချက်ကြီးနဲ့ မဟုတ်ဘူး ပါပါရဲ့၊ ယာယာက အမှတ်နည်းမှာစိုးလို့''

''အမှတ်နည်းမှာစိုးလို့''

''ဟုတ်''

''သမီး စကားက အဆန်း[illegible]ပါလား''

ဦးလင်းသန့် စကား[illegible] သမီးက ခစ်ခနဲ ရယ်သည်။





သမီးဖြစ်သူရဲ့ ဒဿနကို သူကိုယ်တိုင် အံ့ဩခဲ့ရတာပါ။ ယာယာတို့က ခွေးကတည်းက ငြိမ်သက် အေးဝေနေတာမျိုး မရှိခဲ့။ အမြဲ တက်ကြွဆက်မြက်နေပေမဲ့ ပြောပြီဟော့ဆိုလည်း သူ သိပ်နားမလည်သည့်စကားလုံးမျိုးတွေ ရွေးတတ်တာမို့ ဦးလင်းသန့် စိတ်ဝင်စားသွားတာတော့ တကယ်ပါ။

''ယာယာ ပြောတဲ့စကားက ဘာမှမဆန်းပါဘူး ပါပါရဲ့''

''ယာယာ ပြောချင်တာက ဒီလိုလေ ပါပါ၊ အမှတ်နည်းတဲ့အခါကျတော့ ကိုယ့်မှာ ရွေးချယ်ခွင့် မရှိဘူး၊ မိုရာလိုင်းပဲ ယူရရော၊ အော်တီးခံရတဲ့ဘဝပေါ့၊ ယာယာက ကိုယ့်စိတ်ကြိုက် ကိုယ် ရွေးချယ်ချင်တာ''

''ဪ.... ဟုတ်ပြီ၊ အခု သမီးစိတ်ကြိုက် ရွေးချယ်တာ ရွေးလို့ရပြီဆိုတော့ ဘာရွေးမှာလဲ''

''ရိုးရိုးမေဂျာတစ်ခုပဲ ယူမယ် ပါပါ''

''ဘာဖြစ်လို့လဲ၊ ကွန်ပျူတာလောက်တော့ ယူပါ သမီးရယ်''

''အင်္ဂလိပ်စာလောက်ဆို တော်ပြီနော် ပါပါ''

''ပြောမရလည်း သမီးသဘော''

ရွေးပစ်လိုက်တော့ ရိုးရိုးမေဂျာပဲ ဖြစ်သည်။

''ဪဪ.... ပါပါကလည်း တက္ကသိုလ်ကျောင်းသူပါဆိုမှ စာတွေနဲ့ နပန်းလုံးမနေချင်တော့ဘူး၊ ဒီအချိန်လေးကို ယာယာ့ဘဝရဲ့ အပျော်ရွှင်ဆုံးအချိန်လို့ သတ်မှတ်ပြီး နေသွားမှာဆိုတော့''

နောက်ဆုံး ယာယာ့သဘောကျ မေဂျာနှင့် တက္ကသိုလ်တက်ရင်း တခြားသင်တန်းတွေပါ ပူးတွဲသင်သည်။ ဘွဲ့လည်းရ၊ ပညာလည်း



www.burmeseclassic.com

www.burmeseclassic.com



...တင်းနစ်၊ ကြက်တောင်၊ ဂေါ့(ဖ်)ရိုက်နဲ့ ဆရာတွေ ...ပြီးတစ်ယောက် တစ်လပြီးတစ်လ ခေါ်သင်သည်။ ဦးလင်းသန့်အိမ်သည်ပင် အိမ်နဲ့မတူတော့ဘဲ အားကစားကွင်းလိုလို၊ အပန်းဖြေရိပ်သာလိုလို ဖြစ်လာ၏။ သမီးက စကိတ်စီးသင်မယ်ဆိုရင် စကိတ်ကွင်း အသေးစားလေးလုပ်။ သမီး ဂေါ့(ဖ်)ရိုက်မယ်ဆို ဂေါ့(ဖ်)ကွင်းဆောက်နဲ့၊ ဒီခြံကြီးထဲမှာတင် လိုတရ ဖြစ်စေခဲ့သည်။ ကဲ... အခုတော့ ဝါသနာ(?)ခြောက်စရာ၊ သင်ယူစရာတွေက ပြီးသလောက် ကုန်သလောက် ဖြစ်သွားသည်။

"ကလေး.... ဒီမှာ နို့ပူတင်းချပြီ၊ ရွှေပုစွန်အထိ ကိုကျော်ကြီးကို သွားဝယ်ခိုင်းလိုက်တာ၊ စားလိုက်ဦး"

"ထားခဲ့ ဒေါ်အေးဘုံ၊ ယာယာ ပါပါနဲ့စားမယ်"

သမီးရဲ့ အထိန်းတော်လည်းဖြစ်၊ ဒီအိမ်ရဲ့ ဘဏ္ဍာထိန်းကြီးလည်း ဖြစ်တဲ့ ဒေါ်အေးဘုံက သူ့ကိုပါ တစ်ဆက်တည်း လှည့်ကြည့်သည်။

"ဆရာကြီး.... ကော်ဖီသောက်ကော့မလား၊ မမြို့ခြိုက လှမ်းပို့ထားတဲ့ ကော်ဖီစေ့တွေ မွှေးမှမွှေးပဲ ဆရာကြီး၊ ကျွန်မ ကြိတ်ခိုင်းပြီး ဖျော်ပေးမယ်လေ"

"သောက်တာပေါ့ ဒေါ်အေးဘုံ၊ သမီးနဲ့စကားပြောရင်းသောက်မယ်၊ ဒေါ်အေးဘုံရော လာထိုင်ပါ၊ ကော်ဖီကို တခြားတစ်ယောက် ဖျော်ခိုင်းရင်ရတာပဲ၊ သမီးအကြောင်း၊ သမီးရှေ့ရေး ပြောကြဆိုကြရင် ဒီအိမ်မှာ ဒေါ်အေးဘုံက ကျွန်တော့်ထက် အရေးကြီးသေးတာလေ၊ သမီးနဲ့ အနီးကပ်နေတာ ဒေါ်အေးဘုံက ကျွန်တော့်ထက် အချိန်ပိုကြာ တာကိုး"





"ကဲ ...ဒီမှာ ခဏထိုင်ပါဦး"

"နေဦး ဘုံဘုံ"

"ဘာလဲ သမီး"

ဦးလင်းသန့်က အလုပ်တွေ လက်စသတ်ပြီး ဆုံလည်ခုံမှ ထသည်။ ယာယာက ချက်ချင်း အလုပ်ခန်းထဲချထားသည့် ချောကလက် နှရောင်ဆိုဖာမှ ထလာကာ ဖအေ့လက်မောင်းကို လာတွဲသည်။

"ဘုံဘုံကို စကားပြောဖို့ မခေါ်နဲ့ ပါပါ"

"ဟော.... ကြည့်၊ သမီး ဘုံဘုံနဲ့ ရန်ဖြစ်ထားပြန်ပြီလား"

ယာယာက ဦးလင်းသန့်မေးတာကို ချက်ချင်း မဖြေပေမယ့် ဒေါ်အေးဘုံကတော့ ယာယာ့ကို ချစ်စနိုးပြုံးကြည့်နေ၍ အခြေအနေကို ဦးလင်းသန့် သဘောပေါက်လိုက်၏။

ယာယာက နားရွက်အောက်နားကျကျ ဆံပင်လေးတွေကို သွင်းလိပ်တွေပေါ်အောင် အလိပ်ကြီးတင်ထားတာက ကောက်ကောက် ကွေးကွေးမဟုတ်၍ ကြည့်ရတာလှသည်။ မွေးကတည်းက အသားလေး ဖြူသန့် ကြည်နေတာမို့ ဦးလင်းသန့်က ဖြူမာယာသန့်ဟု အမည်ပေးခဲ့ တာကို အိမ်အခေါ်တော့ ယာယာဟု တွင်လေသည်။

"မာယာဆိုတာကြီးက မကောင်းပါဘူးကွယ်၊ မင်းဟာက ငါ့မြေးကို မိန်းမလည်လို့ ကင်ပွန်းတပ် ကြော်ငြာထားသလိုပဲ"

ယာယာ့အဘွား သူ့အမေရှိစဉ်က ထိုသို့ ဝေဖန်ခဲ့ဖူးပေမဲ့ ဦးလင်းသန့်ကတော့ သူ့ဒသနနဲ့သူ။

"မာယာဆိုတာ မိန်းမလည်တဲ့လား၊ ကျွန်တော့်သမီးက ဖြူမာယာသန့်ပါ အမေရ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းသန့်က သူဖြစ်စေချင်တာကို ဖြစ်ရမှုဆိုသည့်အတိုင်း ယာယာ့အသွားကို ဆင်ခြေပေးကာ သမီးဖြစ်သူကို ထိုအမည်တွင်စေခဲ့သည်။ ယာယာက ဖအေနဲ့အတူ နှစ်ယောက်ထိုင် ဆိုဖာခုံရှည်ကြီးမှာ ဝင်ထိုင်ရင်း အထိန်းတော် ခေါ်အေးဘုံကို လှမ်းကြည့်သည်။

"ယာယာတို့ ရန်မဖြစ်ပါဘူး၊ ဒါပေမဲ့ သဘောထား ကွဲလွဲနေတာ"

"ဘာထူးလဲ သမီး၊ အမိပွာယ်ချင်း အတူတူပဲ မဟုတ်လား"

"စကားလုံးချင်းမှ မတူဘဲ"

"ဟား…. ဟား၊ ပါပါ့သမီး အခေါ်အဝေါ်က မြင့်နေပါလား၊ ကဲ…. တင်ပြစမ်းပါဦး၊ ကွဲလွဲရတဲ့ သဘောထား"

"ယာယာ ဂိမ်းတစ်ခု စဆော့မလို့"

ယာယာက အိမ်နေရင်းမို့ ကော်လံပါသော ဂါဝန်ရှည်လက်ပြတ် အနီရဲရဲက ဒူးဖုံးလေးဝတ်ထားသည်။ ယာယာ့လက်ကောက်ဝတ်မှာ ခရစ်စကယ် လက်ကောက်အနီရဲရဲတွေ လေးငါးကွင်းထပ်ဝတ်ထားတာ လက်နှစ်ဖက်စလုံးမို့ အနီရဲကြားမှာ ဖြူသောအသားက ပိုထင်းနေ၏။

သမီးမျိုးကလေးမို့ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ ကြိုက်လေမလား ဆိုပြီး ဦးလင်းသန့်က ရောက်တဲ့နေရာကနေ ဝယ်လာပေးဖူးတာတွေ အများကြီး။ သို့ပေမဲ့ ဒီနေ့အထိ ရောင်စုံကာလာတွေ သမီးမျက်နှာနုနုလေး ပေါ်တင်တာ ဦးလင်းသန့် တစ်ခါမှ မတွေ့ဖူးသေး။ သမီး၏ နုမွတ်သော၊ လှပသော အသားရောင်က မျက်နှာလှလှလေးမှာ ကြွေရောင်တောက်နေပုံက ဆေးခြယ်စရာမလိုသလို လှပသည့်မျက်ဝန်းတို့က မျက်တောင်နက်တွေ ဆောင်ကွပ်ထားတာ အနက်ရောင် မျဉ်းကျွေးများနှင့်





ကြည်လင်တောက်ပနေပုံက အပြစ်ကင်းသည်။ အနီရဲသော နှုတ်ခမ်းက သဘာဝအတိုင်း သွေးရောင်လွှမ်းနေကာမို့ ဦးလင်းသန့်က လှပသော သမီးကိုငေးရင်း သမီးရှေ့ရေးအတွက် ရင်လေးစွာ သက်ပြင်းချသည်။

"ပြောလေ သမီးရဲ့၊ သမီးဂိမ်းက…."

"ရည်းစားထားတဲ့ဂိမ်း"

"ဟော…."

ယာ့ယာ့စကားအဆုံးမှာ ဦးလင်းသန့် ဘာစကားမှ မပြောနိုင်ဘဲ သမီးဖြစ်သူ မျက်နှာလှလှလေးကို အလန့်တကြား ကြည့်ဖြစ်သွားသည်။ ဘယ့်နှယ်…. သမီး ကစားမယ့်ဂိမ်းက ရည်းစားထားတဲ့ဂိမ်း ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မင်း အဲဒီလောက်အထိ မစေ့စပ် မသေချာနဲ့လေ တိုက်"

"အေးလေ၊ စတိတ်မှာကတည်းက မင်းရဲ့ စေ့စပ်သေချာမှုကြောင်း ဆရာမတွေနဲ့ ကွိုင်ခဏခဏတက်ခဲ့တာလည်း သတိရဦး"

"အဲဒါ ဘာဖြစ်လဲ၊ လူတိုင်း ကိုယ့်စတိုင်နဲ့ကိုယ် သွားနေကြတာပဲ ဘာမှမဆန်းဘူး"

တိုက်ဆိုတဲ့ကောင်က ဒီလို။ သူ မှန်သည်ထင်လျှင် နည်းနည်းမှ မလျှော့။ ဝေယံနဲ့ဖက်တီးတို့က တစ်ယောက်တစ်ပေါက် တိုက်ကို ဝေဖန်ကြသည်။ တိုက်ဆိုသည့် ဒီကောင်က တကယ့် ကပ်သီးကပ်သပ် ကောင်။ သူ့အတွေးတွေကလည်း ဘယ်သူနဲ့မှမတူ။ ဒီကြားထဲ သူများ တွေးနေကျ လမ်းကြောင်းကို စေ့စေ့စပ်စပ် ရှာဖွေပြီး တွေးတာ ရှာဖွေ တာတွေလည်း ရှိသေးသည်။ ပြီးတော့ သူ တွေးသမျှ အရာတင်အောင် တခြားသူကို ဖွင့်ဟပြောတတ်သူ။





မှတ်မိသေးသည်။ သူတို့ မူလတန်းအရွယ်က။ တစ်ကျောင်းလုံး အသည့်တိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရတာက ကျောင်းအုပ်ဆရာကြီး ဟောတ်ဘဲ ဦးဘရှိန်ဆိုသော စာရိတ္တဆရာဖြစ်သည်။ မျက်နှာပေါက်က ခပ်ဆိုးဆိုးမှာ ထိပ်ပြောင်သော ဆံပင်က ရှေ့မှာ မကောင်းပဲ လည်ကုတ် အောင် နောက်မှာ လာရှည်နေသည်။ ဆရာ့အရပ်က ခပ်ပုပု။ သမ်းလျှောက်တော့ မြန်မြန်ဆန်ဆန်မို့ သူတို့ ကျောင်းသားတစ်သိုက် ဘွယ်ရာမှာ ဆရာ့ကို အမည်ဝှက်ပေးထားသည်။ လူပုစိတ်တို ကိုဂျက်လီ ဟူသတည်း။ ဆရာက တပည့်တွေကို နားရင်းအုပ်သည့် နေရာမှာ သည်း ပထမတန်းစား နာမည်ကြီး။ ထိုစဉ်က ပီတီချိန်ဆိုရင် သူတို့ အတန်းဆီလာပြီး ဆရာက ဩဝါဒ ပို့ချလေ့ရှိသည်။ ထိုစဉ်တုန်းက ဆရာ့ပို့ချချက်မှာ ညအိပ်ရာဝင်ခါနီးတိုင်း သွားတိုက်ရန်လည်း ပါသည်။

"တစ်နေကုန် စားထားတဲ့ အစာကြွင်းကျန်တွေကြောင့် သွား တိုက်တာ၊ သွားနာတာတွေ ဖြစ်ရတာကွ၊ ဒီတော့ မင်းတို့အားလုံး အိပ်ရာဝင်ခါနီး သွားတိုက်၊ နောက်တစ်နေ့ အိပ်ရာထရင် တစ်ခါ သွားထပ်တိုက်…~ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

တစ်တန်းလုံးက ကြောက်ရတဲ့ဆရာဆိုတော့လည်း ကျောင်းသား အားလုံးက ဟုတ်ကဲ့…. ကြားပါသည်ပေါ့။ တိုက်ကျတော့ ဒီလိုမဟုတ်။ ဆရာပြောတာကို ခေါင်းတခါခါနှင့်ရှိကာ ကျောင်းသားအားလုံးထဲ ထူးချွန်ပြီး သူတစ်ယောက်တည်း လက်သြိုးထောင်ပြီး ထရပ်သည်။

"ပြောဟေ့…. မင်းက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ပြောသလို အိပ်ရာဝင်ခါနီးတိုင်း ကျွန်တော် သွားတိုက်ပါတယ် ဆရာ၊ ဒါပေမဲ့ နောက်တစ်နေ့ မိုးလင်းလင်းချင်းတော့ ပလုတ်ကျင်း၊ မျက်နှာသစ်ပြီး အစာ စားတာပဲ"

တိုက်စကားကြောင့် ဆရာ့မျက်နှာမှုန်သွားကာ မျက်ခုံးပါ တွန့်သွား၍ အားလုံး လန့်သွားသည်။

တစ်တန်းလုံးက တိုက်ဆိုတဲ့ကောင် ညစ်ပတ်လိုက်တာလို့ ပြောတဲ့သူနဲ့၊ ဒီကောင်တော့ ဆရာ့လက်ဝါးစာ မိတော့မှာပဲလို့ စိတ်ပူတဲ့သူနဲ့၊ ဒီအကောင် အထွန့်တက်တာ အရိုက်ခံရတာတောင် နည်းသေးဆိုပြီး ကောင်းချီးပေးတဲ့သူနှင့် တစ်တန်းလုံး ဒေါသကြီးသော ဆရာနှင့် လျှာရှည်သော တိုက်ထံ အာရုံစိုက်သွား၏။ ဆရာကတော့ လူပုပု လမ်းလျှောက်ဟန်သွယ်သွယ်နှင့် တိုက်ရှိရာ အတန်းနားဆီ လျှောက်လာတော့ ဆရာ့ကိုကြောက်ပြီး ဝေယံကို့ ခေါင်းပင်မဖော်ရဲ။

"ကဲ.... ပြောစမ်းပါဦး၊ မင်းက ငါ့စကားကို ဘာကြောင့် ဆန့်ကျင်ရတာလဲ"

"ဆရာ့စကားကို ကျွန်တော် မဆန့်ကျင်ပါဘူး ဆရာ၊ ကျွန်တော် လုပ်တာကိုပဲ ပြောတာပါ"

"ကျွန်တော်တို့ တစ်နေ့ကုန် စားထားတာတွေ ညပိုင်း သန့်ရှင်းရေး လုပ်ပြီးတော့ ဘာမှ မညစ်ပတ်တာ၊ သွားထပ်တိုက်တော့ သွားတိုက်ဆေး ကုန်ရုံပဲ ရှိမှာပေါ့ ဆရာရဲ၊ မနက်စာစားပြီးမှ ထပ်တိုက်တော့ သန့်လည်း သန့်တယ်၊ အညစ်အကြေးလည်း ရှင်းရော၊ သွားပါ တိုက်ရုံမကဘူး လျှာလည်း ခြစ်ဖို့လိုမယ် ဆရာ၊ ဒီလျှာကလည်း အစားအစာတွေကို သိမ်းကျုံး မြိုချပေးထားတာကိုး"





တိုက်ဆိုတဲ့ကောင်တော့ သွားပြီ။

ဆရာ့အရိုက်ခံရပြီ။ ဘယ်အချိန် ဆရာ့လက်သံ ဖောင်းခနဲ ဒိုင်းခနဲ ကြားရမလဲလို့ တွေးထားကြပေမယ့် သူတို့ထင်သလို မဖြစ်ဘဲ ဆရာက တိုက်ပြောတာကို စိတ်ဝင်စားသလို ခေါင်းတညိတ်ညိတ် လုပ်သည်။

"အေး.... မင်းပြောတာ နည်းလမ်းကျသားပဲ၊ မင်းနာမည် ဘယ်သူ"

"တိုက်.... အလင်းတိုက်ပါ ဆရာ"

"မင်းမဆိုးဘူး၊ မင်းပြောတာ မှန်တယ် တိုက်"

ဆရာ့ချီးကျူးတာ ကြားရရော တစ်တန်းလုံး ခေါင်းထောင်သွားတာ အလန့်တကြား ဖြစ်ကုန်သည့်အချိန်မှာ တိုက်ဆိုသည့်ကောင်မျက်နှာက ခပ်တည်တည်။

"ငါတောင် မင်းနည်းအတိုင်း သွားတိုက်မှ"

"ဟုတ်ပြီ၊ မင်း ထိုင်တော့"

"ဟုတ်ကဲ့ ဆရာ"

တိုက်ဆိုတဲ့ကောင်က ဆရာတောင် ပြန်ပြောရတဲ့အဖြစ်မို့ အားလုံးက သက်မြောက်ထားရသည့်ကောင်။ သက်လယ်နှင့် အလင်းတိုက်ဆိုတာ ငယ်ငယ်ကတည်းကာ သူငယ်ချင်း။ သက်လယ်ကိုပဲ ငယ်ကတည်းက တိုက်ပဲ မှတ်ချက်ချခဲ့သည်။

"သက်လယ်က တစ်ယောက်တည်းတင် လှချင်တာ မဟုတ်ဘူးကွ၊ သူ့ကို အားလုံးက လှပါတယ်ပြောတာကို သူက ခံချင်တာ၊ ကျောင်း တက်ချိန်မှ အခန်းထဲကို ဝင်တယ်၊ အတန်းရှေ့မှာ ကြွကြွရွရွနဲ့ လမ်း လျှောက်လာတာကိုက သူ ဘယ်လောက် ပဲများတယ်ဆိုတာ အသေသာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး''

''မင်းကလည်း မဟုတ်တာ၊ သက်လယ် စာကျက်နေရလို့ ကျောင်းနောက်ကျတာနေမှာပါကွ''

''အေးလေ.... မင်းကလဲ၊ သက်လယ်ဆို အပြစ်ချည်း မြင်နေတာပဲ''

''မင်းတို့ မယုံချင်နေ၊ သက်လယ်ကို ငါ ပြောတာ အမှန်ချည်းပဲ''

အဲဒီတုန်းက ဘိုက်တို့က အထက်တန်းကျောင်းသားအရွယ်။ တစ်ကျောင်းလုံးရဲ့ ကွင်း(န်)ဖြစ်သော သက်လယ်ရဲ့ အလှတရားအောက်မှာ သူတို့က ဘာမဆို ဦးညွှတ်ခေါင်းညိတ်ချင်သူတွေ။ ထို့ကြောင့် သက်လယ် ဘာပဲလုပ်လုပ် အပြစ်မမြင်ခဲ့။ ဘိုက်ကတော့ ထိုသို့မဟုတ်။ သက်လယ် အပေါ် ဘယ်တုန်းကမှ အကောင်းမမြင်ခဲ့သလို သူမအလှအပပေါ်မှာလည်း လုံးဝဂရုမစိုက်ယုံမက သက်လယ် သိပ်လှနေတာကိုပဲ အပြစ်တစ်ခုလို မြင်နေသူဖြစ်၍ ဘယ်တုန်းကမှ သက်လယ်အလှကို အကောင်းမပြောခဲ့။

''ဒီရုပ်လား စာကျက်မဲ့ရုပ်၊ မှန်ရှေ့က မခွာတမ်း အလှပြင်ပြီးမှ ကျောင်းလာတဲ့ရုပ်၊ နောက်ကျလို့ ဆရာဆူမှာလည်း မကြောက်ဘူး၊ သူ့ကိုယ်သူ အေးအေးဆေးဆေး လမ်းလျှောက်ပြနေတာကိုက မယ်ရွေးပွဲ ဝင်နေသလား ထင်ရတယ်''

သူ့အပေါ်မှာ အစထဲက ကြည့်မရသူအဖြစ် မကြည်သူ၊ အပြစ် မြင်သူကိုမှ သက်လယ်က ချစ်သူအဖြစ် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ဒါကြောင့်လည်း သူတို့ကြားမှာ ပြဿနာတွေက အမြဲမပြတ် တစ်ခုပြီး တစ်ခုဖြစ်သည်။

ဝေယံနှင့် ဖက်တီးက ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေသော





ဘိုက်ထံ လှမ်းကြည့်ရင်း တွေးနေမိတာ သင်းတို့ အကြောင်းပေမဲ့ ဘာယက်ရှင်ကတော့ သူနဲ့မဆိုင်သလို။ ကွန်ပျူတာကို လက်စသတ် ပိတ်ပစ်ရင်း ဘိုက်က ဆုံလည်ခုံကို ရွှေ့ထိုင်သည်။

''စေ့စပ်သေချာမှုဆိုတာ အဲဒါ လူ့စည်းကမ်းပဲ''

''ဟား.... မင်းတော့ သွားပြီ ဘိုက်၊ အနုပညာသည်ကို စည်းကမ်းဆိုတဲ့ဘောင်နဲ့ သွားမခတ်နဲ့လေကွာ၊ မင်းကလည်း ဖန်တီးသူ ဆိုတာ လွတ်လပ်ခွင့်ကို....''

''တော်စမ်းပါ၊ ဘာ လွတ်လပ်ခွင့်လဲ၊ စပွန်ဆာယူတာ လွတ် လပ်ခွင့်လား''

''သူ့စပွန်ဆာက လူကြီးလူကောင်းပါကွာ၊ ပြီးတော့ ကားတွေ ရိုက်ပေးမယ်ဆိုပြီး ရုပ်ရှင်ထုတ်လုပ်ရေးတွေ ဘာတွေ ထူထောင်ထား တာပဲ''

''အေးလေ.... သက်လယ်အနားမှာ သူ့အမေကြီး အမြဲတမ်းရှိနေ တာပဲကို''

ဝေယံနှင့်ဖက်တီးတို့က သက်လယ်ရဲ့ လူတွေပီပီ သူ့ကို သက်လယ်ဘက်က တစ်လှည့်စီ ပြောတာကို သူက ခေါင်းမော့ရယ် သည်။ ဒါမျိုးတွေ ဘယ်လောက် ရိုးနေပြီလဲဆိုတာ ဒီကောင်တွေ သိတာလား။ သိရက်နဲ့ သူ့ကို ပြောနေတာလား။

''အဲဒီအမေက သက်လယ်ထက် လောဘပိုကြီးနေဟာ ငါ သိနေတော့ ခက်တယ်၊ လောဘဆိုတာ အတ္တထက် ပိုပြင်းတဲ့ အကောင်ကွ၊ ဘောပတ်ဝန်းကျင်ကို ထိပါးတာထက် ကိုယ့်ကိုယ်ကိုယ် အမြဲမြှေတိုက်စားတတ်တာမျိုး၊ လူတွေရဲ့စိတ်ကို ငါက သိတယ်



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောတော့လည်း လူတွေက လက်မခံချင်ဘူး၊ အဲဒီ လူတွေ
မင်းတို့လည်းပါတယ် ဖက်တီး''

''ငါတို့က....''

ဖက်တီးနဲ့ဝေယံက သူ့အိပ်ရာပေါ်ကနေ ပြန်မေးသည်။ တိုက်
ခေါင်းညိတ်ပြသည်။

''ဟုတ်တယ်၊ ငါမရှိတုန်း ငါ့စားပွဲထိုင်ပြီး မင်းမွှေထားတာ
ရှိလား''

''မဟုတ်''

''မလိမ်နဲ့၊ ဒီမှာ ဘောပင်(န်)က ငါ လက်လှမ်းရင် အဲဒီနေ
ကွက်တိ၊ အခု ဟိုဘက်ရွှေ့နေတယ်၊ ဒီခုံမှာထိုင်ပြီး အံဆွဲဖွင့်တာ
အားသွင်းကြိုးဆိုတာ ငါ လက်လှမ်းရင် ရပြီးသား၊ အခု အားသွ
ကြိုးတွေလည်း ရွှေ့နေတာလည်း မင်းတို့လက်ချက်''

တိုက်က သူ့စတိုင်၊ သူ့ပုံစံအတိုင်း အားလုံး အတိအကျ ရှင်း
နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်
သည့်ပုံက တကယ့်ကို မလုံမလဲ ဖြစ်သည်။

''မင်းကွာ ဘယ်နေရာဖြစ်ဖြစ် လုံးဝကို ငြင်းမရအောင်
မရအောင် လုပ်ထားတော့တာပဲ''

''မင်း မသိအောင် ဘာမှကို လုပ်လို့မရတော့ဘူးလား တို

''မရဘူး၊ အားလုံး ငါ့အမှတ်အသားနဲ့ငါ လုပ်ထားပြီးသာ

''တကယ် ပြောတာလား''

''တကယ်ပေါ့''

''ခင်းပိုင်ကို ဖွင့်ကြည့်လို့ မင်း သိတာသားတော့၊ မင်း မသိ





င်းအမှတ်အသား လုပ်လို့မရတဲ့ ဖိုင်တစ်ခု မင်းမှာ ရှိသေးတယ်''

''ဘာလဲ''

''သက်လယ်ဆိုတဲ့ သက်ရှိဖိုင်''

''မင်းပစ္စည်းပေမဲ့ သက်လယ်ကို အခုချိန်ထိ မင်းကိုယ်ပိုင်
အမှတ်အသား မလုပ်နိုင်တာ ထည့်ပြောဦး''

ဝေယံ စကားအဆုံးမှာ တိုက်ပုံက လေးနက်တည်ငြိမ်မှုတွေနှင့်
ကျက်သန်းအစုံက ရှုးခနဲ လက်သွားသည်။

''သွားဆွပြန်ပြီ၊ ဟိုက ဒါပဲ မကျေနပ်တာကို''

ဖက်တီးက ဝေယံကို ပြောတော့ ဝေယံက ပခုံးတွန့်သည်။
တိုက်က သူတို့ကို ဘာမှမပြောသေးဘဲ ထိုင်ရာမှထကာ တီရှပ်
ချွတ်ခြင်း၊ သူ့ကုတ်ထောက်ဆံပင်တွေအား ကြိုးတစ်ခုနှင့် စည်း
နှောင်ခြင်းတွေကို တစ်ဆက်တည်း ပြုလုပ်သည်။

''အမှတ်အသား မလုပ်ထားကတည်းက ငါပိုင်ပစ္စည်းလို့
သတ်မှတ်ထားလို့ပေါ့၊ ဦးနှောက်ရှိသူတိုင်း ဒီလောက်တော့ တွေး
တတ်တယ်''

တိုက် ပြောသွားပုံက သူတို့ပဲ ဦးနှောက်မရှိတဲ့အတိုင်း။ တိုက်က
တော့ ပြောချင်ရာပြောပြီး ရေချိုးခန်းထဲ ဝင်သွားခဲ့ပြီ။ သူ့နဲ့ဝေယံကသာ
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

''လုပ်ချသွားပြန်ပြီ''

''သက်လယ်က ဒီကောင့်ပစ္စည်းမဟုတ်တော့တာ တကယ်လား
ဖက်တီး''

''သိချင်ရင် မင်းကိုယ်တိုင် သွားမေးပါလား''



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အတွေးကိုယ်စီနှင့် မျက်ခုံးတွန့်နေချိန်မှာ ရေချိုးခန်းက ရေသံတွေ ဝေါခနဲ ဆူညံသွားသည်။

◈



အခန်း(၄)

"ကြည့်ပါဦးဟယ်၊ လှလိုက်တာ၊ အဲဒါကြောင့် အစန်းတို့က အင်ကိုကြီးကို ပြောတာပါ၊ ယာယာကို မင်းသမီးလုပ်ခိုင်းပါဆိုတာ၊ ယာယာ မင်းသမီးလုပ်ရင် အစန်းက သင်တန်းကိုလည်း လက်ထောက်နဲ့ ခွဲထားမယ်၊ ဘယ်ပွဲက လာငှားငှား မလိုက်ဘူး၊ ယာယာ့ရဲ့ ပင်တိုင်မိတ်ကပ်ဆရာပဲ လုပ်ပါ့မယ်.... သိလား"

ဒေါ်အေးဘုံက ယာယာ့မျက်နှာလေးကို ရေမြှုပ်တုံးနှင့် ဆံပွပွလေး တို့ပုတ်လိုက်၊ ခါးဆန့်ပြီး နောက်သို့ ခြေတစ်လှမ်းဆုပ်ကာ ဆံရှပ်လေးလို လှနေသော ယာယာအား ဘေးဘယ်ညာ ငုံ့ကြည့်လိုက်။ အလှပြင်ခန်းထဲမှာ ဆိုဖာတစ်လုံးနဲ့ လာထိုင်ကြည့်နေတဲ့ ဆရာကြီးထံ မျက်စပစ်ပြီး ကြာမှုပါပါ ကြည့်ပြောလိုက် လုပ်နေသော မိတ်ကပ်ဖန်တီးရှင် အစန်းကို အမြင်ကတ်ကတ်နှင့် မျက်စောင်းချည်း ပြုံးမှုံ့တိုးနေမိသည်။ ကြည့်ပါဦး။ ယောကျ်ားစစ်ကြီးက မိန်းမတွေထက် ဆရာထောင်သော ကြာမှုကြာဟန်တွေနဲ့ နွဲ့နွဲ့ပြနေလိုက်တာ။ မြင်ရသူ



www.burmeseclassic.com

www.burmeseclassic.com



ရှုံးရောဖြစ်ပေမယ့် ဒီနေ့ခေတ်မှာ ဒါတွေမပါရင် ပွဲက မပြီးတော့။

"ဆရာကြီးကို မေးမနေနဲ့ မာမီရေ"

ဒေါ်အေးဘုံက အခြောက်မ အစန်းကို ပြောချင်သော စကားလုံးတို့က အသံမထွက်။ နှုတ်ခမ်းလှုပ်ရုံ ပြောနေမိတာဖြစ်ပေမယ့် ဒေါ်အေးဘုံဖြစ်နေတာ ယာယာကမြင်တော့ အသံတိတ်ရယ်၏။ မာမီစန်းကတော့ ယာယာအား အဆုံးသတ် နှုတ်ခမ်းပေါ် အရောင်တင်ဆီ ထပ်တင်ပေးရင်း သူ ပြောချင်တာ ဆက်ပြောသည်။

"ဘယ်လိုလဲ အစ်ကိုကြီး၊ ယာယာ့ကို မင်းသမီး လုပ်ခိုင်းမှာလားဟင်"

ချွဲအီချိုပျစ်နေသော မာမီစန်းအသံကိုသာမက မာမီ့ရုပ်ကိုပါ ကြည့်မရဖြစ်နေသော ဒေါ်အေးဘုံက ဒီတစ်ခါ ငြိမ်ကြည့်မနေနိုင်တော့ဘဲ ယာယာ့အမေဖြစ်သူ ဘာစကားမှ မပြောနိုင်ခင် သူကပဲ အရင်ဦးအောင် ဝင်ပြောပစ်လိုက်၏။

"ဆရာကြီးကို မေးမနေနဲ့ မာမီရေ၊ ကျုပ်ကိုပဲမေး"

"ဟင်.... ယာယာက ရှင့်သမီးမှ မဟုတ်တာ"

"ဟုတ်တယ်လို့လည်း မပြောပါဘူးတော်၊ ယာယာတို့ သားအမ အကြောင်းသိလို့ ကျုပ်က ပြောတာ"

"ကဲ.... ဒါဖြင့် အစ်ကိုကြီးက ယာယာ့ကို မင်းသမီး လုပ်ခိုင်းမှာလား ပြောပါဦး"

"သိပ်လုပ်ခိုင်းတာပေါ့"

ဒီတစ်ခါတော့ ဒေါ်အေးဘုံက ပါးစပ်ပိတ် မနေနိုင်တော့။ ကြာမှုပါပါပြောနေတဲ့ အဲဒီ မိတ်ကပ်ဆရာမကို အမြင်ကတ်တာလည်း





သည်။ မိတ်ကပ်ဆရာမ ဘာပြောပြော ရယ်ပဲနေသော ဆရာကြီးကိုလည်း ယာယာ့ကိုစွန့်ပစ်သက်ပြီး မကျေလည်။

"ဆရာကြီးက ယာယာ ဘာလုပ်ချင်ချင် အားလုံး သူ့သမီးသဘောချည်းပဲ"

ဒေါ်အေးဘုံက မိတ်ကပ်ဆရာမကို မုန်းမုန်းနှင့် ခပ်ရွဲ့ရွဲ့ ဝင်ပြောသည်။ ဒါပေမဲ့ ဒေါ်အေးဘုံ ပြောတာက ဟုတ်တိုင်းမှန်ရာ ပြောခြင်း ။ သမီးဖြစ်သူ ယာယာကသာ ဖြစ်ချင်တာ တစ်ခွန်းသာပြောလိုက်။ သမီးကို ဟင့်အင်းလို့ တစ်ခါမှ ငြင်းဖူးတာ မဟုတ်။ ဆရာကြီးတယ် စဖွင့်တုန်းကလည်း ယာယာကပဲ ပြောခဲ့သည်။

"ပါပါ ကလပ်လေးဘာလေး ထည့်ပါလား၊ ယာယာ ကလပ်ချင်လို့"

"အိုခေ.... ပါပါ့သမီး ဖြစ်ချင်တာ ဖြစ်ရမှာပေါ့၊ ကလင်ပ့ါ"

"ဟေး.... ဒါမှ ယာယာ့ပါပါ"

သမီးအကြိုက် ဆရာကြီးက ကလပ်ဖွင့်ပေးခဲ့၍ ဒေါ်ဖြူမာယာ ညတိုင်း ကလပ်တက်ကခွင့်က အလိုလို ပါမစ်ကျသွား၏။ သည်း ရှည်းစားထားဂိမ်းတဲ့။

"ကလေးရယ်.... ရည်းစားထားတယ်ဆိုတာ ဆော့စရာမှ တာ၊ အဲဒါ လူလူချင်း ကစားဖို့မသင့်တဲ့ အရာပါကွယ်"

"ဘာမှမဖြစ်ပါဘူး ဒေါ်ကြီးရဲ့၊ အေးဆေးပါ"

ဒေါ်အေးဘုံက ဆုံးမစကား တသီကြီး ခင်းခဲ့တာ ဘားမြစ်ဖို့ပါ။ ခဲ့ ဒေါ်ယာယာတို့က နားမဝင်ပဲ ဖအေဆီ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်

"ပါပါး.... ယာယာ့ဂိမ်းကို ခွင့်ပြုပေးပါနော်.... နော်"

"အင်း.... လုပ်ကြည့်လေ၊ သမီးကို ပါပါး ယုံတယ်၊ ဒါလည်း အတွေ့အကြုံပဲလေ၊ နိုင်ငံတကာမှာဆိုရင် အသက်ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ တွေ့ကြုံသိမြင်တာတွေ များတဲ့အခါ ပျက်စီးတာ၊ ဆုံးရှုံးတာလည်း ရှိတယ်၊ ဒါပေမဲ့ သူတို့ကိုယ်သူတို့ ပြန်ထူထောင်တာလည်း မြန်ကြတယ်"

"ပါပါးသမီးက ကလေးမှမဟုတ်တော့တာ၊ ဒီလောက်တော့ ခွင့်ပြုရမှာပေါ့"

သားအဖနှစ်ယောက် လိုက်လည်း လိုက်သည်။

ဒေါ်အေးဘုံကတော့ ယာယာတို့သားအဖကို ကြည့်ကာ ဖြစ်ရလေ ဆရာကြီးရယ်လို့ပဲ ရင်ထုပြီး ငိုချင်းသာ ချပစ်ချင်တော့သည်။ နိုင်ငံတကာမှာ အဲဒီလို အသိအမြင်များပြီး ပျက်စီးနေကြတာကို ထည့်မပြော။ သမီး ဘာလုပ်လုပ် စွတ်ယုံပစ်လိုက်တာ၊ ဘာပြောပြော ခွင့်ပြုတာကိုက ရင်မောစရာ။

ဆရာကြီး အထင်ကြီးနေတဲ့ အဲဒီ နိုင်ငံတွေမှာ အရွယ်မရောက်ခင် မသိသင့်တာတွေ သိ၊ မလုပ်သင့်တာတွေလုပ်ပြီး ဒုက္ခရောက်နေကြတာ ရော ဆရာကြီး မမြင်မတွေ့ဘူးလားလို့ မေးချင်ပေမဲ့ အလုပ်ရှင် သူဌေးအား နှုတ်လှန်ပြန်ထိုးတာ မကောင်းပါဘူးဆိုပြီး မေးချင်တာ မှန်သမျှ ဒေါ်အေးဘုံရင်ထဲ လုံးထွေးမျိုချခဲ့ရတာနှင့် လူက ရင်ပြည့် ရင်ကယ်တောင် ဖြစ်နေရပြီ။ ဆရာကြီးက ဒေါ်အေးဘုံစိတ်ကို သိသွား သူပီပီ ဒေါ်အေးဘုံ မျက်နှာကို ခပ်ပြုံးပြုံး လှမ်းကြည့်သည်။





"ကျွန်တော့်ကို ဒေါ်အေးဘုံ ဘာပြောမယ်ဆိုတာကို သိပါတယ်ဗျာ"

"မတူတာတွေတော့ ရှိတာပေါ့၊ ဒေါ်အေးဘုံစိတ်ထဲ ထင်မှာပဲ၊ ကျွန်တော်က သားသမီးကို လွှတ်အလိုလိုက်တယ်လို့၊ လူငယ်ဆိုတာ မျိုးက ဘာကိုမဆို စမ်းသပ်ချင်ကြတာ၊ မလုပ်နဲ့လို့ ပိတ်ပင်တားဆီး ပစ်တာနဲ့ လုပ်ကြည့်လို့ နားလည်ပေးပြီး ဘေးက စောင့်ကြည့်တာက သားသမီးနဲ့မိဘကြား ဖြစ်နေကျ ပဋိပက္ခကို ဖြေရှင်းပစ်တာမျိုးဗျ"

ဆရာကြီး ပြောသည့်စကားတွေ မှန်သင့်သလောက် မှန်ပေမယ့် ဒေါ်အေးဘုံမှာ ယာယာ ရည်းစားထားမည့် ကိစ္စကို အဖေကိုယ်တိုင်က အားလို အားပေးတာမျိုးကျတော့ သဘောမကျ။ ဒါပေမဲ့ ခေတ်သမီးပျိုနှင့် ခေတ်အဖေဆိုတော့ ကိုယ့်ထက် ပိုသိ ပိုတတ်ကြပြီးသားဆိုတော့ ရေငုံနှုတ်ပိတ်နေရ၏။

"ပါပါး"

"ဗျာ"

"ပါပါ့ကို ယာယာ လေဆိပ် အရင်လိုက်ပို့ပေးမယ်၊ ပြီးမှ ဒီရကျော်ရဲ့ ပရိုပို့(စ်) လုပ်မယ့်ပွဲဆီ သွားမယ်"

"အိုခေ.... သမီး စိတ်ချမ်းသာသလိုလုပ်"

ယာယာက အဆုံးသတ်ထိ ပြင်ဆင်ပြီးသွား၍ ခုံပေါ်မှ ထရပ်သည်။ ခြေဖျားထိအောင်ရှည်သော ဂါဝန်က ရွှန်ပိန်ရောင်ကို တမင် ဘိုက်ကျထားသည့် လည်ပင်းပြဲပြဲမှာ ဖန်စီကျောက်ကြိုးပြားက အနီရဲရဲ ဆွဲထားတာမို့ ရင်ဘတ်သားပြည့်ပြည့်လေးက အကာအကွယ်မဲ့သွား၏။

လေဒီရှူး အနီရဲရဲအား ဘေးကတစ်ယောက်က ကူစီးပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ယာယာ့အလှက ပြီးပြည့်စုံခြင်းအဖြစ်သို့ ရောက်သွားခဲ့လေပြီ။ ဦးလင်းသန့်က ထိုင်ရာမှ ထလာကာ သမီးဖြစ်သူကို ပခုံးနှစ်ဖက်မှကိုင်၍ စေ့စေ့ကြည့်သည်။

"ယာယာ လှလား ပါပါး"

"ဟောဒီကမ္ဘာမှာ ပါပါးသမီးက အလှဆုံး၊ ဟုတ်တယ် မဟုတ်လား ဒေါ်အေးဘုံ"

"ဟုတ်ပါတယ် ဆရာကြီး"

"တွေ့လား၊ ဒေါ်အေးဘုံကြီးကိုယ်တိုင် ထောက်ခံနေတာကြားလား၊ ဒါကြောင့် ပါပါ့သမီးကို ချစ်သူခင်သူတွေ များနေတာနေမှာကဲ.... ပါပါ့သမီးလေး ချစ်ရတဲ့သူနဲ့ ပျော်ရွှင်စွာ ဓာတ်ပေါင်း...."

"အာ.... မပေါင်းသေးပါဘူး ပါပါရဲ့၊ ဒါ ဘွဲ့နှင်းဖရန့် သဲဘောမျိုး ထားတာပါ၊ ယာယာရဲ့ နောက်ဆုံးပေါ်ဂိမ်းပါဆို ပါပါးကလဲ"

"ဟုတ်ပါပြီဗျာ ...ဟုတ်ပါပြီ၊ သမီးရဲ့ နောက်ဆုံးပေါ်ဂိမ်း"

"ဒီအတွက်လည်း ပါပါက ကြိုတင် စီစဉ်ထားခဲ့တယ်၊ ပါပါဟိုရောက်နေရင် သမီးနဲ့ အခုလို မတွေ့ရဘူးဆိုတော့လေ...."

"ဟိတ်.... ဒီကို ခဏလာဦး"

"ဟုတ်ကဲ့ ဘော့စ်"

ဦးလင်းသန့်က အခန်းဝ၌ ရပ်နေသော ကုတ်အမည်းဆင်တူဝတ်ထားသော လူရွယ်တွေဆီ လက်လှမ်းပြသည်။ ထိုအခါ ဖိုင်တွဲကိုင်ထားသည့် လူရွယ်က အခန်းထဲ ဝင်လာပြီး ဦးလင်းသန့်ထံ ဖိုင်တွဲကို လက်နှစ်ဖက်နှင့် တရိုတသေ ကမ်းပေး၏။

"ရော့"





"ဒါ.... ဘာလဲ ပါပါ"

"ဒါက"

"ဟယ်.... ဓာတ်ပုံတွေပါလား"

ယာယာက ဖိုင်တွဲဖွင့်လိုက်တာနှင့် ကာလာဓာတ်ပုံတွေ ကပ်ထားသော စာရွက်တွေ တစ်ထပ်ကြီးထွက်လာ၏။ ဦးလင်းသန့် ဘာတွေ အထူးအဆန်း စီစဉ်ထားပါလိမ့်ဆိုပြီး ဒေါ်အေးဘုံရော မာမီစန်းပါ ယာယာတို့ သားအဖနား အလိုလို ရောက်သွားသည်။

"ဒီကောင်တွေက သမီးဘော်ဒါတွေ၊ ပြီးတော့ သမီးကို ပရိုပို့(စ်)ထားတဲ့ ဘစ်စနစ်မန်း(န်)ပေါက်စနလေးတွေတောင် ပါသေး"

"ဒါတွေကို ပါပါး ဘယ်လို သိတာလဲဟင်"

"ပါပါးက သမီးပါပါးလေ၊ ပါပါးမသိတာ ဘာမှမရှိဘူး"

ယာယာက သူ့မမျက်စိရှေ့မှာ မြင်နေရသည့် ကိုယ်ရေးရာဇဝင်နဲ့ ဓာတ်ပုံတွေကိုကြည့်ပြီး ဖခင်ကို တအံ့တသြ ပြောသည်။ ပြီးတော့ ပါပါ့ကို အထူးအဆန်းနှင့် မော့ကြည့်တဲ့ ယာယာ့မျက်ဝန်းတွေထဲမှာ ဒါတွေ ပါပါး ဘာကြောင့် စုထားရတာလဲဆိုတဲ့ မေးခွန်းပါ ပါသည်။ ဦးလင်းသန့်ကတော့ လှအောင်ပုံသွင်းထားသည့် သမီး ဆံပင်လေးတွေကို ခပ်ဖွဖွ လက်နဲ့အုပ်မိုးထားပြီး သမီးမျက်နှာလှလှလေးကို ချစ်စနိုး ငုံ့ကြည့်သည်။

"ဒါတွေ သမီးပတ်ဝန်းကျင်က လူတွေရဲ့အကြောင်းတွေ ဆောင်ရွက် ရှောင်ရန်တွေပါတဲ့ အချက်အလက်ပေါ့၊ တစ်ခါတလေ အမှတ်တမဲ့ ကြုံတာကနေ တစ်ဘဝလုံးစာ ဖြစ်သွားတဲ့အခါ ဒီမှတ်တမ်းတွေက သမီးအတွက် အထောက်အကူ ဖြစ်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပါပါး"

"ရှူး…. ပါပါးကို ဘာမှမပြောနဲ့၊ ပါပါးပြောတာကိုပဲ နားထောင်…. ဟုတ်လား"

"ဟုတ်"

သမီးရဲ့ ကြင်ယာဖက်ပြောမလား၊ အိမ်ထောင်ဘက်ရွေးပွဲဆိုမလား။ ဒီလိုပွဲမျိုး ဖခင်ကိုယ်တိုင်က စိတ်ဝင်တစား စီစဉ်ထားတယ်ဆိုတာ တစ်ခါမှ မတွေ့မကြုံဖူး၍ အားလုံးရင်မှာ အထူးအဆန်းဖြစ်နေကြသည်။

"အံ့ရော…. အံ့ရောဟယ်၊ ကောင်လေးတွေက တကယ့်အလန်းတွေချည်းပဲ၊ ဒါတွေအားလုံး သမီးအတွက်ဆိုတော့…. အဟိအစ်ကိုကြီးတို့များ တော်ချက်က ရက်စက်တယ်"

အမူပိုပိုနှင့် ပြောနေသော မာမီစန်းအား ဒီတစ်ကြိမ်တော့ ဒေါ်အေးဘုံက မကဲ့ရဲ့မိတော့။ ကိုယ်တိုင်လည်း အံ့သြခြင်းများနှင့် အလိုလိုက်သော ဖခင်မေတ္တာအား ရှိတော့ရှိဘာယ်။ ရှားတယ်လို့ ပြောရမလားဟု တွေးလိုက်၏။

◈



## အခန်း(၅)

"ထပ်ညှိနိုင်းစရာ မရှိတော့ဘူး သက်လယ်၊ မင်းကိုကိုယ်က ဒါသနာကို မပိတ်ပင်ဘူး၊ မင်းလမ်း မင်းဆက်လျှောက်လည်း လမ်းက ပွင့်နေပြီသား၊ အရည်အချင်းလည်း ရှိပြီးသား၊ ပရိသတ် လက်ခံပြီသား၊ ကဲ… ဒီလိုကောင်းခြင်းတွေရှိနေတာကို သူများ အပံ့အပိုး မလိုတော့ဘူး"

တိုက်က သူပြောတာ မှားနေလား၊ မှန်သလား။ ပြန်ဆန်းစစ်စရာမလိုတော့ပါ။ အသင့်အတင့် နေရာရပြီး သူက ဒီထက်မကသရဖူဆောင်းနိုင်ရန် သူတစ်ပါး အကူအညီထက် ကိုယ်တိုင်ကြိုးစားဖို့သာ လိုအပ်ခြင်း မဟုတ်လား။ စစ်ကူဆိုတာ စစ်ရှုံးမှခေါ်တဲ့ အရာမျိုးလို့ သူ နားလည်ထားသည်" အခုတော့ သက်လယ်ကြည့်ရတာ ကိုယ်တိုင်ထက် နောက်ကွယ်က ပံ့ပိုးမှုကို ပိုတပ်မက် မျှော်လင့်တာမျိုး ဖြစ်သည်။

"မောင် မသိလို့ ဘယ်အသိုင်းအဝိုင်းမှာမဆို အပြိုင်အဆိုင်ဆိုတာ ရှိတယ် မောင်ရဲ့…. သိလား၊ မော်ဒယ်လောကမှာလည်း သူ့အစွမ်းနဲ့သူပေါ့ မောင်ရဲ့၊ ကားဆိုလည်း မော်ဒယ်အနိမ့်အမြင့်၊ ဖုန်းဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ဘက်(စ်) ဟုတ် မဟုတ်၊ အဟွန်း.... ရှော့ပင်(န်)တောင်ဘန် ကောက်လောက် ထွက်ပေးမှ အဆင့်မြင့်တာမျိုး"

သက်လယ်ကလည်း သူ့အယူအဆနှင့်သူဆိုတော့ အဲဒီတုန်းကလည်း တိုက်နှင့် ပဋိပက္ခ ဖြစ်ခဲ့ရသေးသည်။

"အပေါ်ယံ အဆင့်မြင့်ဖို့ထက် ကိုယ့်အနှစ်သာရတွေမြင့်ဖို့ကြိုးစားပါ သက်လယ်၊ ဒီလောကထဲ သက်လယ်က ကျင်လည်နေတာပဲ ဒီလောကအကြောင်း သက်လယ် အသိဆုံးနေမှာပေါ့၊ ကိုယ့်သရုပ်ဆောင်ပညာ ဘယ်လိုတိုးတက်အောင် ကြိုးစားမလဲ၊ ဒါကိုပဲ စဉ်းစားပြီးအားစိုက်သင့်တယ်"

"သက်လယ်ပြောတာကို မောင် နားမလည်ပါဘူး"

"သိပ်နားလည်လို့ မင်းကို ပြောနေရတာ သက်လယ်"

"တော်ပြီ.... တော်ပြီ၊ မောင်နဲ့ စကားဆက်မပြောတာပဲ ကောင်းတယ်၊ ဆက်ပြောရင် ရန်ဖြစ်ကြရုံအပြင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

ထိုနေ့မှစပြီး သက်လယ်က တိုက်ကို နှစ်ရက်လောက် စိတ်ကောက်ပြီး မခေါ်။ သူကလည်း မချော့။ နောက်တော့လည်း သူမချော့ရပဲ ဘယ်လို ပြန်အဆင်ပြေသွားလဲဆိုတာ တိုက်ကိုယ်တိုင်တောင် မသိခဲ့ပါ။ ဒီတစ်ခါ ပဋိပက္ခက အရင်အကြိမ်ပေါင်းများစွာထက် ပြင်းထန်၏။ တိုက်က မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာတရား စောင့်စည်းရန် ပြောတာဖြစ်ပြီး သက်လယ်ကတော့ ဒါ လူမှုရေးရာ ယဉ်ကျေးမှုပါတဲ့။ သူနဲ့ သက်လယ်ကြားမှာ အတွေးအမြင်တွေအားလုံး ဆန့်ကျင်ဘက်ဖြစ်နေ၏။

"ကိုယ်တော့ အဲဒီလို ယဉ်ကျေးမှုမျိုးကို လက်ခုပ်မတီးဘူး





သက်လယ်၊ ကလပ်တက်မှ ခေတ်မီမယ်၊ မီးမှောင်တဲ့ သူစိမ်းယောက်ျားတစ်ယောက်နဲ့ ရင်ချင်းအပ်ကမှ အဆင့်အတန်းရှိမယ်ဆိုရင်...."

"ဒါကတော့ မောင် အမြင်ကျဉ်းနေတာပဲ၊ ကမ္ဘာက ရွာကြီးတစ်ရွာလို့ ကြွေးကြော်နေတာ မကြားဘူးလား"

"ကြားဖူးတယ်၊ ဒါပေမယ့် အဲဒါက အသိပညာ၊ အတတ်ပညာတွေ ဖလှယ်မဲ့ရွာ၊ ယဉ်ကျေးမှုနဲ့ စောင့်ထိန်းအပ်တဲ့ အရာတွေကို မြေမြှုပ်ပစ်တဲ့ရွာ မဟုတ်ဘူး"

"ဒါ သက်လယ်ကို မောင် သက်သက်အပြစ်ရှာတာပဲ"

"မင်း ကြိုက်သလို ထင်နိုင်တယ်"

"မောင့်ကို သက်လယ်မုန်းတယ် သိလား"

"ဒါလည်း မင်းသဘောပဲ"

"မောင်"

သက်လယ်နှင့် သူ့ကြားမှာ အဆင်မပြေမှုတွေက တစ်ခုပြီးတစ်ခု။ ဒီတစ်ကြိမ် ပဋိပက္ခကတော့ တော်တော်နှင့် မပြေနိုင်သော သုကြီးထည်ကြီးနှင့်။ ထိုသို့ ကွဲလွဲနေသည့် ခံယူချက်တွေနှင့်....။ တိုက်နှင့် သက်လယ်တို့၏ ရှေ့မနက်ဖြန်က ရင်မောစရာချည်းဖြစ်သည်။

"သားနဲ့သက်လယ် တစ်နေ့ ဒီလို ဖြစ်လာမယ်လို့ မေမေ ထင်တော့ထင်သားပဲ၊ သက်လယ်နဲ့သား တွဲလာတာကြာပြီ၊ စေ့စပ်ဖို့ကိစ္စ စကားပြောကတည်းက မေမေ ရင်မောနေခဲ့ရတာ"

"သိပ်လည်း စိတ်မပူပါနဲ့ မေမေ၊ ကျွန်တော်တို့ကိစ္စ ကျွန်တော် သိပါတယ်"

သား ဘာပြောပြော ဒေါ်ဟေမာ ပင့်သက်မောတရှိုက်နှင့် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကလေးချင်းက ငယ်သူငယ်ချင်းမို့ လူကြီးချင်းရဲ့ ခင်မင်မှု သက်တမ်းကလည်း နှစ်ချို့နေပြီလို့ ပြောချရသည်။ ဒေါ်ဟေမာကတော့ သားနှင့်ပတ်သက်သူအား သမီးအရင်းလေးလို ချစ်သည်။ ငယ်ကတည်းက ကိုယ့်မျက်စိရှေ့ ကြီးပြင်းခဲ့ရသူမို့ သက်လယ်အပေါ်လည်း သံယောဇဉ် ရှိပါသည်။

ဒေါ်ဟေမာတို့ အတွေးကတော့ ရှေးကျသည်ဟုပဲ ဆိုဆို။ မိန်းကလေးနဲ့ ယောကျာ်းလေး နှစ်ရှည်လများ အတွဲများလျှင် နစ်နာတတ်တာ မိန်းကလေးရှင်ဘက်ကမို့ သက်လယ်မိခင်မြကို ကလေးချင်းကိစ္စ စီစဉ်ပေးရန် စကားပစ်ကြည့်ဖူးသည်။

"ကလေးတွေကိစ္စ စေ့စပ်ထားကြရင် မကောင်းဘူးလား မြ"

"မြ စိတ်ထဲမှာ သမီးလေးက ငယ်သေးတယ်လို့ ထင်တယ် ဟေမာရယ်၊ ပြီးတော့ သမီးက အနုပညာရှင်ဆိုတော့ သူ့အလုပ် အောင်မြင်သွားရင် .... အဟွန်း .... ဟွန်း မြတို့က စိန်ထုပ်ကြီးပိုက်ထား ရသလိုမျိုး ဟေမာရဲ့၊ စိန်ဆိုတာ အရည်အသွေးကောင်းရင် အရွယ်အစား သေးသေးလေးကိုတောင် မနည်းမနောရတာမျိုး မဟုတ်လား၊ ပြီးတော့ အခုလို ပရိသတ်က ချစ်နေကြတာလည်း အပျိုစင်ဆိုတဲ့ ဂုဏ်ကြောင့် ဆိုတာ ဟေမာလည်း သိပါတယ်"

"အေးကွယ်၊ ဒါဆိုလဲ မြသဘောပါ"

"မြကတော့ လူငယ်သဘာဝ သူတို့လူငယ်ချင်း လွတ်လွတ်လပ်လပ်နေကြပါစေဦးလေ၊ နောက်ပြီး မြသမီးကလည်း အခုချိန်မှာ ဒိတ်ဒိတ်ကြဲ စီးပွားရေးလုပ်ငန်းရှင်တွေ ဝိုင်းဝိုင်းလည်နေတာကို သာယာ





နေ့တာနဲ့ တူပါရဲ့ ဟေမာရယ်၊ တိုက်နဲ့ လက်ထပ်ဖို့ကို သမီးကိုယ်တိုင်က ကားမဟာတော့ မြလည်း ကိုယ့်သဘောနဲ့ကိုယ် ဘာမှမစီစဉ်ရဲဘူး"

"ဒါလည်း ဟုတ်ပါတယ်ကွယ်"

"ဟေမာရယ် .... အိမ်ထောင်ရေးဆိုတာလည်း သိတဲ့အတိုင်း သားသမီးစိတ်ကြိုက် စီစဉ်ပေးရမှာဆိုတော့လေ"

သက်လယ်အမေ ဒေါ်မြမြက ဒေါ်ဟေမာကို အပြုံးချိုချို၊ အပြော ချိုနှင့် ငြင်းသွားပုံက ပညာသားပါသည်။ ဒေါ်ဟေမာကလည်း မြ သဘောကို နားလည် သဘောပေါက်ပါသည်။ မြ ပြောသွားတာများ သူ့သက်လယ်အနား စီးပွားရေးလုပ်ငန်းရှင်တွေ ဝိုင်းဝိုင်းလည်နေတယ် ဆိုတော့ ဒီက သားကရော ချို့ချို့တဲ့တဲ့ထဲကမှ မဟုတ်တာ။ LIGHT HOUSE ဆိုတဲ့ ဟုမ်းဒက်ကရေးရှင်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းတွေ တင်သွင်းသည့် ကုမ္ပဏီကလည်း သေးသေးနုပ်နုပ် မဟုတ်ခဲ့။

သားက သူ့အဖေနဲ့ လက်တွဲလုပ်ခဲ့တာဆိုပေမဲ့ တစ်ဦးတည်းသော သား။ တစ်ချိန်ကျ ဒီလုပ်ငန်းအားလုံးကို ဦးစီးခွင့်၊ ပိုင်ဆိုင်ခွင့်ရမဲ့သူက သူမတို့သားပဲဆိုတာ သိသိကြီးနှင့်။ အဲဒီကတည်းက သက်လယ်ရော မြရောကို သားနှင့် လက်ထပ်ပေးဖို့ ဒေါ်ဟေမာ နောက်ထပ် စကား ဖြစ်ခဲ့တော့။ သားနှင့် ချစ်ကြိုက်ကြတုန်းကတော့ သက်လယ်က ရှိုးရိုး မော်ဒယ်သင်တန်းသူ။ အဲဒီတုန်းကတော့ သက်လယ်တို့သားအမိ နှစ်ယောက်စလုံး အခုလို ပုံစံမျိုးမဟုတ်။

နောက်ပြီး သက်လယ်ကို သဘောကျတာက ဖက်တီးနှင့်ဝေယံ ဖြစ်ပြီး အဲဒီတုန်းက သားက အောင်သွယ်တော်။ တကယ် ချစ်သူတွေ ဖြစ်သွားတော့ သားနှင့်ဆိုတော့ ဒေါ်ဟေမာ အံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကွဲ့၊ သားနဲ့သက်လယ် ချစ်သူတွေဖြစ်သွားကြ
ဟုတ်လား"

"ဟုတ်ကဲ့ အန်တီ"

"နေပါဦးကွယ်၊ အန်တီ ကြားတာက တစ်မျိုးပါ၊ သက်လယ်
တကယ်ချစ်ရေးဆိုထားတာ ဖက်တီးနဲ့ဝေယံ မဟုတ်ဘူးလား"

"ဟို…. အဲဒါက…."

"မင်းပဲပြောလိုက် ဖက်တီး"

အားလုံးသော သားရဲ့သူငယ်ချင်းတွေက ငယ်ကတည်းက ဒီအိ
ကို ဝင်ထွက်နေကြသူတွေမို့ သားအဖေနဲ့ ခပ်တန်းတန်းရှိကြ
ဒေါ်ဟေမာနဲ့တော့ သူငယ်ချင်းနှင့် မခြား။ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလ
ရှိခဲ့ကြ၏။ ထိုသို့မေးတော့ တိုက်က သူငယ်ချင်းတွေကို အား
သလိုလို၊ မအေကို ရှက်သလိုလိုနှင့် မျက်နှာမှီနီနှင့်ရှိပြီး ဖက်တီးက
ပြောချင်တာရှိရင် ရှေ့နောက်မကြည့်ဘဲ ပြောတတ်သည်။

"ဒီလို အန်တီရဲ့၊ သက်လယ်ကိုယ်တိုင်က အန်တီ့သား
အစကတည်းက မေတ္တာရှိနေတာ"

"သက်လယ်က…. ဟုတ်လား"

"ဟုတ်တယ် အန်တီ"

"သက်လယ်က ဘတ်ဒေးပါတီမှာ ဝိုင်တွေသောက်ပြီး မူး
ကျွန်တော်တို့ကို ရင်ဖွင့်တာ အန်တီ၊ အားလုံးရှေ့မှာ သူ တကယ်ချစ်
တိုက်ကိုပါတဲ့၊ မတုန်မလှုပ် နေနိုင်လွန်းတဲ့ တိုက်ကြောင့် သူ ခံစား
ရတာ ကြာပြီတဲ့"

"တိုက်ကို ဟိုးငယ်ငယ်ကတည်းက ချစ်နေတာတဲ့ အန်တီ





"အိုကွယ်…. ဘယ့်နှယ်၊ မိန်းကလေးက စရတယ်လို့ပဲ"

"ချစ်တာကိုး အန်တီရဲ့"

ကဲ…. မြန်မာပြည်မှာနေရင်း အတွေးအခေါ်က ကမ္ဘာပတ်လည်
နေသည်ဆိုတာ ဒါမျိုးပဲလားလို့ ဒေါ်ဟေမာ ဟစ်ကာမေးချင်တော့သည်။
ထိုအချိန်မှစ၍ သားက နေရင်းထိုင်ရင်း သက်လယ်ချစ်သူတစ်ယောက်
ဖြစ်သွားသည်။ နေထိုင်ပြောဆိုတာကအစ ချစ်သူစစ်စစ်ကြီးလို သက်လယ်
ဘက်က ပြုပြင်ပြောင်းလဲသွားရုံသာမက သားနှင့်သက်လယ်တို့ မကြာ
ခဏ ပြဿနာဖြစ်ကြသည်။ တိုက်က သူ့ထုံးစံအတိုင်း မှန်သည်ထင်လျှင်
ဘာတစ်ခုမှ မလျှော့။

သက်လယ်ကလည်း အညံ့မခံ။ သူမှန်သည်ထင်တာတွေ အကုန်
သုံးသည်။ နှစ်ယောက် ထိပ်တိုက်တွေ့ကြသည့်ပွဲမှာ ဘယ်သူကမှ
ဘယ်သူ့ကို မလျှော့တော့ ပြဿနာက ပြေလည်မသွား။ ပိုရှုပ်ထွေးသွား
တာပဲရှိသည်။ သက်လယ်က ပိုအောင်မြင်လာတော့ ပိုဆိုးသည်။

"အန်တီ့သားက သက်လယ်ကို သိပ်ချုပ်ချယ်တာပဲ"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွယ်၊ သားက သက်လယ်ကို
ချစ်လို့ပါ"

"ချစ်တာကို သက်လယ် လက်ခံပါတယ်၊ ဒါပေမဲ့ လူမှုရေး
နားမလည်တာ သက်လယ်ရဲ့ အောင်မြင်ရေးကို အဆိပ်ခတ်နေတဲ့အတိုင်းပဲ၊
သိလား…. အန်တီ"

သက်လယ်က ဒေါ်ဟေမာနဲ့တွေတိုင်း တိုက်အကြောင်း တိုင်
သလိုလိုနဲ့ ငြိုငြင်ခြင်းများဆိုတာ ဒေါ်ဟေမာ နားလည်သည်။ ဒီအခြေ
အနေမှာ သားက စေ့စပ်ဖို့တောင် ပြန်စဉ်းစားရမယ်ဆိုတော့ လခြစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ထတီးရမလား။ ကိုယ့်သားကိုပဲ အသည်းမကွဲနဲ့ဆိုပြီး နှစ်သိမ့်ရသေး မလားဆိုတာ ဒေါ်ဟေမာ ဉာဏ်မမီတော့။

"သားနဲ့သက်လယ် အခြေအနေက ဘယ်လိုလဲသား"

"သူ့သဘောအတိုင်းပဲ မေမေ"

"အပြင်မှာ သက်လယ်သတင်းတွေကြားနေရတယ်"

"ကျွန်တော် သိတယ်"

"သားသဘောကရော"

ခင်ပွန်းသည် ဦးမင်းသုမေးသံကြောင့် သားမျက်နှာ ဒေါ်ဟေမာ ဖျတ်ခနဲငဲ့ ကြည့်သည်။ တိုက်ကတော့ ဆိုဖာပေါ် လျောလျော မှီထိုင်ရင်း တီဗီမှလာသော ဘောလုံးပွဲကြော်ငြာအ မျက်တောင်မခတ်စတမ်း ငေးကြည့်နေ၏။

"အစကတည်းက ဒီဇာတ်လမ်းက သူစခဲ့တဲ့ဇာတ်လမ်းပဲ ဖေဖေ အခုလည်း သူ့သဘောအတိုင်းပဲ ထားလိုက်ပါ"

"သတင်းဆိုတာ အခြေအမြစ်မရှိဘဲ မလာဘူး ဖေဖေ၊ ခက်တ က ချစ်တဲ့စိတ်နဲ့ အရာရာသည်းခံလို့ရပေမဲ့ အဲဒီစိတ် ကျွန်တော့်ဆီ ရှိမနေဘူးလေ"

"သက်လယ်ကို သား မချစ်ဘူးလား"

"ချစ်တယ်လို့တော့ ထင်တာပဲ"

"မင်းဟာက မသေချာ မရေရာလိုက်တာကွာ"

တိုက်က မိဘနှစ်ပါးစကားကို ဘာမှမပြော။ ဘောလုံးပွဲကြော်ငြာ ပြီးသွားမှ ကိုယ်ကို မတ်မတ်ပြင်ထိုင်သည်။ ဒေါ်ဟေမာက ကိုယ့်သား ကိုယ် အမွှန်းတင်တာ မဟုတ်ပါ။ ဖြူသောအသားက နေလော





သားရသဖြင့် ကြေးနီရောင်သမ်းနေတာက ယောကျ်ားပီသသော သွင်ဖြစ်စေ သလားမသိတော့။ နားထင်ဘေးနားက မွေးညင်း မြမြတွေက သားရဲ့ ဆွဲဆောင်အားကောင်းခြင်းကို ဖော်ညွှန်းနေ၏။ ယ်ပြောပြော သားက လူချောလေးဆိုတာ မြင်သူတိုင်းက ချီးကျူး ကြသည်။

တိုက်က အရပ်မြင့်သည်။ GYM ဆော့သော အကျိုးကျေးဇူးကြောင့် ကိုယ်ဟန်မြင့်မြင့်မှာ အဆီပိုမရှိသော ဖိုက်သားရုပ်ရုပ်က အခုခေတ် င်းသားတွေထက် သာသည်ဟု ဒေါ်ဟေမာက ပြောချင်သေး။ ဒီလို သားကိုများ သင်းက ချစ်သူတော်ထားရတာ နာအံ့ရှိရင်။ ဖြစ်ခဲ့သမျှ ပါ ချပြီး မေ့လိုက်လို့ ခပ်ရွှတ်ရွှတ်သာ ပြောချင်ပါသည်။ တိုက်ကတော့ မ်းနည်းခြင်းလည်း မရှိ။ ကြေကွဲခြင်းမမည်ဘဲ တည်တည်ငြိမ်ငြိမ် တော့ ဒေါ်ဟေမာရင်ထဲ သားကိုကြည့်ပြီး ကျေနပ်နေတာ ဝန်ခံသည်။

"ချစ်တဲ့စိတ်မရှိပဲ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုတွေ၊ ယုံကြည်မှုတွေ တည်ဆောက်လို့မရဘူးလို့ ဖေဖေ ထင်တယ် သား"

"အဲဒါကြောင့် သက်လယ်နဲ့ ကျွန်တော် စောစောစီးစီး လမ်းခွဲဖို့ စဉ်းစားတာ သူရော ကျွန်တော့်အတွက်ပါ ကောင်းမယ်လို့ စဉ်းစား ထားပါတယ်"

"အဲဒီကိစ္စထားပါ၊ ဖေဖေတို့ကို ကျွန်တော် ပြောစရာရှိတယ်"

"ဘာလဲ သား"

တိုက်က ထရပ်တော့ ဖအေရော မအေပါ လည်ပင်းတညောင်း ကြည့်ရတဲ့အထိ အရပ်မြင့်မြင့်မားမား ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြယမုံထဲကအိမ်ကို ဒက်ကရေးရှင်းပြင်ဖို့ ကျွန်တော် စဉ်းစား
ထားတယ် ဖေဖေ၊ စိတ်ကြိုက်ပြင်ပြီး နိုင်ငံခြားသားတွေကို ငှားမလား
လို့"

"ကောင်းသားပဲကွ၊ ဖေဖေတော့ သဘောတူတယ်၊ အမေကြီး
ကရော"

"သားသဘောပါ၊ သားကောင်းသလိုသာလုပ်"

သားဖြစ်သူ၏ စကားက စီးပွားရေးဘက် လမ်းကြောင်း ပြောင်း
သွားတော့ ဦးမင်းသုပါ စိတ်ဝင်တစားဖြစ်သွားဟန်နှင့် မတ်တတ်
ထရပ်တော့ ဒေါ်ဟေမာက နားထောင်သူသက်သက်အဖြစ် သားအ
နှစ်ယောက်ကို ငေးငေးလေး ကြည့်နေ၏။

"အိမ်ငှားဈေးကွက် တွင်ကျယ်လာတယ်ဆိုပေမဲ့ ကွန်ဒိုတွေ
မဟုတ်ဘူးလား သား၊ အိမ်လုံးချင်းတွေ ငှားရတာ တွင်ကျယ်
မလား"

"ဒါလည်း ဈေးကွက်လိုလားမှုပဲ ဖေဖေ၊ လုံးချင်းတွေလည်း
အလုပ်ဖြစ်ပါတယ်"

ဆိုဖျာတွေကြားမှ သားအဖနှစ်ယောက် အတူတူလျှောက်ထွ
သွားကာ အလုပ်ကိစ္စ ဆွေးနွေးသော တစ်ဖက်ဧည့်ခန်းဆီ ထွက်သွား
ကြတာကို ဒေါ်ဟေမာမျက်နှာက ကျေနပ်ပီတိနှင့် ပြုံးနေ၏။

သားအဖနှစ်ယောက်ကို ဧည့်ခန်းဆောင်နှစ်ခုက လှမ်းမြင်ရ
ဘာတွေ ပြောကြလဲဆိုတာ ဒေါ်ဟေမာ မကြားနိုင်ပေမဲ့ သားဖြစ်သူ
အားတက်သရော တင်ပြချက်ကို ဖခင်က ခေါင်းတညိတ်ညိတ်
ထောင်လိုက်၊ မေးမြန်းလိုက်နှင့် တစ်လောကလုံး ဒီနှစ်ယောက်



ည့်အသွင်ကို သဘောကျနေ၏။ ဒေါ်ဟေမာက အတွေးထဲ
င်သလယ် ရောက်လာတော့ သက်ပြင်းရှိုက်ရင်း သက်လယ်တို့
ကြောင်းကနေ စီးပွားရေးအကြောင်း ကူးသွားတော့လည်း မြန်မြန်
ာန့်။ သားရင်ထဲ သက်လယ်နဲ့ပတ်သက်ပြီး ဘာမှ မခံစားရတာကို
ော့ ကျေးဇူးတင်သည်။

သားသာ တစ်ခုခုခံစားနေရလျှင် မိဘတွေ စိတ်ချမ်းသာမှာ
တ်။ အခုတော့ သားက ပုံမှန်အတိုင်း ခံစားရတာကို မမြင်ရတော့
ည်း ဒေါ်ဟေမာမှာ ဝမ်းသာရလို၊ ဝမ်းနည်းရမလို အူလည်လည်နှင့်။
စ်ရေးဆိုတာ အလင်းတိုက်အတွက် တကယ် အရေးမပါတာလား။
က်လယ်ကို မချစ်တာ တကယ်လား။ သေချာတာကတော့ သူတို့
ယောက်ကြားမှာ တစ်ခုခု ဖြစ်လာဖို့ရှိပြီဖြစ်၏။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သမီးလေးက ချစ်စရာကောင်းလိုက်တာ ဦးလင်းသန့်ရယ်"

"ကျွန်မသမီးလေးဖြစ်ရင် သိပ်ကောင်းမှာပဲ"

"ဦးလင်းသန့် သမီးလေးက တအားချောတယ်လို့ပဲ ကြားဖူးတာ သမီးကို အခုမှ မြင်ဖူးတယ်"

"အခုမှ မြင်ဖူးမှာပေါ့၊ ဦးလင်းသန့်က သူ့သမီးကို သူနဲ့အတူ ပွဲမထုတ်ဘူးလေ"

"ပြောကြဗျာ၊ အပြစ်ကတော့ ကျွန်တော့်အပြစ်ပဲ"

ဦးလင်းသန့်မျက်နှာက သမီးကိုကြည့်ပြီး ကျေနပ်ဟန် ပြုံးနေသ ဖည့်ခံပွဲကျင်းပတဲ့ ဇနီးမောင်နှံက ယာယာနဲ့ပါပါ့ကိုကြည့်ပြီး နှုတ်ဆ တာ လှိုက်လှိုက်လှဲလှဲပါ။ ယာယာကလည်း ဒီလိုပွဲမျိုးဆို သားအ နှစ်ယောက် အတူဆုံ၍ တွဲတက်တာ ရှားသည်။ ပါပါး အားတဲ့အချိ ယာယာက ကိုယ့်ကိစ္စတွေနဲ့ကိုယ် ရှုပ်ထွေးနေတတ်တာမျိုး ဖြစ်သည် သားအဖနှစ်ယောက် မဆုံဖြစ်ကြ။ အခုမှ ဆုံကြခြင်း ဖြစ်သည်။

"စိတ်ပြေလက်ပျောက်ပေါ့ သမီးရယ်၊ စိတ်ညစ်စရာကို





ကြုံပြီးပြီ၊ ပြီးသွားတဲ့ကိစ္စကို ကိုယ်က မပြီးမစီးနိုင် ဆက်ပြီး ခံစားနေရင် နှစ်ခါပြန်ရှုံးတယ် ယာယာ၊ အထူးသဖြင့် သူများဆီ ကျရှုံးတာထက် ကိုယ့်စိတ်ထဲကိုယ် ပြန်ဝိတ်မိပြီး ရှုံးတာက ပိုခံစားရတယ်"

"ပါပါးနဲ့ သမီးလိုက်ခဲ့နော်"

"ယာယာ့ မလိုက်ပါရစေနဲ့ ပါပါးရယ်"

"ပါပါးကိုချစ်ရင် လိုက်ရမယ်"

"ပါပါးရယ်"

နောက်ဆုံး ပါပါးကို ယာယာ အရှုံးပေးခဲ့ရသည်။ ယာယာ့ကြောင့် ပါပါးကို စိတ်မညစ်စေချင်။ ပါပါးက ယာယာ့ကို ဆုံးမစကား ပြောခဲ့သည်။ ယာယာကတော့ ဝီရကိစ္စကို အရှုံးလို့ ခံစားမိတာထက် သူ့ကျိုးမရှုဖြစ်ခြင်း ဆိုလျှင် ပို၍မှန်မည်။ ကိုယ့်ကြောင့် အပြစ်မဲ့သော သူတစ်ယောက် ဒုက္ခရောက်တာမျိုး မဖြစ်စေချင်။ ယာယာကြောင့် အားလုံးကို ပျော်ရွှင် စေချင်တာပဲ ရှိသည်။ အခုတော့ ယာယာ့အဖြစ်က တခြား ဘယ်သူနဲ့မှ မတူသော အဖြစ်တွေနဲ့ဆိုတာ ဘယ်သူသိနိုင်မှာလဲ။ ယာယာရဲ့ ပျော်ရွှင်မှု အားလုံး ဖျက်သုန်းပျက်စီးစေခဲ့တာက စာလေး တစ်စောင်။ ဘယ်သူ ရေးမှန်းမသိပါပဲ ထိုစာပါ အကြောင်းအရာတွေက ယာယာ့ပျော်ရွှင်နေသော ဘဝအတွက် အဆိုးဝါးဆုံး ကျိန်စာဖြစ်ခဲ့ရတာ သည်း ယာယာ့ကိုယ်တွေ့ပါ။

အခုချိန်ထိ ယာယာ့နှလုံးသားတွေ နာကျင်မှုတွေနဲ့ ပူလောင်ခါးသီး နေဆဲ။ ဝမ်းနည်းကြေကွဲနေရဆဲ။

"ကြည့်ပါဦး၊ သမီးက တကယ့် အရုပ်ကလေး ကျနေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ချက်ဆောင်ကော့ကော့၊ နှုတ်ခမ်းရဲရဲလေးနဲ့ ငြိမ်ထိုင်နေတာများ၊ သမီး စားနော်၊ အားမနာနဲ့”

“ရပါတယ် အန်တီ”

ပါပါး စိတ်ချမ်းသာပါစေတော့ဆိုပြီး ညှော်ခံပွဲကို ပါပါးနဲ့အတူ လိုက်လာခဲ့ရပေမဲ့ ယာယာ့ပုံစံလေးက ခံစားမှုတွေနဲ့ နာကျင်နေ၏။

အိမ်ရှင် အန်တီက ယာယာ့ရှေ့သို့ စားသောက်ဖွယ်ရာ ပန်းကန်ကြီးတွေ တစ်ခုပြီးတစ်ခု ထိုးပေးသည်။ ပါပါကယာယာ့လက်လေးကို အားပေး သလို ဖျစ်ညှစ်ကာ သားအဖနှစ်ဦးတည်း နားလည်သော ဘာသာစကား တစ်မျိုးနှင့် ယာယာ့မျက်နှာကို စိတ်မသက်သာသလို ကြည့်သည်။

“သမီး”

“ရှင်”

“စားလေ”

“ဟုတ်”

“သမီးက အရင်တုန်းက အံရမ်းသွက်တာ မေရီရဲ့၊ အခု တလောမှ...”

“ပါ... ပါး”

“သမီးက အခုတလော ချူချာနေတာလေ”

“ဟုတ်လား၊ ဘာဖြစ်နေတာလဲ သမီး”

ယာယာက ဖခင်ကြီးကို သူမအကြောင်း မပြောစေချင်သလို ထဟန့်သည့်အတွက် ဦးလင်းသန့် စကားပြောင်းသွား၏။

“Stress နည်းနည်းများနေလို့ပါ အန်တီ”





“သြော်”

“ဖြစ်တတ်တယ် ဒီအရွယ်က၊ အန်တီသားဆို သမီးအရွယ်တုန်းက ကျောင်းစာတွေ ဖိစီးတာနဲ့ ပတ်ဝန်းကျင်နဲ့ တဖြည်းဖြည်း ကင်းကွာသွားတာတွေ၊ မနည်းကြီး ပြုပြင်မှ အဆင်ပြေသွားတာ၊ ဟိုမှာ သမီး တို့အရွယ်လေးတွေအတွက် သီးသန့်ပွဲလေး လုပ်ပေးထားတယ်၊ သွား လိုက် သမီး၊ ပေါ့ပေါ့ပါးပါးလေးပေါ့”

“လာ.... အန်တီ လိုက်ပို့မယ်”

“နေပါစေ အန်တီ၊ ယာယာ ဒီမှာပဲ”

“လာစမ်းပါ သမီးရယ်”

“လိုက်သွားလေ သမီး”

အန်တီမေရီဆိုသူက ယာယာ့လက်ကိုဆွဲကာ ထစေရင်း ကပွဲ ကျင်းပနေရာဆီ သူကိုယ်တိုင် လိုက်ပို့သလို ပါပါးကလည်း တိုက်တွန်း သည်။

“သွား.... သွား၊ ပါပါးတို့ လူကြီးဝိုင်းကျတော့ စီးပွားရေး အကြောင်း ပြောနေတာနဲ့ သမီး ပျင်းနေရမှာ”

“ခေါ်သွား မေရီ၊ ဒါမှ သမီးပျော်သွားမှာ”

အားလုံးက တိုက်တိုက်တွန်းတွန်းနဲ့ဆိုတော့ ယာယာ ငြင်းလို့မရ။ ယာယာ စိတ်နဲ့သာဆို ဟင့်အင်းလို့ ငြင်းပစ်ချင်သော်ငြား ပါပါ့ ပတ်ဝန်းတွေထဲက သူမအား ပျော်ရွှင်စေလိုသော အရိပ်တွေကြောင့် အန်တီမေရီ ခေါ်ရာသို့ ယာယာအတူ လိုက်ခဲ့သည်။ ဘဲလေးဂါဝန်လို ခါးအောက်ပိုင်းမှာ ကားထွက်သွားတဲ့ ဂါဝန်က ယာယာ့ပခုံးမှာ ကြိုးချိတ်၊ ရွှေခင်ရောင်ကို အနက်ရောင် ပြောင်အိနေတဲ့ ခါးတိုဂျာကင်က ဖော်ပြီးစွပ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်။ ဂါဝန်အောက်မှာ အသားကပ်ဘောင်းဘီအမည်းနှင့် ရှူးဖိနပ်အချွန်ကြောင့် ယာယာ့ကို ဒီပွဲလာခါနီးက ပါပါးကတောင် နောက်ခဲ့သေးသည်။

"ပါပါးသမီးက ဒင်နာတက်မှာနဲ့မတူဘူး၊ အဟွန်း···· စိတ္တဇလူသတ်သမားဒီဇိုင်းနဲ့"

"ပါပါးကလဲ"

ပါပါးရှေ့မှာ ရယ်စေချင်၍ ဟန်ဆောင်ရယ်ပြပေမဲ့ ကိုယ့်စိတ်ထဲမသာယာတာ ကိုယ် အသိဆုံးဖြစ်သည်။ စိတ်မပါတော့ ဝတ်ရစားရတာတွေလည်း စိတ်ထဲရှိသည့်အတိုင်း ဖြစ်နေ၏။

"မေရီကို သတိပေးထားရမယ်"

"ဘာကိုလဲ မမတင်"

"မေရီကိုကြည့်ရတာ ဦးလင်းသန့်သမီးဆိုတာနဲ့တင် ဟိုကလေးမလေးကို ချေးမတော်ချင်တဲ့အရောင်တွေ ထွက်နေတယ်နော်၊ ဟွန်း····ဟွန်း မနေ့တစ်နေ့ကမှ မေရီက မိုးကုတ်က ပြောင်းလာတော့ ရန်ကုန်က ဒိန်းဂျားတွေအကြောင်း ဘာမှမသိသေးဘူးထင်တယ်"

"ဘာဒိန်းဂျားလဲ မမတင်"

"ပြောပြမယ်လေ"

"ဥပမာ- ခုနက ကလေးမလေးမျိုးပေါ့"

"ဟင်····"

ယာယာက ထင်းရှူးပင်အုပ်အုပ်လေးတွေ ခြားနေတာကြောင့် မမတင်ဆိုသူကို မမြင်ရ။ အသံပဲ ကြားရသည်။ သူမ အတင်းပြောနေသည့် ထိုစားပွဲဝိုင်းနောက် ယာယာရောက်နေတာကို သူတို့လည်း





သိဟန်မတူ။

ယာယာ့အဖြစ်က ရယ်ရမည်လား။ ငိုရမည်လားမသိ။ ဝီရကြောင့် အခံရခက် နာကျင်နေသည့် နှလုံးသားမှာ ဖြေဆေး မရှိဖြစ်နေသည့် အချိန်ကြမှ ယာယာ့အတင်း ပြောနေသူတွေနှင့် လာတိုးနေ၏။ ဒီနေရာမှာပဲ ဆက်နေရမှာလား။ တခြားတစ်နေရာ ထွက်သွားပြီး ဘယ်သူဘာပြောပြော ဂရုမစိုက်ဘဲ နေရမည်လား ကိုယ်တိုင်လဲမသိ။

စားပွဲဝိုင်းတွေကြား ဖြတ်သွားရင်ရပေမဲ့ ,လူတွေရဲ့အကြည့်၊ လူတွေရဲ့ အာရုံစိုက်ခြင်းတွေ မခံချင်၍ မမြင်ကွယ်ရာကို ထွက်လာခဲ့သည့် ယာယာ။ ကပွဲထဲမှာ အန်တီမေရီ ပို့ထားခဲ့ပေမယ့် မနေနိုင်၍ လွတ်လမ်းရှာကာမှ သူမအဖြစ်က ပိုဆိုးနေ၏။

ယာယာ့အတင်းပြောနေတာနှင့် တည့်တည့်ကြီးဆုံနေတာတော့ ခင်ကဲဆိုးတာပေါ့ ယာယာလို့ သူမစိတ်ထဲက ကိုယ့်ကိုယ်ကို ပြောမိသည်။ သူတို့ ဘာတွေဆက်ပြောမှာလဲ။ ကိုယ့်အကြောင်း ကြားနေရတော့လည်း ထိုနေရာက ခြေလှမ်းမရွေ့ချင်။ ရှုပ်ထွေးနေသည့် လူအုပ်ထဲ ဝင်ရောက်ချင်စိတ်လည်း မရှိ။ ကိုယ့်အကြောင်း သတ္တိရှိရှိ ပြောရဲတဲ့သူတွေ ရှိနေတော့လည်း ကိုယ်က အလိုက်တသိ နားထောင် ပေးရမှာပေါ့လို့ ငယ်ရွယ်သူအတွေးနဲ့ ယာယာ ခပ်ရွတ်ရွတ် တွေးသည်။

"မမတင်က ယာယာ့ ဘာအကြောင်းတွေများ သိထားလို့လဲ"

"ကလေးမလေးက ချစ်စရာလေးပါ၊ ပညာလေးလည်း ရှိတယ်၊ ရုပ်လေးလည်း ရှိတယ်၊ ပစ္စည်းဥစ္စာဆိုတာလည်း သိတဲ့အတိုင်း"

"အမယ်လေး···· အဲဒါအပေါ်ယံတွေ၊ တင်တင်တို့ကြားသားရှင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာ တော့ နာလို့ပြောပြရမှာ၊ ဒီမယ်···· သူနဲ့ပတ်သက်တဲ့ ယောက်
လေးတိုင်း အဖြစ်ဆိုးနဲ့ပဲ ကြုံကြရတာနော်၊ မယုံမရှိနဲ့"

"ဘယ်လို မမတင်၊ ဘယ်လို အဖြစ်ဆိုးနဲ့ ကြုံရတာလဲ"

"ပြောရင် မေရီ ယုံမှာတောင် မဟုတ်ဘူး"

"ပြောပါ၊ မေရီ နားထောင်ချင်လို့"

"ဒီလို မေရီရဲ့၊ ကောင်မလေးကို ချစ်လို့ကြိုက်လို့ လိုက်
သူတွေဆီကို အရင်ဆုံး သူနဲ့ မပတ်သက်ဖို့ ခြိမ်းခြောက်စာပို့သ
အဲဒါမှ တားမရရင် အက်ဆီးဒင့်တစ်ခုခုနဲ့ ကြုံရတာပဲ၊ နေရာမှာတ
ပွဲချင်းပြီး သေရင်သေ၊ မသေရင်တောင် လူဖြစ်ရှုံးတဲ့ ဒုက္ခိတဘဝ
နေရမယ်"

"အလိုလေး···· ကြောက်စရာပါလား မမတင်ရယ်"

ပြောတဲ့သူက စိတ်ပါလက်ပါ ယာယာ့အကြောင်း ပြောနေ
မယ့် သူမအကြောင်း ကြားနေရသည့် ယာယာ ဆက်နားမထော
ဝံ့တော့။ နားထဲ အပူခံထားသည့် သံချွန်ကြီးနဲ့ ထိုးဆွနေသလ
နာကျင်ခြင်းရော ပူလောင်ခြင်းပါ တစ်ပြိုင်တည်း ခံစားလာရသည
ဟုတ်သည်။ ထိုသို့သော အဖြစ်ဆိုးတွေ ယာယာနဲ့ပတ်သက်သူတို
ခံစားခဲ့ကြရသည်။ ထိုအတွက် ယာယာ အမြဲတမ်း နာကျင်ခဲ့ရသည
ယူကျုံးမရ ဖြစ်ခဲ့ရသည်။ ထိုအဖြစ်ကို ယာယာကိုယ်တိုင်လည်း မတာ
ဆီးနိုင်ခဲ့သလို ရပ်တန့်ခွင့်လည်း မရှိခဲ့ပါ။

ယာယာ့မျက်ဝန်းထဲ အတိတ်က ပုံရိပ်တွေ ဖြိုးဖြိုးဖျတ်ဖျ
ဖြတ်ပြေးသွားသည်။ သူမရဲ့ ပထမဆုံး ညစာစားပွဲ။ ပထမဆုံး ချစ်
ထားရန် ပထမဆုံး ရင်ခုန်သံများနဲ့ ယာယာ။ ပထမဆုံးချစ်သူအဖြ





ရွေးချယ်ခံခဲ့ရသူက ဝီရ။

"အဟား···· ရယ်ရတယ်၊ ကိုယ့်ကို ယာယာနဲ့ ချစ်သူ
ဖြစ်ရတဲ့၊ ယာယာ့အချစ်ကို မတောင်းခံရဆိုပြီး စာတစ်စောင် ရောက်
လာတယ်၊ သူတို့စကား နားမထောင်ရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ်နဲ့
ခြိမ်းစာလိုလိုလည်း····"

"ဝီရ ယုံလို့လား"

"နိုး"

"အခု အဲဒီ အရူးတွေကို ကိုယ်က အကျယ်ကြီးအော်ပြီး စိန်ခေါ်
ခဲ့လိုက်တော့မယ်၊ ကျွန်တော် ဝီရနဲ့ ဒီက ဖြူမာယာသန့်တို့ ယနေ့
ခုချိန်မှစ၍ တရားဝင် ချစ်သူတွေ ဖြစ်သွားပါပြီ ခင်ဗျာ···· လို့"

"ဝီရရယ်"

ယာယာနှင့် လက်ချင်းတွဲပြီး ပျော်ရွှင်စွာ ကောင်းကင်ထိ
ဆက်မြောက်ကာ အားပါးတရ ကြွေးကြော်ခဲ့သော ဝီရ။ ယာယာ့ကို
အိမ်ပြန်လိုက်ပို့တဲ့အထိ အပြုံးချိုချိုနှင့် နှုတ်ဆက်အနမ်း တောင်းတတ်
သော ဝီရက···· ထိုည သူ့အိမ်အပြန်မှာပဲ ကားအက်ဆီးဒင့်နှင့်
ရှောက်လုံးကွယ်ခဲ့သည်။ သတင်းကြားကြားချင်း ယာယာ လိုက်သွားခဲ့
သော်လည်း ဝီရနှင့် သူမရဲ့ ချစ်သူသက်တမ်းက တစ်နေ့တစ်ရက်သာ ကြာမြင့်
ပြီး ပြိုပျက်သွားသည်။

"ဝီရ"

"မင်း လိုက်လာပြီလား ယာယာ၊ မင်းဟာ ဘယ်လိုမိန်းကလေးလဲ
ပြောစမ်း"

"အခု ကိုယ့်ကို ကြည့်စမ်း၊ မင်းကြောင့် ကိုယ် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တာ၊ သူတို့ သတိပေးထားတဲ့အတိုင်း တကယ်ပဲ''

''ယာယာ့ကို ဘာမေးတာလဲ ဝီရ''

''မှင်းမှာ ကျိန်စာသင့်နေတဲ့ မိန်းမလား''

''ဝီရ''

ယာယာ့အသံက ထိတ်လန့်ချောက်ချားမှုအပြည့်ဖြစ်သလို ဝီရ... ပုံစံကလည်း ကြောက်ခွဲနောင်တအပြည့်နှင့်ဖြစ်သည်။

''ဘယ်သူ့လက်ချက်မှန်းမသိ၊ ဘယ်သူရေးတဲ့ စာမှန်းမသိတဲ့ စာတစ်စောင်ကြောင့် ယာယာ့ဘဝဟာ ဒီလောက်တောင် ပြောင်းလဲသွား... ပြီလား ဝီရ''

''ကိုယ် မသိတော့ဘူး ယာယာ၊ ကိုယ်သိတာက ကိုယ့်ဘ... ဆုံးပြီ.... ဒါပဲ''

''ဝီရရဲ့ တိုက်ဆိုင်မှုကို ယာယာ့အပေါ် ပုံမချပါနဲ့''

''အဲဒီလို တိုက်ဆိုင်မှုမျိုး ကိုယ် မလိုချင်ဆုံးပဲ၊ အခုချိန်ကစပြီး... ကိုယ် မင်းကို မုန်းလိုက်ပြီ၊ မေ့လိုက်ပြီ''

ထိုစကားကို ဝီရက ထပ်တလဲလဲ ရွတ်ကာ မမြင်ရတော့သော... မျက်ဝန်းထဲမှာ ယာယာ့ကို ဘယ်လောက်ကြောက်နေပြီလဲ မသိ။ ... အဖြစ်က ယာယာ့ဘဝမှာ ပထမဆုံး အကြိမ်ဖြစ်ခဲ့ရသည်။ တိုက်ဆို... ခြင်းလို့ ထားပစ်ခဲ့ပေမယ့် ဒုတိယလူအဖြစ် ယာယာ့ဘဝထဲ ဝင်လာ... က ဇာနည်။ အရိပ်ဆိုးရဲ့ ခြောက်လှန့်မှုကြောင့် ယာယာက ဇာနည်... အချစ်ကို လုံးဝလက်မခံ။ အခါခါ ငြင်းဆန်သည်။ အကြိမ်ကြိမ်တော... သည်။ ဇာနည်က လက်မခံ။ ဝီရအတိုင်း ဖွတ်မှုဖွတ်။

''ယာယာ့ အချစ်သာရရင် လူ့ဘဝမှာ နေပျော်ပါပြီကွာ၊ ကျန်... ...နောက်မှ ဘာဖြစ်ဖြစ် ကိုယ် ဂရုမစိုက်ဘူး''

''ပြီးမှ ယာယာ့ကို အပြစ်မတင်နဲ့နော်''

''လုံးဝ အပြစ်မတင်ဘူး''

ဇာနည့်အချစ်ကို ယုံစားပြီး ယာယာနှလုံးသားကို ဒုတိယအကြိမ်... ...ဖြစ်သွား၏။

''ဇာနည့်ကိုချစ်တယ်''

''ဝမ်းသာလိုက်တာ ယာယာရယ်''

''ချစ်တယ်နော်''

''အင်း''

သို့သော် ဇာနည့်အချစ်က ကြာကြာမခံ။

''ဆောရီး၊ ကိုယ့်အချစ်တွေ ပြန်ရုပ်သိမ်းတယ် ယာယာ၊ ကိုယ် ...မင်းအချစ်ကိုရော၊ မင်းဘဝကိုရော ပိုင်ဆိုင်ချင်ပေမဲ့ ကိုယ့်ဘဝကို ...စွန့်လွှတ်နိုင်ဘူး၊ ဒီစာကို မင်းဖတ်ကြည့်ရင် သဘောပေါက်သွားမှာပါ''

''ဘာစာလဲ ဇာနည်''

''ဖတ်ကြည့်လေ''

''ဟင်.... စာရွက်က အနီရောင်ပါလား''

နီစွေးနေသော စာအိတ်ထဲက အနီရောင်စာရွက်ကို ယာယာဖွင့်... ...ကြည့်တော့ မျက်လုံးထဲ မယုံနိုင်ခြင်းတွေ ရင်နဲ့အပြည့်ဖြစ်သွား၏။

''ဖြူမာယာသန့်ရဲ့ချစ်သူ မဖြစ်စေရ''

''ဖြူမာယာသန့်ကို မပိုင်ဆိုင်စေရ''

''ဖြူမာယာသန့်ရဲ့ နှလုံးသားကို မတောင်းခံစေရ''

စာထဲမှာ ဘယ်သူ့နာမည်မှမပါ။ လက်မှတ်လည်း ထိုး...ထား။







www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ပတ်သက်သော အချက်သုံးချက် ပါဝင်သည့် ထိုစာရွ
ကလေး ယာယာ့အနာဂတ်၊ ယာယာ့ယုံကြည်ချက်၊ ယာယာ့မျှော်ရှ
ခြင်းတွေကို ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

"ကိုယ် သွားတော့မယ် ယာယာ"

"ဇာနည်"

ဇာနည်က လှည့်မကြည့်တော့။

ယာယာ့ပါးပြင်တစ်လျှောက် ပူခနဲ စီးဆင်းတဲ့ အထိအတွေ့ကြေ
မငိုပါပဲ မျက်ရည်ကျနေပြီဆိုတဲ့အသိ ဝင်လာ၏။ ဒါတွေ ယာယ
ဘဝမှာ တကယ်ပဲ ဖြစ်နေတာပါလား။ အိပ်မက်မဟုတ်မှန်း သိရတေ
ယာယာ့ရင်ထဲ နာကျင်လာ၏။

အတွေးနှင့် ကျလာသည့် ယာယာ့ပါးပြင်ပေါ်က မျက်ရေ
စီးကြောင်းကို လက်ဖနောင့်နဲ့ ခပ်ကြမ်းကြမ်း ပွတ်ဆွဲသုတ်ရင်း သူ
အကြောင်း မကောင်းပြောနေသူမှာ ဝီရအမေမှန်း သူမ သိလိုက်ရ
ထိုနေရာမှ ယာယာထွက်လာခဲ့မိတာ ဦးတည်ရာမဲ့ပါ။ ငိုထားသေ
မျက်နှာနဲ့လည်း ဟန်ဆောင်ပြီး တခြားသူတွေကို ပြုံးမနေချင်တာ
အမှောင်ထဲမှ ထိုးထွက်လာသူ ရင်ဘတ်နှင့် ဒုတ်ခနဲ တိုးတိုက်မိသည်

"အ"

"အမယ်လေး"

"ဟာ.... ဟိတ်"

"ဟော့.... မင်း"

စကားသံက နောက်မှာကျန်ခဲ့သည်။ နှစ်ယောက်ဝင်တိုက်မိ
အရှိန်က ပြင်းတာကြောင့် အလင်းတိုက်က သူ့ရှေ့မှ လူရိပ် ယိုင်ထွ





တာ အနောက်သို့ လဲကျတော့မှာမို့ အကျင့်ပါနေသောလက်က
ကျတော့မလိုဖြစ်သွားသည့် သူမလက်ကောက်ဝတ်ကို ဖျတ်ခနဲ
ဆွဲထိန်းပေးပြီးသား ဖြစ်သွားသည်။

သူ ဆွဲလိုက်တဲ့အရှိန်ကပဲ များသွားတာလား မသိ။ သူမက
မ်းဒယိုင်နှင့် တိုက်ရင်ခွင်ထဲ ထွေးခနဲဝင်ရောက်လာသည့် အရှိန်ကို
ထားနိုင်တော့ နှစ်ယောက်သား ရင်ချင်းအပ်ပြီး တိုက်သောနံရံဆီ
ထွေးပစ်ဆောင့်သွားသည်။

"ဆောရီးပါ"

အိထွေးသော မွှေးမြသော အတွေ့က တိုက်ကိုယ်မှာ လာထိသလို
ကျိုးဆိုသည့် အသံတိုးတိုးလေး ထွက်လာမှ တိုက်က သူ့ရင်ခွင်ထဲရှိ
င်မလေးကို ဖျတ်ခနဲ ငုံ့ကြည့်မိ၏။

တစ်ယောက်နဲ့တစ်ယောက် နီးကပ်လွန်းသည့် အနေအထားကြောင့်
ချင်း ထိမတတ် အနေအထားမှာ တိုက် ပထမဆုံး သတိထား
တာ အလင်းရောင်ပျပျထဲမှာ ထူးခြားစွာ လှပနေသည့် မျက်ဝန်းအစုံ
သည်။ သူ့ကိုယ်သူ သတိမထားမိခင်မှာ မိန်းကလေး၏ အလှကို
ထားဖြစ်သွားတာလည်း အံ့ဩစရာဖြစ်၏။

သူ့ထံမှ ဝင်သက်ထွက်သက်နွေးနွေးက ယာယာ့ပါးပြင်နှင့်
မ်းတစ်ဝိုက် ထိခတ်သွားတာ သတိထားမိ၏။ တိုက်ရိပ် ကွယ်
ဘာရယ်၊ ဒီဘက်က မှောင်ရိပ်ကျလွန်းတာရယ်ကြောင့် တစ်
မျက်နှာတစ်ယောက် သဲသဲကွဲကွဲ မမြင်ရပေမဲ့ နီးကပ်လွန်းတဲ့
ထားကြောင့် မျက်တောင်ကော့တွေနှင့် နှုတ်ခမ်းရဲရဲတွေကိုတော့
နေရ၏။ တိုက်က ဆွဲထားသောလက်ကို လွှတ်ပေးလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



နီးတစ်လွန်းသောပုံစံကို အားနာသွားသည်။

"မင်း မူးနေတာလား"

"ရှင်"

"လူတစ်ယောက်လုံး လာနေတာကို မမြင်လို့လေ"

အံ့ဩခြင်းနဲ့ ပင့်သက်ပြေးကပ်သွားတဲ့ မျက်လွှာတွေကြေ

ယာယာက သူမရှေ့မှလူရဲ့မျက်နှာကို ဖြာကျနေသည့် အလင်းရောင်

အကဲခတ်ခွင့် ရသွားသည်။ လူချောတစ်ယောက်ပါလား။

နောက်ထပ် သူမ သတိထားမိတာက ယောကျာ်းတ

မျက်တောင်ကော့များကို ဖြစ်သည်။ တိုက်ကလည်း ညကြီးမင်းကြီး

တောင် ခေါင်းစွပ်ကြီးဆောင်းထားတဲ့ အဲဒီမိန်းကလေးအား အသေအ

စိုက်ကြည့်သည်။

"ဟော့.... မေးနေတယ်လေ၊ မူးနေလားလို့၊ အခုရော အမူး

သွားပြီလား"

လူကို တွေ့တာနှင့် ဗလိုင်းကြီး သောက်ထားတယ်ထင်နေသေ

ထိုလူ့မျက်နှာကိုကြည့်ပြီး ယာယာက ဆတ်ခနဲ ခါးထောက်လိုက်

"ဒီမှာ"

"ဗျာ"

"ရုပ်ကို သေချာကြည့်"

"ကြည့်နေတာပဲ"

"ကြည့်ရင်မြင်မှာပေါ့"

"ဘာကိုလဲ"

"ရှင့် မူးနေလား"





"ဘာ...."

"ရှင် ဘာလို့ ရမ်းသမ်းပြီး မူးတာတွေ၊ သောက်တာတွေ

ပြောနေလဲ၊ ရှင့်ကိုယ်တိုင်ရော လူတစ်ယောက်လုံး မမြင်ဘူးလား"

"မြင်တယ်၊ ရုပ်နေတဲ့ကိုယ့်ကို မင်း ဝင်ဘိုက်တာကွ"

"ဟင်"

"ကဲ.... မင်း ဘာပြောဦးမလဲ"

ပြောစရာ စကားမရှိတော့ပါ။ လွန်တာက ယာယာ့အလွန်ဆိုတော့

ဆိတ်သွားသည်။

"ယောကျာ်းဖြစ်ပြီး...."

"ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး"

တစ်ဖက်မှာ ပေါက်ကွဲလို့မရတဲ့ အခြေအနေကို ထိုလူ့အပေါ်ပဲ

ချပစ်ကာ ထိုလူ့နားမှ ယာယာ ထွက်လာခဲ့၏။ ယာယာတို့ ကံဆိုးပုံ

ကွယ်ရာမှာလည်း ကိုယ့်အတင်းပြောခံရ၊ ရှေ့တင်လည်း အစွပ်စွဲ

ခံ၊ ဝါသနာ ပါရင် ရင်တုပြီး ငိုချင်းချသင့်ပြီ ဖြူမာယာသန္တ။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ထွက်လာပြီလား သမီး"

"ဟုတ်"

ဖုန်းထဲမှ ပါပါ့အသံက အလျှင်စလို ရှိလှသည်။ ယာယာ
စကင်(န်)နီဂျင်းအဖြူနှင့် ခရမ်းပုပ်ရောင် လည်ပြတ်ခါးကျအင်္ကျီပေါ်
လည်သာကုတ်ခါးတိုကို ရင်ဘတ်ဖွင့်ထားသည်။

ပြည့်တင်းဖြူဝင်းသော ရင်သားပေါ် အနက်ရောင် ပုလဲကုံး
ကြီးအား လည်တိုင်၌ နှစ်ပတ် ပတ်ပြီး ရင်ညွန့်အထိ ဆွဲချထားတာ
လည်ပြတ်တာတွေ ဟိုက်တာတွေလည်း ဖုံးကွယ်ပြီးသားဖြစ်သွား
ယာယာက ဖုန်းကို နားမှာကပ်ရင်း လက်တစ်ဖက်က ကားတံခါး
ဆွဲဖွင့်သည်။

"ကားပေါ်တက်နေပြီ ပါပါ၊ အဲကွန်းပြင်သမားတွေ အရစ်ရှ
နေတာနဲ့ ထွက်တဲ့အချိန် နောက်ကျသွားတာ၊ ဆယ့်ငါးမိနစ်အတွင်
ယာယာ ရောက်မှာပါ"

"ကားအရမ်းမောင်းမလာနဲ့ဦး သမီး၊ ညနေပိုင်းက လူရှုပ်တယ
ကားရှုပ်တယ်၊ မောင်ဇော်မိုးရဲ့ လေယာဉ်ဆိုက်လည်း ပါပါးဟိုတယ
တန်းခေါ်သွားလိုက်မယ်၊ သမီးတို့က မိတ်ဆက်ပြီးသားပဲ၊ ဒင်နာ
ဆုံရင် ပြီးတာပဲ မဟုတ်လား"





"ဟုတ်ကဲ့ ပါပါး၊ ယာယာ့အတွက် စိတ်ချ"

"အိုခေ..... ပါပါး ဖုန်းချလိုက်ပြီ"

"ဟုတ်"

ပါပါးက တစ်ဖက်က ညှော့သည်ကိုလည်း မျက်နှာပျက်မှာ
စိုးသလို သမီးဖြစ်သူကို စိတ်ပူပင်နေတဲ့ ပါ ါးကို ယာယာ ကိုယ်ချင်း
စာပါသည်။ ဒီရက်ပိုင်းအတွင်း ပတ်ဝန်းကျင်ရဲ့ ပုတ်ခတ်မှုတွေကြောင့်
ယာယာ စိတ်ဓာတ်ကျဆင်းစေမည့် ထိပါးသော စကားလုံးတွေကြားမှာ
ယာယာ အနေကျုံ့ခဲ့ရသလို ပါပါးလည်း စိတ်မချမ်းသာခဲ့ရ။

"ကိုယ့်ကို တိုက်ရိုက်လာပြောတာမျိုး မဟုတ်ပေမဲ့ လူသတင်း
ထုတ်ကောင်တော့ ပါပါးလည်း သမီးသတင်းတွေကို ကြားသင့်သလောက်
ကြားသားပဲ၊ သမီးရဲ့ ဒီနိုင်ငံမှာ ဒါမျိုးလုပ်တယ်ဆိုတာ ရေရှည်မမြဲ
ဘူး၊ ဒါနိုင်ငံတကာဂိမ်းတွေ၊ နိုင်ငံခြားကားတွေ စွဲလွန်းတဲ့ စိတ်ဓာတ်
ရှိမှမဟုတ်တဲ့ လူတွေရဲ့ပုံစံ၊ ပါပါးတပည့်တွေလည်း လွှတ်ပြီး စောင့်
ကြည့်ခိုင်းထားတာပဲ၊ သမီးနားက ဒီခြိမ်းခြောက်မှုတွေ ပျောက်ရင်
ပျောက်၊ မပျောက်ရင် လုပ်နေတဲ့လူကို တွေ့ရမှာပေ့"

ပါပါးက ယာယာ့ဆံပင်တွေကို ဖွဖွသပ်တင်ပေးရင်း ယာယာ
စိတ်ဆင်းရဲနေတာကို အားပေးစကားပြောခဲ့ပေမယ့် ယာယာ မပျော်နိုင်။
ဒီလိုအဖြစ်မျိုး ဘာကြောင့် ယာယာကြုံမှ လာဖြစ်ရသည်မသိ။

"နောက်တစ်ချက်က အဲဒီ အမည်မသိလူရဲ့ ခြိမ်းခြောက်စကား
တွေကို ကြောက်တဲ့စိတ်နဲ့ သမီးအနာဂတ်ကို မှုပ်နှံတော့မှာလား၊
မဟုတ်ဘူး သမီး၊ ဒါ ဂိမ်းတစ်ခုပဲ၊ သူနိုင်ကိုယ်နိုင် အပြိုင်ကြတဲ့ပွဲမှာ
ကိုယ့်ဘက်က အသာစီးရဖို့ ဘယ်နည်းလမ်းပဲသုံးသုံး တရားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သခင်းကို ပါပါ့စိတ်ကြိုက် သတို့သားလောင်းနဲ့ မိတ်ဆက်ပေးမယ်"

"ပါပါး"

"ပါပါး ပြောတာပဲ နားထောင်.... ဟုတ်လား"

ပါပါးစကားကြောင့် ယာယာက ပါပါးရဲ့ သတို့သားလောင်း

ကိစ္စကို ကောင်းသည်။ ဆိုးသည်။ မငြင်းမိတော့။ ဘဝကို ပေါ့ပေ

ပါးပါး ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းရန် ရည်းစားစထားမည်ကြံကာ

အိမ်ထောင်ကျရမည့် အဖြစ်သို့ ရောက်သွားရတာကို မကြိုက်ပေမယ့်

လက်ရှိ အနေအထားမှာ ယာယာကိုယ်တိုင် ဘာမှမတတ်နိုင်။

"အန်ကယ် စီစဉ်တာ မှန်တယ်ဟး နင့်အဖေက နိုင်ငံပတ်ပြီး

စီးပွားရှာနေတဲ့သူ၊ အနားမှာ အမြဲနေပြီး နင့်လုံခြုံမှုကို ဂရုစိုက်ပေးနိုင်

မဟုတ်ဘူး၊ ဒီတော့ နင် အိမ်ထောင်ပြုလိုက်တာ အကောင်းဆုံး

ယာယာ"

"ရိုက်(ထ်)၊ ကိုယ့်ခင်ပွန်းကမှ ကိုယ့်ဘဝကို လုံခြုံမှုအပြည့်အ

ပေးနိုင်မှာ မိယာ၊ နင် စိတ်ကူးမလွဲနဲ့အော်၊ ပြီးတော့ အဲဒီ ခြိမ်းခြောက်စာ

နင် ဂရုမစိုက်ကြောင်း ပြလို့ရတယ်၊ ဝီရတို့၊ ဓာနည်တို့ကိုရော၊ ဟွန်း

နင့်ကိုချစ်ရက်နဲ့ ရှေ့မတိုးရဲတဲ့ ကောင်တွေကိုရော လက်ဆင်ပေး

ရတယ်၊ နင်တို့ထက် အရည်အချင်း အများကြီးရှိတဲ့သူက ငါ့ခင်ပွန်း

လောင်းဖြစ်သွားပြီဆိုပြီး သူတို့ရှေ့မှာ လက်နှိုက်ပြီး ခေါင်းမော့ရင်ကော့

ပြလိုက်ဟာ"

ယာယာ့သူငယ်ချင်းတွေအားလုံးက ယာယာ့ဘက်က ဖြစ်သည်။

ယာယာကိုယ်တိုင်လည်း သူမဖြစ်ပျက်ခံစားနေရသည့် ကိစ္စအား

သူငယ်ချင်းတွေကို ရင်ဖွင့်ပြောပြထား၍ သူတို့အားလုံးကလည်း





ယာယာ့ ခံစားချက်ကို ခံစားနားလည်ထားနိုင်ကြသူများ ဖြစ်သည့်

အတိုင်း ပါပါး အစီအစဉ်ကို သဘောကျ ထောက်ခံနေကြသည်။

"အန်ကယ် မိတ်ဆက်ပေးတဲ့ နင့်သတို့သားလောင်း ကိုဇော်မိုးက"

"ရော်ဘင်ပါဟာ.... နင်ကလဲ"

"အေး.... အေး၊ အဲဒီ ရော်ဘင်ကို ပြောတာ"

ယာယာ့သူငယ်ချင်းတွေ စုမိတိုင်း သူ့အကြောင်းက စိတ်ဝင်စား

ရာ ခေါင်းကြီးပိုင်းသတင်း ဖြစ်ခဲ့တာကြာပြီ။

"သူ့မြန်မာနာမည်က ဇော်မိုးလေ"

"အေးပါ.... ငါက ဘာပြောနေလို့လဲ"

ဝေဝေရဲ့နှုယ်လေးက ထုံးစံအတိုင်း မျက်စောင်းထိုးရင်း အပြန်

အလှန် အငြင်းအခုံ လုပ်ဖြစ်သည်။

"အေး.... အဲဒီ ရော်ဘင်ဇော်မိုးက နိုင်ငံခြားမှာ ဟိုးငယ်ငယ်

ကတည်းက နေတာဆိုတော့ နင့်ကို ကြိုတ်ပိုးပြီး ခြိမ်းခြောက်နေတဲ့ကောင်

ဘာအင်ဖော်မေးရှင်းမှ ရမှာမဟုတ်ဘူး၊ ဟဲ့.... မြန်မြန်တွေ့၊ မြန်မြန်

နေပြီး တစ်ခါတည်း အမေရိက လိုက်သွား"

"ဟုတ်တယ် ယာယာ၊ စိတ်ကူးမလွဲနဲ့"

ယာယာ့သူငယ်ချင်းတွေက ယာယာ့ကို အားပါးတရ မြှောက်ပေး

ကြတာ ယာယာ့အတွက်ဆိုတာလည်း နားလည်ပေမယ့် ယာယာ့ရင်ထဲ

ဘာခံစားချက်မှ မရှိ။ ရော်ဘင်ကိုလည်း စိတ်မဝင်စား။

"ကိုယ်က နိုင်ငံခြားမှာ ကြီးပြင်းတယ်၊ ဒီမှာပဲ စီးပွားရေး လုပ်

တယ်ဆိုပေမယ့် ကိုယ့်ရဲ့ ကျန်ရှိနေသေးတဲ့ လိုက်(ဖ်)က မြန်မာ နေထိုင်မှု

နဲ့ပဲဖြစ်စေချင်တာ၊ ဒါကြောင့် ကိုယ်လက်ထပ်မဲ့သူက မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပဲ ဖြစ်ရမယ်”

VZO ထိုင်ကြတုန်းက ရော်ဘင်ခေါ် ကိုဇော်မိုးနှင့် ယာယာတို့ ပြောစကားများက ထိုသို့ ရှိခဲ့၏။ နှစ်ယောက်စလုံးက စိတ်ကြိုက် ရွေးချယ်ကြတာပဲ ဖြစ်သည်။

ရော်ဘင်ဇော်မိုးက မြန်မာမိန်းကလေးကို လက်ထပ်လိုသည်။ ယာယာက ခြိမ်းခြောက်ခြင်းအား ဝါသနာထုံသော လူ့အရှုံးလက်ထဲက လွတ်မြောက်လိုသည်။ ထို့ကြောင့် ရင်ခုန်သံနတ္ထိ။ အချစ်မရှိသော နှလုံးသားဖြင့် ကိုယ့်သတို့သားလောင်းကို ကြိုဆိုရမဲ့ခရီးက ပျင်းရိ ကောင်းတာတော့ အမှန်ပင် ဖြစ်၏။ ယာယာက ကားမှန်ကို ခလုတ် နှိပ်၍ လျှောခနဲ ကျသွား၏။ ဒီအချိန်လမ်းမှာ ကားတွေကျပ်မှာ ယာယာ သိသည်။ ပါပါးပြောသည့် အချိန်မီရောက်အောင် သူမ သွားနေကြ လမ်းကမဟုတ်ဘဲ ဖြတ်လမ်းကနေ သွားဖို့ ဆုံးဖြတ်လိုက်၏။ ဖုန်းကို ကားခုံပေါ်ပစ်ချပြီး ကားစက်နှိုးချိန်မှာပဲ ဒေါ်အေးဘုံက ယာယာ့ကားနား ရောက်လာသည်။

“မောင်နေပြီနော် ကလေး၊ ကားကို သတိထားမောင်း၊ ပြီးတော့ ဒါလေးနဲ့ မောင်ဇော်မိုးကိုကြို”

ဒေါ်အေးဘုံက သူ့ကျောနောက်မှာ လက်ပြန်ထားရာက သူ့လက်ထဲက ယာယာ့ရှေ့သို့ ဆန့်ထုတ်တော့ မွှေးကြိုင်သောရနံ့၊ ငွားငွားစွင့်စွင့် ပွင့်ဖတ်ကြီးတွေနှင့် အလှချင်းပြိုင်နေသော ပန်းရောင်နှင်းဆီပန်းစည်း ကြီးကြောင့် ယာယာ့အကြည့်က ဒေါ်အေးဘုံထံ ရောက်သွားသည်။

“ဒေါ်အေးဘုံကလဲ၊ ယာယာ သွားကြိုရမှာ မိန်းကလေး မဟုတ်တာ၊ ဒီပန်းစည်းကြီးက ဘာလုပ်ဖို့လဲ”





“ဟဲ့…. နိုင်ငံရပ်ခြားမှာ ကြီးပြင်းလာတဲ့သူက အဲဒီလို ဓလေ့မျိုးကို နှစ်ခြိုက်မှာပေါ့၊ ယူသွား”

“မယူချင်ပါဘူး”

“သြော်… ဒီကလေးနှယ်”

“ယူသွားပါဆို”

ဒေါ်အေးဘုံက သူ့ပန်းစည်းကြီးကို ယာယာ့ ကားမှန် ပြတင်းပေါက်က သူ့သဘောနှင့်သူ ဇွတ်အတင်း ထိုးပေးနေ၏။

“ကျေးဇူး”

မယူမဖြစ် ပန်းစည်းကြီးက ယာယာ့ကားပေါ် ရောက်လာတော့ ဒေါ်အေးဘုံကို ယာယာ ကျေးဇူးတင်စကားဆို၍ ပန်းစည်းကိုယူပြီး ဆားခုံမှာ ချထားလိုက်သည်။

“ယာယာ သွားပြီ ဒေါ်အေးဘုံ”

“ကားကို ဖြည်းဖြည်းမောင်းနော် ကလေး”

“ဟုတ်”

ယာယာ ကားစက်နှိုးပြီး စထွက်တာနဲ့ ရှေ့မီးလုံးကြီးတွေ ဖွင့်လိုက်တာမို့ ဖွေးခနဲ ဖြာကျသွားတဲ့ အလင်းတန်းက ရှေ့မြင်ကွင်းကို ကောင်းစွာ မြင်ရ၏။ လူတွေမှာလည်း ရှေ့အနာဂတ်ကို ကြိုမြင်နိုင်မည့် အလင်းတန်းတွေရှိလျှင် ကောင်းလေစွ။ ငိုချင်စရာ၊ ကြေကွဲစရာတွေ ကိုရှောင် ရှောင်ရှားသွားတော့ နောင်တဆိုတာ ရှိနိုင်မည် မထင်ဟု တွေးရင်း ယာယာ ကိုယ့်အတွေးကိုယ် သဘောကျကာ ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကားမီးအလင်းတန်းကြောင့် လမ်းမညီတာတွေ၊ ကျင်းတွေ ချိုင့်ဝှမ်းတွေကို ယာယာ တွေ့သည်။ ဒါပေမဲ့ အထူးတလည်ကြီး ရှောင်မနေတော့။ ပါပါ့ကို ကတိပေးထားသည်။ ဆယ့်ငါးမိနစ်အတွင်း ရောက်မည်ဆိုတော့ အရောက် မောင်းရတော့မည်။

အားလုံးက ယာယာ့ကို ကားဖြည်းဖြည်းမောင်းဖို့ သတိပေးပေမယ့် ကားပေါ်ရောက်တာနှင့် ထိုအမှာစကားအားလုံး ယာယာနှင့်မဆိုင်သလို ဖြစ်သွားမြဲ။ ကားက လမ်းအတိုင်း တရိပ်ရိပ် ပြေးနေ၏။

လမ်းဘေးဝဲယာမှာ သက်ရင့်ပင်ကြီးတွေရှိကာ လမ်းက မညီညာ ရသည့်အထဲ မကျယ်ဝန်းပါ။ ဒီလမ်းကျဉ်းလေးက တမျှော်တခေါ်ဆိုပေမဲ့ လမ်းဆုံးတာနဲ့ လမ်းမကြီးပေါ်ရောက်ရင် လေဆိပ်နဲ့ ပိုနီးသွားပြီဖြစ်၏။

ယာယာက လက်ကောက်ဝတ်မှာ ပတ်ထားသော နာရီအသေး လေးအား တစ်ချက်ကြည့်ပြီး ကားအရှိန် ထပ်တင်သည်။ မညီညာ သော လမ်းကျဉ်းလေးထဲမှာ ကားက ကဆုန်ပေါက်ပြီး ဟိုထိုးဒီထိုးနှင့် မောင်းထွက်သွားသည်။





"နှီး"

ဘာသံမှန်းမသိပေမဲ့ လေထုကို ထိုးခွဲလာတဲ့ အသံမှန်းသိသည်။ ယာယာက မထင်မှတ်ပဲ ကားပြတင်းမှတစ်ဆင့် ဘေးဘီကိုကြည့်ပေမဲ့ မှောင်ရိပ်ကြီးစိုးထားသော လမ်းဘေးသစ်ပင်ကြီးတွေကြောင့် ရှိရင်းစွဲ ထက် ပိုမှောင်မိုက်နေသည်ဟု ထင်သည်။

"ဖောင်း.... ရှူး"

အသံကျယ်ကြီး ထွက်လာတာ ကိုယ့်ကားဆီကပါ။ အရှိန်လျှော့ဖို့ သတိရပေမဲ့ ကားက တစ်ဖက်ကြီး စောင်းချသွားကာ ဘီးပေါက်ခြင်းအား သိလိုက်ရင်း အရှိန်တင်ထားမိသော အမှားကြောင့် ကားက ထိန်းမရ တော့ပဲ လမ်းဘေးသစ်ပင်အိုကြီးဆီ တစ်ရှိန်ထိုး တိုးဝင်ဆောင့်သွား၏။

"ဝုန်း"

"ကျွီး"

"အား"

ကြောက်လန့်တကြား အော်သံအဆုံး ပြင်းထန်ကျယ်လောင်သော အသံကြီးအောက်မှာ ယာယာ အသိအားလုံး အမှောင်အတိကျသွား၏။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အား....."

"သမီး.... သမီးလေး၊ အရမ်းမထနဲ့၊ ခေါင်းမှာ ထိထားတယ် သမီးရဲ့"

ချောက်ချားစရာ အိပ်မက်ဆိုးမှ အလန့်တကြား နိုးထဟန်နှင့် အိပ်ရာမှ ကျိုးထရန် ဟန်ပြင်လိုက်သော သူမလက်မောင်းကို တစ်ဖုံ တစ်ယောက်က ဖိထား၍ နေရာမှ သူ မရွှေ့နိုင်သော်လည်း ခေါင်းထဲ တဆစ်ဆစ် ထိုးဆောင့်လာသည့် နာကျင်ခြင်းဝေဒနာနဲ့အတူ သူမ ဘာဖြစ်တာလဲဆိုတာ အသိတရားထဲ ဝုန်းခနဲ ဒိုင်းခနဲ ပြေးဝင်လာ၏။ သူမကားဘီး ပေါက်သွားသည်။ နောက်တော့ အရှိန်မထိန်းနိုင်တော့

"သမီး.... ယာယာ"

"သတိရပြီလားဟင်၊ သမီးနားမှာ ပါပါးရှိတယ်၊ ဘာမှ အားမငယ်နဲ့နော် သမီး"

ယာယာ့နားမှ တဖွဖွပြောနေသည့် ပါပါးအသံက ကြင်နာခြင်း အတိပြီးသော မိဘမေတ္တာကို ဖော်ပြနေ၏။ ကိုယ့်အဖြစ်ကို ပြန်မှတ်မိ လာ၏။





အရှိန်မထိန်းနိုင်ဘဲ သစ်ပင်ကြီးအား ဝင်ဆောင့်သည်။ ဒါ မက် မဟုတ်မှန်း သိနေ၏။ သူမကားနဲ့ သစ်ပင် ဝင်တိုက်မိတာပဲ။ သူမ မသေဘူးပေါ့။

"သမီး"

"ပါ....ပါး"

လေးလံသော မျက်ဝန်းအစုံ ဖျတ်ခနဲ အဖွင့်မှာ ဝိုးရိမ်သောကများနှင့် ချင်းထံက် များစွာအိုစာသွားသော ဖခင်ဖြစ်သူ မျက်နှာကို မြင်လိုက် ၏။

"ပါပါးရှိတယ် သမီး၊ ပါပါး ဒီမှာ"

ပါပါးက ယာယာ့လက်ဖဝါးလေးကို ဖွဖွထိဆုပ်ရင်း ယာယာ့ ဆံပင်လေးကို သူ့လက်နှင့် ဖွဖွသပ်တင်ပေးသည်။

"သမီး သတိရပြီနော်"

"ဟုတ်"

"ဝမ်းသာလိုက်တာ သမီးရယ်"

ဝမ်းသာအားရဖြစ်စွာ မျက်လုံးကို ဖျတ်ခနဲ ဖွင့်သည်။ စူးရှသော ရောင်းအလင်းတန်းက သူမမျက်ဝန်းထဲ တန်းခနဲ ဝင်ရောက်လာသည်။ သိစိကျိန်းသွားသဖြင့် ချက်ချင်းလက်နဲ့ အကာအကွယ်ယူရန် လက် ကောက်လိုက်၏။

"အ....."

ပခုံးရင်းဆီက ဆစ်ခနဲ နာကျင်ခြင်းကြောင့် ယာယာ့ထံမှ ညည်းသံသဲ့သဲ့ ထွက်သွားသည်။

"သိပ်မလှုပ်ရှားနဲ့ဦး သမီးလေး၊ သမီး ကားဘီးပေါက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးသစ်ပင်ကြီးနဲ့ ဝင်ဆောင့်ခဲ့တာ မှတ်မိလား သမီး''

ကိုယ်ကိုကိုင်းပြီး ယာယာ့မျက်နှာဆီ စိုးရိမ်တကြီး ငုံ့မိုးမေးလာတဲ့ ပါပါးမျက်နှာမြင်လိုက်ရာမှာ ယာယာ့ရင်ထဲက ကြောက်လန့်စိတ်တွေ ချောက်ချားစိတ်တွေပါ လွင့်သွား၏။

''ပါပါး.... သမီး ဘာဖြစ်သွားသေးလဲဟင်၊ နဖူးကလည်း နာတယ်၊ ရင်ဘတ်ထဲလည်း အောင့်နေတယ်၊ ပြီးတော့ သမီး ကားဘီး ကို တစ်ယောက်ယောက် ဖောက်ပစ်လိုက်တာများလား''

''မဟုတ်တာ သမီးရယ်၊ စိတ်ကို အေးအေးထားပါ၊ ပါပါးသမီး ဘာမှမဖြစ်ဘူး''

ဦးလင်းသန့်က ယာယာ့နဖူးထက်က ဆံစတွေကို ညင်ညင် သာသာ သိမ်းဖယ်ပေးသည်။ အခန်းတွင်းမှာ သူ့လူယုံ တပည့်တွေသာ ရှိတာမို့ သမီး ဘာပြောပြော တခြားလူ ကြားသွားမှာကိုတော့ စိုးရိမ်စရာ မရှိ။

''သမီး ကားဘီးပေါက်ပြီး သစ်ပင်ကို ဝင်ဆောင့်မိတဲ့ ဒဏ် ကြောင့် သမီးနဖူး နည်းနည်းထိထားတာကလွဲပြီး ကျန်တာတွေ အားလုံး ချက်(ခ်)အပ်(ပ်)လုပ်ပြီးပြီ သမီးရဲ့၊ ကြီးကြီးမားမား ဒဏ်ရာရတာ မရှိပါဘူး''

''ပါပါး''

''ပြော.... သမီး''

''ဟိုတစ်ယောက်ကို ကြို့ဖြစ်သေးဟင်''

''ဘယ်တစ်ယောက်လဲ''

ယာယာက ဖခင်ဖြစ်သူ လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်





...င်း မျှော်လင့်ချက် မျက်ဝန်းတွေက အရောင်ဖျော့သွား၏။

''ပါပါး ခြည့်သည်ကို ပြောတာပါ''

''အော်.... အဲဒီအတွက် စိတ်မပူနဲ့ သမီး''

''ပါပါး အားလုံး စီစဉ်ပြီးပြီ''

ယာယာ မကြို့နိုင်တဲ့အပေါ် ပါပါး မျက်နှာပျက်ရပြီလား။

''ပါပါးခြည့်သည်ကို ယာယာ ဒီလိုဖြစ်တာရော သူ သိလားဟင်''

သမီးဖြစ်သူမျက်နှာကို အနူးညံ့ အသိမ်မွေ့ဆုံး အပြုံးဖြင့် ...လင်းသန့် ပြုံးပြလိုက်သည်။ ယာယာက ဖခင်ကြီး မျက်နှာပျက်ရမှာ ...ကြောင့်ဆိုတာတွေးပြီး အားနာနေ၏။

ဒါကို ဦးလင်းသန့် သိသည်။ သူ့ကြောင့် သမီးဖြစ်သူကို ...ရခက်တာ၊ စိတ်ကျဉ်းကျပ်တာမျိုး မဖြစ်စေချင်။ ဝေလာဝေလာဆယ် ...ကြီးတာက သူ့ရဲ့တစ်ဦးတည်းသော သမီးလေး ကျန်းမာရေးက ...ကဖြစ်သည့်အတွက် သမီးလေးမေးတာကို အမှန်အတိုင်းမဖြေနဲ့လို့ ...နောက်က ညွှန်ကြားလာ၍ ဦးလင်းသန့်မျက်နှာပေါ် အပြုံးတုတစ်ခု ...ကတင်သည်။ သမီး အက်ဆီးဒင့်ဖြစ်၍ ဆေးရုံရောက်နေသည်ဟု ...တင်းရကတည်းက လေဆိပ်မှ ထပြေးခဲ့တာ အခုချိန်ထိ ဇော်မိုးထံ ...တစ်ချက်ဆက်၍ မတောင်းပန်ရသေး။

သူ့ ဒရိုင်ဘာကိုပဲ အကြိုစောင့်ဖို့ ဟိုတယ်ကို ပို့ထားဖို့ ပြောထားခဲ့ ...ယ့် ဒင်နာစားချိန်အား ကျော်လွန်သွားပြီဖြစ်ကြောင်း နာရီလက်တံ ...က ညွှန်ပြနေခဲ့သည်။ ဦးလင်းသန့်က ရင်ထဲ တွေးသမျှ မောနေ ...အား ပင့်သက်တရှိုက်နှင့် ဖြေချခြင်းမှာ မျက်နှာပေါ် မပြေပြစ်ခြင်း ...ပါ ရောပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညှော်သည်အတွက် ဘာမှစိတ်ပူမနေနဲ့ သမီး၊ ပါပါ ကောင်း ကောင်း ညှော်ဝတ်ပြုထားတယ်.... ဟုတ်ပြီလား၊ အခု သမီးလုပ်ဖို့ အနားယူလိုက်"

"ဟုတ်.... ပါပါး"

"ယာယာ နေကောင်းပါတယ်"

သမီးက သွားတန်းတွေ ပေါ်အောင်ရယ်ပြီး ဖခင်ကြီးကို နှစ်သိမ့်သည်။

"ယာယာ့အတွက် သိပ်စိတ်ပူမနေနဲ့ ပါပါး၊ ဒီလောက်က သ အတွက် မိုင်နာပါ"

ဖအေကို ပြန်နှစ်သိမ့်ပြီးမှ တစ်စုံတစ်ခု အတွေးရသွားသ ပြုံးနေတဲ့ မျက်နှာက ဖျတ်ခနဲ တည်သွား၏။ ပြီးတော့မှ မျက်ခုံးတန်း နှစ်ခု ယောင်ယောင်လေး တွန့်သွားတော့ ဦးလင်းသန့်က ပျာပျာသ ဖြစ်သွားသည်၊

"ဘာဖြစ်လို့လဲ သမီး၊ ဘယ်နားက နာလို့လဲ၊ ဟော့ ဆရာဝန် ခေါ်ပါဦး"

"ဟုတ်ကဲ့.... ဆရာ"

ဆရာက အမိန့်တွေ တရစပ်ပေးပြီး လှုပ်လှုပ်ရှားရှား ဖြစ် တာနှင့် ဆရာ့အလိုက်သိသော တပည့်တွေကလည်း မိုးတိုးမတ်တတ် ပြေးပြေးလွှားလွှား ဖြစ်သွားကြသည်။ ယာယာက ဖခင်လက်ရုံ တင်းခနဲနေအောင် ဖိအုပ်သည်။

"သမီး ဘာမှမဖြစ်ဘူး ပါပါးရဲ့၊ ဆရာဝန် မခေါ်ပါနဲ့၊ သ စဉ်းစားတာက ကားကို အိမ်ကထွက်ကတည်းက ဘုံဘုံ စစ်ပေးပြီး မှာ အဲဒီလို အက်ဆီးဒင့်နဲ့ ကြုံမှာစိုးလို့၊ ဆိပျောက် မီးပျောက် အောင်လည်း ဘုံဘုံပဲ မကျွင်းနစ်ကို စစ်ခိုင်းပြီးသား၊ သမီး ဘီးက တစ်ယောက်ယောက် ဖောက်ပစ်တာမျိုး"

"မဟုတ်တာ သမီးရယ်၊ သမီးမောင်းလာတဲ့ လမ်းကကြမ်းတာ အဲဒီက ဆူးတွေ အချွန်တွေကြောင့် ပေါက်သွားတာမျိုးနေမှာပါ"

"သမီးကို ဆေးရုံရောက်အောင် ပို့ပေးတာ ဘယ်သူလဲဟင်"

ယာယာ့မျက်လုံးတွေက သူမ သိလိုသောအဖြေအတွက် မျှော် ခြင်းဖြင့် လင်းလက်နေ၏။

ဦးလင်းသန့် သမီးအမေးကို ရုတ်တရက် အဖြေရခက်သွားသည်။ ယ်တောင် ဒီဆေးရုံ သမီးရောက်ပြီးမှ သိရတဲ့အဖြစ်။ ဝန်ထမ်းတွေ ကြည့်တော့လည်း သမီးကို ဘယ်သူလာပို့တာလဲဆိုတာ ဘယ်သူမှ နထာမသိ။

"လာပို့သွားတာတော့ အဲဒီနားက လူတွေပဲနဲ့ တူတယ်၊ ကျွန်မ သည်း လူနာကိုပဲ အာရုံစိုက်နေတာနဲ့ သေချာမမေးထားမိဘူး၊ ရှင်ကို ဆက်သွယ်ဖို့ ဖုန်းနံပါတ်ကို သူတို့ပဲ ရေးပေးသွားတာ"

"သူတို့က ကျွန်တော့်ဖုန်းနံပါတ်ကို ရေးပေးသွားတာ.... ဟုတ် "

"ဟုတ်တယ် ရှင်တို့ဖုန်းနံပါတ်ကို သိတယ်ဆိုတော့ ရှင်တို့ သိမိတ်ဆွေထဲက နေမှာပေါ့ရှင့်"

သူတို့အသိမိတ်ဆွေထဲက....

ဆရာမပြောတာ ဖြစ်တော့ဖြစ်နိုင်သည်။ ဘယ်သူမှ သူတို့ ပါတ်ကို အလွယ်သိနိုင်တာ မဟုတ်။ အထူးသဖြင့် ဦးလင်းသန့်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်တာကို ရေးပေးသွားသူက ဘယ်သူလဲ။ သူ့ဖုန်းတောင် သိသည် ဆိုတော့ အသိမိတ်ဆွေထဲက ဖြစ်လောက်သည်။ ဒါဆို ဒီရောက်တော့ ဘာလို့ မတွေ့ရတာလဲ။ သူ ဘယ်သူလဲ။ ဒီအဖြေအတွက် ပဟေဠိတွေ ရှုပ်ထွေးနေခဲ့တာ သမီး သတိပြန်မရခင်ကတည်းက။ အခုထိလည်း ထိုအတွေးက တွေးလေ အဖြေမရလေ ဖြစ်သည်။

"ဒီအနီးနားက ဖြတ်သွားလို့တွေ့တဲ့လူက သမီးကို ဆေးရုံပို့ပေးခဲ့တာတဲ့၊ ကဲ···· အိပ်လိုက်ပါလား သမီးရယ် နေကောင်းသွားမှ သမီး သိချင်တာတွေမေး၊ ပါပါဖြေမယ်၊ အခု သမီးအနားယူလိုက်··· ဟုတ်ပြီးလား"

"ကဲ···· အိပ်လိုက်တော့"

"ဟုတ်ကဲ့"

ဖခင်ကြီးစကားကို နာခံလိုစိတ်နှင့် ယာယာက မျက်ဝန်းတွေ မှေးမှိတ်ပြီးနောက်မှာ သိပ်မကြာခင် အိပ်စက်ခြင်းအဖြစ်သို့ ရောက်လေ၏။ ဦးလင်းသန့်ကတော့ ထိုတစ်ညလုံး သမီးဘေးနားမှာပဲ ငုတ်တုတ် ထိုင် မိုးလင်းခဲ့ရကာ ကားမောင်းသူဘေးထိုင်ခုံ၌ တစ်စစီ ကျဲပြန့်နေသော နှင်းဆီပွင့်ဖတ်များကိုလည်းကောင်း၊ ကားဒက်(ရှ်)ဘုတ် ပေါ်တွင် တင်ထားခဲ့သော အနီရွှေးရွှေး စာအိတ်ထဲမှ စာတစ်စောင်ကို လည်း ကောင်း ထပ်တလဲလဲ မြင်ယောင်နေ၏။ ထိုစာထဲမှာ ရေးထားသည့် စာတွေကိုလည်း မျက်ဝန်းထဲက မထွက်။ ရေးထားသည့် လက်ရေး လှပဝိုင်းစက်သော အနုပညာဆန်ဆန် လက်ရေးတွေ။

"ဖြူမာယာသန့်ကို ပိုင်ဆိုင်သူ မရှိစေရ"

ဒီစာကိုရေးတာ ဘယ်သူလဲ။ သမီးကို ချစ်နေတဲ့သူလား။ သမီး





ကို ပိုင်ဆိုင်သူမရှိစေရဆိုတော့ သူ့စကားအတိုင်း သမီးက တစ်သက်လုံး လွတ်လပ်သူအဖြစ် နေခိုင်းရမည်လား။ ဦးလင်းသန့် ခေါင်းယမ်းကာ ငြင်းဆန်ရင်း လွဲနေတာတွေ တည့်ဖို့တော့လိုပြီဟု တွေးလိုက်သည်။ ဒါပေမဲ့ ထိုအလွဲကို ဖန်တီးနေသူက ဘယ်သူလဲဆိုတာ ဦးလင်းသန့် ကိုယ်တိုင်လည်း မသိ၍ သမီးကိုယ်စား ရင်မောစွာ ဟင်းခနဲ သက်ပြင်း ကိုတ်ချလိုက်သည်။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အိုခေ.... ဒီမှာ တွေ့ပြီ"

တိုက်က အခန်း၀၌ ချိတ်ထားသော နံပါတ်အား သေချာအော
ပြန်ကြည့်ပြီး တံခါးကို ခပ်ဖြည်းဖြည်းလေး ဖွင့်သည်။ တံခါးအဖွင့်မှာ
အထဲမှ သန့်ရှင်းရေး၀တ်စုံနှင့် မျက်နှာ၌ နှာခေါင်းစည်းထားသူ
အခန်းအပြင်သို့ ထွက်လာခဲ့သည်ကို တွေ့ရ၏။ နာမည်ကြီးပုဂ္ဂလိ
ဆေးခန်းတွေရဲ့ အပြင်အဆင်အတိုင်း အခန်းထဲမှာ လူနာခု
တင်မကပဲ ဆိုဖာဆက်တီကြီးတွေ ချထားသောညှေ့ခန်း။ လက်မ
ဆယ် နံရံချိတ်ထားတဲ့ ပလပ်စမာ တီဗီကြီးနဲ့ ရေခဲသေတ္တာ
ဘာတွေ ပါရှိသည်။ ဖက်တီးကတော့ ခုတင်ထက်မှာ စောင်ကြီး
အိပ်ပျော်နေ၏။

"၀ဲစား.... နေမကောင်းဘူးဆိုပြီး ဆေးရုံမှာ လာဇိမ်ယ
တယ်"

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ဖက်တီးကို ကြည့်ပြီး တို
က နှုတ်ခမ်းလှုပ်ရုံ မေတ္တာပို့ ရေရွတ်ရင်း အခန်းထဲ လေတစ်ချက်ခ
၀င်လာခဲ့သည်။





"ဖက်တီးကို ညနေပိုင်းဆို လူစောင့်မရှိဘူးတဲ့ သားရေ၊ သားနဲ့
ဆယ် ဒီည သွားစောင့်ပေးလိုက်၊ နာ့(စ်)ငှားတာလည်း အဆင်မပြေဘူး
တဲ့၊ သားတို့နဲ့ကျတော့ ရယ်စရာလေး ဘာလေးပြောရင်း ဝေဒနာကို
မေ့ထားလို့ရတာပေါ့"

ဖက်တီးအကြောင်း မသိသည့် မေမေ ပြောကတည်းက တိုက်နှင့်
ဆယ်က တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီး ရယ်ချင်နေတာ ဖြစ်
သည်။ ဖက်တီးဆိုသည့်ကောင်အကြောင်း တိုက်တို့ အသိဆုံးဖြစ်သည်။
အကောင်းကြိုက်၊ ဇိမ်ခံရမည်ဆိုလျှင် ဘာမဆိုရသည့် ဖက်တီးက
သူ သက်သာလျှင် ပြီးရောဆိုသည့် ကောင်စားမျိုးဖြစ်သည်။ အခုလည်း
အကြောင်းပြပြီး ဘာဝေဒနာမှ အသည်းအသန်မရှိဘဲ ဆေးရုံတက်နေ
သည့် ဖက်တီး။ တစ်နည်းပြောရရင် သူ မလုပ်ချင်တဲ့ အလုပ်အတွက်
ဆေားရှောင်ရန် မရှိတဲ့ရောဂါကို အရှိကြီးလို ခေါင်းစဥ်တပ်ပြီး ဆေးရုံ
ပြေးတက်တဲ့ ဖက်တီးအကြောင်း သူတို့အသိဆုံး။

"ငါ့ကို ပုဂံက ဆောက်လက်စဟိုတယ် စီမံကိန်းကို သွား
ကြီးကြပ်တဲ့၊ ဒီမှာတောင် ဒီလောက်ပူတာ၊ ပုဂံမှာဆို လူက နေ့ချင်း
ညချင်း လူခြောက်ဖြစ်သွားနိုင်တယ်"

"အခုရော မင်းက စိုနေလို့လား၊ အခြောက်က အခြောက်ပဲ"

"ငါခြောက်မခြောက် သိချင်ရင် မင်းနှမ ငါ့ပေးကြည့်ပါလား"

"သေနာ"

ဆယ် နှိမ်ကွပ်တာကို ပေစောင်းစောင်းနဲ့ ကြည့်ပြီး ဖက်တီးကလည်း
တစ်ခွန်းမခံ ဆယ်ကို ပြန်နှိပ်လိုက်၍ ဆယ်မျက်နှာကြီး ရှုံ့မဲ့သွား၏။

"ပုဂံကို မင်း တကယ် မသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"နှီး"

"မင်းတို့ မသိပါဘူး၊ အဲဒီ ပုဂံဟိုတယ်ဇုန်က ငါ့ အတွေ
ငရဲခန်းကြီးပဲ၊ ဘာပဲဖြစ်ဖြစ် မသွားရအောင်ကြံမှ"

"ဘယ်လိုကြံမှာလဲ"

"သိချင်ရင် စောင့်ကြည့်"

ဖက်တီး ပြောပြီး နောက်တစ်နေ့ ဖက်တီး အူအတက်ရောင်
ဆေးရုံတက်ရတယ် သတင်းကြားကတည်းက သူရော ဝေယံပါ ဖြ
စေ့စေ့ ဖြစ်သွားသည်။ ဖက်တီးက သူ့အိမ်သားတွေ လာတယ်ထင်ပြ
လူမမာဟန်ဆောင်ထားတဲ့ ဖက်တီးခုတင်နား တိုက်က ခြေသံ မကြာ
အောင် လျှောက်သွားသည်။ စောင်ကြီး ခေါင်းမြီးခြုံပြီး တစောင်းကြ
အိပ်နေတဲ့ ဖက်တီးနားရောက်မှ ဖင်ကို ဖြန်းခနဲ ပိတ်ရိုက်သည်။

"ဖြန်း"

"အ····"

"ဟိတ်ကောင်···· ထ"

"ဒီမှာ မင်းယောက်ဖလာတာ ငါ့လူ၊ လာပြီး ဟန်ဆောင်ပြမနေ
မသနားဘူး"

တိုက်က ပြောလည်း ပြော၊ ဖက်တီးပခုံးပေါ် မျက်နှာတင်ပြ
ခေါင်းနားအထိ ဆွဲခြုံတဲ့စောင်ကို ဆွဲလှန်သည်။ စောင်အောက်
ဖက်တီးကလည်း သူ့ဖင်ကို ရိုက်တဲ့သူရော၊ သူ့ ကိုယ်ပေါ် လာဖိ
သူရောကို သိချင် ရှာသည်နှင့်တူသည်။ စောင်အလှပ် ခေါင်းထောင်ပြ
ကြည့်သည်။

"ဟင်····"





တိုက် တအံ့တသြကြီး ဖြစ်သွားသည်။ မြင်လိုက်ရတဲ့ မျက်နှာ
ဖြူနုနုရဲ့ ပါးပြင့်မွတ်မွတ်က သူ့နှုတ်ခမ်းဖျားနှင့် မထိတထိ တိုးတိုက်
သွားသည်။

"ရှင်···· ဘယ်သူလဲ"

"မင်းကရော ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် ရှင် ဖယ်စမ်းပါ"

"အာ···· ဆော်ရီး"

တစ်ဖက်က ရုန်းလိုက်တော့မှ တိုက်ရင်ခွင်အောက် သူမ
ရောက်နေတဲ့အဖြစ်ကို တိုက် သတိထားမိသွားသည်။ အလန့်တကြားနှင့်
ထူ နောက်အဆုတ် ဒေါသတကြီးနဲ့ သူမကလည်း ဝုန်းခနဲ ထထိုင်
သည်။

"မင်းကို ကိုယ် မြင်ဖူးပါတယ်၊ နေစမ်းပါဦး၊ ဟာ···· ဟုတ်ပြီ၊
မင်းက ဟိုတစ်ယောက်ပဲ၊ ဟုတ်တယ် မဟုတ်လား"

"ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မအခန်းထဲက အခု
ထွက်သွား"

ဒေါသတကြီး သူ့ကို နှင်ထုတ်နေသူ၏ မျက်နှာကို တိုက်
စိုက်ကြည့်လိုက်၏။ ဒီမျက်လုံး၊ ဒီနှာတံအကျနှင့် ဒီနှုတ်ခမ်းတွေကို
တိုက် မှတ်မိသည်။ ပြီးတော့ သူမနဲ့ နီးနီးကပ်ကပ် ရှိနေစဉ်မှာပဲ
အရင်းတနီးကြီး ဆွဲညှို့ခေါ်သွားသည့် ကိုယ်သင်းရနံ့။ ထိုရနံ့သည်
မကြာသေးခင်ကပင် သူ ရှူရှိုက်ဖူးသည်။ တိတိကျကျ ပြောရရင်
ဟိုတစ်နေ့ညက ညှော်ခံပွဲတစ်ခုမှာ သူနှင့်ဝင်တိုက်မိသည့် မိန်းမလှလေး။
ဘယ်လိုလုပ်ပြီး ဆေးရုံရောက်မှန်းမသိပေမယ့် သူမပုံစံက နွမ်းနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ အလှတစ်မျိုး ထွန်းလင်းနေတာတော့ သေချာသည်။ ဘယ်အရ ဘယ်ဒေသကမှန်း မသိပေမယ့် လှပသည့် ထိုမျက်နှာလေးကို မကြာခဏ တိုက် သတိရနေမိတာလည်း ဘာကြောင့်မှန်းမသိ။ သူမကတော့ တိုက် ကိုမှတ်မိပုံမရ။ ဒေါသမျက်နှာနှင့် သူ့ကို သူမနားက ထွက်သွား အမိန့်တွေ စွတ်ပေးနေ၏။

"မင်း ကိုယ့်ကို မမှတ်မိဘူးလား"

"ဘာကိစ္စ ရှင့်ကို ကျွန်မ မှတ်မိရမှာလဲ၊ ရှင့်ကို ကျွန်မ မသိဘူ ကျွန်မအခန်းထဲက ရှင် ထွက်မသွားရင် ကျွန်မ အော်လိုက်မှာနော်"

"ဟော့.... မင်း ပြဿနာမရှာနဲ့နော်"

"ပြဿနာရှာတာက ကျွန်မ မဟုတ်ဘူး၊ ရှင်"

ယာယာက သူမတင်ပါးကို သူစိမ်းယောကျ်ားတစ်ယောက် ဝင်ရိုက်သဖြင့် ရှက်စိတ်၊ ခံပြင်းစိတ်နှင့် အိပ်ရာခင်းစကို ကျစ်ကျစ်ပါအော ဆုပ်ရင်း အော်သည်။

"နှမချင်းမစာမနာ၊ လူကို ရိုက်လိုက်၊ ဖက်လို ဖက်နဲ့"

"ဟ.... အဲဒါ လူမှားတာကွ"

"ရှင်ပြောတိုင်း ကျွန်မ ယုံရမှာလား"

"မယုံလည်း ရတယ်၊ ကိုယ့်အမှားအတွက်တော့ ဆော မင်းကျေနပ်တဲ့အထိ ကိုယ် တောင်းပန်တယ်"

"ဒီကိစ္စ တောင်းပန်ယုံနဲ့ ပြီးရမှာလား"

"ဒါဆို မင်း ကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ"

"လူယုတ်မာ"

"ဟိတ်"





"မင်း.... ကိုယ့်ကို မစော်ကားနဲ့နော်"

"စော်ကားတော့ ဘာဖြစ်လဲ"

"ဟာ...."

"ဒီလိုပဲ မိန်းမတွေကို လိုက်နှာဘူးထနေတာနေမှာ"

"ဘာကွ"

"မင်း.... မင်း"

"မကျေနပ်ရင် လဲသေလိုက်"

သူ့အမှားကြောင့် တစ်ဖက်က တိုက်ကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်သံ ကြောင့် တိုက်သွေးတွေ ပွက်ခနဲ ဆူသွားရသည်။ သူမ စွပ်စွဲသလို သူ မဟုတ်ခဲ့။

"ငါ လူယုတ်မာ မဟုတ်ဘူး"

ဒေါသနှင့် အော်လိုက်သူကို ယာယာ ဂရုမစိုက်။

ခဲရောင်ရှပ်လက်တိုမှာ ကော်လံနှင့် အင်္ကျီလက် အနားကွပ်တွေက အဖြူရောင်ကို စကင်(န်)နီအဖြူနဲ့ တွဲဝတ်ထားသည့် ထိုလူကို ယာယာ က မဲ့တဲ့တဲ့ပြုံးကာ စိုက်ကြည့်သည်။ ခေါင်းမှ ခြေဖျားအထိ အကြည့် တွေ အစုန်အဆန် ပြေးဆင်းသွားတာလဲ မှန်းတီးခြင်းအပြည့်နဲ့ဖြစ်သည်။

"မင်း စကားကို ဆင်ခြင်ပြောနော် အမိ၊ နောက်မှ ကိုယ့်အဆိုး ဆိုနဲ့"

"ဘာလဲ၊ ရှင်က ယောကျ်ားကြီးတန်မဲ့ ဆေးရုံတက်နေတဲ့ မိန်းကလေးကို လာခြိမ်းခြောက်နေတာလား"

"ဟ.... မင်း လွန်နေပြီနော်၊ ဒါ မင်းအခန်းမှန်း ငါမသိဘူး၊ ငါ့သူငယ်ချင်းတက်တဲ့အခန်းက ၁၀၁ ဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရူးနေတာလား၊ မိန့်နေတာလား၊ ဒီမှာ ဒီအခန်းကို ကျွန်[illegible] သုံးနေတာ တစ်ပတ်လောက်ရှိနေပြီ၊ လာကြောင်မနေနဲ့၊ ယောက်ျားချင်[illegible] တွေ့တာတောင် ပွေ့ဖက်နှုတ်ဆက်ပုံကြည့်ရရင်တော့.... ဟွန့်.... မရှိး သားတာ အသိသာကြီး"

"ဟိတ်.... မင်း"

"တူ.... တူ.... တူ"

ခပ်ပြင်းဒေါသနှင့် တိုက် ပြန်လည် မဟုတ်တမ်းတရားတွေ စွပ်[illegible] တော့မည့် သူမကို ချေပချင်ပေမဲ့ ဘောင်းဘီအိတ်ထဲက ဖုန်းမြည်လာ[illegible] မကျေမလည်နှင့်ပင် တိုက်က ဖုန်းဖွင့်နားထောင်ရသည်။

"ဟဲလို"

"ဟော့ကောင်.... တိုက်၊ ဘယ်သဝေထိုးနေတာလဲ၊ ငါ ရောက်[illegible] နေပြီ၊ မင်း ဘယ်မှာလဲ"

"ဘီယာဆိုင်ရှာနေတာ နေမှာပေါ့၊ ဆေးရုံဝင်းထဲ ဘီယာဆိုင်[illegible] မရှိဘူးလို့"

ဖုန်းထဲမှ ဖက်တီးနှင့်ဝေယံအသံကိုပါ ပီပီသသ ကြားနေရသည်[illegible] ဒါဆို လွဲချော်ခြင်းဟာ သူ့ဘက်ကမှန်း တိုက် သိသွားသလိုမျိုး ခေ[illegible] ငြိမ်ကျသွားသည်။

"ဝေယံ... မင်းပြောတော့ အခန်းနံပါတ် ဝမ်းအိုဝမ်းဆို"

ရင်ထဲက ဒေါသကို မျိုသိပ်ပြီး သူ သိချင်တာကို အရင် မေ[illegible] လိုက်တော့ တစ်ဖက်ဖုန်းထဲက ဝေယံအသံကျယ်ကြီးနှင့် အော်ရယ်[illegible] လိုက်သံက စီခနဲ လွင့်လာ၏။

"ဆောရီး တိုက်၊ ငါ အခန်းနံပါတ် မှားပြောလိုက်မိတာ[illegible]





[illegible]ဆောရီး"

"ဘာ...."

"ငါ မှားတာကွ တိုက်၊ ဖက်တီးရဲ့ အခန်းနံပါတ်က ဝမ်းဝမ်း [illegible]ရီး၊ ရှေ့နောက်ပဲမှားတာပါ၊ နံပါတ်က အားလုံးပါတယ်"

သူ့အမှားကို တောင်းပန်ပြီး အားပါးတရ ရယ်မောနိုင်ပေမယ့် [illegible]ဆယ့်အမှားအတွက် လိုက်ပြီး မရယ်နိုင်သူက တိုက်။

"ဝဲစား"

ဒေါသတကြီး ဆဲရေးပြီးမှ ဖုန်းပိတ်ပစ်ရင်း ခုတင်ပေါ်မှ အခဲ [illegible]ကျ ခြင်းများနဲ့ ကြည့်နေဆဲ သူမထံ မျက်လုံး ငေ့သွားသည်။ [illegible]ရွက် နားထောက်အထိသာ ရှည်သောဆံပင်က ခပ်ပွပွလှိုင်း သဏ္ဌာန် [illegible]း မပြင်မဆင်ဘဲတောင် တောက်ပဝင်းမွတ်သော အသားအရည်ရှိတာ [illegible]ခဲ့ပါသည်။ ခက်တာက ဒေါသမီးလျှံတွေထွက်နေသော မျက်ဝန်း[illegible]တို့ကြောင့် ကြည့်ရဆိုးသွားတာလို့ အသံတိတ်မှတ်ချက်ပေးလိုက်၏။ [illegible]သွန်က သူ့အလွန်။ မှားတာကလည်း သူ့အမှားဆိုတော့ တစ်ဖက်ကို [illegible]သဖြစ်ချင်တိုင်း ဖြစ်ခွင့်မရတော့။

"ဆောရီး၊ ငါ မှားသွားတာ၊ အခန်းက တစ်ရာ့တစ်ဆယ်တဲ့"

သူ ထပ်တောင်းပန်လိုက်တော့ မိန်းမလှလေးက မျက်လုံးစိမ်းနဲ့ [illegible]ည့်ပြီး လှပသော နှုတ်ခမ်းကို ချစ်စရာကောင်းအောင် တစ်ချက် [illegible]ိုက်တာ မြင်ရသည်။

"ဟွန့်"

မေးဖျားကို ဘောင်ဘင်ခတ်အောင် မဲ့ရွဲ့ပစ်ရင်း တိုက်ကို [illegible]က်စိုက်ကြည့်ပုံက သူမပဲ ဆရာမကြီးအထာနှင့် ဖြစ်သည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမပုံစံက ဘယ့်လိုနေနေ သိပ်လှတာကိုတော့ ဝန်ခံရမည်။

"ဒီလိုပါပဲ၊ မှားရင်ဆောားရီးလုပ်ပြီး လစ်ရင်လစ်သလို ကျော… ကြချင်တဲ့ ရုပ်တွေ၊ မှားပြီဆိုလည်း လာလမ်းအတိုင်း ခပ်မြန်မြန်သ… ကြွ၊ ဒီမှာ နားချင်ပြီ"

နှုတ်သီးကောင်းလျှာပါးဆိုတာ ဒါမျိုးပဲလားမသိ။ သူ့ကို ရန်… နေပုံက တော်တော် ချစ်စရာကောင်းသည်။ သူ့ကို ဒေါသဖြစ်နေသေ… သူမကို တိုက်စိတ်ထဲ ပို၍ဒေါသဖြစ်အောင် စချင်လာ၏။

"ငါကလည်း သွားမှာပါ၊ တစ်စက္ကန့်ထပ်နေရင် တစ်မိနစ်… အသက်တိုမှာစိုးလို့၊ ဒီမှာ.... မင်းသိအောင် ပြောပြရဦးမယ်… ကိုယ့်ကိုယ် ကိုယ် ယုံကြည်တာ ကောင်းပေမယ့် အထင်ကြီးတာတော… မကောင်းဘူး ကွ၊ ကိုယ့်ရုပ်ကို မှန်ထဲပြန်ကြည့်… အချောင်ရမယ်ဆိုရင်တောင် ဒီရုပ်၊ ဒီအရုပ်မျိုးကို ငါက ဆော…"

"ဘာ...."

"ရှင် ကျွန်မကို ဘာစကားပြောတာလဲ၊ ပြန်ပြောစမ်း"

ဒေါသကြောင့် ခုတင်အောက် ခုန်ဆင်းသလိုဖြစ်သွားကာ ဘ… လိုပုံနှင့် သူ့ရှေ့ရောက်သွားမှန်း ယာယာမသိ။ ဒေါသနှင့် မျက်နှာ… ဆိုင်လိုက်ချိန်မှာ ယာယာ့အရပ်က သူ့ရင်ဘတ်လောက်ပဲရှိတာ သိလို… ရသည်။ နဂိုကတည်းက အရပ်မြင့်မြင့်ကြီးတွေထဲ မပါတာ ကိုယ့်ကို… ကို ယာယာ သိပါသည်။ ဒါပေမဲ့ အခုလို ပြောင်ပြက်ရယ်ပြုတာ… တော့ သူမ မခံချင်။ တိုက်ကတော့ မမီမကမ်း မော့ကြည့်နေရ… ကိုယ့်ရင်ညွန့် သာသာလောက်ရှိသည့် သူမကို မထီတရီ အပြုံး… အောင်နိုင်သူ တစ်ယောက်လို ငုံ့မိုးစူးစိုက်ကြည့်ပြီး ပြုံးလိုက်သ…





"အပွန်း.... ထရုပ်တော့မှ ကျွန်မ လူပုစိတ်တိုပါရှင်ဆိုပြီး …ကြောသလိုဖြစ်သွားပြီ၊ ထပ်ပြီး ဆောရီးပဲ၊ ငါက ပုတာဆို လူပုလေး …အားတောင် မကြည့်ဘူး၊ အသည်းယားလို့"

"ကြည့်စမ်း.... ရှင်.... ရှင်"

"သွားပြီနော်.... ဘိုင့်"

"သွားသေလိုက်.... တောက်"

တစ်ဖက်လူက ယာယာ့ကို အနိုင်နှင့်ပိုင်းပြီး အောင်ပွဲရစစ်သူကြီး …တစ်ယောက်လို ရင်ကော့ခေါင်းမော့ပြီး ထွက်သွားချိန်မှာ စိတ်ရှိတိုင်း …တစ်ခုမှ လုပ်ခွင့်မရလိုက်သော ယာယာ့မှာသာ ဒေါသမီးတွေ …နီးဟုန်းတောက်ထပြီး အခန်းထဲ သူမတစ်ယောက်တည်း ကျန်ခဲ့ …သည်။

"ဒီလိုလူမျိုး မြန်မြန်သေပါစေတော်"

မုန်းစရာကောင်းလိုက်တာ၊ ယာယာ့ကိုများ လူပုလေးနဲ့ နှိုင်းသွား …က်သေးသည်။ တကယ်တော့ ယာယာ့အရပ်က ပုတာ မဟုတ်။ …င်းအရပ်ကိုက ကလန်ကလားနှင့် ကြည့်မရအောင် မိုးထိုးနေခြင်း …သည်။

အခန်းထဲမှာ လက်သီးတရွယ်ရွယ်၊ အံတကြိတ်ကြိတ်နှင့် ယာယာ …ခဲ့၏။ တိုက်ကတော့ အခန်းပြင်ရောက်တဲ့အထိ မချိုမချဉ် အပြုံး …နှင့် ဒေါသနှင့် ဆူဝေပေါက်ကွဲနေမည့် ယာယာ့မျက်နှာလေးကို …မြင်ယောင်ကာ အားပါးတရ ပြုံးပစ်လိုက်သည်။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"စွမ်းလက်ရုံး"

ယာယာ ကြည့်နေသည့် ပရိုဂျက်တာပေါ်မှာ ကွန်ပျူတာနှင့် ရိုက်နှိပ်ထားသော ထိုအမည်က ထင်းခနဲ အရင်ပေါ်လာသည်။ ထို့နောက် အသားညိုညိုမှာ ဆံပင်က တိုကပ်ကပ်အထောင်နှင့် ဂျစ်တိဂျစ်ကန် လူမိုက်ရုပ်နှင့်လူ ပေါ်လာ၏။ မီးခိုးရောင် အလုံပိတ်ထားသည့် ခြံတံခါး ကြီးအား လျောတိုက်ဆွဲဖွင့်တာက လက်တစ်ဖက်စီ တံခါးတစ်ချပ် တွန်းရွှေ့ဖွင့်တာကြောင့် ရင်ဘတ်ကို ဖွင့်ပစ်လိုက်သလိုရှိကာ လက် မောင်းကြွက်သားတွေနှင့်အတူ အဆီပိုမရှိပေမယ့် မျက်နှာက လူမိုက် မျက်နှာအပြည့်နှင့် ဖြစ်သည်။

ရုပ်ရည်က မဆိုးပါ။ မိုက်သားရုပ်ရှပ်မှာ ဗယ်ရီရိုက်ထားသဖြင့် ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်မှုက ငေးကြည့်ချင်စရာကောင်းသည်။ အတွင်းက အဖြူရောင်တီရှပ်ပေါ် ဇစ်အိတ်တွေ အများကြီးပါသည့် လည်သာဂျာကင် အမည်း။ ဘောင်းဘီအမည်းနှင့် ထိပ်ချွန်ဖိနပ် ဦးကော့က အမည်းမို့ ရက်စက်မည့်အသွင်ရှိသည့် မျက်နှာအား ...





...ထားတာက ခက်ထန်ခြင်းများ။ တံခါးပွင့်သွားတာနှင့် တစ်ထပ်တိုက် ...လေး ဘွားခနဲ ပေါ်လာသည်။ ထိုတိုက်ထဲမှ ပြေးထွက်လာတာက ...ခါးစောင်းလောက် ရှိမည့် အယ်လ်ဆေးရှင်းခွေးနက်ကြီး နှစ်ကောင်။

"ဝေါင်း.... ဝေါင်း"

ဟောင်သံက အသေးစား ကျားပေါက်တစ်ကောင်နှုန်းနီးပါး ...သည်။ ပြေးလာတဲ့အရှိန်ကလည်း မြန်သည်။ လက်နက်မဲ့လူ အနား ...ောက်မှ ဝေါင်းခနဲ အသံပေး၍ တစ်ချက်ခုန်အုပ်တော့ ထိုလူရဲ့ ...က်နှာနား အစွယ်ဖွေးဖွေးကြီးတွေက အသည်းယားစဖွယ် ပွတ်ကပ် ...သွားတာကို စွမ်းလက်ရုံးက ခြေတစ်လှမ်းနောက်ဆုတ်ကာ မျက်နှာလှန် ...ှောင်၏။ ထို့နောက် အကာအကွယ်မဲ့နေသော ခွေးကြီးရဲ့ လည်မြိုဆီ ...ပြင်းသည့် လက်ဝါးစောင်းက ဒုတ်ခနဲ အသံပေး၍ ထိထိမိမိကြီး ...သွားသည်။

"အီ.... အီ.... အီ"

ခွေးကြီးက အီသံပေး၍ ပျော့ခွေလဲကျသွားတာ တုန်းခနဲ။ အဖော် ...သူရဲ့ အဖြစ်ဆိုးကြောင့်ထင်သည်။ ဘေးနားမှာ ဒီအတိုင်း ရပ်ကြည့် ...သော နောက်တစ်ကောင်က အခြေအနေကို အကဲခတ်နေသည့်ဟန်ဖြင့် ...လက်ရုံးရှိရာ ဖြုန်းခနဲ ဒိုင်းခနဲ မဝင်သေးဘဲ နေရာမှာရပ်ပြီး ...သံတကြီး မာန်ဖီအသံပေးနေပုံက ကြောက်စရာ။

"ဂီး"

"ဝုတ်.... ဝုတ်"

"ဝေါင်း"

"ဂီး.... ဂီး.... ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com

ကျယ်ဆောင်သော ဝမ်းခေါင်းသံကြီးက ကြောက်စရာကော
သည်။

ခွေးကြီးက ရန်သူထံ ချက်ချင်းဝင်မလာသေးပဲလူကို လှည့်
အကဲခတ်၍ မာန်ဖီနေရာမှ ရုတ်တရက်ရိပ်ခနဲ ခုန်အုပ်သည်။
တစ်ကြိမ်တော့ စွမ်းလက်ရုံးက ခြေလှမ်းရွှေ့ကာ မရှောင်တော့
ခုန်အုပ်လာသည့် ခွေးကြီးရဲ့ မေးဖျားနှင့် ခေါင်းကို လက်နှစ်ဖက်
ညှပ်ကိုင်ကာ ဆတ်ခနဲ ချိုးပစ်လိုက်သည်။ လည်လိမ်ချိုးခံရ
ခွေးက ဘာသံမှ မထွက်နိုင်ပဲ ပျော့ခွေခြင်းအဖြစ်သို့ ရောက်သွားသ

"ဝေါင်း"

"ဗို:"

"ဝေါင်း.... ဝေါင်း"

ထိုအချိန်မှာပဲ ဗိုးခနဲမြည်သံပေး၍ စွမ်းလက်ရုံးနောက်
တုတ်တစ်ချောင်းဖြင့် ဝင်ရိုက်သော လူရိပ်ကို မြင်လိုက်ရသ
စွမ်းလက်ရုံးက သူ့ထံပြေးဝင်လာသည့်လူရိပ်ကို ဖျတ်ခနဲ ခေါင်းငုံ့ရှော
ထိုလူရိုက်သောလက်ကို ဖမ်းဆွဲကာ ပခုံးနှင့်ခံချိုးလိုက်ပြီး လုပ်ကြံ
ဝမ်းဗိုက်ဆီ သူ့တံတောင်တွေက တစ်ချက်ပြီးတစ်ချက် ပစ်သွင်းသ
ဘေးပတ်လည်ကနေ ထွက်လာတဲ့ ရန်သူတွေက တစ်ယောက်တ
မဟုတ်တော့။ တစ်ယောက်ပြီးတစ်ယောက် စွမ်းလက်ရုံးရဲ့ အရ
မျက်နှာဆီ အသီးသီးမှာ။ တုတ်ချက်တွေနှင့်စီးမိုး ဝင်ရိုက်တာလဲရှိသ
ဓားသွားတွေလို ပြိုးပျက်ပြီး ဝင်လာတာလဲ တွေ့ရပေမဲ့ စွမ်းလ
ဆိုသူက ငုံ့ကာ၊ ဆုတ်ကာ ရှောင်တိမ်းလိုက်၏။

"ဖြောင်း.... ဖြောင်း.... ဖြောင်း"





လက်ခုပ်သံက အားပေးချီးမြှောက်သံမဟုတ်ပဲ တစ်စုံတစ်ရာကို
ချ်တာန့်စေလို၍ တီးသော အချက်ပေးသံမျိုး တစ်ခန်းလုံး မီးတွေ
ငင်းသွားသည်။ ယာယာ့ မျက်စိရှေ့ပရိဂျက်တာပေါ်မှ ပုံရိပ်တွေလည်း
ပျောက်သွား၏။ အခုထိ ဘာအတွက် ရည်ရွယ်ပြီး ဒီအကြောင်းတွေကို
ပြနေလဲဆိုတာ နားမလည်သော ယာယာက ဘေးဆိုဖာခုံ၌ ထိုင်နေဆဲ
ပါပါးအား ကြည့်သည်။

"ပါပါး.... သူက"

"သမီးအတွက် ပါပါးရှာထားတဲ့လူ"

"ရှင်"

အံ့သြစိတ်နှင့် ယာယာ ဆတ်ခနဲဖြစ်သွားသည်။ စွမ်း လက်ရုံး
က အသားညိုညို၊ အေးစက်စက်မျက်နှာက ဖော်ရွေခြင်း ကင်း၏။
သို့ အသတ်အပုတ်မှာ ကျွမ်းကျင်သူ၊ ရက်စက်ကြမ်းကြုတ်သူကိုမှ
အတွက် ဘာကြောင့်ပါပါး ရှာဖွေခဲ့တာလဲ။ ယာယာ့ရင်ထဲ
ခွန်းတွေက ချက်ချင်းဂယက်ရိုက်ပြီး မျက်ဝန်းတွေ ဖခင်ကြီးထံ
န့်တကြား ရောက်သွားတာကို ဖခင်ကြီးက နားလည်ဟန်ဖြင့်
ယာ့ဆံပင်တွေကို ချစ်စနိုး ခပ်သာသာလေး ဆွဲမွှပြီး ရယ်တော့
ပုံစံက လူငယ်လေး တစ်ယောက်လို နုငယ်ပျိုမြစ်မှုတွေ အပြည့်နှင့်
သည်။

"ဘာတွေစိုးရိမ်နေတာလဲ သမီး.... ဟင်၊ ဒီလူကို
လက်ထပ် ရမယ်လို့ ထင်နေတာလား"

"ပါပါးပဲ သမီးအတွက် ရှာတာဆို"

"သမီးအတွက် ရှာတယ်ဆိုတာ မှန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမဲ့ သူ့ကို သမီး လက်ထပ်ရမှာ မဟုတ်ဘူး၊ သမီးအတွင် ဘော်ဒီဂတ်”

“ဘော်.... ဒီ.... ဂတ်”

ယာယာ့နှုတ်ဖျားက ထူးဆန်းအံ့သြခြင်းကြောင့် မျက်ဝန်းငေ ဝိုင်းခနဲ ဖြစ်သွားလေသည်။ ဆေးခန်းမှာ ဟိုလူနှင့် ရန်ဖြစ် စကားမျ သောနေ့မှာပဲ သူမစားပွဲခုံနားမှာ အနီရောင် သတိပေးစာအိတ်အ တွေ့ခဲ့ရသည်။ စာပါအကြောင်းအရာတွေက ထုံးစံအတိုင်း အမိန့် ဆန်ဆန် ခြိမ်းခြောက်မှုများနဲ့ ပြည့်နှက်နေ၏။

“ဖြူမာယာသန့်ဆိုသည့် သူမကို လက်မထပ်ရ”

“ချစ်သူ မထားရ”

“မည်သူ့ကိုမှ မချစ်ရ” ဆိုသည့်စာတွေ။

ထုံးစံအတိုင်း သူ ရေးချင်တာ ရေးထားပြီး အောက်ဆုံး အထူးသတိပေးဆိုတာက ပါသေးသည်။

“သတိပေးချက်ကို မလိုက်နာပါက နစ်နာဆုံးရှုံးမှုမျ လိမ့်မည်”တဲ့။

ဘာတွေမှန်းမသိ။ ဒီတစ်ခါတော့ စာအဆုံးမှာ လက်မှတ်တ ပါသည်။ ရှုပ်ထွေးသည့် လက်မှတ်က အမည်ကို ဖတ်လို့မရပေ ယာယာ ဖတ်လို့ရသည့် စာတစ်ကြောင်းက ထင်ထင်ရှားရှား ပါလာသ

‘သင့်ကိုချစ်၍ သင်က မသိသောသူ’ဟု ရေးထားသည်။ ထို ရပြီးတဲ့နောက်ပိုင်းမှာ ပါပါးက ယာယာ့ကို ဘယ်သွားသွား အ အရောက်၊ အခြံအရံများနှင့် သွားစေရုံသာမက ယခုတော့ ဘော်ဒီ နှင့်ပါ ဖြစ်လာသည်။





“ပါပါ့အလုပ်တွေက ပစ်ထားလို့ရတဲ့ အခြေအနေ မဟုတ်ဘူး မီး၊ လုပ်ငန်းတွေအများကြီး တည်ထောင်ထားတော့ ပြန်သိမ်းတဲ့အခါ ချိန်ယူရတယ်၊ အဲဒီအတွက် သမီးအနားမှာ ပါပါ မရှိနိုင်တဲ့အခါ ကြည်စိတ်ချ လုံခြုံတဲ့လူတွေ ရှိဖို့လိုတယ်”

“အဲဒါနဲ့ပဲ ဒီလူက”

“ဟုတ်တယ်၊ သူတင်မကဘူး၊ ပါပါး ထပ်ရွေးထားသေးတယ်၊ ောက်တစ်ယောက်ကိုလည်း ကြည့်ဦး”

“ရှင်၊ သမီးအတွက် ဘော်ဒီဂတ်က နှစ်ယောက်တောင်လား”

“ဒါပေါ့”

“အို”

ပါပါး လက်မြှောက်လိုက်တာနှင့် တစ်ခန်းလုံး မီးတွေ ပြန်မှောင် သွား၏။ ထိုအခါ ပရိုဂျက်တာက အမှောင်ခန်းထဲ တစ်ခုတည်းသော ောင်းရောင်ရှိပြီး ထိုကားချပ်ပေါ် ထပ်ပေါ်လာတာက အမည်တစ်ခု။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

''မြတ်ညာဏ''

ဒီတစ်ယောက်ကျတော့ စွမ်းလက်ရုံးနှင့် ရုပ်ရည်ရော၊ ဟန်ပန်
တခြားစီဖြစ်၏။ အရပ်မြင့်၍ ပိန်သောကြောင့် ရှည်ကိုင်းကိုင်း
ပြောရလောက်အောင် အကြည့်ရမဆိုးပေမဲ့ သွယ်သည့်ဘက်ရော
သဖြင့် လူက နုသလို နွဲ့သလိုဖြစ်သွားသည်။ အသားဖြူကာ နှ
ပေါ်ခြင်း၊ မျက်ဝန်းမှေးခြင်းကြောင့် တိုင်းရင်းသားတစ်ဦးဦးနှင့် တူသွ
သလိုလို။ ဒီတစ်ယောက်ကျတော့ ဖရိုဖရဲ အနက်ရောင်ကွပ်ထား
လေးထောင့် မျက်မှန်လေး တပ်ထားသည်။ ဝတ်တာ စားတာကအ
စွမ်းလက်ရုံးနှင့် အများကြီး ကွာခြားသွား၏။

အော်တာရှပ်လက်ရှည်ကို တံတောင်ဆစ်နားအထိ လက်ခေါ
ဝတ်ထားတာ အရောင်ဖျော့သော ကြည်ပြာရောင်ကို အပြာဖျော့ ကွ
ပွပွနှင့် တွဲဝတ်ထားကာ သူ့လက်ထဲမှာ အဆက်အစားနှင့် ဆန့်ကျင်ဘ
အနီရဲရဲ နှင်းဆီတစ်ပွင့် ကိုင်ထားသည်။ မြတ်ညာဏဆိုသူက ကင်
ကို တည့်တည့်ကြည့်ကာ ပြုံးပြရင်း နှင်းဆီပွင့်အား ပဝါတစ်
အုပ်သည်။ ထို့နောက် လက်တစ်ဖက်ကို ကောင်းကင်ပေါ်မြှောက်





...ခုတစ်ခု သော တန်ခိုးစွမ်းအားတွေခေါ်၍ ပန်းပွင့်ဆီ သွင်းတာမျိုး
...ပြီးနောက် ခဏမှာပဲ ပဝါစကို ဆတ်ခနဲ ဆွဲဖယ်လိုက်သည်။

''ဟယ်''

ယာယာ့ထံမှ အာမေဋိတ်သံ ထွက်သွားသလို ဘေးနားမှာထိုင်၍
...ာ့ပါးစပ်ထဲ လက်ဘက်လေးတစ်ဖွန်း ...လိုက်၊ ရေနွေးလေး
...သွားအောင် မှုတ်တိုက်လိုက်နှင့် လုပ်နေသော ဘုံဘုံထံမှ အသံ
...ဘ၏။

''အယ်တော့.... ယုန်လေးပြောင်းသွားပြီ''

ဒေါ်အေးဘုံက အလန့်တကြား ထအော်သည်။ ယာယာကတော့
...သွန်း၍ ဘာသံမှ မထွက်နိုင်။ လက်ဖက်လည်း မဝါးနိုင်ဘဲ
...ကြီး အဟောင်းသားနှင့် ကြည့်နေတုန်းမှာပဲ သူက ဘောင်းဘီ
...က ပဝါအပြာလေးကို ဆွဲထုတ်ခါကာ ယုန်လေးပေါ် အုပ်
...ထို့နောက် လက်ဝါးတစ်ဖက်ဖြင့် ယုန်လေးကို ဖွဖွပွတ်သပ်
...က ဖျတ်ခနဲ ပဝါလေး ဆွဲဖယ်ပစ်လိုက်၏။

''ဟောတော့''

လူက ရှော့(ခ်)ရသွားသလိုတောင် ဖြစ်သွားသည်။ ယာယာ
...အဲမှာပဲ ယုန်လေးက မျက်လုံးနီနီ အမွေးဖြူဖြူလေးကနေ
...သွားတာက အနီနဲ့အဖြူရပ်ကြား ဂါဝန်တိုတစ်ထည် ဖြစ်သည်။
...ဘက်ဆန့်တန်း၍ ဂါဝန်အား သူမထံ ကမ်းပေးစဉ်မှာပဲ တစ်ခန်းလုံး
...ဖျတ်ခနဲလင်းထိန်သွားပြီး ပရိဂျက်တာပေါ်မှ သူ့ပုံရိပ် ပျောက်

''ပါပါး.... သူက ကျတော့ရော''



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာသာစကား လေးမျိုးလောက် ကျွမ်းကျွမ်းကျင်ကျ
တတ်တယ်၊ ပီယာနို ဂစ်တာနဲ့ ဒရမ်တီးတတ်တယ်၊ ပြီးတော့ မျက်လှ
တတ်တယ်၊ ပါပ့ါသမီးလေးကို စိတ်ပျော်ရွှင်အောင် ထားပေးနိုင်တ
တစ်ယောက်က သမီး ထိခိုက်ဒဏ်ရာမရအောင် လုံခြုံမှုပေးနိုင်တဲ့
အဲဒီလိုလူတွေနဲ့ သမီးကို ထားခဲ့နိုင်မှ ပါပါ စိတ်အေးမယ် သမီး"

ဦးလင်းသန့်က သမီးဦးခေါင်းလေးကို ဖွဖွပုတ်ရင်းပြောတော
ဘုံဘုံကလည်း အားရဝမ်းသာ ထောက်ခံရှာသည်။

"မဆိုးပါဘူး၊ ကောင်လေးတွေက တစ်ယောက်တစ်မျိုး
ချောကြသား"

ထိုအခိုက်မှာပဲ ယာယာတို့ရှိနေသော အခန်းထဲသို့ ပါပါးတပ
တစ်ယောက် ရောက်လာ၏။

"သူတို့ ရောက်လာပါပြီ ဆရာကြီး"

"အေး.... ငါတို့ ထွက်ခဲ့မယ်၊ ခဏစောင့်ထား"

"ဟုတ်ကဲ့ ဆရာကြီး"

ပါပါးက ညွှန်ကြားချက်ပေးသည်နှင့် ပါပါးတပ
အခန်းထဲက ပြန်ထွက်သွားသည်။

"ကဲ.... သမီး၊ ဘော်ဒီဂတ်တွေနဲ့ တွေ့ကြစို့"

"လာ.... ပါပါးနဲ့လိုက်ခဲ့၊ ဒေါ်အေးဘုံလည်း ပါတယ်နော်"

"ဟုတ်ကဲ့.... ဆရာကြီး"

ယာယာတို့သားအဖ ထွက်လာသည့်နောက်မှာ ဒေါ်အေးဘုံ
အတူရောပါလာသည်။

"ဟိုအခြောက်ပြောသလိုပဲ ပြောလိုက်တော့မယ်"





"ဘယ်လိုလဲ ဘုံဘုံ"

ယာယာက အပြာရင့်ရောင် ရှေ့ကြယ်သီး အကြီးကြီးတွေ
ပါသည့် တစ်ဆက်တည်း ဂါဝန်ရှည်ရဲ့ ဘေးအိတ်ထဲ လက်နှိုက်ရင်း
မေးသည်။

ယာယာက အင်္ကျီအပြာဆို ဘီးကုတ်လည်း အပြာရင့်ဖြစ်ကာ
ဘော်လံပါသော လက်ပြတ်ဂါဝန်မှာ ခါးနား၌ ခါးပတ် အနက်
သေးသေးလေး ပတ်ထားခြင်းကြောင့် ရင်သည်ရင်အတိုင်း၊ ခါးသည်
ခါးအတိုင်း၊ အချိုးတကျရှိသော ကိုယ်လုံးအလှသည် ဂါဝန်အောက်မှ
ပေါ်ကြွနေလျက်ရှိ၏။ ဘုံဘုံကတော့ ကြွေရုပ်လေးအတိုင်း ဝင်းမွတ်
သော အလှတရားများနှင့် ယာယာပါးလေးအား ဖွဖွဆွဲသည်။

"ဘာရမလဲ ယာယာရဲ့၊ ဆရာကြီးတို့ တော်ချက် ရက်စက်
တယ်လို့၊ ကိုယ်ရံတော်တဖြစ်လဲ တခြား ဘာဘာညာညာ ပြောင်းလဲ
စားလို့ရသေးတာပဲ"

"ဒေါ်အေးဘုံကြီးကလည်း ဘာတွေ လျှောက်ပြောနေမှန်း
မသိဘူး"

"သဘောပြောတာပါ ကလေးရဲ့"

"တော်ပြီ.... နောက်ထပ် ဘာမှမပြောနဲ့"

ဒေါ်အေးဘုံက ယာယာ စိတ်ဆိုးသွားမှန်းသိ၍ ပါးစပ်ပိတ်
သွားသည်။ ပြောသလောက် ခံစားချက်တွေ ပြောင်းလဲလွယ်သလား
ဆိုတာ သူမ တကယ် သိချင်ပါ၏။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကိုယ်ပိုင် ခြံဝင်းကျယ်ကြီးတွေချည်း ရှိတာကြောင့် ကွန်ကရစ် လမ်းလေးကလည်း ကိုယ်ပိုင်လမ်းလေးသဖွယ် ဖြစ်နေ၏။ ဆောင်းဝင်စ မနက်ခင်းမို့ ပတ်ဝန်းကျင်တစ်ခုလုံးက နှင်းမှုန်တွေ သိပ်သည်းသည်း ကျနေပေမဲ့ ပြောပလောက်အောင်တော့ မအေးတော့။ သဘာဝအတိုင်း ငြိမ်သက်တိတ်ဆိတ်နေတာကို သဘောကျသလို တစ်ချက်ကြည့်လိုက်ပြီး ခြေလှမ်းကို သွက်လိုက်သည်။

ညက တိုက်တစ်ယောက် အိမ်မပြန်ဖြစ်ခဲ့။ စိတ်ကြိုက် ပြင်ဆင်ထားသော ဒီမြို့ယမုံထဲက အိမ်လေးမှာပဲ သူ အိပ်ဖြစ်ခဲ့သည်။ ဟုမ်းဒက်ကရေးရှင်းမို့ နံရံမှာကပ်တဲ့ ဝေါ(လ်)ပေပါကအစ မီးဆိုင်းတွေအလယ်၊ ခြံထဲရှိ ရေတံခွန်အတုမှ မြက်ခင်းတုတွေအဆုံး အားလုံးကို တိုက် စိတ်တိုင်းကျ ပြင်ဆင်ပြီးမှ သဘောအကျကြီး ကျနေခဲ့တာမို့ သူ အိမ်မပြန်ဖြစ်တာလည်း ပါသည်။ လှနေတာလေးတွေ မြင်ရတော့ စိတ်ချမ်းသာသည်။ ကိုယ်ဖန်တီးထားတာ ကိုယ် မြင်နေရတော့ ကျေနပ်





...ကော ရင်နဲ့အပြည့်ဖြစ်သည်။

တိုက်က အသားရောင် ဘောင်းဘီပွပွထဲ လက်စုံနိုက်ကာ ...ကမ်းနံသားအတိုင်း ခပ်ဖြည်းဖြည်းလျှောက်သည်။ လည်ထောင် ...ယ်တာ နီညိုပေါ် ချောကလက်ရောင် ဆွဲယ်တာအပါးစားကို ...တ်ကြယ်သီးဖြုတ်ပြီး ဝတ်ထားတာမို့ သူ့အသွင်က ဆောင်း ...နှင့် လျော်ညီစွာ ပေါ့ပေါ့ပါးပါး ရှိလှ၏။

ထိုအခိုက်မှာပဲ နှင်းထုကိုခွဲ၍ သူ့ထံ တည့်တည့်တိုးဝင်လာသော ...ရိပ်တစ်ရိပ် တိုက် အနားရောက်လာပုံက လိုတာထက် ပိုမြန်ဆန် ...တာမို့ လမ်းလျှောက်လာတာ မဖြစ်နိုင်လို့ သူက တွေးသည်။ ...ရဲ့ ပေါင်လည်ထိရှည်တဲ့ ကုတ်အင်္ကျီကြီးအား ကြယ်သီးတွေ ...အစေ့တပ်ကာ ဝတ်ထားပြီး အောက်က ဘောင်းဘီကလည်း ...ရဲ့။ မျက်နှာတစ်ဝက်သို့ ဖုံးအုပ်ထားတဲ့ လျှာထိုးဦးထုပ်က အနီမို့ ...ကိုယ်လုံး နီစွေးနေတာကို နှင်းထုတွေကြားထဲ သူ မြင်နေရသည်။

တိုက် အနားသို့ ပို၍ နီးကပ်လာကာမှ ထိုအနီရောင်က စကိတ်စီး ...နေမှန်း သိလိုက်ရတာမို့ သူ့အတွက် အထူးအဆန်း မဖြစ်တော့။ ...တ်ကြတာပဲလေ။ ဆောင်းတွင်းဆို စက်ဘီးစီးကျင့်တာ၊ စကိတ်စီး ...တာလို့ တွေးရင်း ငေးနေမိ၏။

"ဟာ.... အို.... လုပ်ပါဦး"

"အမယ်လေး"

"ဟာ...."

အသံမျိုးစုံက ထိုအနီရောင်လူထံမှ ထွက်လာတာဖြစ်... ...အနားရောက်မှ စကိတ်အရှိန်မထိန်းနိုင်ဘဲ လူက ယိမ်းထိုးသွားတာ



www.burmeseclassic.com

www.burmeseclassic.com



သူ့တည့်တည့် ဖြစ်နေ၏။

"ဟော့…. ဟော့"

"အား…."

"ဝုန်း"

တိုက်က ကြောင်အမ်းအမ်းဖြစ်သွားချိန်မှာ စကိတ်သမား သူ့ထဲ ဝင်ပစ်ဆောင့်ဆော့တာ ဖြစ်သည်။ ရုတ်တရက်မို့ တိုက်လည်း အရှိန်မထိန်းနိုင်ဘဲ နောက်ပြန်ကြီး လဲကျသွားကာ ကံဆိုးချင်တော့ မြက်ခင်းပြင်ဟာ ဆင်ခြေလျှောကြီးဖြစ်နေတာမို့ အဝတ်စနှစ်ခု လုံးရင်းထွေးရင်း ဒလိမ့်ခေါက်ကွေး ကျသွားတာက ဟိုးအောက်ခြေ မြစ်ကမ်းကို တမံတုတ်ထားသော အုတ်ဘောင်နဲ့ တိုက်မိတော့မှ ရပ်တော့တာ ဖြစ်၏။

"အင့်"

"အ"

အသံမျိုးစုံမြည်သွားအောင် တိုက် ကျောပြင်တစ်လျှောက်လုံး အောင့်တက်သွားသည်။ တိုက် ရင်ဘတ်ပေါ် လူတစ်ယောက်လုံး ဖိညှပ်သားကြီးနှင့် ပြုတ်ကျတာမို့ လူက အသက်ရှူတာတွေ ဘာတွေ တောင် မှားသွားသည်။

"အား…. လား…. လား၊ သေပါပြီ၊ နာလိုက်တာ"

တစ်ဖက်က ညည်းညူသံထွက်လာမှ တိုက်က ကိုယ့်ဝေဒနာ မေ့ထားပြီး သူ့မျက်နှာပေါ်က အုပ်မိုးနေသော မျက်နှာထဲ အကြ ရောက်တော့ အနီးကပ် တွေ့နေရသည့် မျက်တောင်ကော့ကော့၊ နှုတ်ခ ရဲရဲနှင့် ပါးပြင်မှာ သွေးကြောမျှင်တွေ တန်းနေတဲ့အထိ တွေ့နေရသေ





း‌မလှလေးတစ်ယောက်။ သူကလည်း အခုမှ သူ့ကို တွေ့သွားသည့် ယ်။ ချက်ချင်း နာကျင်ရိပ်တွေအစား ဒေါသတွေက တိုးတက်လာတာ င်နဲ့အားနဲ့ ဖြစ်သည်။

"ရှင်… ရှင်"

"ဟုတ်ပါ့ဗျာ၊ မှတ်မိသားပဲ"

"အပိုတွေပြောမနေပါနဲ့၊ ဖယ်စမ်းပါ"

"ဒီကလည်း မင်းမှန်းသိရင် ကူမထိန်းပေးပါဘူး၊ တစ်ခါတည်း မြစ်ထဲရောက်သွားအောင် ချပစ်တယ်၊ တကယ်ပြောတာ"

"ဒီမယ်… ရှင်မှန်းသိရင်လည်း ကျွန်မဘာသာ ဘာဖြစ်ဖြစ် င်လက် မဆွဲဘူး၊ ရှင်းလား၊ ကိုယ့်ဟာကိုယ် သေသေကြေကြေ လိုက်တယ်"

"အေး… မင်း မသေခင် ကိုယ်ပေါ်က အရင်ကြွ မယ်မင်း ြီးမ"

"ကြွမယ်၊ ကြွမယ်၊ ဒီကလည်း ရှင့်နားမှာ နေချင်လွန်းလို့၊ င် ကျွန်မလက်ကို ဖိထားတာလည်း ထည့်ပြော"

"ဆောရီး"

"ဟွန်း… ပြောလိုက်ရင် ဒါပဲ"

"ဒါပဲမပြောလို့ ဘာပြောရမှာလဲ"

"အို… ဖယ်စမ်းပါ၊ ဒီမှာ လက်က နာလှပြီ"

ဒီတစ်ခါ ဆောရီးလို့ တိုက်က မပြောတော့။ သူမလက်က တ်ကျောအောက် ရောက်နေမှန်း သတိထားမိသွား၍ သူ့ကိုယ်ကို ့လက် ထုတ်ရအောင် ကြွပေးတော့ နီးကပ်နေပြီးသားမျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိလူစေတတ် နီးစပ်သွားပြီး သူမနှုတ်ခမ်းဖျားက နှုတ်ခမ်းဆိုးဆေး
တော်တယ်ရီရန့်က တိုက်နှာသီးဖျားမှာ ကလူကျီစယ်သည်။ ယာယ
ကတော့ လက်ထုတ်ပြီးသွားတာနှင့် သူ့ရင်ဘတ်ကို ထောက်ထား

"ဒါက ဘယ်လိုဖြစ်နေတာလဲ"

"ဖယ်ပါ"

"ဖယ်နေတာပဲကွ"

"မှန်းစရာကောင်းတဲ့လူနဲ့မှ စောစောစီးစီး လာတွေ့နေရတယ်"

"ဒီတော့ ပိုမင်္ဂလာရှိသွားတာပေါ့··· မဟုတ်ဘူးလား"

သူ့ကို မြင်ရ၍ စိတ်ဆိုးဒေါသဖြစ်နေသူကို တိုက် ထပ်စလို
ချိန်မှာပဲ အော်သံတစ်ခု ပေါ်လာ၏။

"ယာယာ"

"ဟေး··· ဘာဖြစ်တာလဲ"

ယောကျ်ားနှစ်ယောက်ရဲ့ အော်သံ၊ ခေါ်သံတွေနှင့် ပလပ်ဖော
ပေါ်ကနေ ဆင်ခြေလျှော မြက်ခင်းစပ်ဆီ ဆင်းလာတဲ့ လူနှစ်ယော
နှစ်ယောက်စလုံးက အားကစားအင်္ကျီတွေဖြစ်သော အနီပေါ် အဖြူ
လိုင်းစင်းတွေပါသည့် ထရက်စုဆင်တူဝတ်ထားကာ တစ်ခဏချ
မှာပင် သူတို့နှစ်ယောက်နား ရောက်လာ၏။

"ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး"

"ဘာလို့ ငါတို့မသိအောင် ခိုးထွက်သွားတာလဲ ယာယာ"

လူနှစ်ယောက်က တစ်ယောက်တစ်မျိုးမေးရင်း ယာယာ့နား
ရှိနေသည့် တိုက်ကို မသင်္ကာသလို ကြည့်သည်။





မျက်မှန်နှင့် တစ်ယောက်က အရင် ယာယာ့အနား ရောက်လာပြီး
းပုံက အမောတကော ရှိလှသည်။ အခုမှ လဲနေရာမှထသော
ကိုလည်း မျက်မှန်အောက်ကနေ အကဲခတ်သော အကြည့်က ပြူးတူး
ဘဲ။ ယာယာဆိုသော ကလေးမကတော့ ပခုံးတွန့်ကာ ဟက်ခနဲ
ယ်သည်။

"ငါ စက်ဘီးစီးတာလေ၊ ဒီမှာ"

ခြေထောက်မှာ စီးလက်စ စက်ဘီးဖိနှပ်ကို မြင်သာအောင် ပြ
သည်။

"တစ်ယောက်တည်း ဘယ်မှမသွားရဘူးလို့ ပြောထားတာ
ပြီလား"

"မမေ့ဘူး"

"ယာယာ စက်ဘီးစီးချင်နေတာကို စွမ်းကမှ မစီးခိုင်းတာ"

အနားသို့ ရောက်လာသူထံ အကြည့်ဝေ့ပြီး နှုတ်ခမ်းစူကာ
ဆောင့်ပြောတော့ ကျင့်သားမရသေးသော စက်ဘီးကြောင့် လူက
ထွက်သွားသည်။ ဆံပင်တိုထောင်ထောင်နှင့် ဂျစ်တီဂျစ်ကန်ရှိသူက
လက်မောင်း တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ထိန်းပေးလိုက်သည်။

"လဲမှာစိုးလို့ မစီးခိုင်းတာပါ၊ လဲရင် နင်ပဲ နာမှာကို၊ အခုတောင်
ခင်းဆိုရင်းက ယိုင်နေတာ"

တိုက်ဘက်သို့ ကျောပေးကာ တစောင်းမကျတကျရပ်ရင်းက
နှစ်ယောက်က ယာယာ့လက်မောင်း တစ်ဖက်တစ်ချက်စီမှ သူမ
ခွဲခေါ်သည်။ ထို့နောက် ယာယာ့နား၊ နားကပ်ပြီး ခပ်တိုးတိုး
ဘာကို တိုက်ကလည်း ကြားဖြစ်အောင် ကြား၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဆံပင်ဘုတ်သိုက်နဲ့လူက ဘယ်သူလဲ ယာယာ"

"နင်နဲ့သိလို့လား"

မတူကွဲပြား မေးခွန်းပေမဲ့ လိုရင်းက ထိုလူဘယ်သူလဲဆိုတာ သူတို့သိချင်တာပေါ့။ ယာယာက လည်းပင်းလိမ်၍ နောက်ကို လှည့်ကြည့်လိုက်တော့ သူမတို့သုံးယောက်ကို ခါးထောက်ပြီး ရှုတည်တည် ရပ်ကြည့်နေသော တိုက်နှင့် မျက်လုံးချင်းဆုံတာနဲ့ ဟွန့်ခနဲ့နှာခေါင်းရှုံ့ မျက်တောင်တွေ ပိတ်ကျအောင် မျက်စောင်း ထိုးပစ်သည်။

"အလကားပါ၊ လူ့ဋွစာ"

ခပ်ရွတ်ရွတ်ဖြေရင်း မြတ်နဲ့ဗွမ်းတို့ ဆွဲခေါ်ရာဆီ ပါလာခဲ့ရသော် စိတ်ကတော့ စောစောက နှစ်ယောက်အတူ လဲကျခဲ့သော နေရာ တဝဲလည်လည်။ အနီးကပ်တွေ့မှ ဒီလူချောတာက မိန်းကလေး ရှုံး လောက်သည်ဟု ဝန်ခံမိတာတကယ်ပါ။

◈



## အခန်း (၁၄)

"ဟား... ဟား၊ မီအောင်လိုက်လေ မြတ်ရဲ့၊ မောင်မြတ် မရှိဘူးဆိုတာ ဝန်ခံလိုက်၊ ငါ့ကိုတောင် မီအောင်မလိုက်နိုင်ဘူး"

"အောင်မာ သနားလို့ လွှတ်ထားတာကိုများ သူ့ကိုမမီဘူးတဲ့၊ ကောင်မလေးက စိတ်မနှံ့ရှာဘူး၊ သနားပါတယ်"

"ဘာစိတ်မနှံ့တာလဲ၊ နင်သာ အရူး ငမြတ်ရဲ့"

မကြီးမငယ်နှင့် ခြံထဲ ပြေးလွှားဆော့နေသည်ဟု ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့ကြပါစေတော့။ တစ်နေ့တစ်နေ့ တက်စရာ သင်တန်းတွေလည်း ... ရှောပင်(န်)ထွက်ရလွန်း၍ အရောင်းစာရေးတိုင်းလည်း မှတ်မိကြတဲ့ ... ဖြစ်ရသည်မို့ ဒီရက်ပိုင်းအတွင်း အိမ်တွင်းအောင်းပြီး သူငယ်ပြန် ... ကလေးဘဝက ကစားနည်းတွေထဲမှာပဲ ပျော်မွေ့နေခဲ့တာကြာပြီ။ ... ကတော့ ယာယာတို့ ထိုသို့နေတာကို သဘောကျနေ၏။

"သမီးလေး အခုလို ရယ်မောပျော်ရွှင်နေတာ မြင်ရတော့ ကြီးဘွားလည်း ... ပျော်တာပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကလေး အပြင်သွားရင် ဟိုခြိမ်းခြောက်စာရလာပြီး က
စိတ်အနှောင့်အယှက် ဖြစ်နေရဦးမယ်၊ ယာယာအိမ်မှာပဲနေ၊ မိုးစုံက
မောလာရင် ဘုံဘုံက အစားအသောက်တွေ တစ်မျိုးပြီးတစ်မျိုး
ကျွေးပြီး အမောဖြေပေးမယ်"

"သင့်ခ်ယူး… ဘုံဘုံ"

ယာယာ့စိတ်တွေ လွတ်လပ်ပေါ့ပါးနေ၏။

ယာယာနှင့် ဉာဏ်ရည်သမား မြတ်နှင့် စစ်တုရင်ထိုး
လှုပ်လှုပ်ရှားရှားနေရမှ သဘာကျသော ဇွမ်းနှင့် တင်းနစ်ရိုက်
တစ်ခါတစ်ရံတော့ သုံးယောက်ပေါင်းပြီး ဂိမ်းဆော့လိုက်နှင့် အ
အဆင်ပြေလျက် ရှိသည်။ အခုလည်း ကျားထိုးရင်းက ရှုံးတော့
ကြိုသိ၍ ယာယာက သူမတို့ ကစားနေသည့် ကျားဗန်း
မှောက်ပစ်ရင်း ပြေးရာမှ စိန်ပြေးလိုက်တမ်း ကစားနည်းဆီ
သွား၏။ ဇွမ်းက ဘုံဘုံနှင့် အတူထိုင်ကြည့်နေတာမို့ ပြေးလွှား
မောင်မြတ်နှင့် ယာယာ နှစ်ယောက်တည်း။ မခံချင်အောင်ပြေ
ပြေးရင်းလွှားရင်းက ယာယာက ခြံအပြင် ရောက်မှန်းမသိ ရော
၏။

"ငါ တကယ်လိုက်လာပြီနော် ယာယာ၊ မိမှ မငိုကြေး"

"အံမယ်… ငိုစရာလားလို့၊ နင်မိအောင်လိုက်၊ ရှုံးတဲ့
နိုင်တဲ့လူခိုင်းတာ လုပ်ကြေး"

တဖြည်းဖြည်းနှင့် လောင်းကြေးက မြင့်လာသလို ယာ
လည်း နောက်ပြန်ကြီး ခြံအပြင်ကို ပြေးထွက်သွားသည်။

"ဟေ့… ယာယာ၊ အဝေးကြီးမသွား"





မြတ်ရဲ့ စကားမဆုံးလိုက်။ တီခနဲ ဟွန်းသံက သူမနှင့် နီးနီး
ကပ်ကပ်မှာ ကြားလိုက်ရပြီး ယာယာ သတိဝင်၍ လှည့်ကြည့်တော့
လမ်းမလယ်မှာ ရောက်နေသော သူမနှင့် သူမထံ တည့်တည့်ကြီး
တိုးဝင်လာသော ကားအဖြူဦးခေါင်းကြီး။ ဘာလုပ်ရမှန်းမသိ။ ယာယာ
ဒီအတိုင်း ကြောင်ပြီး ကြည့်နေစဉ်မှာပဲ ကားက သူ့ထံ တိုးဝင်လာ၏။

"အား… အမယ်လေး"

အလန့်တကြား အော်ဟစ်သံအဆုံးမှာ ယာယာ မျက်စိစုံမှိတ်ထားမိသော
ကတ်နိုင်တော့သည်။

"ယာယာ"

စိုးရိမ်တကြီး အော်သံနှင့်အတူ ယာယာ့အနားသို့ ဇွမ်း ရောက်လာ
ဘာ ရိပ်ခနဲ။ ပခုံးနှစ်ဖက်ကနေ ဆွဲမ၍ လမ်းဘေးသို့ ဆွဲကပ်ပစ်လိုက်
ကလည်း မြန်မြန်ဆန်ဆန်။ ယာယာ့ကို လွတ်ရာကျွတ်ရာထားပြီးမှ
ဇွမ်း ဒီဘက်လှည့်ရပ်တော့ ဒေါသ တနင့်တပိုးလွှယ်ထားရသော
မျက်နှာနှင့် ဖြစ်သည်။ ကားမောင်းသူကလည်း တံခါးဖွင့်ထား၏။

"လမ်းမကြီးပေါ် နောက်ပြန်လျှောက်ရအောင်၊ ဘာလဲ… လူ့ဘဝ
ကြီးကို စိတ်ကုန်နေပြီလား၊ တောက်… သူတို့ နမော်နမဲ့ဖြစ်တာနဲ့
ကားသမားက သက်သက်မဲ့ အမှုပတ်ဦးမှာ"

"ဟေ့လူ… ခင်ဗျား ဘာစကားပြောတာလဲ"

"ဗမာစကားပြောတာကွ… နားလည်လား"

"ဘာ…"

ဇွမ်းက ကားသမားရဲ့ အင်္ကျီကော်လံကို ဆွဲဆုပ်ကာ မျက်နှာချင်း
ဆိုင်ပြီး အံကြိတ်ခေါ်တဲ့အခါ ကားပေါ်က တုတ်တိုတုတ်စတွေဆွဲ



www.burmeseclassic.com

www.burmeseclassic.com



အဖော်နှစ်ယောက်က ဆင်းလာခဲ့သည်။

"ဟိတ်ကောင်… မင်းက ဘာလဲ"

"ငါ့သူငယ်ချင်းအင်္ကျီကို အခုလွှတ်စမ်း"

"စွမ်း"

စိုးရိမ်တကြီး လှမ်းအော်သော ယာယာ့နားသို့ မြတ် ရောက်လာ…

"ယာယာ… လာ… ဒီဘက်ကို"

မြတ်ကို ယာယာ့ကို ခြံဘက်ဆီ ပြန်ဆွဲခေါ်သွား၏။ စွမ်းက… ကော်လံဆွဲစုကိုင်ထားသော ကားမောင်းသူမျက်နှာထဲ အားပါ… လက်သီးတစ်ချက် ထိုးသွင်းသည်။ ဘေးဘက်က ရိပ်ခနဲ တ… ဝင်ရိုက်သူရဲ့ လက်ဖျံအား ဆွဲကိုင်ရင်း ဒူးတိုက်ချိုးပစ်၏။

"ဗိုး"

"ဒုတ်"

"အား"

"ယား"

ညာသံပေး၍ ထပ်ပြေးဝင်လာသော သံတုတ်ကိုင်သူ အနားရော… ခင်မှာပဲ စွမ်းက ထိုလူ့လက်ကို ချိုးပစ်သည်။ လက်ချိုးခံရသူလ… သစ်သားချောင်းကို ဗိုးခနဲ လွှဲပစ်ပေးကာ ချိုစောင်းတည့်တည့် … စေပြီးမှ ပွဲသိမ်းပေးလိုက်သည်။ ထို့နောက် နှာခေါင်းမှ သွေးတွ… ကျနေသော ကားမောင်းသူအား စွမ်းက ဒုတိယအကြိမ် … ဆွဲမသည်။

"ဒီလမ်းကို မင်း ကားဖြတ်မောင်းတာ ဒါနောက်ဆုံးဖြစ်… နောက်တစ်ကြိမ်ဆို ကားရောလူပါ မီးရှို့ပေးလိုက်မယ်၊ မယုံ…

"တောက်… မင်းနိုင်တုန်း ပြောထားဦးပေါ့"

"မကျေနပ်ရင် အချိန်မရွေး ပြန်လာလို့ရတယ်"

"တစ်နေ့ ငါ ဘာကောင်လဲဆိုတာ မင်း သိသွားရမယ်ကွ၊ …သည်လား"

ခံလိုက်ရသူတွေက စွမ်းကို မကျေမနပ် ဒေါသနှင့် ကြိမ်းဝါးသံ …ခွာ လက်ဝါးနှစ်ဖက်က ဖုန်မှုန့်တွေကို ခပ်သာသာ ခါထုတ်ပစ် …။ အသီးသီး ကားပေါ်တက်၍ မောင်းထွက်သွားမှ တစ်ဖက် …ါးဝမှာ ရေသူးလေးနှင့် ယာယာ့ကို အလန့်ပြေစေရန် ဒေါ်အေးဘုံ ချော့တိုက်နေ၏။ စွမ်းအနားသို့ ရောက်သွားတော့ ယာယာက …ာခတ်သော မျက်ဝန်းလေးနှင့် ဖြစ်သည်။

"နင် ဘာဖြစ်သွားသေးလဲ စွမ်း"

ယာယာက စွမ်းတစ်ကိုယ်လုံး စေ့စေ့စပ်စပ် ကြည့်တာက …ရှာခြင်း မျိုးပါ။ စွမ်းက ညီမငယ်လေးတစ်ယောက်ကို ချစ်စနိုး …ယ်သော အစ်ကိုတစ်ယောက်၏ ဟန်ပန်မျိုးနှင့် ယာယာ့ ဆံပင်တွေ … ဖွဖွလေး ဆွဲမွှပစ်သည်။

"ငါ ဘာမှမဖြစ်ဘူး၊ နင်ကတော့ လန့်သွားတယ် မဟုတ်လား"

"လန့်တာပေါ့၊ ဟိုဘက်လူတွေ အများကြီး"

"ဒီလောက်တော့ မိုင်နာပါဟာ"

"ယာယာ့အပြစ်ပါဟယ်၊ ကားကြီး ယာယာ့နားရောက်လာတော့ …င်းလန့်သွားတာ"

"ဒါများ ရှောင်လိုက်ရောပေါ့ ကလေးရယ်၊ ဘယ့်နှယ် နေရာတင် …ရပ်ပြီး မျက်လုံးကြီး မှိတ်ထားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တာပေါ့ ဒေါ်အေးဘုံရဲ့"

ယာယာ့အပြစ်မဟုတ်ပါ။ ကရုဏာဒေါသနှင့် ဒေါ်အေးဘုံ ပြောခြင်းဆိုတာ ယာယာက နားလည်ပါသည်။ ငယ်ကတည်းက ယာယာ့ကို ထိန်းကျောင်းခဲ့သူမို့ ယာယာ့စိတ်ကို နားအလည်ဆုံးသူ ဘုံဘုံ။ ပြီးမှ ပါပါးဖြစ်ပေမဲ့ မြတ်ကတော့ ယာယာလို ဒီအတိုင် ငြိမ်နားထောင်မနေ။

"အဲဒီလို ပြောလို့မရဘူး ဒေါ်အေးဘုံရဲ့၊ ရုတ်တရက် ကြောက်စိတ် ဝင်လာရင် လူက ရှော့(ခ်)ရသွားပြီး ခြေတွေလက်တွေ အကြော သလိုတောင် ရှိသေးတာပဲ၊ ဒါကားသမားရဲ့အပြစ်"

"အေးလေ၊ ကိုယ်ပိုင်လမ်းမှာတောင် အရှိန်တင်မောင်းလာတာ ဒါ ဟိုင်းဝေးမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် စွမ်းရော မောင်မြတ်ကိုရော ငါ တကယ် ကျေးဇူးတင်ပါတယ်၊ ပါပါနဲ့ ဒီတစ်ခါ စကားပြောဖြစ်မှ နင်တို့ လစာတိုးခိုင်း..."

"ရှူး"

"အဲဒီစကားတွေ မပြောကြေးဟာ"

"မဟုတ်ဘူးလေ၊ ယာယာက..."

"တော်ပြီ"

မောင်မြတ်က ယာယာ့နှုတ်ခမ်းရှေ့နား လက်ညှိုးတစ်ချောင်း မထိအောင်ထောင်ပြီး ဟန့်သည်။ စွမ်းကတော့ သူမရှေ့ရပ်ကာ ခြေ ခပ်ချချခွဲထား၍ ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ရင်း အကြည့်တွေ ရီဝေဝေ။



"ငါတို့က နင့်အနားရှိနေရင် ကျေနပ်တယ် ယာယာ၊ ငါတို့ ...ရွေ နင့်အတွက် အန္တရာယ်ရှိမယ်ဆိုရင် ရင်ထဲမိုး ကျောနဲ့ကွယ်ပြီး ...ယ်ပေးသွားမှာ၊ အဲဒါငါတို့ရဲ့ သစ္စာ"

"ဟုတ်တယ် ယာယာ၊ စွမ်းပြောတဲ့အတိုင်းပဲ နင်ဟာ ငါတို့ ...လေးပဲ"

"စွမ်းနဲ့မြတ်ရယ်"

ထိုသူနှစ်ယောက်ရဲ့ သစ္စာစကားဟာ လျှပ်စီးကြောင်းလို ဝင်းလက် ...ပြီး မိုးချုန်းသံတမျှ ကျယ်လောင်စွာ ယာယာ့သွေးကြောတွေထဲ ...င်မြန်မြန် တိုးဝင်သွားခဲ့၏။ အသက်ချင်း မတိမ်းမယိမ်း။ ...ကတည်းက ယာယာ့ကို သူငယ်ချင်းလို ပေါင်းသင်းခဲ့ကြပေမဲ့ ...အန္တရာယ်နဲ့ကြုံလာတိုင်း ကာကွယ်ပေးခြင်းခံရတဲ့အခါ ယာယာ့ ... သူတို့နှစ်ယောက်ကို တကယ့် အစ်ကိုတွေ မောင်တွေလို အားကိုး ...တ်တွေ ဖြစ်လာတာတော့ ဝန်ခံရမည်။

မောင်မြတ်ကတော့ ယာယာ့လက်ထဲက ရေဘူး အသေးစား ...အား ဆွဲယူလိုက်ပြီးမှ ဘောင်းဘီအိတ်ထဲ အမြဲ ဆောင်ထားသော ...တိုင်ပဝါ အသေးစားလေးနဲ့အုပ်ပြီး ထုံးစံအတိုင်း ကောင်းကင်က ...း စွမ်းအားတွေ ခေါ်သွင်းသည်။ ဒါမျိုး မောင်မြတ်တို့ လုပ်ပြီ ...င် မျက်လှည့်ပြတော့မည်ဆိုတာ သေချာတာမို့ ယာယာက ...အားထက်သန်စွာနှင့် ကြည့်သည်။

"မျက်လှည့်ပြတော့မယ် ဒေါ်အေးဘုံရေ"

ယာယာက ဒေါ်အေးဘုံဘက် ဝမ်းသာအားရ လှည့်အော်သည်။ ...ကိုယ်တိုင်လည်း အငြိမ်မနေ။ လက်ဝါးနှစ်ဖက်ကို တဖျတ်ဖျတ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပြီး လူက ခုန်ဆွဆွဖြစ်နေတာလည်း အပြစ်ကင်းသော ကလေး တစ်ယောက်ရဲ့ ပျော်ရွှင်မှုနှယ်။ မြတ်က ပါးစပ်မှ ဂါထာမန္တန်ရွတ်သလို တတွတ်တွတ်ဆိုပြီး ပဝါကို ဆွဲဖယ်လိုက်တော့ လှပသော ပန်းလေး တစ်ပွင့်နှင့် ယာယာ့ရှေ့ ရောက်လာသည်။

"အယ် … နှင်းဆီပန်းလေးတော်"

"မောင်မြတ်တို့ တယ်တော်ပါလားဟေ့"

ဒေါ်အေးဘုံက မနေနိုင်မထိုင်နိုင် သဘောကျစွာ ချီးကျူးသည်။

အဖြူရောင် နှင်းဆီငုံလေးကို မောင်မြတ်က ယာယာ့ထံ ကမ်းပေး တော့ ယာယာက ပွင့်ငုံလေးအား အားပါးတရ ငုံ့နမ်းကာ လှပသည့် မျက်နှာလေးကလည်း ပြုံးချိုချိုကြည်မြစွာ လှပသက်ဝင်နေ၏။

"ကျေးဇူးအရမ်းတင်တယ်"

"ကျေးဇူးတင်ရင် အိမ်ထဲဝင်မယ် …. လာ"

ယာယာကို သူတို့နှစ်ယောက်ခြံရံပြီး ငေးကြည့်ရင်းက သက်ဆော စောင့်ဆိုတာ ဒါမျိုးပဲလားလို့ တွေးကြည့်ရင်း ဒီကလေးသုံးယောက် အနာဂတ်က စိတ်ဝင်စားဖို့ကောင်းတာအမှန်ဖြစ်၏။

◈



## အခန်း (၁၅)

"ကောင်မလေးက တော်တော်လှလားကွ"

"လှတယ်"

"သက်လယ်နဲ့ ဘယ်သူပိုလှလဲ"

"သူက ပိုလှတာပေါ့"

"စိတ်ဝင်စားစရာပဲကွ"

"နာမည်က ယာယာတဲ့လား"

"သေချာတော့ မသိဘူး၊ သူတို့ခေါ်တာ ကြားတာကတော့ …ပဲ"

"ဆန်းတော့ ဆန်းတယ်ကွ၊ မင်းပါးစပ်က တခြား မိန်းကလေး …ကြောင်းပြောတာ ဒါ ပထမဆုံးပဲ"

"အေးလေ"

ဖက်တီးက အူလည်လည်နှင့် ပြန်ဖြေသည်။ ဒီနေ့က ပိတ်ရက်မို့ …သွားဆီမသွားဘဲ ဒီအိမ်လေးဆီ ခြေဦးလှည့်ရာက မရည်ရွယ်ဘဲ



www.burmeseclassic.com

တိုက်က သူတွေ့ခဲ့ရသည့် မိန်းမလှလေးအကြောင်း ပြောဖြစ်ခြင်း ဖြစ်သည်။

"မင်းလက်ရာ ငါတို့ အကဲဖြတ်မယ်ကွ၊ ဟီး... ဟီး၊ ငါတို့ လက်ထပ်ပြီးတဲ့အခါကျ ဟမ်းဒက်ကရေးရှင်းကို မင်းကိုပဲ အပ်မှာ"

"မင်းပြောတာ မှန်တယ်ကွ ဖက်တီး"

"အခုကတည်းက မင်းအရည်အချင်း ငါတို့က လေ့လာထားတဲ့ သဘော ဟုတ်တယ် မဟုတ်လား"

"သိပ်ဟုတ်"

မိုးလင်းကတည်းက သူများအိမ်ရောက်လာကာ ချကျွေးသမျှတွေ အကုန်စားပြီး ပြောကြဆိုကြတော့လည်း ဟိုက် မခံချင်အောင် စကားက အပေါ်စီးက။ တိုက်ဆိုတဲ့ ကောင်ကလည်း နဂိုကတည်းက ချေ တတ်တာမဟုတ်။ အခုလို သူ့ကိုပြောလာတော့ သူကလည်း သူတို့ နှစ်ယောက် မခံချိမခံသာဖြစ်သွားစေမည့် စကားလုံးကို ရွေးရှာပြီး လက်တုံ့ပြန်ရန် အသင့်ဖြစ်သည်။

"လိုက်ကြည့်မနေနဲ့၊ မင်းတို့ အပ်ချင်အောင် ငါ အရည်အချင်းက တော်နေတတ်နေလည်း မင်းတို့အပ်ရင် အကြွေးနဲ့ညားမှာဆိုတော့ အခုကတည်းက ဆောရီးပဲ သူငယ်ချင်း"

"အမယ်... ငါတို့ရုပ်က အကြွေးထားမဲ့ရုပ်လားကွ"

ဖက်တီးက မခံချင်။

တိုက်က သူတို့စိတ်နာအောင် ပြောဖြစ်ကြပေမဲ့ ငယ်သူငယ်ချင်း တွေမို့ ဒေါသက မမြင်ကွယ်ရာအရပ်မှာ သွားရောက်နေထိုင်တာကြာပြီ။ အခုလည်း ဒီအိမ်လေးရောက်တာနဲ့ တစ်အိမ်လုံး လှည့်ပတ်ကြည့်ရှုကာ





...တိုင်းကျ ဝေဖန်တော့ အလုပ်လက်မဲ့ သင်းတို့နှစ်ယောက်လောက် ...ယ်က မတော်မတတ်တဲ့အတိုင်း ဖြစ်သည်။

"ဆိုးတော့ မဆိုးဘူးကွ၊ အိမ်လေးက လှသားပဲ"

"လှမှာပေါ့၊ ပြင်ဆင်တဲ့သူက တော်တာကိုး"

"ကဲ... ရောက်တုန်းရောက်ခိုက် အိမ်အသစ်ဖွင့်ပွဲ ကျင်းပရအောင် ...က်"

"ဟုတ်တယ် တိုက်၊ ငါလည်း သဘောတူတယ်"

တစ်ယောက်က ဆော်သြတာနှင့် နောက်တစ်ယောက်က အားကျ ... ထောက်ခံရင်း အကြည့်တွေက တိုက်ထံ စုပြုံရောက်လာ၏။

"ဘယ်လိုလဲ တိုက်"

"ဖွင့်ပွဲဆိုတာ အရည်လေးအဖတ်လေးပါမှ အူစိုတာမျိုးကွ"

ဖက်တီးက အမြဲ ဆာလောင်နေသော သူ့ဗိုက်ကို လက်နဲ့ပွတ်ရင်း ...က်ကို လှမ်းပြောသည်။

သူတို့ ဘာကို ရည်ရွယ်ပြောနေလဲဆိုတာ တိုက် သိသည်။ ...ခါတစ်ရံတော့ ဒီကောင်တွေနှင့် ပတ်သက်လျှင် မသိသလို မတတ် ...နေလိုက်တာ ပိုအန္တရာယ်ကင်းမည်။

"အရည်ရော အဖတ်ရောဆိုရင် ခဏစောင့်၊ နွေခင်းဆို လာရောင်း ...ကွ"

"ဟင်... ဘာရောင်းတာလဲ"

တိုက်စကားကြောင့် နှစ်ကောင်စလုံး အူကြောင်ကြောင်ရုပ်တွေ ...နဲ့ကာ တိုက်မျက်နှာကို လှမ်းကြည့်သည်။

"ဘီယာတွေ၊ အမြည်းတွေ လိုက်ရောင်းတာ မကြားဖူးပါဘူး"

www.burmeseclassic.com



"သြော်… အရင်က မကြားဖူးပေမဲ့ အခုရှိချင်ရှိမှာပေါ့၊ ခေတ်စနစ်တွေ ပြောင်းနေပြီပဲဥစ္စာ၊ နော်… တိုက်၊ ဟုတ်တယ်မို့လား"

ဖက်တီးက တိုက်နှင့် ပခုံးချင်းတိုက်ပြီး ပြုံးပြုံးကြီး အဖော်ညှိသည်။ တိုက်က အင်တာနက်ထဲ၌ တွေ့ရသော တက်တူးကဏ္ဍအား သေချာစိတ်ဝင်တစား ကြည့်သည်။

"ငါပြောတာ ဘီယာ မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ"

"မုန့်လက်ဆောင်းလေ"

"ဘာ"

ဖက်တီးမျက်နှာ ရှုံ့မဲ့သွားသလို ဝေယံကလည်း ဒေါသနဲ့ အော်သည်။ တိုက်ကတော့ မျက်နှာထား ခပ်တည်တည်နှင့် ဖြစ်သည်။

"ဘာဆိုင်လို့လဲ"

အမေးစကားက အူကြောင်ကြောင် ဖြစ်သည်။ တိုက်က ကြည့်လက်စ ဝက်(ဘ်)ဆိုက်ထဲမှ ထွက်ကာ လက်တော့(ပ်)ကို ပိတ်ပစ်သည်။

"ဆိုင်တယ်လေ၊ မင်းတို့ပြောတဲ့ စကားအတိုင်း မုန့်လက်ဆောင်းက အရည်ရော အဖတ်ရောပါတယ်"

နှစ်ယောက်စလုံးထံက ဆဲသံတွေ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ကျလာ၏။ သူတို့သုံးယောက်က အဲဒီလို စရင်းနောက်ရင်းနဲ့ အတွဲမပျက်ခဲ့တာ ဒီနေ့အထိ နှစ်မဲတစ်မဲနှင့် ဝိုင်းဖွဲ့ဖြစ်တာ အိမ်ဘေးဘက်ဝရန်တာလေးမှာပါ။ ဒီအိမ် တိုက် စရောက်ကတည်းက အရှေ့တိုက်ကြီးရဲ့ ခန့်ထည်မှုကို မြင်ခဲ့ရပေမဲ့ စိတ်ဝင်တစားတော့ မရှိခဲ့။





သူ ခံယူထားသည့် အိမ်ဆိုသည်က နားခိုချင်စဖွယ် အေးချမ်းဆိတ်ငြိမ်ခြင်းဖြစ်ပြီး လိုအပ်တာထက် ကြီးမားကျယ်ဝန်းတာမျိုး သူ မနှစ်မြို့တတ်ပါ။ ကိုယ့် အိမ်အပေါ်စီးကကြည့်လျှင် ရှေ့ခြံကြီးက ဘယ်လောက် ကျယ်ဝန်းတယ်ဆိုတာ သိသည်။ တင်းနစ်ကွင်း၊ ရေကူးကန်၊ ဂေါ့(ဖ်)ကွင်းတွေနဲ့ စည်ကားသလောက် အိမ်ကြီးကလည်း ပေါ်တီကို ပြန့်ပြန့်ကြီးနှင့် သုံးထပ်ရှိသည်။

ကျောက်တိုင်လုံးကြီးတွေဖြင့် တည်ဆောက်ထားပုံက ရဲတိုက်ကြီးတွေလို တခမ်းတနား ရှိလှ၏။ အိမ်ကြီးထဲ စိတ်တိုင်းကျ ဒက်ကရေးရှင်း ဖွဲ့ပေးရလျှင်တော့ အတော်ကြီး ကျေနပ်စရာကောင်းလိမ့်မည်ဟု တိုက် ပညာရပ်နှင့်ပတ်သက်ပြီး စိတ်ဝင်စားခြင်းရှိခဲ့ရာက အခုတစ်ဖန်တွေ့ရသော မြင်ကွင်းတွေကြောင့် စိတ်ဝင်စားခြင်းမှ သိလိုခြင်းတွေ ဆတိုး တိုးပွားလာရ၏။ ထိုအိမ်ကြီးထဲမှာ ယာယာဆိုသည့် မိန်းမလှလေး ရှိသည်။

"အဲဒီနှစ်ယောက်က ကောင်မလေးရဲ့အစ်ကိုတွေ ဖြစ်နိုင်လား တိုက်"

တိုက်ကိုမေးရင်း ဖက်တီးက ဘီယာခွက်ကို တစ်ငုံမော့သည်။

"မဖြစ်နိုင်ဘူး၊ ရွယ်တူတွေဥစ္စာ၊ အမွှာဆိုရင်တော့ ရုပ်ချင်းတူရမှာပေါ့၊ ဟိုအဘွားကြီးကတော့ ကောင်မလေးရဲ့ အုပ်ထိန်းသူတွေဘာတွေဖြစ်နိုင်တယ်"

"မင်းဘိုးအေ၊ အဘွားကြီးပါဆိုမှ အုပ်ထိန်းသူပေါ့ဟ၊ ကောင်မလေးရဲ့ညီမ ဖြစ်မလား"

ဖက်တီးက စိတ်ပေါက်ပေါက်နှင့် တိုက်ကို ထဆဲပြီးမှ တစ်ချိန်လုံး



www.burmeseclassic.com

www.burmeseclassic.com



တိတ်နေသော ဝေယံဆီ ပြိုင်တူရောက်သွားပုံက တိုင်ပင်ထားတဲ့အတိုင်း ဖြစ်သည်။ ဝေယံက သူတို့ ကြည့်နေတာလည်း မသိ။ ပြောနေတာ လည်း မကြားသလိုနှင့် အိမ်ကြီးဆီ လမ်းလျှောက်ဝင်သွားတဲ့ သုံးယောက်ရယ်၊ အနောက်က တလိမ့်လိမ့်ပါသွားတဲ့ အဘွားကြီးရဲ့ ကိုပဲ သတိကင်းမဲ့ သူလို စိုက်ကြည့်နေတာ အကြာကြီးဖြစ်သည်။

"အဲဒီတစ်ယောက်ကို ငါ သိတယ်၊ ဖြူမာယာသန့်တဲ့၊ မြန်မာ နိုင်ငံရဲ့ ဒိတ်ဒိတ်ကြဲ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေထဲက ဟဲဗီးဝိတ် ကွာ… ဦးလင်းသန့်ရဲ့ သမီးကွ"

"ဦးလင်းသန့်… ဟုတ်လား"

"အေး"

"ဟာ… သူ့ကို ငါ သိတယ်ကွ၊ သန့်စီးပွားရေး အင်အား မဟုတ်လား၊ လေကြောင်းလိုင်းတွေရော၊ ရွှေတူးဖော်ရေးလုပ်ငန်းတွေ ရောပိုင်တဲ့ ဦးလင်းသန့်ဆိုတာ"

"ဟုတ်တယ်"

"ဟာ…"

ဝေယံက ခေါင်းညိတ်ပြသည်။

ဖက်တီးက တအံ့တသြ။

"အဲဒီ ဦးလင်းသန့် ခေါင်းစဉ်ကို ကျော်ကွာ၊ ငါရှယ်တာ ပါတနာရှာနေတာ မဟုတ်ဘူး၊ ငါ သိချင်တာ ဖြူမာယာသန့်ဆိုတဲ့ ငတိမအကြောင်း"

ဖက်တီးက တိုက်ကို ပေစောင်းစောင်းနဲ့ကြည့်သည်။ ပါးစပ်က လည်း ပွစိပွစိနှင့် ပြောသည်။





"မင်း သိပ်လွန်နေပြီနော်"

"ငါက ဘာကိုလွန်တာလဲ"

"အကောင်းတွေဆိုရင် မင်းအတွက်ချည်းပဲ လုပ်မနေနဲ့"

"မင်း ဘာပြောတာလဲ"

"ရှုးချင်ယောင်ဆောင်မနေနဲ့ တိုက်၊ ကောင်မလေး လှလှချောချော ဆိုရင် မင်းအတွက်ချည်း ဖြစ်မလားကွ၊ ငါတို့ကိုလည်း ချန်ဦးမှပေါ့"

အခုမှ ဖက်တီးစကားကို တိုက် သဘောပေါက်သွားသည်။

"မော်ဒယ်(လ်)မင်းသမီးဆိုလည်း မင်းပဲ၊ အခု တကယ် ဟိုက် ဆော့(စ်)ဆိုလည်း မင်းပဲ၊ ပစ္စည်းကောင်းလေးမှ လိုချင်တယ်ဆိုတာမျိုး"

ဖက်တီးအသံက မကျေနပ်တာတွေ အပြည့်။ မျက်နှာကြီး မှုန်နေ ပုံက ရယ်စရာ။

"မနာလို မဖြစ်နဲ့ ဖက်တီး၊ အဲဒီ ပစ္စည်းကောင်းတွေက ငါ့ဆီပဲ ဆိုက်ဆိုက်မြိုက်မြိုက် ဦးတည်လာတာလည်း ထည့်ပြောဦး"

ဖက်တီးက မထိုးတတ်ထိုးတတ်နှင့် ယောက်ျားတန်မဲ့ မျက်စောင်း ရွယ်ချိန်မှာ တိုက်က ထိုင်ခုံမှာ ကျောမှီချလိုက်၏။

"မင်းပဲ အပြောကောင်း"

"ငါ တကယ်ပြောတာ၊ သူ့နာမည်ရော သူ ဘယ်သူလဲ ဆိုတာပါ ငါ မသိဘူး၊ ဒါပေမဲ့ ငါတို့က မရင်းနှီးပေမဲ့ တစ်ယောက်နဲ့တစ်ယောက် သိနေတာလည်း အမှန်"

"မင်းနဲ့သူ ဘယ်လိုစသိတာလဲ တိုက်၊ ငါတို့ကို သေချာပြောစမ်း ပါဦးဟ"

"ဒီလိုကွ"



www.burmeseclassic.com

www.burmeseclassic.com



မယုံသလို ဖက်တီးက မေးတော့ သူ ဇာတ်ကြောင်းပြန်ပြောရ အန်တီမေရီတို့ ခင်နှာပွဲမှစ၍ မနေ့တစ်နေ့က စကိတ်စီး၍ သူ့ကို ဝင်တို သည်အထိ စုံတကာစေ့သွားသည်။ ထိုအခါ ငြိမ်နားထောင်နေ ဖက်တီးကတော့ အားကျခြင်းတွေနှင့်ဖြစ်ပြီး ဝေယံကတော့ ခေါ တခါခါနှင့် စိတ်ပျက်ဖွယ် အမူအယာတွေ ဖြစ်နေ၏။

"ဒါဆိုရင် ရှေ့ဆက်ပြီး မင်းနဲ့သူ မပတ်သက်တော့တာ ကော မယ် တိုက်"

"ဘာဖြစ်လို့လဲ"

"သူ့အကြောင်း မင်းတို့ထက် ငါက ပိုသိလို့ပေါ့ကွ"

"မင်းက ဘာသိထားလို့လဲ ဝေယံ"

တိုက်ကိုယ်စား စိုးရိမ်တကြီး ဝင်မေးတာ ဖက်တီးပင် ဖြစ်သည်

"ပြောရင် ယုံမှာ မဟုတ်ဘူး၊ လိုရင်းက သူနဲ့ မပတ်သက်နဲ့ ဒါပဲ"

"အကြောင်းပြချက်တော့ ပြောဦးမှပေါ့ကွာ"

"အဲဒီဟာလေးကို ရှောင်လိုက်စမ်းပါ၊ အဲဒီတစ်ယောက် တကယ့် ဒိန်းဂျား၊ အိမ်ထောင်ကျသွားရင် နည်းနည်းတော်ဦးမ အခုတော့ လူကိုသတ်ပြီး အသည်းကိုယူ ဆိုသလို"

"ဘာလဲကွ... မင်းဟာက၊ ငါတောင် ကြက်သီးထလာပြ

ဝေယံစကားအဆုံးမှာ ဖက်တီးက အလန့်တကြား ထ ပေမယ့် တိုက်က ပိုငြိမ်အေးစက်သွားကာ ဝေယံစကားကို စိတ်ဝင်စား သည်။

ဖက်တီးက အားလုံးထဲမှာ လူကောင်အကြီးဆုံး။ ဒါပေ

သည်းအငယ်ဆုံးဖြစ်တဲ့ ဖက်တီးက ဟိုကြည့်ဒီကြည့်နှင့် ခုံပါရွှေ့၍ တို့နှစ်ယောက်ကြား ဝင်ထိုင်သည်။

အခါတိုင်းလိုဆို ဖက်တီးရဲ့ သူရဲဘောကြောင်မှုကို ရယ်မိဦးမှာပေမဲ့ တော့ တိုက်စိတ်နှလုံးသား ဝေယံပြောသော ဒိန်းဂျားဆိုတာက ဆောင်ထားသည်။

ဖြူမာယာသန့်အကြောင်း သိချင်စိတ်က တစ်ထိုင်တည်းမှာပဲ သဲ အမြစ်တွယ်သွားသည်။

"သူ့အကြောင်း ငါ အားလုံး သိချင်တယ် ဝေယံ၊ သူက ယ်လို ဒိန်းဂျားလဲ... ပြော"

◈





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

"အဲဒါ စွမ်း လွန်တာပေါ့၊ ဘတ်(စ်)ကားပဲ၊ ကျပ်တာ ဒီလိုပဲ တွန်းမိတိုက်မိတာလည်း ရှိမှာပဲ၊ အသားချင်း ထိမိတိုင်း ရ နေရမယ်ဆိုရင် တစ်လောကလုံးနဲ့စွမ်း ရန်ဘက်တွေ ဖြစ်သွား မှာပေါ့"

"ဖြစ်ဖြစ်ကွာ၊ ငါ ဂရုမစိုက်ဘူး"

"စွမ်း"

"နင် ဘာမှမပြောနဲ့ ယာယာ"

"နင့်ကို လာမထိနဲ့၊ ငါ သွေးမကြောင်ဘူး၊ ရန်သူဖြစ်ရုံမ တတ်နိုင်ရင် တစ်လောကလုံး စိန်ခေါ်ပစ်ချင်တာ"

ဒေါသထွက်နေသော စွမ်းကို ယာယာ စိတ်ပျက်သလို လိုက်သည်။

စွမ်းက ယာယာ့ကို မကြည့်။ သူ့အာရုံနှင့်သူ မျက်နှ တင်းတင်းနှင့် သူ့ခံယူချက်နှင့်သူ ခပ်တည်တည်ဆိုတော့ ယ ပြောချင်သည့်စကားတွေ လည်ချောင်းဝမှာ တစ်ဆို့သွားသည်။





"ယာယာ့အတွက် သိပ်စိတ်မပူပါနဲ့"

"ဒါ ငါ့တာဝန်"

"နင် ဘာမှမဖြစ်ရဘူး ဒါပဲ"

စွမ်းစကားအဆုံးမှာ ရောက်ရာနေရာမှ ရပ်ပြီး ယာယာ လှည့် တွေ့ဖို့ အားယူသည်။ ဒါပေမဲ့ အေးစက်စက် စွမ်းအကြည့်တွေ ကြောင့် သူမ လုပ်ချင်သည့် စိတ်ဆန္ဒတွေကို မျိုသိပ်ရသည်။

"ဒါဆို ယာယာ ဘတ်စ်ကား မစီးတော့ဘူး"

"သိပ်ကောင်းတဲ့ အိုင်ဒီယာ၊ ကဲ… လာ ပြန်မယ်"

နင် သူ့ကို ကြောက်နေသလား ယာယာလို့ မျက်နှာကို တခြား က်လွှဲရင်း ကိုယ့်ကိုယ်ကို ပြန်မေးခွန်းထုတ်ရင်း စွမ်းနဲ့အတူ လာရာ မ်းကို ပြန်ဖို့ ဆုံးဖြတ်လိုက်၏။

အေးစိမ့်သော စွမ်းအကြည့်တွေက ယာယာ့နှလုံးသားဆီ ထုတ် င်းပေါက် စူးတာတော့ သတိထားမိသည်။ စွမ်းကတော့ ကားမှတ် ိုင်ထဲ ရန်လိုသော အကြည့်တွေနှင့် ဝေ့ဝဲကြည့်လိုက်သေးသည်။

"အစကတည်းက ငါ့စကား နားထောင်ရမှာ"

"တော်ပြီ… မပြောနဲ့"

"နင် ငါ့ကို စိတ်ဆိုးတာလား"

"ဟုတ်တယ်"

"မင်းအသားထိဖို့ မပြောနဲ့၊ မျက်လွှာနဲ့ ပင့်ကြည့်တောင် ရန်ပွဲပဲ၊ ဒီလို ရန်ပွဲတွေမဖြစ်စေချင်ရင် မင်း အနေအထိုင်ဆင်ခြင်"

အံမာ… ပြောပုံကိုက။ မင်းတွေငါတွေနဲ့ ပြောသလို း သောက်ကာ မော့ထားသော မျက်နှာကလည်း ခပ်ထန်ထန်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလူနဲ့ လူ့ပတ်ဝန်းကျင်မှာနေတာ စွမ်း၊ အထိအခိုက်တော့ ရှိမှာပေါ့၊ အသားပုံပါသွားတာမှ မဟုတ်တာ၊ အခုတော့ နှစ်ယောက် တစ်ယောက် ထိုးကြကြိတ်ကြတာ ဘယ်လောက် သနားစရာကောင်းလဲ သူ့ခမျာ သွေးသံရဲရဲနဲ့"

"သနားတယ်ဆိုတဲ့စကားကို မိန်းကလေးပါးစပ်က လွယ်လွယ် ကူကူ ပြောမထွက်ရဘူး ယာယာ"

"ပြောမှာပဲ"

"ဘာ..."

စိတ်ဆိုးဒေါသနှင့် ဆတ်ခနဲ မျက်နှာလွှဲပြီး တစ်ဖက်ကို ကြည့်မိတော့ မောင်မြတ်ကို။ မြတ်ဥာဏကတော့ ဒေါသအရှိန်ကြောင့် ဖြူသောအသား ပန်းရောင်သမ်းနေတဲ့ မျက်တောင်ကော့ကော့၊ နှာတံကော့ကော့နှင့် ယာယာ့ကို ငုံ့ကြည့်နေခဲ့တာ မြတ်နိုးခြင်းများစွာနဲ့ ဖြစ်သည်။

"ယာယာ့ကို ဒီလောက် ချုပ်ချယ်စရာ မလိုပါဘူး"

"ဒီလိုပြောလို့ စိတ်မဆိုးစေချင်ဘူး"

"ဆိုးတယ်"

"ခက်တာပဲကွာ"

"ငါတို့က စေတနာနဲ့..."

စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ မမျှော်လင့်ဘဲ ဘတ်စ်ကားပေါ်မှာ ရန်ပွဲတစ်ပွဲဖြစ်သွားတာကို ယာယာ ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်သည်။

ယာယာ အန္တရာယ်ရှိမဲ့ကိစ္စမို့ တားမြစ်တာတွေကို လက်ခံ ရသည်။ ဒါပေမယ့် ကားပေါ်မှဖြစ်တဲ့ကိစ္စတော့ နားလည်ပေး





သည်လို့ သူမ ထင်သည်။ ကားဘရိတ်အုပ်ချိန် လူကြပ်ချိန်မှာ တွန်းကြတိုက်ကြတာကို ဖွေယူ၍ မရတာ။ ပြီးတော့ ယာယာတို့နဲ့ ရွယ်တူဆိုပေမဲ့ ကောင်လေးက မရှိဆင်းရဲသား။ နွမ်းပါးချို့တဲ့ပုံ ရသည်။ ထမင်းဆင့်ချိုင့်လေးဆွဲထားတဲ့ ထိုကောင်လေးဟာ စွမ်း ကားပေါ်က အောက် ဆွဲချရုံမက ရန်လို ပြဿနာရှာသည်။

"ကျွန်တော် မိကောင်းဖခင် သားသမီးပါဗျာ၊ အစ်ကိုတို့ ထင်သလို မဟုတ်ပါဘူး၊ အစ်ကိုတို့ အထင်လွဲတာနေမှာ၊ ဒီက အစ်မကို လည်း မေးကြည့်ပါ၊ ကားဘရိတ်အုပ်လို့ တွန်းမိသွားတာပါ"

"မင်းပါးစပ် ပိတ်ထား"

"စွမ်း... အဲဒီလိုမလုပ်နဲ့နော်၊ ယာယာ မကြိုက်ဘူး"

"ကဲကွာ"

"အား"

"ခွပ်"

"စွမ်း... ရှင် ပြောနေတာ မရဘူးလား"

ယာယာ ဝင်တားပေးမယ့်မရ။

စွမ်းက တစ်ဖက်က တောင်းပန်စကားကို ဘာတစ်ခုမှ နားမဝင်။ မလိုမှုတွေနှင့် ကောင်လေးမျက်နှာကို လက်သီးတအားထိုးချလိုက်၍ ယာယာ လန့်အော်လိုက်သလို ကောင်လေးကလည်း ယာယာ့ကို အားကိုးတကြီး အကူအညီ တောင်းသည်။

"အစ်မ... လုပ်ပါဦးဗျာ၊ ဒီအစ်ကို့ကို တားပါဦး"

"စွမ်း... တော်တော့နော်"

ယာယာ ပြောလည်း ပြော၊ တားလည်းတားနှင့် အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



သွားမှ စွမ်းက သူ့ဒေါသကို မျိုသိပ်လိုက်ကာ သူ့ကိုယ်သူ ထိန်းလိုက်[illegible]
သည်။

"ဒီလို အပြုအမူမျိုး မင်းဘက်က ဒါနောက်ဆုံးဖြစ်ပါ[illegible] နားလည်လား"

"သွားတော့"

ထိုရန်ပွဲကို မျက်မှန်အောက်က စိတ္တဇဆန်သောအကြည့်[illegible] ရှုးရဲလျက် မောင်မြတ်ကလည်း တစ်ခွန်းမှ မတားတာလည်း အံ့[illegible] သည်။

"နင် ဘာမှမပြောတော့ဘူးလား"

ယာယာက မောင်မြတ်ကို ဆတ်ခနဲ မော့ကြည့်ကာ ဒေါသန[illegible] ရန်တွေ့သည်။

"နင်တို့လုပ်ပုံက လူမဆန်ဘူး သိလား"

"ဘာ..."

"အားနည်းပါတယ်၊ ကြောက်ပါပြီ အော်နေတဲ့သူကိုမှ အနိ[illegible] လိုချင်တာ သူရဲကောင်း မဟုတ်ဘူး၊ အဲဒီလိုလူမျိုးကိုလည်း ယာယာ[illegible] အထင်မကြီးဘူး၊ ယာယာ့နောက်ကို ဆက်မလိုက်လာနဲ့... ဒါဲ[illegible]

"ယာယာ မပြေးနဲ့လေ"

ယာယာက တားနေသူကို လှည့်မကြည့်။

သူပြောချင်တာပြောပြီး ထွက်ခွာဟန်ပြင်နေသော အထူး[illegible] ကြီးပေါ် ယာယာ ပြေးတက်သည်။ ခြေနင်းခုံမှာ ခြေတစ်ဖက်တင်[illegible] သည်နှင့် ကားကြီးက ဆောင့်ခနဲ ပြေးထွက်သွားတာမို့ ပြူးတူးပြူး[illegible] ဖြစ်ကျန်ခဲ့သော မောင်မြတ်နှင့် စွမ်းကိုကြည့်ပြီး ယာယာ သဘောတ[illegible]



[illegible]ခဲ့၏။

"ကဲ... ကားပေါ် ရအောင်တက်ပါ အစ်မလေး၊ မိန်းကလေး [illegible]သောက်ပါတယ်၊ ရှေ့လေးတွေ တိုးပေးကြပါဗျို့"

စပယ်ယာအော်သံနဲ့အတူ ကိုယ့်ရှေ့မှာ ထပ်ညပ်နေသော ကျော[illegible]တွေကို တွေ့ရတဲ့အခါ တိုးတိုက်ဝင်ရှန် ယာယာက အားမွေးသည်။ [illegible](စ်)ကားစီးချင်တာ ဒီလိုလူတိုးခံရမယ်ဆိုတာ သိသိကြီးနဲ့မို့ ဒါ[illegible]သထွက်စရာ မဟုတ်တာ အသေအချာဖြစ်သည်။

◈



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

"ကိုဇေယျာ လာသွားပါပြီ ဆရာ၊ ကျွန်မကိုယ်တိုင်ပဲ ကြိုတင်ထုတ်ပေးထားတဲ့ စာအိတ်ကို ယူပေးလိုက်ပြီးရှင့်၊ အခုလေးတင်ထွက်သွားတာပါ ဆရာ"

"အိုခေ"

သူက အစည်းအဝေးခန်းမရဲ့ ဆုံးဖြတ်ချက်တွေပါသော ဖိုင်အား အတွင်းရေးမှူးလက်ထဲ ထည့်ပေးပြီးမှ ရုံးခန်းထဲ ဝင်လာခဲ့။ စားပွဲနောက် ဆုံလည်ခုံမှာ ဝင်ထိုင်ပြီးမှ မျက်ဝန်းတွေက လက်(ဝ်)ပေါ် တင်ထားသော စာအိတ်ဖြူပေါ် ရောက်သွားသည်။

"ဟင်"

ကျောမှီထိုင်နေရာမှ လူက မတ်ခနဲကြွသွားကာ တစ်ဆက်တည်း ထရပ်ပြီးသား ဖြစ်သွား၏။ စာအိတ်ကိုဆွဲ၍ အပြင်ထွက်တော့ အတွင်းရေးမှူးက ဖျတ်ခနဲ မတ်တတ်ရပ်ကြိုသည်။

"ဘာကိစ္စရှိလို့လဲ ဆရာ"





"စာအိတ်မှားသွားပြီ၊ ကျွန်တော် မှာခဲ့တယ်လေ၊ လက်(ဝ်)တော့ပေါ်တင်ထားတဲ့ စာအိတ်ပါဆို"

"ကျွန်မက စားပွဲပေါ်တွေ့တဲ့ စာအိတ်ဆိုတော့…"

"ကျစ်"

တိုက်က အသံမြည်အောင် ကျွတ်ခနဲ စုတ်သပ်သည်။

"အဲဒီကတည်းက လွဲသွားပြီ၊ သူ့ကိုပေးလိုက်တာ ငွေအိတ်မဟုတ်ဘူး၊ ကျွန်တော့်ကို ပရဲဆင့်ပေးထားတဲ့ စတိတ်ရှိုးလက်မှတ်တွေထဲက ခက်တော့တာပဲ၊ ဟိုက ငွေလိုနေပါတယ်ဆိုမှ"

"ကျွန်မ လိုက်ပေးလိုက်မယ်လေ ဆရာ"

"နေ… နေ၊ ထပ်လွဲသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

သူက စာအိတ်ကိုဆွဲပြီး ကုမ္ပဏီအပြင်ဘက် ပြေးထွက်ခဲ့သည်။ ခန်းတံခါးတွန်းဖွင့်ပြီး လမ်းမပေါ် မျှော်ကြည့်တော့ တွေ့ပါပြီ။ ကားမှတ်တိုင်ဆီ ခပ်သုတ်သုတ် သွားနေသော ကိုဇေယျာ။

"ကိုဇေယျာ"

"ဗျို့… ကိုဇေယျာ"

ကိုဇေယျာကို ခေါ်ပေမယ့် ရှေ့ကို စိုက်စိုက်နှင့် သွားနေသော ကိုဇေယျာက မကြား။

ပိုက်ဆံထုပ်ပေးချင်ဇောနှင့် တိုက်က သူ့ပတ်ဝန်းကျင်ကို မေ့သွားသည်။ ကိုဇေယျာနောက် ခပ်သွက်သွက် ပြေးလိုက်သွား၏။ ကိုယ့်လက်အောက်ငယ်သားရဲ့ အခက်အခဲကို ဖြေရှင်းပေးချင်သည်က တိုက့်သဘာပါ။ ကိုဇေယျာက သူ့အပူနှင့်သူဆိုတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်မိရ။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော့်အမေကြီး ရင်ကြပ်ရာကနေ အသက်ရှုကြပ်သွားလို့ ဆေးရုံတင်ထားရတယ် ဆရာ၊ အောက်ဆီဂျင်တွေ ဘာတွေ ပေးထားရတော့ ဟို… ဖြစ်နိုင်မယ်ဆိုရင် ကြိုတင်ငွေ တစ်လစာလောက် ကြိုထုတ်ချင်ပါတယ်”

တိုက်ဆီကို ကိုဇေယျာ မရွံ့မရဲနှင့် လာပြောကတည်းက သူ လွယ်လင့်တကူ ခေါင်းညိတ်ခဲ့သည်။ ကိုဇေယျာဆိုတာကလည်း လုပ်ငန်းခွင်တွင် ရိုးသားကြိုးစား၍ ဝန်ထမ်းကောင်းဘွဲ့ ရထားသူ။ လက်အောက်ဝန်ထမ်းဆိုတာက အားကိုးတကြီး အကူအညီတောင်းလာတာမို့ သူက ပိုလိုက်လျောချင်တာလည်း ပါသည်။ ကျန်းမာရေးမို့ စာအိတ်ထဲမှာ တစ်လစာတောင် မဟုတ်။ နှစ်လစာ ထည့်ပေးထားကာ လိုအပ်ရင် ထပ်ပြောဖို့ သူခွင့်ပေးထားသေးသည်။ အဲဒီတုန်းက ဝေယံကတောင် သူ့ကို အပြစ်တင်သေးသည်။

“ဒီလိုဆိုတော့လည်း တိုက်တို့က ရက်ရောလှချည်လားဟွန့်… ငါ့ကျတော့ ကားဝယ်ချင်လို့ ငွေဖြည့်ပေးပါ၊ တစ်လလောက်ပဲ သုံးမယ်ဆိုတာတောင် မရဘူး”

“ဒါက ကျန်းမာရေးကွ၊ လူ့အသက်ကို ကယ်နေတာ၊ မင်းလို အပျော်အပါးမှ မဟုတ်ဘူး၊ မင်း အဲဒီလို လွယ်လွယ်လိုချင်ရင် အောက် ဆီဂျင်တွေ ဘာတွေရှူပြီး ဆေးရုံတက်လိုက်၊ နှိပ်မှာန်ရောက်အောင် ငါ တစ်ခါတည်း ပို့ပေးလိုက်မယ်”

“မင်းကွာ ပါးစပ်ပုတ်ကြီးနဲ့၊ မပြောကောင်း မဆိုကောင်း ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ”

ဝေယံထံမှ နောက်ဆက်တွဲ နားဝင်ချိုစရာ အဆဲအဆိုတွေ





ဆက်တိုက်ဝင်လာတာကို သူ မကြားချင်ယောင်ဆောင်ပြီး ရယ်နေလိုက် ။ တကယ် အခက်အခဲဖြစ်သူကို စေတနာသန့်သန့်နှင့် ကူညီချင်တာ တိုက်ရဲ့ မွေးရာပါဗီဇထဲက တစ်ခုပါ။ အခုတော့ ကိုဇေယျာကို ပေးရမည့် ငွေတွေကသူ့ဆီမှာ ကျန်ခဲ့ပြီး ကိုဇေယျာလက်ထဲ ပါသွားတာက စတိတ်ရှိုးလက်မှတ်တွေ ဖြစ်နေသည်။

ဒီကိစ္စ သူကိုယ်တိုင် လိုက်မရှင်းလျှင် မဖြစ်တာမို့ သူ့ရှေ့က ခပ်လှမ်းလှမ်းမှာ စိုက်စိုက်နှင့် သွားနေသော ကိုဇေယျာနောက် တိုက်ပဲ အပြေးလိုက်ခဲ့ရသည်။ ကိုဇေယျာ ပုံစံက အရင်လို လတ်ဆတ် ရွှန်းဆန်းခြင်း မရှိတော့။ တစ်ပတ်အတွင်းမှာ သောက ဖိစီးခြင်း ဒဏ်ဖြင့် ညှိုးမှိန်ဖျော့တော့နေတာ မြင်ရတော့ တိုက်ရင်ထဲ ပိုသနား သွားသည်။

ကိုဇေယျာ့ဘဝက အမေတစ်ခု သားတစ်ခု။ သူ့အမေနားမှာ ပြုစုပေးမည့်သူ့ကလည်း ကိုဇေယျာမှလွဲပြီး တခြားလူ မရှိ။

ဒါကလည်း ကိုဇေယျာအကြောင်း သိထားသည့် သူတို့ရုံးမှ ထုတ်ဝေရပ်ကွက်တည်းနေသည့် စာရေးမလေးဥမ္မာ ပြောပြ၍ သိထားခြင်း ဖြစ်သည်။ ရိုးအသော ကိုဇေယျာကတော့ သူ့အကြောင်း ဘာတစ်ခုမှ သူ့ကို မပြောပါ။ သူကူညီပေးလိုက်သည့် ပိုက်ဆံနှင့် သူ့အမေရှိရာ ဆေးရုံသို့ အပြေးသွားနေသော သားလိမ္မာ ကိုဇေယျာ။

သူခေါ်ပေမယ့် မကြား။

ဘတ်စကားဂိတ်ဆီ ပြေးဝင်လာသည့် ကားရှိရာ ပြေးသွားသည့် ကိုဇေယျာကြောင့် တိုက် မျက်လုံးပြူးသွားသည်။

“ဟာ… ဒုက္ခပဲ ကားပေါ်တက်သွားပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ကိုဖေယျာ၊ ခဏ… ခဏနေဦး"

တိုက်က လက်မြှောက်ခေါ်ကာ ဘတ်စ်ကားရှိရာ အပြေးလိုက်နေ၍ ကားစပယ်ယာက ဘာထင်သလဲမသိ။

"ဟိုး… ဆရာ၊ ဖြည်းဖြည်း ဒီမှာတစ်ယောက်လိုက်ဦးမယ်"

"လာ… လာအစ်ကို၊ ဒီအပေါ်တက်လိုက်"

ကားစပယ်ယာက အော်ပြီး တိုက် သူ့အနားရောက်တာနဲ့ တိုက် ကျောပြင်ကို သိုင်းဖက်ပြီး သူ့ကားပေါ် ဆွဲတင်သည်။

"ရပြီ ဆရာရေ"

"ဆွဲ"

အခုမှတော့ မထူးတော့သည့်အတူ ဘတ်စ်ကားပေါ်မှာတွေ့ပြီး လိုတဲ့ပိုက်ဆံ ကိုဖေယျာကို ပေးလိုက်ပြီးတာပဲဟုတွေးရင်း မထူးစော ခင်းလိုက်ရတာက လူကျပ်ကျပ် ဘတ်စ်ကားထဲမှာ ကိုဖေယျာကို တစ်ချက်လှမ်းကြည့်လိုက်ပေမယ့် လူပြည့်နေ၍ ဘာမှမပြောနိုင်ဘဲ ဖြစ်သွားသည်။

◈



အခန်း (၁၈)

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဆရာဒုက္ခခံပြီး ထွက်မနေနော်၊ ရှေ့နားမှာ ကားက ဂိတ်ဆုံးပြီ၊ အဲဒီကနေ ဒီကားမျိုး ပြန်စီးသွားရင် ဆရာ့ရုံးရှေ့ ရောက်တယ်"

"ရပါတယ်ဗျာ၊ ကျွန်တော်အတွက် မပူပါနဲ့၊ ခင်ဗျားအမေကို သာ ဂရုစိုက်ပါ"

"ဟုတ်ကဲ့ ဆရာ၊ ဆရာ့ကျေးဇူးကို ကျွန်တော် မမေ့ပါဘူး"

"သွားပြီနော်"

"ကောင်းပါပြီဗျာ"

ကိုဖေယျာထံ ပိုက်ဆံထုပ် ကမ်းပေးရတာတောင် ကြားထဲမှာ လူဆင့်ဆင့်ကို လက်ဆင့်ကမ်းပြီး ပေးခိုင်းရတဲ့အထိ ကားက ကျပ်သည်။ စပယ်ယာရဲ့ ကောင်းမှုကြောင့် သူ့ကို တွန်းထိုးထည့်လိုက်တာ ကားနောက်ပိုင်းသို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျာက ကားရှေ့ပိုင်းမှာမို့ သူ့ကိုအော်သတိပေးပြီး ဆင်
သွားခဲ့ပြီ။ ခြေထောက်စုံရပ်ဖို့တောင် မနည်းကြီး ကပ်သပ်နေရတာ
ဒီနေရာမှ တခြားနေရာသို့ တိုးဝှေ့ထွက်ဖို့ဆိုတာ လွယ်ကူခြင်း မမည်
သူတက်ပြီးမှ ထပ်တိုးလာသော လူတွေကလည်း ဘေးနားမှာ
သေတ္တာဘူးထဲက ငါးတွေလို ထိုးထိုးထောင်ထောင် ကျပ်တ
သပ်သပ်မို့ သူဒီအတိုင်း ရပ်နေစဉ်မှာပဲ လူတစ်ယောက် သူ့ရင်ခွင်
အရှိန်ပြင်းပြင်း ရောက်လာ၏။

"အင်း"

လက်မောင်းကို တစ်စုံတစ်ယောက်က လာပစ်တိုက်ခြင်းကြော
တိုက်က ဖျက်ခနဲ ငုံ့ကြည့်သည်။

"ဟင်"

"ဖြူမာယာသန့်ပါလား"

တိုက်ရင်ထဲက ခေါ်သံက အပြင်ထွက်မလာ၊ ရင်ထဲမှာသာ
အသံထွက်သွားခြင်း ဖြစ်သည်။

"ဆောရီး... လက်ကိုင်ကိုင်း မမီလို့"

"ဟင်... ရှင်"

မြင်လိုက်ရသည့် မျက်နှာကြောင့် ယာယာ မျက်လုံးတွန့်သွား
သူ့မ မော့ကြည့်ပြီး ပြောတာက တခြားလူထင်၍ပါ။ သူ့မက
ကြည့်။ သူက ငုံ့ကြည့်လိုက်တာနှင့် မျက်လုံးချင်းဆုံသွားတော့
ကြောင့်မှန်းမသိဘဲ ရုတ်တရက် မျက်နှာမလွှဲဖြစ်။ သူက ရုပ်
လက်တို၊ စတိုင်ပင်(န်)ဖစ်က စကင်(န်)နီလို မီးခိုးပြာရောင်ကို ရှူး
နှင့် တွဲဝတ်ထားပုံက ဘတ်(စ်)ကား တိုးစီးခြင်းနှင့် မသင့်တော်အော





သပ်ရပ်ခန့်ညားနေ၏။ လှိုင်းရိပ်ပါကာ အုံ့ပွအောင် ဖွထားတဲ့ဆံပင်
အောက်မှာ ယောကျ်ားတန်မဲ့ ဝင်းပကြည်လင်သော အသားအရည်က
အသိအမှတ် မပြုလို့မရအောင် ထင်ရှားလွန်းလှ၏။ ငေးလည်း ငေးရင်း
ရှေ့တိုးနောက်ငင် မောင်းနေသော ကားကြောင့် ယာယာ့ကိုယ်လေး
ယိုင်ဒီပစ်တိုက်နေခြင်းအား သူက အမြင်မတော်သလို မျက်ခုံးတွန့်သည်။

"လာ... ဒီကြားထဲ ဝင်လိုက်"

သူက ယာယာ့ကို မေးငေါ့ထိုးပြီး နေရာပေးတာက သူ့ရင်ခွင်ရှေ့
သေမယ့် လူစီးထိုင်ခုံက သူမရှေ့မှာ။ လက်ကိုင်ကွင်းကို လက်နှစ်ဖက်နှင့်
အမ်းကိုင်ထားသောကြောင့် ရင်ဖွင့်ထားသလိုရှိသော သူ့ရင်ခွင်ထဲ
ယာယာက အလိုလိုရောက်သွားကာ လုံခြုံသွားတာတော့မှန်ပေမယ့်
စိတ်တော့တော်တော် ကသိကအောက် ဖြစ်သွားသည်။

ကားရဲ့ လှုပ်ရှားမှုတိုင်း လူက ယိမ်းထိုးနေခြင်းကြောင့် မလဲကျ
သောတာလည်း သေချာပေမဲ့ သူ့ရင်ဘတ်နှင့် ယာယာ့ကျောပြင်က
တစ်သားတည်းကျအောင် ထိသွားတိုင်း စိတ်ညစ်ရသည်။ လူတိုးတိုင်း
သူ့မျက်နှာက ငုံ့မိုးကျလာကာ သူမနားထင်စပ်ဆီ ထွက်သက်တွေ
သိခတ်သွားတာမျိုး အနေအထားကြောင့် ယာယာမှာ စည်းချက်
သေသော ရင်ခုန်သံတွေ ဖြစ်ကုန်၏။

"ဒီမှာ... ဟိုဘက် နည်းနည်းတိုးဦး"

"ဘယ်ဘက် တိုးရမှာလဲ"

"ဟိုးအနောက်က အင်္ကျီအဖြူနဲ့အစ်ကိုတို့နှစ်ယောက်၊ ကားခ"

ယာယာ ရှေ့ဆက်မပြောနိုင်တော့။ သူ့ရင်ခွင်ထဲရောက်နေတာ
မကြိုက်ပေမယ့် ရန်တွေ့လို့ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ စပယ်ယာက အော်ကြီးဟစ်ကျယ် ယာယာတို့ဆ ကားခလှမ်းတောင်းသော စပယ်ယာကြောင့် ကိုယ့်ရင်ခုန်သံနှင့်ကိုယ် ဗျာများနေသော ယာယာ့မှာ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားသည်။ ပိုက်ဆံအိတ် ကလည်း တော်တော်နှင့် ထုတ်မရ။

"ကိုယ် ပေးလိုက်မယ်"

တိုက်က သူ့ဘောင်းဘီအိတ်ထဲက ဝေါလက်ကို ထုတ်ပြ ပေးတာက ငါးထောင်တန်ကြီး။

"အာ... လုပ်ပြီဗျာ၊ အကြွေပေးကြပါ၊ တစ်ရာခရီးကို ငါးထော တန်တဲ့၊ ကွိုင်ပဲ"

ထုံးစံအတိုင်း စပါယ်ယာက အော်ဟစ်ညည်းတွားရင်း ပြန်အမ်းသွားတာကို ယူရင်းက ပြတင်းပေါက်ကနေ တိုက် လှမ်းကြည့် တော့ အပြင်ဘက် ပတ်ဝန်းကျင်က အလင်းရောင်ကို ဆွဲခွာပစ် အားယူနေသော အမှောင်ထုက ဖြန့်ကျက်ထားတာ မြင်လိုက်ရ သူက ကိုဇေယျာ နောက်လိုက်ရင်း ဒီကားပေါ် ရောက်လာတာ သူမကရော ဘယ်ကို သွားမှာမို့ ဒီကားပေါ် ရောက်နေသည် မသိ

"မင်း ဘယ်အထိသွားမှာလဲ"

"ဟင်"

"ဘယ်သွားမှာလဲလို့ မေးနေတာ"

တစ်ခရီးတည်းသွားမို့ တိုက်က အရင်မေးသည်။ သူမ အနေအထာ ကို သိနေသူမို့ လက်လွှတ်စပယ် မလွှတ်ချင်တာက ရင်ထဲ ဘယ် တိုးဝင်လာလဲ မသိ။ စိုးရိမ်စိတ် ပြောရမလား။ စပ်စုချင်စိတ် ဆို မလား။ အဖော်မပါ ဘာမပါနဲ့ ညကြီးမင်းကြီး တစ်ယောက်တည်



တော့။ သူကသာ စိုးရိမ်နေတာပါ။ ယာယာ သူမနားက လူကို တ်ခနဲ လည်ပင်းလိမ်ကြည့်တော့ မျက်နှာလေးကပါ မှောသွားသည်။

"သိဘူးလေ၊ ဂိတ်ဆုံးအထိ နေမှာပေါ့"

"မင်းစကားက ဘာလဲ"

"အပြင်မှာ မှောင်နေပြီကွ"

သူမ အဖြေကို မျက်မှောင်ကျုံ့၍ နားထောင်ရင်း တိုက်က ကို သတိပေးသလိုပြောတော့ သူမက ပခုံးစုံတွန့်သည်။

"မှောင် မှောင်ပေါ့၊ နေ့ပြီးရင် ညလာမှာပဲ၊ ဒါသဘာဝပဲ"

"ငါ အကောင်းပြောနေတာကွ"

"သြော်... ဘယ်သူကရော အဆိုးပြောနေလို့လဲ"

"မင်းနော်"

"ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး"

"ဟွန်း... ဖြစ်ချင်လို့လည်း မရဘူး၊ မှတ်ထား"

"ဟာကွာ"

တိုက် ဘာမှဆက်မမေးချင်အောင် စကားတို့ ဆွံ့အခြင်းအဖြစ်သို့ ောက်လေ၏။ ယာယာကတော့ ကားမှန်ထဲ တွေ့နေရသော တိုက်ကို ခ်တည်တည်လေး မျက်စောင်းထိုးတော့ တိုက်ရင်ထဲက ဒေါသတွေ ရေထဲ လျှောကျပျောက်ကွယ်သွားကာ နှလုံးသားထဲ ထူးဆန်းစွာ ကြည်နူးသွားတာဟာ မယုံနိုင်စရာ။ သူမနဲ့တိုက် စတွေ့ကတည်းက သူမဟုတ်ခဲ့တာ သေချာသည်။

"ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ… ပြော"

"ရှင်ရော ဘယ်သွားမှာလဲ"

"မသိဘူး"

"ခစ်… ခစ်၊ ရှင်လည်း အရူးပဲ"

"ဘာကွ"

"ဘာမှမဟုတ်ဘူး"

◈



## အခန်း (၁၉)

"အေး… ငါ ကိုဇေယျာနောက်လိုက်ရင်း ခရီးလွန်သွားလို့၊ ခင်း… ကားကို မင်း အိမ်ကို မောင်းပို့ ပေးထား၊ ငါ တက္ကစီနဲ့ပဲ အိမ်တန်းပြန်လိုက်မယ်၊ ဟုတ်ပြီ… မေမေ့ကိုပြောလိုက်၊ စိတ်မပူနဲ့လို့"

"ဟော့… တက်စီ"

"ရှင် ဘာလုပ်မလို့လဲ"

"အိမ်ပြန်မယ်လေ"

တိုက်က မှာစရာရှိတာမှာပြီး ဖုန်းပိတ်ကာ ကားငှားဖို့ ပြင်တော့ သူမက တိုက်ဘေးနားကနေ ရှုပ်ပုပ်ပုပ်ရပ်နေရင်းက မေးခြင်းဖြစ်သည်။

"ရှင့်ဘာသာပြန်နော်"

"ကျွန်မ အိမ်မပြန်သေးဘူး၊ အစောကြီးရှိသေးတယ်"

"မင်းအိမ်က စိတ်ပူနေမှာပေါ့"

"ပူ… ပူ"

ယာယာက တိုက်ကို ပြောပြီး တစ်ဖက်လှည့်ရပ်တော့ တိုးသံက



www.burmeseclassic.com

www.burmeseclassic.com



ယာယာ့မျက်နှာကို စိတ်အလိုမကျစွာဖျတ်ခနဲ ကွန့်ကြည့်သည်။ ဘယ် မိန်းကလေးလဲ။ အကြောင်းမသိရင်လည်း ထားတော့။ အခုဟာ သူမ ဘယ်သူဘယ်ဝါဆိုတာ သိထားတော့ ပိုဆိုးသည်။ ဦးလင်း သမီးက ဘာတွေ စတန့်ထွင်နေမှန်း မသိ။ သူမဘော်ဒီဂတ်တွေလ ဘယ်မှာ ကျန်ရစ်သနည်း။ သူမကို ဖြစ်ချင်ရာဖြစ် တစ်ယောက်တ ထားဖို့ကြတော့ တိုက်ကိုယ်တိုင် ဘယ်လိုမှ စိတ်မချ။

ရှေ့သို့ လုံးနေအောင် ထော်ထွက်နေသော ယာယာ့နှုတ်ခမ်းတွေ ပွစိစိနှင့် ဘာတွေရွတ်နေမှန်း မသိ။ စီးလာတဲ့ကားကြီး ဂိတ် မရောက်ဘဲ သူတို့ဆင်းကာ လမ်းခုလတ်ကဖြတ်၍ ကားငှားဖို့ စီ ထားပေမဲ့ လာသမျှကားတိုင်းက ပါစင်ဂျာအပြည့်နှင့် ဖြစ်တာ ဘာကားမှ ငှားမရ ဖြစ်နေ၏။

ပါစင်ဂျာမပါတော့လည်း ဒရိုင်ဘာက လက်ခါခေါင်းယမ်း သူတို့ ဒီနားရောက်နေတာ အတော်ကြာပြီ။ ထိုအခိုက် သူ ဝမ်းဒါရိုက်ရှင်အဖွဲ့ရဲ့ စမ်းသင်း(စ်) သီချင်းရင်းတုန်းက ဆူဆူ ထွက်လာသည်။ ယာယာက ဖုန်းကိုကြည့်ပြီး မဲ့ပစ်တာ ဖုန်းအ ပြန်မှုအောက်မှာ တွေ့နေရ၏။ ပြီးမှ စက်ပါပိတ်ပစ်တော့ တို မျက်ခုံးပင့်သွားတဲ့အထိ တအံ့တသြ ဖြစ်သွားသည်။

"မင်းအိမ်က မဟုတ်ဘူးလား"

"အိမ်ကမို့လို့ တမင် ပိတ်ပစ်တာ"

"မဟုတ်သေးဘူးလေ"

"ဟုတ်ကို ဟုတ်တယ်"

"ကျစ်"





တိုက်က စိတ်ပျက်လက်ပျက်နှင့် ယာယာဘက်လှည့်ကာ သောက်ရပ်သည်။

"ငါ့နာမည် တိုက်"

"ဘယ်သူမှ ရှင့်နာမည် မမေးဘူး"

"မင်းကို ဒီအချိန်ကြီး ညအမှောင်ထဲ လျှောက်သွားနေတာ ကို စိတ်ပူမှာပေါ့၊ အဖော်လည်း မပါဘူး၊ မင်း အနားမှာရှိနေတဲ့ ယောက်ရော"

"အဲဒီနှစ်ယောက်ကို မုန်းလို့ အခုလို လုပ်တာ"

ယာယာက အဖြူခံပေါ် ဝါစိမ်းနီရောင်စုံဘော့လုံးပါသော အင်္ကျီက ကြိုးသိုင်းလေးကိုမှ လည်ပင်းပြဲပြဲမှာ လက်ကျတော့ ဆင်နားရွက် ားကားပွပွကြီးနှင့်ဖြစ်ကာ ကိုယ်လုံးနေရာကတော့ ခပ်ကျပ်ကျပ် ည်မို့ အချိုးကျသော ကိုယ်ခန္ဓာကောက်ကြောင်း ပေါ်လွင်စေသည်။

ကြက်ဥနှစ်ရောင် ဂျင်းက စကင်(န်)နီကို ခြေကျင်းဝတ်နားမှာ လေးဖြစ်နေကာ ကြိုးသိုင်းဖိနပ်အမည်းရောင် အမြင့်ကြီးနဲ့မို့ ချစ်စရာ င်းနေတာအမှန်။ တိုက်က တစ်ခဏအတွင်း ဇေ့ဇေ့စပ်စပ် အကဲ သလိုဖြစ်သွားပြီးမှ အားနာသလိုနှင့် မျက်နှာလွှဲဖို့ စိတ်ကူးပေမဲ့ ကြည့်က ချက်ချင်းလွှဲ မရ။ ယာယာကတော့ တိုက် သူ့ကိုကြည့်နေ တို မမြင်။ သူမ အာရုံထဲမှာ ဟိုနှစ်ယောက်ကိုသာ ဒေါသ နေ၏။

"ဟွန်း... နဂိုကဆို ဒီထက် ပိုလွတ်လပ်သေးတယ်၊ သွားချင် သွား၊ စားချင်ရာစား၊ ယာယာ့သဘောတစ်ခုတည်း၊ အခုတော့ ပါမှ၊ ပါရင်လည်း ပြဿနာဖြစ်ရမှ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနှစ်ယောက်က မင်းရဲ့ ဘော်ဒီဂတ်ဆို"

"ရှင်က သိနေတာလား"

တိုက်ဆိုသည့်လူကို အံ့သြသလိုလေး ယာယာက မေးကြည့်သည်... မထူးတော့ပြီမို့ တိုက်က ဆံပင်တွေကို လည်ကုတ်ထိအောင် ဖို့... သပ်ချရင်း သူ သိနေတာကို ခေါင်းညိတ်ဝန်ခံလိုက်တော့ ယာယ... မျက်ခုံးလေး တွန့်သွား၏။

"မင်းက နာမည်ကြီးပဲကို၊ ပြီးတော့ မင်းအဖေဦးလင်းသန့်ဆို... စီးပွားရေးလုပ်ငန်းရှင်တိုင်း မသိသူမရှိဘူး၊ မင်းက ဦးလင်းသန့်သမီးပဲ"

"အဲဒီလိုကြီးကို ဖြစ်မနေချင်တာ၊ ပါပါးသမီးဆိုတာကြီးကို... စိတ်ညစ်စရာ"

ယာယာက သူမဖြစ်နေတာကို မကျေနပ်သလိုလေးပြော... ဆတ်ခနဲ မျက်နှာမော့တော့ မှောင်ရိပ်ထဲမှာ ယာယာ့မျက်ဝန်းလေး... လက်နေတာကြောင့် မျက်ရည်တွေ ဝေ့သီနေမှန်း သိလိုက်၏။

"ယာယာက ကိုယ့်အတွက် အန္တရာယ်ရှိလို့ အကာအကွယ်လို... သိပေမယ့် မလိုအပ်တဲ့နေရာတွေမှာ တခြားလူတွေကို ထိခိုက်တာ... မဖြစ်စေချင်ဘူး၊ ဘာအန္တရာယ်လဲလို့ရော ရှင် မသိချင်ဘူးလား"

"သိစေချင်ရင် မင်း ပြောပြလေ"

တိုက် အမေးစကားအဆုံးမှာ ယာယာက မဲ့မဲ့လေးပြုံး... နှုတ်ခမ်းသားတွေက အပြုံးတွေနဲ့အတူ မျက်ဝန်းတွေထဲ ပြုံးပြက်မှုတွေ... သိပ်သည်းဆ ပိုများလာကြ၏။

"အဟွန်း... ယာယာ့အကြောင်း လူတွေကြားရင် ရယ်... ဖြစ်မယ်ဆိုတာ ယာယာ သိတယ်"

"ဘာအကြောင်းတွေမို့ မင်းကို လူတွေက ရယ်ကြမှာလဲ"

"ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက်က ယာယာ့ကို ခြိမ်းခြောက်... ယ်ဆိုရင် ရှင် ယုံလား"

"မယုံဘူး၊ မင်းကို ခြိမ်းခြောက်စရာ ဘာများရှိလို့လဲ၊ ဥပမာ... သိစေချင်တဲ့ လျှို့ဝှက်ကိစ္စတစ်ခုခု ရှိ...လား"

"နိုး"

"ဒါဖြင့် မင်းကို သူက ဘာတွေ ခြိမ်းခြောက်နေတာလဲ"

ယာယာက သူမ ဖြစ်နေတာတွေကို တိုက်ကို ပြောပြဖြစ်သွား... ည်။

"ယာယာဆိုတဲ့မိန်းကလေးက ခြိမ်းခြောက်မှုတွေ၊ စိန်ခေါ်မှု... ကြား ရှင်သန်နေရတဲ့လူလေ၊ ခြေလှမ်းအရွေ့မှားတာနဲ့ ပေးဆပ်... ရမှာ ဘဝရော၊ အသက်ရောပဲ၊ ရှင် တွေ့ဖူးလား၊ ယာယာ့လို... တ်အရွယ်မှာ အဲဒီလို ထိန်းချုပ်မှုတွေနဲ့ ရှင်သန်နေထိုင်ရတဲ့... လေး"

ယာယာ ခံပြင်းစိတ်နဲ့ ဝမ်းနည်းနေချိန်မှာ မသိဘူး၊ မကြားဘူး... တွေ ကြားနေရသလို ယာယာ့ကို ဒီအတိုင်း မင်သက် ကြည့်နေမိ... ည်။ ယာယာ့အကြောင်း သူ သိထားခဲ့တာက တစ်မျိုးဖြစ်သည်။

"တိုက်ဆိုင်တာရော မဖြစ်နိုင်ဘူးလား"

"ယာယာလည်း အဲဒီလိုပဲ ဖြစ်စေချင်တာ၊ ဒါပေမဲ့ လက်တွေ့မှာ... လာခဲ့ဘူးလေ"

ယာယာ့အသံထဲမှာ ဝမ်းနည်းခြင်းတွေ ပြည့်သိပ်နေမှန်း သူ... ိက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ရော မကြောက်ဖူးလား"

"ဘာကိုလဲ"

"ယာယာနဲ့ ပတ်သက်ရင် ရှင် ရင်ဆိုင်ရမယ့် အန္တရာယ် ပြောတာ"

ယာယာက ပြောရင်း သူမနှုတ်ခမ်းသားတွေ တင်းနေအော ဆွဲစေ့ပစ်တာက အလွန်အမင်း နာကြည်းနေတဲ့ဟန်နဲ့ ဖြစ်သည်။

"ကိုယ်က အဓိပ္ပာယ်မရှိတာတွေ မယုံဘူး"

"ရှင် တကယ် မကြောက်ဘူးပေါ့"

ယာယာက တိုက်ကို ထူးဆန်းသော သတ္တဝါလို တအံ့တ ကြည့်နေရာက မျက်နှာလေး ညှိုးသွားသည်။

"ရှင် ပြန်ပါ"

"ဘာဖြစ်လို့လဲ"

"ယာယာနဲ့ မပတ်သက်စေချင်လို့"

"ကိုယ်က လက်တွေ့သမား၊ ကိုယ်တိုင်ကြုံမှယုံမှာ"

"မဖြစ်ပါဘူးရှင်၊ ယာယာ့ကြောင့် ဘယ်သူမှ ဒုက္ခအရောက် နိုင်ဘူး၊ ယာယာ သွားတော့မယ်"

"ရှင်လည်း ပြန်တော့"

"ဟိတ်… ဒါက ဘယ်လဲ"

တိုက်အမေးကို သူမက ဖြေကြားခြင်း မပြု။ တိုက် ကြ ဖြစ်သွားသည်။ သူမပြောတဲ့အတိုင်း ဥပေက္ခာပြုလို့ရတဲ့စိတ်ရှိရင်လ ဖြစ်ချင်ရာဖြစ်ဆိုပြီး သူမကို ကျောခိုင်းသွားချင်၏။ အခုတော့ တို အသည်းက ထိုလောက်မမာ။





"အစ်ကိုတို့ ကားငှားဖို့ စောင့်နေတာလား"

ရုတ်တရက် မှောင်ရိပ်ထဲက တိုးထွက်လာတာ လူရော ကားသံရော တစ်ပြိုင်တည်းမို့ သူ့ကို ထားခဲ့ပါပြောတဲ့ မယ်မင်းကြီးမက တ်ခနဲ တိုက်ကျောနောက် ဝင်ပုန်းပြီး သူ့ပခုံးစွန်းကနေ ရှေ့သို့ မရဲတရဲ ချောင်းကြည့် အကဲခတ်နေတဲ့ သူမကြောင့် တိုက်က ပြုံးချင်ချင် ဖြစ်နေသော နှုတ်ခမ်းတို့ကို အတင်း ဆွဲတင်းထား၏။ ခုနတုန်းက ိုက်ကို ဂျစ်ကျကျပြောပြီး သတ္တိတွေရှိနေတာ သူမ မဟုတ်တဲ့ အတိုင်းပါလား။

"ဟုတ်တယ်ဗျ၊ ဒါပေမဲ့ ကားတွေက မအားတာများတော့"

ထိုလူ့စကားကြောင့် တိုက် မျက်ခုံးပင့်သွားသလို တိုက်နောက်မှာ နေသည့် ယာယာ့ကိုယ်တို့လည်း လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားသည်။ အချိန်က ဘယ်အချိန်မို့လို့ ကားတွေက မလိုက်ချင်ကြရတာလဲ။ အချိန်ဆို သူမပျောက်လို့ သူမဘော်ဒီဂတ်နှစ်ယောက်ရော ပါပါးပါ ယာယာ့အတွက် ခေါင်းမီးတောက်နေကြမှာ ယာယာ သိပါသည်။

"ရှင်တို့ကားတွေက ဘာဖြစ်လို့ မလိုက်တာလဲ"

အံမယ်… ဒီလို မေးခွန်းထုတ်ရန်ကျတော့ ယာယာတို့က သွက် သွက် လက်လက်နှင့်။ တိုက် သူမကို လှမ်းငဲ့ကြည့်မှ လှပသော သူမ မျက်နှာလေးက အို့တို့အမ်းတမ်း ဖြစ်သွားသည်။

"ရှင် လေကုန်မှာစိုးလို့ မေးပေးတာ"

"သင့်ခ်ယူးပါဗျာ"

အပြုံးတစ်စနှင့် တိုက်က သူမကို ကျေးဇူးတင်စကားဆိုလိုက်တော့ သူမ မျက်လွှာချပြီး ရုပ်ပွပွပြောပုံကလည်း မဲကျနပ်တာရှိရင် ချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



လက်တုံ့ပြန်မည့် ဒီနိုင်းအပြည့်နှင့် ဖြစ်သည်။

"ရှေ့နားမှာ ပွဲဈေးရှိတယ် အစ်မရဲ့၊ အဲဒါကြောင့် လမ်းတွေ ပိတ်နေတာ"

"ပွဲဈေးတန်းကြီးက အရမ်းရှည်တော့ ဘာကားမှ မလိုက်ဘူး။ အဲဒီ ပွဲဈေးကျော်သွားရင်တော့ ကားငှားရလွယ်သွားပါပြီ"

ယာယာက တိုက်နောက်မှာရပ်ရင်း ပွဲဈေးဆိုသည့် စကားအပေါ် စိတ်ဝင်စားနေ၏။

"ပွဲဈေး... ဟုတ်လား"

"ဟုတ်တယ် အစ်မ၊ ပွဲက သိပ်စည်တာ"

"ပွဲဈေးကို ဘယ်လိုသွားရလဲဟင်"

တိုက် ငုံ့ကြည့်တော့ သူမမျက်နှာလေးက ခပ်တည်တည်ဆိုတော့ တိုက် မျက်ခုံးတွန့်သွားသည်။

"ဒီလမ်းအတိုင်း လျှောက်သွား၊ အဲဒီမှာ ပွဲဈေးပဲ"

"ကျေးဇူး"

"ဟိတ်.... မင်း ဘယ်လဲ"

ယာယာက တိုက်ကို ကစ်ချက် လှည့်မကြည့်။ ပွဲဈေးဆိုသည့် နေရာသို့ သူမခြေလှမ်းတွေကို ဦးတည်လိုက်ပုံက သွက်လက်နေ၏



## အခန်း (၂၀)

"ဝေး... ဟေး... ဟေး... ဟေး"

"အမယ်လေး"

ရဟတ်ကြီးက လှိုက်ခနဲ အမြင့်ဆုံးရောက်သွားပြီးမှ အိခနဲ ပြန် ဆင်းသွားတော့ ယာယာ့မျက်လုံးတွေ ပြာခနဲဖြစ်သွားသည်။ အိပ်မက် ထဲကလိုပင်။ ချောက်ကြီးထဲ လက်လွှတ်ခြေလွှတ် ပြုတ်ကျလျှင် ရသည့်အတိုင်း ယာယာ့အသည်းအူတွေ ကဖြောင်းကဖြန်နှင့် ခနဲ လှိုက်ခနဲ ဖြစ်သွားတာကြောင့် နီးစပ်ရာလူထံ အားကိုးတကြီး ကပ်ထိုင်သည်။

"မင်း ဖြစ်ရဲ့လား"

ကြောက်စိတ်နှင့် ဖြူဖျော့နေသော ယာယာ့မျက်နှာလေးကို ခနဲ ဟားခနဲ အော်သံတွေကြားထဲမှ တိုက်က သူမနား နားကပ်၍ လိုက်ခြင်း ဖြစ်သည်။ ယာယာ့နှုတ်ခမ်းအထက်နားတစ်ဝိုက် ချွေးသီး တာ နားထင်နားမှာ ချွေးစက်တွေ သီးနေတာကြောင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေပြီဆိုတာ တိုက် မမေးဘဲသိသည်။

"သိပ်ကြောက်နေရင် ရဟတ်ကို ရပ်ခိုင်းလိုက်မယ်"

"ဟင့်အင်း… မရပ်ခိုင်းနဲ့၊ ရတယ်"

ပါးစပ်က ရတယ်ပြောပေမယ့် မျက်လုံးက မဖွင့်။ ရဟတ်စီးမယ်လို့ သူမ တောင်းဆိုကတည်းက ခေါင်းခါရမှာကို သူက အလိုလိုက်ချင်စိတ်နှင့် ခွင့်ပြုခဲ့တာ သူမ ပျော်သွားစေချင်လို့ပါ။ အခုတော့ သူမ ကြောက်နေပုံက သနားစရာလိုလို ရယ်စရာလိုလို။ မီးချောင်းရောင် စုံထွန်းထားသည့် ရဟတ်ကြီးက သူတို့ပြောနေချိန်မှာပဲ နောက်တစ်ကြိမ် အမြင့်တက်ရန် အရှိန်ပြင်းပြင်း မြင့်တက်သွားပြန်သလို ယောခန့် ဟားခဲ့ အော်သံတွေကလည်း ပြင်းထန်သောအရှိန်ထဲ ဝေါခနဲ အတူမျောလွင့် ပါလာ၏။

သူမက သံတိုင်ကို လက်တစ်ဖက်နှင့် တင်းတင်းဆုပ်ကိုင်ထားပြီး ကျန်တစ်ဖက်က ထိုင်ခုံအနားစွန်းကို ကိုင်ထားတာက ကျားကုတ်ကျားခဲ သူမဖြစ်နေပုံကို တိုက် ဒီအတိုင်း ကြည့်မနေနိုင်တော့။ သူမနောက် ကျောမှ သံတိုင်ကို လက်တစ်ဖက်ဖြင့် လှမ်းကိုင်ပေးတော့ သူ့ပေါ်ခေါင်း လေးကျလာ၍ သူမက သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သလို သူ့အလိုလို တိုက်ရင်ခွင်ထဲ ရောက်လာသည်။ ရဟတ်ကြီး အမြင့်ဆုံးအချိန် ရောက် သွားချိန်မှာတော့ ယာယာ ကြောက်လွန်း၍ သူ့ရင်ခွင်ထဲ သူမ မျက်နှာ လေးကို မှောက်အပ်မိလျက်သား ဖြစ်သွား၏။

"မျက်လုံးမှိတ်ထားလိုက်"

ယာယာ သူ့စကားအတိုင်း မျက်လုံးမှိတ်ပြီး သူ့ရင်ခွင်မှာ ငြိမ်နေ လိုက်တော့ တစ်ခဏလေးမှာတင် လုံခြုံနွေးထွေးသွားတဲ့အဖြစ်နှင့်





သူ့ရင်ဘတ်ကို နမ်းနေသည့် အနေအထား ဖြစ်သွား၏။ ယာယာမှာ ကြောက်စိတ်၊ တုန်လှုပ်စိတ်တွေ ဘာမှမဖြစ်ပေမဲ့ တိုက်ကတော့ ထူးထူး ခြားခြား မရိုးသားဆန်းပြားသော ရင်ခုန်သံများ ရုတ်တရက် သူ့ရင်ဘတ် တစ်ခုလုံး ပြင်းထန်စွာ ထိုးနှောက်မွှေနှောက်လျက် ရှိသည်။

ရဟတ်ကြီး ဘယ်နှပတ်လည်၍ ဘယ်နှကြိမ် မြင့်လိုက် နိမ့်လိုက် ဖြစ်နေလဲ ယာယာ မသိ။ ရဟတ်အရှိန်ထက်ပြင်းသော မြင့်ခြင်း၊ နိမ့်ခြင်း ရင်ခုန်သံများကြောင့် လောကကြီးကိုရော၊ ပတ်ဝန်းကျင်တစ်ခုလုံး ကိုပါ မေ့သွားသည့်လူက တိုက်။ သက်လယ်နှင့်တုန်းကလည်း ဒီလို ခံစားချက်မျိုး မဖြစ်ဘူးတာ လုံးဝသေချာသည်။ သူ့ချစ်သူ မဟုတ်သည့် သူမနှင့်ကျမှ သူ့ရင်ခုန်သံတွေ ဘာဖြစ်လို့ဒီလောက် အခုန်မြန်နေရတာလဲ ဆိုတာ သူ့ကိုယ်သူလည်း မသိတော့။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ရှင်တို့ ကျွန်မကို မနှောင့်ယှက်နဲ့နော်၊ ကျွန်မနားက
ထွက်သွား"

"သွားစေချင်ရင် အချစ်လေးပါ လိုက်ခဲ့"

"ကြည့်စမ်း… နင်တို့ ငါ့ကို ဘာထင်နေလဲ"

"သိပ်လှတယ်လို့ ထင်တယ်"

"ဟား… ဟား"

ယာယာ ဒေါသတွေ ဆူဝေစွာ ပေါက်ကွဲသွားချိန်မှာ သူ့
ရောက်နေသည့် လူသုံးယောက်က ယာယာ့ကို စားမတတ် ဝါးမ
ကြည့်နေပုံက ရွံစရာ။

"တို့က မင်းလေးကို ကူညီချင်လို့ပါကွာ၊ မင်းဘော်ဒီစထ
ချာလည်း မိုက်တယ်၊ မျက်နှာလေးကလည်း ချစ်စရာလေး၊ အသံ
လိုက်တော့ ရင်ထဲငြိသွားလို့၊ လုပ်ပါ ပျော်ကြရအောင်"

"ဘာပြောတယ်"

အစိပ္ပာယ်ကို လုံးစေ့ပတ်စေ့ နားမလည်ပေမဲ့ ဒါကောင်း
စကားတွေ မဟုတ်မှန်း ယာယာ သိသည်။ ရဟတ်ပေါ်က ဆင်းဆင်း





ခေါင်းတွေမူးကာ ဒူးတွေတုန်သည်။ ရင်တလှပ်လှပ် ခုန်နေသည်။
တိုက် ခေါ်တုန်းက လိုက်မသွားခဲ့မိတာ အခုမှ မှားမှန်းသိလိုက်ပေမယ့်
နောက်ကျသွားပါပြီ။

"ကိုယ် ရေသွားဝယ်တာက ဟုတ်ပြီ၊ မင်းပါ ကိုယ်နဲ့လိုက်ခဲ့၊
ခင်းကို ထားခဲ့ဖို့ မဖြစ်ဘူးထင်တယ်"

"ဖြစ်ပါတယ်၊ လူတွေအများကြီးပဲဟာ"

တိုက် ပြောတာကို ဝေဒနာအခံနှင့် ခေါင်းခါငြင်းဆန်သူက
သူမပဲဖြစ်၏။

"သွားပါ၊ ယာယာ့ကိုယ်ယာယာ ထိန်းနိုင်ပါတယ်၊ ကလေးမှ
မဟုတ်တာ၊ ရေသာဝယ်ခဲ့"

"ဒါဆိုလည်း ခဏလေးထိုင်နေ၊ ကိုယ် အခုချက်ချင်း ရေ
ဝယ်ပြီးတာနဲ့ ပြန်လာခဲ့မယ်"

"အင်းပါ၊ သွားမှာသာသွား"

တိုက်က ယာယာ့ကို စိတ်မချဘဲ ထားသွားခဲ့တာ ယာယာ
သိသည်။

တိုက် အရိပ်ပျောက်သွားတာနှင့် ယာယာ့နားကို ဒီကောင်တွေ
ဝိုင်းဖွဲ့လာတာက သားကောင်ကိုတွေ့သည့် မြေခွေးအုပ်အတိုင်း ဖြစ်
သည်။ ယာယာ့ပတ်ဝန်းကျင်မှာ လူတွေရှိသည်ဆိုပေမယ့် ပွဲဈေးတို့
အထာအတိုင်း တဟေးဟေး တဟားဟား အော်သံတွေ၊ အပြိုင်ဖွင့်
ထားသော ဆောင်းဘောက်(စ်)မှ ထွက်လာသည့် သီချင်းသံ ဆူဆူတွေ
ကြားထဲမှာ ယာယာ အော်ဟစ် အကူအညီတောင်းချင်စိတ်
သည်ချောင်းထဲမှာတင် ပျောက်ကွယ်သွား၏။ ယာယာက လူအကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲ လည်ပင်းရှည်ကာ တိုက် ပြန်အလာကို မျှော်ကြည့်သည်။

"လာပါကွာ၊ ကိုယ်တို့နဲ့သာ လိုက်ခဲ့၊ မင်း ပျော်ရစေမယ်"

"ရှင်တို့ သွားဆိုနော်"

"ကျွန်မရှေ့က အခု ဖယ်ပေးပါ၊ ကျွန်မမှာ အဖော်ပါတယ်"

သူမကို အမဲဖျက်မယ့် မျက်လုံးတွေနှင့် ရှူးရှူးဝါးဝါး ကြည့်နေသော လူတွေကိုကြည့်ရင်း ယာယာ မုန်းနေတာတွေ၊ ရင်ခုန်တာတွေ၊ ကြောက်စရာနှင့်တွေ့တော့ ခံစားရတဲ့ ဝေဒနာတွေပါ ပျောက်ခြင်းမဲ့ ပျောက်သွားတာကလည်း အံ့ဩစရာ။ တိုက်ဆိုသည့် ကယ်တင်ရှင် မင်းသားကို မျှော်နေသော်လည်း ယာယာ မြင်ချင်သည့် သူ့မျက်နှာ လူကြားထဲက ပေါ်မလာတော့ ယာယာ့စိတ်ထဲ အားငယ်ခြင်း၊ ဝမ်းနည်းခြင်းတွေ ပြည့်သိပ်လာ၏။ ဒီပုံအတိုင်းဆို ယာယာ့ကို ဝိုင်းထား ထားသည့် လူကြားထဲက ဘယ်လို ထိုးထွက်ရမလဲ။ ယာယာ့ရှေ့ လူသုံးယောက်က ပခုံးထိလုမတတ် ယာယာ့ကို လမ်းပိတ်ထား

"ဟိတ်"

"ဘယ်လိုလဲ"

"ကိုယ်တို့ကို ဒီလို ထွက်သွားလို့မရဘူးလေ၊ တကယ် တကယ် တောင်းဆိုတာ၊ ကျန်တာတွေ မလိုက်လျောရင်တောင်—"

"ဟော့… ချစ်"

"ဟော… တိုက် လာပြီ"

တိုက်ခေါ်သံက ယာယာ့အမည်မဟုတ်ပေမဲ့ သူ့ကိုမြင်လိုက် အခါ ယာယာ့ကို ရည်ရွယ်မှန်း သိသည်။ တိုက်က ရေဘူး အချိုရည်ဘူးတွေ ထည့်ထားသောအိတ်ကို လက်တစ်ဖက်ကဆွဲ





ယာယာ့ရှေ့မှ ပိတ်ရပ်နေသော လူသုံးယောက်ကို တွန်းတိုက်ကျော်ဖြတ် ရောက်လာပုံက ဘာကိုမှ ဂရုမစိုက်ဟန် ဖြစ်သည်။ ပြီးတော့ ယောင်တိယောင်တောင်ရပ်နေသော ယာယာ့ပခုံးလေးကို ဆွဲဖက်ပြီး အိတ်ထဲမှာ အသင့်ဖောက်ယူလာသည့် ရေဘူးနှင့် ပိုက်ကို ယာယာ့ နှုတ်ခမ်းနား တေ့ကပ်ပေးသည်။

"ချစ်… ရေသောက်ချင်တယ်ဆို၊ ဒီမှာ ရလာပြီ၊ သောက်လိုက်ဦး"

"ကဲ… ပြီးရင် လာ သွားကြရအောင်၊ ကိုယ်တို့ကို ဟိုကောင် အုပ်စု စောင့်နေကြပြီ"

တိုက်က ဘယ်သူတွေကို ပြောမှန်းမသိဘဲ ယာယာ့ကို ဖက်ထား ပြီး ထိုလူတွေရှေ့က ဆွဲထုတ်သွားသည်။ ထို့နောက် ပွဲဈေးတန်းရှိ ကြိတ်ကြိတ်တိုးနေသော လူတန်းကြီးထဲ စီးမျောရင်းက ယာယာ့ ခါးလေးကို တင်းနေအောင် တစ်ချက်သိမ်းဖက်ရင်း တိုက်က နောက် သို့ ခပ်ငုံ့ငုံ့ကြည့်သည်။

"ဟိုလူတွေရော"

"ပါလာတယ်"

"ဘာမှမကြောက်နဲ့၊ ခပ်တည်တည်နဲ့ ဟန်မပျက်နေနော်၊ ရေဘူး ဖောက်ထားပြီး ပိုက်တပ်ထားပြီးသား သောက်လိုက်"

"အခု ယာယာတို့ ဘာဆက်လုပ်ကြမလဲဟင်"

"ဘာမှမလုပ်နဲ့ ကိုယ်နဲ့သာလိုက်ခဲ့"

တိုက်ပြောသည့်အတိုင်း သူ့အမိန့်ကို နာခံရင်း ယာယာတို့ တရွေ့ရွေ့ လျှောက်လာတာ လူတန်းကြီးနှင့်အတူ ဖြစ်သည်။ လူချင်းကပ်မှု ကြောင့် လက်ချင်းမြဲမြဲတွဲပြီး လူတိုးတိုင်း တိုက်ရင်ခွင်ထဲ ယာယာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလိုက်၊ သူ့ကျောနှင့် ကာပေးလိုက်နှင့် ဟိုလူတွေအမြင် ... ချစ်သူနှစ်ယောက်ပုံ အပီဖမ်းလာတာ ပွဲခင်းတစ်လျှောက်လုံး ဖြစ်သည် ... ပွဲဈေးတန်းလွန်မှ ကားငှားပြီး ကားပေါ်ထိုင်မိမှ ယာယာရော တိုက် ... စိတ်ဒုံးဒုံးချနိုင်ကြ၏။

"ဆောရီးနော်"

တိုက်က ရုတ်တရက်ကြီး ယာယာ့ဘက်လှည့်ကာ အဆက်အ ... မဲ့ တောင်းပန်စကား ဆိုလိုက်၍ ယာယာ အံ့သြသွား၏။

"ဘာကိုလဲဟင်"

"ဟို... ကိုယ်တို့နှစ်ယောက်"

တိုက်စကားက ထိုနေရာမှာ ရပ်သွားသည်။

သူမကို ပခုံးဖက်ခြင်း၊ လက်ကိုင်ခြင်း၊ တကယ့်ချစ်သူ ... ယောက်လို ပြုမူခဲ့တာ နှုတ်ပိတ်ထားလိုက်၏။

"ဟိုကောင်တွေရှိတော့ မင်းနဲ့သက်ဆိုင်တဲ့ ဒီဇိုင်းဖမ်းလို့ ... တာကို ပြောတာ၊ ဗလိုင်းကြီး ဝင်ချဲလည်း အများနဲ့ တစ်ယော ... ဆိုတော့..."

"သိပါတယ်၊ ဘယ်သူက ရှင့်ကို မကျေနပ်ဘူးပြော ... တောင်းပန်နေရတာလဲ၊ ယာယာ့အတွက်က နိုးပရော်ဘလမ်၊ ... အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး အထူးအပါး နားလည်တဲ့ ... သမီးပျိုပါနော်၊ ရှင် ကူညီပေးတာကိုတောင် ယာယာက ကျေးဇူး ... နေရတယ်"

ယာယာက မျက်ခုံးလေးပင့်ပြီး နှုတ်ခမ်းထောင့်စွန်းတွေ ... တက်အောင် ချစ်စရာကောင်းအောင် ပြုံးပြီးပြောတော့ မတိုင် ...

... တွ ရယ်မိသွားသည်။ ထို့နောက် ယာယာကပဲ ဦးအောင် လက်တစ် ... က်ကမ်းပေးသည်။

"ဖြူမာယာသန့်ပါ"

"ကိုယ့်ကိုယ်ကို မိတ်ဆက်တာလား"

"ဟုတ်တယ်၊ အခုချိန်ကစပြီး ရှင့်ကို ယာယာ မိတ်ဆွေအဖြစ် ... က်ခံလိုက်ပြီ"

"ဟိုစာထဲက ကိစ္စကို မကြောက်ရင်ပေါ့"

"မကြောက်ပါဘူး၊ မင်းနဲ့ မိတ်ဆွေဖြစ်ရတာ ကိုယ်ကျေနပ် ... ပါတယ်"

"သင့်ခ်ယူးနော်၊ နောက်မှ ယာယာ့ကို အပြစ်မတင်ကြေး"

"အဲဒီလို လူစားထဲမှာ ကိုယ်မပါဘူး ဖြူမာယာသန့်"

"ဒါဆိုလည်းပြီးရော၊ ယာယာ့မိတ်ဆွေသစ်ကို ဝမ်းသာစွာ ကြိုဆို ... ပါတယ်ရှင်"

"ဒါဆို အိမ်ပြန်ကြမယ်"

"အဲမယ်"

အမုန်းမပါသော မျက်စောင်းက တိုက်ရင်ဘတ်ထဲအထိ တိုက်ရိုက် ... ဆင်သွားသည်။

"မိတ်ဆွေတို့ ဝတ္တရားရှိသည့်အတိုင်း မင်း ကိုယ့် စကားကို ... ဆောင်ပါ"

"အိုခေ"

မိတ်ဆက်ရင်း လက်ဆွဲနှုတ်ဆက်ခြင်းအဖြစ်သို့ ရောက်လေ၏။ ... တော သူ့လက်ကို အကြာကြီးဆွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘော်ဒါတွေ ဖြစ်သွားပြီနော်၊ အခက်အခဲရှိရင် ကူညီကြေ
ယာယာ ပူဆာရင် မငြင်းကြေး၊ ပြီးတော့..."

"ဖြည်းဖြည်း စဉ်းစားပြီးပြော၊ မင်းရဲ့ တစ်ဖက်သတ် အခွင့်အရေ
တွေ မေ့ကျန်ခဲ့ရင် မင်း သိပ်နစ်နာနေဦးမယ်"

တိုက်က ယာယာ့ကို ရွှံ့ပြီးပြောပေမယ့် သူ့ရင်ထဲမှာ ထူးခြား
ကြည်နူးတာက ကိုယ်တိုင် ခံစားသိသည်။ လက်ဆွဲနှုတ်ဆက်သော
လက်တစ်စုံသည် သူ ရှန်းနိုး၊ ငါလွှတ်နိုးနှင့် အကြာကြီး တည်တံ့နေပြီ
သူမကပင် စတင်ရုန်းထွက်သွားတော့လည်း ရင်ထဲ လှိုက်ခနဲ ဟာသွ
တာ ဘာကြောင့်များပါလိမ့်။ ယာယာကတော့ သူ ဘာခံစားနေ
မသိ။ ဘေးတိုက် ခိုးငေးနေသော သူ့အကြည့်တွေလည်း မသိ
ကားပြတင်းက အပြင်ကို ငေးနေ၍ သူ သက်ပြင်းချလိုက်သည်။ သူ
သက်လယ်ဆိုသည့် ချစ်သူတစ်ယောက်လုံး ရှိသေးတာ ပြန်တွေးမိသေ
ရင်ထဲ မောသွား၏။

"ပွဲဈေးသာ ရောက်တယ်၊ ရေမုန့်တို့၊ ထမနဲတို့တောင် မ
ခဲ့ရဘူး"

ယာယာ့ထံမှ စကားသံလေးကြောင့် တိုက် ပြုံးလိုက်သည်

သူမပြောပုံက တောင့်တောင့်တတ။ တိုက်မှာသာ စိမ်းသက်သေ
ရင်ခုန်သံတွေကို ခွဲခြမ်းစိတ်ဖြာပြီး သူမကို ငေးမ၀၊ ကြည့်မ၀ဖြစ်ရ
သူမကတော့ စားမယ်၊ သွားမယ်စိတ်နဲ့ ကမ္ဘာတစ်ပတ် အနံ့လည်နေ
ဒီကလေးမ အချစ်ဆိုတာရော သိမှသိရဲ့လား မသိ။



## အခန်း (၂၂)

"ဟ... ဒါတွေက ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူ့အတွက်လဲ၊
က်လယ်အတွက်လား"

"သူနဲ့ ဘာမှမဆိုင်ဘူး"

"မင်း အဲဒီလိုမုန့်တွေ ကြိုက်တတ်တယ်ဆိုတာ ငါတောင် မသိဘူး
ကြိုက်"

ဖက်တီးက တိုက် ဝယ်လာပြီး သူ့ကားဒက်(ရှ်)ဘုတ်ပေါ် လှမ်းတင်
ဆီတရွှဲရွှဲနဲ့ ရေမုန့်တွေ၊ ထမနဲထုပ်တွေနှင့် အုန်းသီးတွေ၊ ကြက်ဥ
နဲ့ လုပ်ထားသော မုန့်တွေကိုကြည့်ပြီး တိုက်ကို တအံ့တသြ
ခြင်း ဖြစ်သည်။

တစ်သက်လုံး လည်ပင်းဖက်ပေါင်းလာတာ ကြာပါပြီ။ တိုက်
ဒီမုန့်တွေဝယ်တာ မတွေ့ဘူးသလို စားတာလည်း မမြင်ဘူး၍
စိတ်ထဲ အတော် ထူးခြားဆန်းပြားနေတာလည်း အမှန်ဖြစ်သည်။

"ငါ တကယ်ပြောနေတာ တိုက်၊ မင်း ဒါတွေကို ဘယ်အချိန်က



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သွားတာလဲ"

"ဟ... လူပဲကွ၊ ငယ်ငယ်တုန်းက မကြိုက်ပေမဲ့ အခုကြိုက်သွ
တာမျိုးရှိတယ်၊ တစ်ခါတစ်ရံကျတော့လည်း"

တိုက်က စကားကို မဆက်ဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်
ကားစက်နိုးရင်း ပွဲဈေးတန်းနှင့် ဆန့်ကျင်ရာဘက်ဆီ မောင်းထွက်လ
ဖက်တီးက တိုက်ကို ထူးဆန်းသောသတ္တဝါလို ကြည့်ကာ သူသူငယ်ချင်
အပြောင်းအလဲကို လိုက်မမီဖြစ်နေ၏။

"ကိုယ်မကြိုက်ပေမယ့် ကိုယ်ကြိုက်တဲ့ တစ်ယောက်က ကြို
လိုက်ကြိုက်သွားတာမျိုးလည်း ရှိတယ်ကွ"

"သက်လယ်က အကြိုက်ပြောင်းသွားတယ်ဆိုတဲ့ သဘောလ

"သွားစမ်းပါ၊ မင်းစကားပြောရင် သူ့နာမည်မပါဘဲ မပြော
ဘူးလား"

"မင်းရည်းစားက သူဆိုတော့..."

"ဟော့ကောင်... တော်တော့"

တိုက်က ဒေါသနှင့်ထအော်တော့ ဖက်တီးက စိတ်ရှုပ်ထွေး
ခေါင်းကို စုံကုတ်ပြီး တိုက်ကို နားမလည်သလို စွေစောင်းကြည့်
"သက်လယ်အကြောင်း ပြောတာနဲ့ မင်းက ဘာဖြစ်
တိုက်"

"သူနဲ့ငါ ဇာတ်လမ်းက ပြတ်ပြီ ဖက်တီး"

"မင်းဘက်ကလား၊ သူ့ဘက်ကလား"

"ငါ့ဘက်ကကွာ၊ ငါ့ဘက်က၊ ကဲ ကျေနပ်ပြီလား"

တိုက်က ဒေါသနှင့်ပြောရင်း သက်လယ်မျက်နှာကို





ငြင်ယောင်မိချိန်မှာပဲ သူ့ဖုန်းက အသံမြည်လာတာနှင့် ကြည့်လိုက်တော့
ကိုက်ဆိုင်စွာ သက်လယ်ဖုန်း ဖြစ်နေ၏။

"ဟဲလို"

"မောင်... ဘယ်အချိန်အားလဲဟင်၊ သက်လယ် မောင်နဲ့
တွေ့ချင်လို့"

"ဘာကိစ္စလဲ"

"မောင့်စကားကလည်း သူစိမ်းဆန်လိုက်တာ၊ ချစ်သူတွေကြားမှာ
ဘာကိစ္စ၊ ညာကိစ္စဆိုတာ ရှိသေးလို့လား"

"သက်လယ် မောင့်ကိုလွမ်းလို့၊ ကဲ... သိပြီလား"

"လွမ်းလို့... ဟုတ်လား"

သက်လယ်စကားကို ထက်တူလိုက်ရေရွတ်တော့ သက်လယ်က
ယ်သည်။

"မောင့်အသံကလည်း သက်လယ်စကားကို မယုံသလိုပဲ၊
ဘာလဲ မောင်က သက်လယ်ကို မချစ်တော့ဘူးလား"

ထိုစကားကို တိုက် ဘယ်လိုဖြေရမှန်းမသိ။ သူ့စိတ်ထဲက ရှိသည့်
အတိုင်း ဖြေရလျှင် သက်လယ်ကို သူ စိတ်ကုန်စိတ်ပျက်နေတာ ကြာ
ပြီ။ အစကတည်းက မချစ်ရ မနေနိုင်၍ သက်လယ်ကို ချစ်ခဲ့ရသူ
ည်း မဟုတ်။

သက်လယ်က သူ့အနုပညာလုပ်ငန်းကို အအောင်မြင်ဆုံး ဖြစ်ချင်
ည့် စိတ်ဆန္ဒပြင်းပြနေသူပီပီ သူမဘ၀ တက်လမ်းအတွက်ဆို ဘာပဲ
ခိုင်းရ လုပ်ရ မျက်ကန်းတစ္ဆေမကြောက်ဖြစ်နေ၍ တိုက်နှင့် သက်လယ်
ကြားမှာ သဘောထားကွဲလွဲမှုတွေ တစ်ခုပြီးတစ်ခု ဖြစ်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အထိပါ။ တိုက်စကားကို သက်လယ်က လုံးဝ နားမထောင် သူ့ထင်ရာလုပ်ပြီးမှ တိုက်ကို ဆင်ခြေအမျိုးမျိုးပေးတတ်သူ။ သဘော ထားခြင်း မတူတော့ အမြင်တွေ ခံယူချက်တွေကလည်း ဘာတစ်ခု မတူ။

"မောင်"

"ပြောပါ"

"မောင့်အသံကြီးကလည်း ဘယ်လိုဖြစ်နေတာလဲ၊ သက်လယ် ဖုန်းမပြောချင်လည်း ဖုန်းချလိုက်တော့မယ်"

"သဘောပဲ"

"ဒါဆိုလည်းပြီးရော"

သက်လယ်က စိတ်ဆိုးပြီး ဖုန်းပိတ်သွားပေမယ့် တိုက်ရင်ထဲ ဘာမှ မခံစားရတာလည်း ထူးဆန်းသည်။

"သက်လယ် မင်းကို စိတ်ကောက်သွားပြီလား"

"ဒါမျိုးတွေက ရိုးနေပါပြီ"

တိုက်မျက်နှာကို ဖက်တီးက စိတ်မသက်သာသလို တစ်ချက် ကြည့်ပြီး ခေါင်းခါသည်။

"ဒီပုံအတိုင်းဆို မင်းနဲ့သက်လယ်ကိစ္စ သိပ်မလွယ်ဘူးထင်တယ်"

"ငါကလည်း လွယ်တယ်လို့ တစ်ခါမှ မပြောပါဘူး၊ အားလုံး သူ့စိတ်သူ့သဘောအတိုင်း လုပ်နေတာကြာပြီပဲ"

ကားထဲမှာ နောက်ထပ်ပြောစရာစကား မရှိအောင်တိတ်သွားသည်။

◈



## အခန်း (၂၃)

"ဝယ်လာတာ သေချာလို့လား"

"ရော်… ခက်ပြီ"

ဖုန်းထဲမှတစ်ဆင့် ကြားရသော တိုက်ရယ်သံက တိုးရှရှလေးမှာ ကြည်လင်သာယာခြင်းတွေ အဖျားစွတ်ထားတာမို့ ယာယာ့နားထဲမှာ နားထောင်လို့ တကယ်ကောင်းပါသည်။ စ၍ အသိအကျွမ်းဖြစ်သော နေ့မှာပဲ ဖုန်းနံပါတ်ချင်းဖလှယ်၍ သူ ဘယ်အချိန်ဆက်လေမလဲလို့ မျှော်ရတာနဲ့တင် ယာယာမှာ ရေချိုးခန်းဝင်ရင်လည်း စိတ်မဖြောင့်။ အိမ်သာဝင်ရင်လည်း မြန်မြန်ဆန်ဆန် ပြန်ထွက်လာရကာ လူက တစ်နေကုန် တစ်နေခန်း ဖုန်းစောင့်နတ် ဖြစ်နေသည်။ ယာယာ့စိတ်ထဲမှာ တိုက်နဲ့ပတ်သက်ပြီး သူနဲ့ယာယာက သူစိမ်းဆန်မနေတော့တာ သေချာ ပါသည်။ ယာယာနဲ့သူ အတိုင်းအတာတစ်ခုအထိ ရင်းနှီးကျွမ်းဝင်နေ သလို ခံစားရပေမယ့် မိန်းကလေးတန်မဲ့ ယာယာစပြီး သူ့ကိုအရင် ဖုန်းမခေါ်ချင်။ ထို့ကြောင့် မျှော်နေသည့် အချိန်တော့မဆက်ဘဲ မမျှော် တော့မှ သူ့ဖုန်းဝင်လာတော့လည်း စကားပြောရန်သက်သက် မေ့တတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ဖြူမာယာသန့်"

"ဟုတ်ကဲ့"

"ကိုယ်ပါ"

"မင်း မနေ့က စားချင်တယ်လို့ပြောတဲ့မုန့်တွေ အားလုံးဝယ်ထား တယ်၊ လာထွက်ယူ"

"ရှင်"

"ယာယာက ဘယ်ကို လာယူရမှာလဲဟင်"

"ပြီးတော့ ယာယာ စားချင်တယ်ဆိုတဲ့ မုန့်က ဘာမုန့်လဲ"

ယာယာက သူမပြောသည့်စကားကို မမှတ်မိဘဲ ပြန်မေးခွန်း ထုတ်တာကို သူက အကြာကြီး ရယ်နေသည်။

"ကိုယ်ဘာပြောခဲ့လဲဆိုတာ မင်း မသိဘူးလား၊ မင်းစားချင်တယ် ဆိုလို့ ကိုယ် တကူးတက သွားဝယ်ထားတာနော်၊ ဘယ်လိုလဲ မှတ်မိ ပြီလား"

"အင်း မှတ်မိပြီ"

"ဒါဖြင့် ထွက်လာခဲ့တော့"

သူ့အသံထဲမှာ မျှော်လင့်ခြင်းတွေကို ရင်ဘတ်နှင့်ခံစားရပေမယ့် ယာယာ့အဖြစ်က စိတ်သွားတိုင်း ကိုယ်မပါနိုင်တာ ယာယာ သိသည်။

"ယာယာ ထွက်လာလို့မရဘူး"

"ဘာဖြစ်လို့လဲ၊ မနေ့က အိမ်ပြန်နောက်ကျလို့ အဆူခံထားရလို့ လား"

"အဲဒီထက်ဆိုးတယ်"





"ဘယ်လို"

"မင်းကို သူတို့က ရိုက်နှက်တဲ့အထိ"

"နိုး… တိုက် ထင်သလို မဟုတ်ပါဘူး"

ချက်ချင်း စိုးရိမ်တကြီးဖြစ်သွားတဲ့ သူ့မှုပင်မှုများထဲမှာ ယာယာက ပျော်မွေ့ချင်ပြန်ပါသည်။

"ယာယာ့ကို သူတို့က အပြင်ပေးမထွက်ဘူး"

"အဆူခံထားရတာ မဟုတ်ဘူး၊ အချုပ်ခံထားရတာ"

"အခု ကိုယ် ဘာလုပ်ရမလဲ"

"ခဏစောင့်"

ပြောပြီး ယာယာက သူမအခန်းတံခါးကို အသာလေးဖွင့်ချောင်းတော့ အပေါ်ထပ် ဧည့်ခန်းအလယ်မှာ အက်ရှင်ကားတစ်ကားကို စိတ်ဝင် တစားကြည့်ရင်း ယာယာ့ကို ကင်းစောင့်နေသည့် စွမ်းနှင့်မောင်မြတ်ကို တွေ့ရသည်။ သူတို့နှစ်ယောက်လက်က လွတ်အောင် ဘယ်လိုလုပ်ရပါ့ မလဲဟု အပြေးအလွှား အကြံထုတ်ပေမယ့် ရုတ်တရက် ယာယာ့ခေါင်းထဲ ဘာအကြံမှ ထွက်မလာ။ ဟိုတစ်နေ့က အဖြစ်ထဲမှာ ယာယာ့ဘက်က လွန်သွားတာတွေလည်း အများကြီးပါသည်။ သူတို့နှစ်ယောက်ရှိနေရက်နဲ့ ယာယာပျောက်သွားသည်ဆိုတော့ သူတို့အပြစ်က သူတို့အပေါ် လုံးလုံး ကျသွားကာ ယာယာမပါဘဲ အိမ်မပြန်ရဲတော့ဘဲ ဖြစ်သွားကြသည်။ နှစ်ယောက်စလုံး လူရှေ့ရောစိတ်ပါ တော်တော် ဒုက္ခရောက်သွားကြ၏။

"ကလေးက တော်တော်နဲ့ ပြန်မလာတော့ သူတို့စိတ်ပူတာ ဆန်းပါဘူးကွယ်၊ သူတို့နဲ့အတူတူ ထွက်သွားပြီးမှ ကလေးက ပျောက် သွားတာဆိုတော့ သူတို့ အပြစ်မကင်းဘူးဆိုပြီး ပိုစိုးရိမ်တာနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘုံဘုံက သင်းတို့ဘက်တော်သားအဖြစ် ကာကွယ် ပြောပေးသည်။ ယာယာလည်း သူတို့ စိုးရိမ်တာကို နားလည်ပေမဲ့ လူတိုင်းလိုတာထက် ပိုချုပ်ချယ်တာမျိုးတော့ မခံနိုင်။

"ဘုံဘုံပြောသလို ယာယာ့ကို သူတို့စိုးရိမ်တာက စိုးရိမ်တာပေါ့ ဒါပေမဲ့ ယာယာက သူတို့ရဲ့ လက်အောက်ငယ်သား မဟုတ်ဘူး အပြင်မထွက်ရဆိုပြီး အမိန့်ထုတ်စရာလား"

"ပါပါးပြန်လာရင် သူတို့ကို အလုပ်ထုတ်ပစ်လိုက်လို့"

"အိုကွယ်… မဟုတ်တာ"

"ဟုတ်ကို ဟုတ်ပါတယ်ဆို ဘုံဘုံကလဲ"

ယာယာ ဒေါသထွက်နေသမျှ ဒေါ်အေးဘုံက ကျောလေး သပ်ပေးလိုက်၊ ဆံပင်လေးသပ်ပေးလိုက်နှင့် နှစ်သိမ့်ရှာသာ ရှိသည်။

"စိတ်ကို လျှော့ပါ ကလေးရယ်၊ အားလုံးက ကလေးကောင်းဖို့ အတွက် လုပ်နေကြတာပါ၊ အမိန့်ရယ်တော့ မဟုတ်ပါဘူး ကလေးရယ် ဆရာကြီးကလည်း ကလေးကို ကာကွယ်ဖို့ သူတို့ကို အာဏာကုန် လွှဲထားတော့လည်း…"

"ပါပါး ဒီတစ်ခေါက် ဖုန်းဆက်ရင် သမီးနဲ့ပြောမှကို ဖြစ်တော့မှာ အန္တရာယ်ကို ကာကွယ်ဖို့ဆိုပြီး ဘာမဟုတ်တဲ့သူကို ရန်ရှာနေတာလေ ဘုံဘုံ သိသလား… ပြော"

ဘတ်(စ်)ကားပေါ်က ဖြစ်ကြောင်းကုန်စင် ဇာတ်စုံခင်းပြရာ ဒေါ်အေးဘုံက မျက်လုံးမျက်ဆန်တွေ ပြူးပြူးပြဲပြဲ ဖြစ်ကုန်၏။

"အို အဲဒီလောက်တောင် ဖြစ်တာလား"

"ဟုတ်တယ် ဘုံဘုံရဲ့၊ ယာယာစိတ်ပျက်တာ အဲဒါသိလား"





"သူတို့က ဒါမျိုးကြတော့ ဘုံဘုံကို ပြန်မပြောဘူး"

"သူတို့ အဲဒီလိုလုပ်တာ မှန်းလို့ ယာယာ လက်ဆင်ပြန်ပေးတာ ဘုံဘုံရဲ့"

"ဒါလည်း ဒါပေါ့ကွယ်၊ ဒါပေမဲ့ ယာယာ့မှာက အန္တရာယ်က သည်း ရှိသေးတယ်ကွဲ့"

"သည်းခံပါ သမီးရယ်"

နောက်ဆုံး ဘုံဘုံကလည်း ယာယာ့ကို ချော့မော့သည်။

လက်ဆင်ပေးသော သူမက အခု အခွင့်အရေး ဆုံးရှုံးရတဲ့အဖြစ်။ တိုက်နှင့် ခင်မင်ခဲ့ကြောင်းကိုလည်း စွမ်းတို့ကို အသိမပေးဝံ့ပါ။ တိုက်က သူမအတွက် အန္တရာယ်ရှိ လူသားလို့ ခေါင်းစဉ်တပ်ပြီး သွေးထွက်သံယို ဖြစ်အောင် ရန်ပြုခဲ့လျှင် မလွယ်။ ယာယာက ဖုန်းကို နားမှာ ကပ် ထားရင်း တစ်ကိုယ်တည်း ခေါင်းယမ်းမိသည်။ ခုမြင် ခုတွေ့ခင်ကြ သည်။ တိုက်အကြောင်းလည်း ဘာမှမသိဘဲနှင့် သူမအတွက် အန္တရာယ် သယ်ဆောင် လာမည့်သူ မဟုတ်ဟု တစ်ဖက်သတ် ယုံကြည်သည်။ သူမကြောင့်လဲ တိုက် ထိခိုက်နာကျင်တာမျိုး မဖြစ်စေချင်တာနှင့် တိုက်ဆီ မဖြစ်မနေ သွားချင်နေသည့်စိတ်ကို ယာယာ လျှော့ချလိုက် သည်။

"တိုက်"

"ဗျာ"

"ယာယာ့အတွက် ယာယာစားချင်တဲ့မုန့်တွေ ဝယ်လာတာ ဘာကယ်ဆို တိုက်ကို ယာယာ သိပ်ကျေးဇူးတင်တယ်… သိလား၊ ဒါပေမဲ့ ယာယာ လာမယူတော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"တိုက်ဆီကို လာလို့မရလို့ပေါ့"

"မင်းပဲ ဒီမုန့်တွေ စားချင်တယ်ဆို"

"စားချင်ပေမဲ့ ထွက်လာလို့မဖြစ်"

"အိုခေ… မင်းလာလို့မဖြစ်ရင် ကိုယ် လာခဲ့မယ်"

"ဟင်"

"တိုက်"

"ပြော"

"ဟင့်အင်း… ယာယာ့ဆီကို တိုက် မလာပါနဲ့"

ယာယာ့ထံမှ စိုးရိမ်ကြီးစွာ ချက်ချင်း ပျာပျာသလဲ တိုက်၏ တောင်းပန်သံလေးက တိုက်စိတ်ကို နိုးကြွအောင် နှိုးဆော်လိုက်သ ရှိသည်။ အခက်အခဲတွေရှိမှ ကျော်ဖြတ်ချင်သည်။ အတားအဆီးေ ကြုံရမှ ပိုတွေ့ချင်လာ၏။ မလာချင်ပါနဲ့ဆိုမှ လာချင်တာ လွန်စ ထင်သည်။

"ကိုယ် အခုပဲ လာခဲ့ပြီ ယာယာ"

"တိုက်"

ယာယာ တိုက်အမည်ကို အလန့်တကြား ခေါ်ပေမယ့် ဖုန်းအဆေ အသွယ် ပြတ်တောက်သွားသည်။ ယာယာမှ ခြေဖျားတိုက်အေ ရှည်သော ညဂါဝန်ရှည်ကြီးအား လက်နှစ်ဖက်နှင့် စုံမရင်း အိပ်ခန်း ဟိုမှဒီ ပြေးလျှောက်နေတာ ဘယ်နှကြိမ်မြောက်မှန်းမသိ။ အောက်ထ လူခေါ်ဘဲ(လ်)သံကြားရမလား။ ဘယ်အချိန်မှာ စွမ်းနဲ့ မောင်မြတ် လာခေါ်မလဲဆိုတာ တွေးပြီး လက်ဖျားခြေဖျားတွေ အေးစက်စက်ရှိ





"ဒေါက်… ဒေါက်… ဒေါက်"

တံခါးခေါက်သံက သူမရဲ့ နှီးနှီးလေးမှ ထွက်ပေါ်လာ၍ ယာယာ့ ခေါင်းလေး အသံလာရာဆီသို့ ဆတ်ခနဲရောက်သွား၏။ တစ်ပြိုင်နက် မှာရင်တထိတ်ထိတ်နှင့် အသံထွက်ပေါ်လာရာ အရပ်ဖြစ်သော ဝရန်တာ ရာသို့ ယာယာ အပြေးရောက်သွား၏။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဝရန်တာ အပြင်ဘက်ဆီထွက်သော မှန်တံခါး အပြင်ဘက်က လှုရိပ်ကြောင့် ယာယာ့ရင်ထဲ ထိတ်ခနဲ ရင်ခုန်သွားသည်။ အခန်းတံခါး အထဲမှ လော့(ခ်)ချပြီးမှ မှန်တံခါးအား ဘေးသို့ ဆွဲဖွင့်ပေးလိုက်သည်။ သူမ မြင်လိုက်ရတာက တည်ကြည်ခန့်ညားမှုတွေနှင့် ချောမွေ့နေသည့် တိုက်ရဲ့မျက်နှာ။

"တိုက်"

"အစစ်ပဲ၊ ရေမရောဘူး၊ ရော့… ဒီမှာ မင်းအတွက်"

"အို…"

ယာယာမျက်နှာရှေ့သို့ တိုက် ထိုးပေးတဲ့ အိတ်ထဲက မုန့်ရနံ့တွေ ပွဲဈေးတန်းကြီး သူမရှေ့ရောက်လာသလို ခံစားရသည်။ ယာယာ မုန့်ထုပ်တွေကို ဆွဲယူလိုက်ရင်း တိုက်မျက်နှာ ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ဒီကို ဘယ်လို တက်လာတာလဲဟင်"

တိုက်က မှန်တံခါးကို သူ့ပခုံးတစ်ဖက်စွန်းနဲ့မှီကာ အပြုံးပြ ခပ်စိုက်စိုက်ကြည့်သည်။





"အတွင်းအားတွေနဲ့ ကိုယ်ဖော့ပြီး တက်လာတယ်လို့ မထင်ပါနဲ့"

"တိုက်နော်… ယာယာ သူ့အတွက် စိတ်ပူလို့မေးတာကို"

"ကိုယ်ကလည်း အမှန်အတိုင်း ဖြေနေတာပဲ"

"ဟိုမှာလေ… အဲဒီက လာတာ"

"ခရေပင်ကြီးပဲ"

ယာယာက သစ်ပင်ကို နားမလည်သလိုကြည့်ရင်း တိုက်ကို ချက်စောင်းထိုးသည်။ ပြီးတော့ သွားတွေပေါ်အောင် ရယ်နေတာက ချစ်ဖို့ကောင်းသည်။ တိုက်က မျက်တောင်မခတ် ငေးနေတာကို ယာယာ သတိမပြုမိ။ ယာယာက လှသည်။ အထူးသဖြင့် စကားပြောဆိုပြီး ဆိုလျှင် မျက်ဝန်းလေးတွေ ပြုံးပျက်လက်နေတာက ကြည်နူးရွှင်ပျသည့် အတွင်းစိတ်ကို ဖော်ပြနေသည့်နှယ်။ တိုက်က ဘယ်လိုကြည့်ကြည့်၊ ကြည့်မဝနိုင်သော ထိုမျက်နှာလေးပေါ်မှာ မျက်ဝန်းတို့ကို ရပ်တန့်အနားပေးထား၏။

"အဲဒီ ခရေပင်ကြီးကို သေချာကြည့်"

"ဒီဝရန်တာအထိ အကိုင်းကြီး ခွဲထွက်နေတာ တွေ့လား"

"ဟုတ်တယ်နော်၊ ယာယာ သတိမထားမိဘူး"

"ခရေကိုင်းက ခြံပြင်မှာလည်း အကိုင်းကြီး ကိုင်းကျနေတာကွ၊ အပြင်ဘက်ကတော့ လှေကားအကူအညီ ယူရတာပေါ့၊ အပင်ပေါ် ရောက်ပြီး ဒီဝရန်တာဆီ ကူးတာကျတော့ ထမင်းစားရေသောက်လောက် တောင် မခက်တော့ဘူး"

"ကိုယ်က ဟိုးငယ်ငယ်လေးကတည်းက သစ်ပင်ပေါ် တက်နေကြဆိုတော့ ဒီလောက်က မိုင်နာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ယာယာ လုံးဝထင်မှတ်မထားတဲ့ အဖြစ်ပဲ၊ ဘယ်သူမှလည်း တိုက်လို တွေးမယ်မထင်ဘူး"

"ယာယာ့အခန်းရှေ့မှာ ဟိုနှစ်ယောက်ရှိတယ် သိလား"

"ယာယာ့ဘော်ဒီဂတ်တွေကို ပြောတာလား"

"အင်း"

"ကိုယ်က သက်စွန့်ဆံဖျားလာရတာနော်၊ ကိုယ့်ကို ယာယာ့ အခန်းထဲ ဝင်လည်ဖို့ မဖိတ်တော့ဘူးလား"

တိုက်စကားအဆုံးမှာ ယာယာ တစ်ချက်ငြိမ်ကျသွားပြီးမှ လှ... ပြုံးသည်။

"ယာယာတို့ အပြင်ဘက် ဝရန်တာမှာပဲ စကားပြောကြမယ်လေ ဒါမှ သူတို့ မရိပ်မိမှာ"

ယာယာက သူ့ကို တွန်းထုတ်တာက သူမအခန်းထဲ မဝင်စေချင်... အသိသာကြီး။ နှစ်ယောက်စလုံး ဝရန်တာဆီ ရောက်သွားမှ ယာယာ မှန်တံခါးကို ဆွဲပိတ်တော့ လရောင်ရပေမဲ့ လင်းလင်းရှင်းရှင်း မ... လင်းတချို့ မှောင်တချို့မှာ မှောင်ရိပ်က ပိုအားကောင်းပေမဲ့ အနီး... ရပ်နေသူ ယာယာ့မျက်နှာကို အသေးစိတ်တွေ့နေရသည်။ အမှော... ထဲမှာမို့ သူမကတော့ သူ့မျက်ဝန်းတွေကို အမှတ်တမဲ့ပဲ ဖြစ်နေ...

"မုန့်တွေအတွက်ရော၊ တကူးတက လာပို့ပေးတဲ့အတွက်... ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ပြန်တော့နော်၊ တော်ကြာ အိမ်ထဲ... တစ်ယောက်ယောက် တွေ့သွားရင် မကောင်းဘူးလေ"

"ဦးလင်းသန့်ရှိရင် မိတ်ဆက်လိုက်ရုံပါပဲ၊ ကိုယ်တို့ ကုမ္ပဏီ... နှစ်ခါလောက် လက်တွဲ အလုပ် လုပ်ဖူးတယ်၊ ဦးလင်းသန့်က သ...





...ကောင်းပါတယ်"

"ပါပါး တွေ့သွားမှာစိုးလို့ ပြောနေတာ မဟုတ်ဘူး၊ ပါပါး ...လည်း မရှိဘူး"

"ဒါဖြင့် မင်း အထိန်းတော် အန်တီကြီး တွေ့မှာစိုးလို့လား"

"ဘုံဘုံ တွေ့သွားလည်း ပြဿနာမရှိပါဘူး၊ ပြဿနာရှိတာက ...နှစ်ကောင်"

အမှောင်ထဲမှာ တိုက် မျက်ခုံးတွေ ဆတ်ခနဲ စုကျုံ့သွားတာ ...ယာ မြင်လိုက်သည်။ သူ့မျက်နှာက အလိုမကျသလို သုန်သုန်မှုန်မှုန် ...သွားသည်။

"သူတို့ကို ကြောက်နေရတာ အထာတော့ မကျဘူးနော်၊ မင်း ...က မင်းကို ကာကွယ်ဖို့ ငှားထားတာက လိုအပ်ရင် ကာကွယ် ...သေး၊ သူတို့ကို ကြောက်ဖို့မှ မဟုတ်တာ"

"ဒါတော့ဒါပေါ့ တိုက်ရယ်၊ ဒါပေမဲ့ စွမ်းက သွေးဆိုးတယ်၊ ...ခုခုဆို ဘာဘာညာညာ စဉ်းစားတာ မဟုတ်ဘူး၊ လက်က အရင် ...ချင်ရော၊ ယာယာနဲ့ပတ်သက်ပြီးမှ တိုက် အနာတရဖြစ်မှာလည်း ...တယ်၊ ပြီးတော့"

တိုက်ကိုပြောရင်း ယာယာ့မျက်ဝန်းထဲ သူ့ကို ငြိမ်းချောက်နေသည့် ...ရောင်စာအိတ်ကို ပြေးမြင်ယောင်မိတော့ ယာယာ့မျက်နှာက သွေးဆုတ် ...ကာ ဖျော့တော့သောအသွင် ဖြစ်သွားသည်။

"ယာယာတို့ ခင်မိတာ မှားပြီနဲ့တူတယ် တိုက်၊ နောက်ပြန်ဆုတ် ...ရင် ခင်တာတွေ မေ့ပစ်လိုက်ပါ၊ ဟိုးအရင်ကလိုပဲ တွေ့ရင် ...ဖြစ်ပြီး မတွေ့တဲ့အခါ သတိမရဘဲ နေဖြစ်ကြတာပဲ ကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်''

''ဒါ ကစားနေတာ မဟုတ်ဘူး ယာယာ၊ မင်းက ကိုယ့် ဘယ်လိုကောင် ထင်လို့လဲ... ပြောစမ်း''

''တိုက်''

ယာယာ့ပခုံးနှစ်ဖက်ကို တိုက် ဒေါသနှင့် ဆတ်ခနဲ ဆွဲခါ ယာယာ မရုန်းမိ။

''ယာယာ့စကားတွေက တိုက်ကို စော်ကားသလိုဖြစ် ဆောရီးပါ တိုက်၊ ယာယာကြောင့် တိုက် တစ်ခုခုဖြစ်ရင်...''

''တော်ပြီ၊ ကိုယ့်ကို ဘာ့ဘာမှ ထပ်မပြောနဲ့တော့ယာယာ၊ ဘာ ဖြစ် ကိုယ် ရင်ဆိုင်မယ်''

''တိုက်ရယ်''

ပြတ်သားတိကျသည့် စကားတွေနဲ့ ယာယာ့ဘက်က မတ်မတ် ရပ်တည်ပေးမည့်သူအဖြစ် သိရတော့ ယာယာ့စိတ်ထဲ အမျိုးမျိုးနှင့် တိုက်မျက်နှာကို ငေးငေးလေး ကြည့်ဖြစ်သွား တိုက်ကလည်း ယာယာ့မျက်နှာကို ငုံ့အကြည့် မျက်နှာနှစ်ခု သွားတာ နှစ်ယောက်စလုံး ရင်ခုန်သံတွေ ဆူညံသွား၏။

တိုက် ဘာပြောပြော ခေါင်းညိတ်လက်ခံချင်စိတ်က သ တိုက်အတွက် စိုးရိမ်ထိတ်လန့်ခြင်းတွေက သီးခြားစီရှိနေတာက ဖြစ်သည်။

''ဟင့်အင်း ယာယာနဲ့ ပတ်သက်သူတိုင်းက...''

''ကိုယ် သိပြီးသားပေမဲ့ ကိုယ် အယုံအကြည် မရှိဘူး''

''ယာယာလည်း မယုံချင်ပါဘူး တိုက်ရယ်၊ ဒါပေမဲ့ 



ခဲ့တာတော့ သေချာတယ်''

''ကိုယ် မကြောက်ဘူး''

''တိုက်''

သူ့အမည်ကို အလန့်တကြားလေးခေါ်သော ယာယာ့မျက်နှာလေး တိုက်က မေးဖျားမှ ပင့်ယူဆွဲမော့ကြည့်သည်။

''ကိုယ့်ဘဝမှာ တစ်ခါမှ မိန်းကလေးတစ်ယောက်အတွက် အခုလို တိတရ မရှိခဲ့ဖူးဘူး၊ အခုလို စွန့်စားတာတွေ မလုပ်ခဲ့ဖူးဘူး၊ မင်းနဲ့ မှ...''

တိုက်စကားက ရှေ့ကို ဆက်မလာ။ တစ်ဝက်တစ်ပျက် ရပ်တန့် ားကာ ယာယာ၏ ပန်းနုရောင်ပါးပြင်လေးကို သူ့လက်နဲ့ ဖွဖွတို့ထိရင်း နှုတ်ခမ်းပါးတွေနားမှာ ထိတို့ခြင်းက အဆုံးသတ်သွား၏။

''ကိုယ့်ရင်ထဲ ဘာတွေဖြစ်နေလဲဆိုတာ မင်းသိလား''

''ဟင့်အင်း''

''မင်းကို စတွေ့ကတည်းက ကိုယ့်ရင်ထဲ မှတ်မှတ်ရရရှိနေတယ်၊ က်ထပ် ထူးခြားတာက မင်းကို တွေ့ပြီးရင်း ထပ်တွေ့ချင်တယ်၊ စိတ်ဆိုးနေရင် ထိုင်ငေးနေချင်ပြီး မင်း ရယ်နေရင် ကိုယ်ပါ ပျော်တယ်၊ အဲဒါ ဘာကြောင့်လို့ မင်း ထင်လဲ''

''ဟင့်အင်း ယာယာ မသိဘူး''

''ယာယာ မသိပေမယ့် ကိုယ် သိနေတယ်ဆိုရင်ရော''

တိုက်စကားကို ယာယာ ချက်ချင်းခေါင်းခါသည်။ ပြီးတော့ ပ်လွှန်းသည့် အနေအထားမှ တိုက်ရင်ဘတ်ကို တွန်းထုတ် ခဲ့ပေးဖို့ ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



•

"ယာယာ ဝင်တော့မယ်၊ ရှင်လည်း ပြန်တော့နော်"

"မရဘူး"

"အို… အဲဒီလို မလုပ်နဲ့လေ၊ ယာယာ့ကို လွှတ်ပါ"

တိုက်က သူ့ကို တွန်းထုတ်တဲ့ ယာယာ့လက်ဖဝါးကို သူ့ဘ ဆွဲယူလိုက်တော့ ချုပ်ထားသလိုဖြစ်ကာ ယာယာက သူ့လက်တွင် မလှုပ်သာမလွန့်သာ။ ထိုအခိုက်မှာပဲ အခန်းအပြင်က ခေါ်အေးဘုံအ ပေါ်လာ၏။

"သမီး… ယာယာ၊ ကလေးရေ"

"နို့သောက်ပြီးမှ အိပ်လေ"

"သမီးရေ"

"ဒေါက်…. ဒေါက်"

တံခါးခေါက်သံနှင့်အတူ ဘုံဘုံ့အသံကြားရတာကြောင့် ယာယာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟိုမှာ ယာယာ့ကို ခေါ်နေပြီ၊ ယာယာ သွားတော့မယ်"

"တိုက်"

"အို"

ရုန်းတဲ့သူနှင့် မလွှတ်တမ်း ဆွဲထားသူကြောင့် အားများရာဘက် ယာယာ့ကိုယ်လေး ငိုက်ခနဲ ပြုံဆင်းသွားတာက ဖြင်းဆန်နေသေ ရင်ခွင်ကစ်ခုဆီဖြစ်ကာ ယာယာ့မျက်ခွံတွေအပေါ် နွေးခနဲ ဖြစ်သွားသေ အထိအတွေ့ကြောင့် မျက်ဝန်းတွေ အရိပ်ကို့မှိတ်ကာ အမြင်အာရုံတွေအား မှောင်အတိ။ နွေးထွေးသော အထိအတွေ့နှင့် အနမ်းများသည် သ မျက်တောင်ကော့တွေပေါ် ခေတ္တမျှ ခိုဝင်နားပြီးမှ အလန့်တကြ





နုံးထွက်သည်။

"ယာယာ"

"ဟင့်အင်း"

"တိုက်နော်… ယာယာ မကြိုက်တာ မလုပ်နဲ့"

ယာယာက ပါးနှင့် သူ့နှုတ်ခမ်းတွေကြား လက်ဝါးလေးနဲ့ ာထားလိုက်ရင်း အသံတိုးတိုးလေး တားရင်းလူက သူ့ရင်ခွင်ထဲက ာတ်ရုန်းဖြစ်သွား၏။

"တိုက်… ရှင်နဲ့ ယာယာ ဘာမှမဆိုင်ဘဲနဲ့"

"ဘယ်သူပြောလည်း မဆိုင်ဘူးလို့"

"ရှင်နော်"

ရင်ခုန်စိတ်လှုပ်ရှားနေတာက ယာယာတစ်ယောက်တည်း ာတ်။

တိုက်ဘက်က ယာယာ့ကို တမင် ညစ်နေမှန်းသိသိကြီးနှင့် ာယာမှာ စိတ်လည်း မဆိုးနိုင်။ သူ့မျက်နှာလည်း မော့မကြည့် အောင် ဖြစ်သွား၏။

"ပြန်တော့လို့ဆိုနေ"

ကိုက်ကို ယာယာ ခေါင်းငုံ့ပြီး နှင်ထုတ်သံက အားမပါခဲ့။

"တိုက်ကို ချစ်တယ်လို့ပြောရင် မင်းစကားနားထောင်မယ်"

"ဘာပြောတယ်"

"ချစ်တယ်"

"အို"

"ပြော… ကို့ကိုချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



“မသိဘူး”

ယာယာ့ကို ချစ်စကားပြောနေပုံက ရဲတင်းသည်။ ပြီးတော့ ယာယာ့ကို အပိုင်ကြီးပါလားလို့တွေးပြီး ဒေါသကြောင့် မျက်လွှာ ဝင့်ခနဲ့ပြေးတက်ကာ မျက်နှာကို မော့ကြည့်ပြီး မေးသည်။ တိုက်က မော့လာတဲ့ မျက်နှာအား ပြန်မငုံ့သွားစေရန် မေးဖျားကနေ ဆွဲ ထား၏။

“ချစ်တယ်လို့ ပြော”

“အံမယ်... ဘာလို့ပြောရမှာလဲ”

“ဒါဖြင့် ပြောအောင် သင်ပေးရမလား”

“ရှင်နော်”

“ကိုယ့်အချစ်ကို မင်းသိမှ မျက်လုံးချင်းဆုံပြီး ချစ်တယ် ပြောလို့ရမှာ မဟုတ်လား”

“သွား”

“သွားမယ်”

“အို”

သူ့မေးဖျားကို လက်နဲ့လှမ်းတွန်းတော့ တိုက်က အဲဒီလက်ချောင်း တွေကို ဆွဲယူရင်း ဖျတ်ခနဲ ငုံ့နမ်းသည်။

“တကယ်ပြောတာ၊ ခေါင်းအစခြေအဆုံး ပစ်ရက်စရာမရှိ ချစ်စရာလေးတွေကြီးပဲ၊ မင်းကိုချစ်တယ်၊ ကိုယ့်ကို ဘာအကြောင်းနဲ့ မငြင်းရဘူး၊ ပြန်ချစ်ရမယ်”

“ကလေး ယာယာ”

“ဟော... ခေါ်နေပြီ၊ သွားတော့နော် တိုက်က လိမ္မာ

တယ်”

ယာယာ ချော့ပြောနေတာကို သူက အထာပေါက်သလို ရယ် သည်။ ပြီးမှ ကိုယ်ကိုကိုင်းပြီး သူမမျက်နှာရှေ့ ပါးတစ်ဖက် ထိုးပေး လိုက်၏။

“လိမ္မာမယ်၊ ဆုအရင်ပေး”

“အို”

ယာယာ့ပါးလေးတွေ ပန်းနုရောင် ဖြစ်သွားသည်။ ယာယာ့ရင်ဘက် က ရင်ခုန်သံတွေ ကသောင်းကနင်းဆန်အောင် ရင်ဘတ်ထဲ လှိုင်းကြွ တာလည်း မထိန်းချုပ်နိုင်။ အသိစိတ်သာရှိခဲ့လျှင် ပြင်းထန်တဲ့ ရင်ခုန်သံများရဲ့ ရိုက်ခတ်နှုန်းကို မခံနိုင်တော့ပဲ သူမ မေ့မူးလဲကျသွားနိုင် သည်။ သို့သော် အချစ်က ဝေဒနာတိုင်း ကုစားနိုင်သည်ဟူသော ဆိုရှိခဲ့သည့်အတွက် ယာယာ သူ့ပါးကို ဖျတ်ခနဲနမ်းပြီး သူ့ကိုတွန်းပစ် ကာ ယာယာ အခန်းထဲ ဦးအောင် ပြေးဝင်ခဲ့သည်။ မှန်တံခါးကို အတွင်းမှ ဆွဲပိတ်ပြီး လိုက်ကာစကို ဖယ်ကြည့်တော့ သူက မှန် ပြင်ဘက်မှာရပ်ရင်း နှုတ်ခမ်းကို ချွန်ပြီး ကပ်ထား၏။ ယာယာက ချစ်စိတ်နှင့်ပင် အတွင်းမှန်ပေါ် သူမနှုတ်ခမ်းလေး ဖွဖွတင်လိုက်၏။

အချစ်နှင့် အနမ်းက ဆွေမျိုးတော်သည်ဆိုတာ အခုတော့ သူမ ကြည့်လိုက်ရပြီး ဖြစ်၏။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

တိမ်တွေနေတဲ့ အရပ်ဆီကို × × နှင်းနဲ့ငါ လေတွေတိုက်တ... သွားမယ်ကွာ × × ဖက်ထားပါ × × တုန်ယင်နေတဲ့ ငါ့လ... ကလေးတွေ × × နှင်ကိုင်ထားပါ × × ရင်ခုန်လွန်းလို့ပါ× × ...

ယာယာ့အကြိုက် သီချင်းတစ်ပိုင်းတစ်စကိုဆိုပြီး ဆင်းလာ... ယာယာက မနက်ခင်းတိုင်း လတ်ဆတ်လန်းဆန်းခြင်းတွေ အပြည့်... ဖြစ်သည်။ ယာယာက သူမရဲ့ ကုတ်ထောက်ဆံပင်လိမ်လိမ်လေးတွေ... ခေါင်းစည်းကြိုးနှင့် မရမကစုစည်းထားကာ တီရှပ်အဝါရောင် ပွပွကြီး... ရင်ဘတ်မှာ စတော်ဘယ်ရီသီးပုံပါကာ ဘောင်းဘီကျတော့ အနီရဲရဲပွ... ခြေသလုံး အထက်နားမှာ ပြန်စည်းထားတာကြောင့် အိမ်နေရင်း... လွတ်လပ်ပေါ့ပါးခြင်းအပြည့်နှင့် ဖြစ်သည်။

"မောနင်း.... ယာယာ"

မောင်မြတ်က နှုတ်ဆက်တာကို ယာယာက မသိချင်ဟော... ဆောင်၍ ထမင်းစားခန်းထဲ သီချင်းတကြော်ကြော်နှင့် ဝင်သွား... မောင်မြတ်က ပခုံးတွန့်ရင်း ကျန်နေခဲ့သည်။ စွမ်းကတော့ ဆိုဖာခေါင်း...





...က်တစ်ဖက် ဆန့်တင်ပြီး ရှုစိတ်တည်တည်နှင့် ယာယာ့ကို ခပ်တည်တည် ...ိုက်ကြည့်တာ သူ့မြင်ကွင်းထဲ ယာယာပျောက်ကွယ်သွားတဲ့အထိ ...ဖြစ်သည်။ ယာယာက ပုံစံကာ့စ်မျိုးလေးဆိုတာ အစကတည်းက သူတို့ ...သိထား နားလည်ထားပြီးသားဖြစ်၍ သူမပုံစံအတွက် သိပ်တော့ ...ခံစားရ။

"ဘရိတ်ဖက်(စ်)က ဒါပဲလား ဘုံဘုံ"

ထမင်းစားပွဲကို တစ်ချက်ကြည့်ပြီး ယာယာ မေးခြင်းဖြစ်သည်။

"နန်းကြီးသုပ်ရယ်၊ ကော်ဖီခါးခါးရယ်၊ ဒီမှာ ဆီထမင်းနဲ့ ...တ်သားအစစ်လေးတွေရလို့ ဖုတ်ပြီး ဆီစိမ်ပေးထားတယ်လေ ...လေးရဲ့၊ ဟိုဘက်က ကြံခင်းထမင်းသုပ်၊ ရယ်ဒီမိတ်အထုပ်တွေရလို့ ...ဘုံက ကလေးအတွက် ဝယ်ထားတာ၊ ကဲ... ဘာစားမှာလဲ၊ ...လုပ်ပေးရမလဲ... ပြော"

ယာယာက ပါးတစ်ဖက်ဖောင်းကာ ခက်ရင်းကို နှုတ်ခမ်းနား ...ပ်ရင်း စဉ်းစားပုံက ကလေးတစ်ယောက်လို။ စားပွဲပေါ်ရှိ တင်ထား ...၍ အစားအသောက်တွေစုံအောင် လိုက်ကြည့်သည်။ အားလုံးက ...ယာ့အကြိုက်၊ ယာယာ့သဘောကျတွေချည်း ဒေါ်အေးဘုံက ...စီမံထားခြင်း ဖြစ်သည်။

"အားလုံးစားမယ် ဘုံဘုံ"

"ဟယ်... တကယ်"

"ဝမ်းသာလိုက်တာ ကလေးရယ်"

"လာ လာ၊ ဒီမှာထိုင်၊ ကလေးစိတ်ကြိုက် အားလုံးလုပ်ပေးမယ်"

ဒေါ်အေးဘုံက အထူးအဆန်း ဖြစ်သွားရသည်။ ကြည့်လေ



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကတင် စွမ်းနှင့်မောင်မြတ်အား စိတ်ဆိုး ဒေါသထွက်ကာ ထမင်းတစ်လုပ်ဝင်ဖို့အရေး မနည်းကြီး ချော့မော့ကျွေးရတာ။ ဒီနေ့ကျတော့လည်း ရှောရှောရှူရှူလို့တွေးရင် စားချင်တာတွေကို ပြင်ဆင်ချကျွေးရင်းပါးစပ်ကလည်း တရစပ် ညွှန်ကြားရသည်။

"စိန်စိန်··· ဈေးခြင်းပြင်ထားနော်၊ ဝယ်ရမဲ့စာရင်းတွေရော"

"အားလုံးပြီးပါပြီ ကြီးကြီး"

"အေး··· အေး··· ပြီးရော၊ ဟော··· စွမ်းနဲ့ မောင်မြတ်"

ထမင်းစားခန်းထဲ ဒီနှစ်ယောက် ဝင်လာတာတွေ့တာနှင့် ယာယာက ချက်ချင်းစုပုပ်သွားကာ ကော်ဖီခွက်တွေ ဆောင့်ချ၊ ခက်ရင်းတွေဆောင့်ချနှင့် မကျေနပ်သေးကြောင်း ဆန္ဒပြလျက် ရှိသည်။ ဒေါ်အေးကတော့ ယာယာ မကျေနပ်သေးတာကို မသိချင်ယောင် ဆောင်လိုက်၏။

"လာကြ လာကြ၊ ဒီမှာထိုင်"

"စွမ်းနဲ့မောင်မြတ်··· ဘာစားချင်လဲ၊ ဘာမှာကြဦးမလဲ၊ ဒီနေ့ဈေးသွားရမဲ့နေ့ဆိုတော့လေ···"

မောင်မြတ်နှင့် စွမ်းက ပြိုင်တူလိုပင် မတိုင်ပင်ပဲ ခေါင်းယမ်းပြသည်။

"ကျွန်တော်တို့အတွက် ဘာမှ မလိုအပ်ပါဘူးဗျာ"

"အဆင်ပြေတာပဲ ဝယ်ခဲ့ပါ ကြီးကြီး၊ ကျွန်တော်တို့က အစားအသောက်ကို စားကောင်းဖို့ထက် အာဟာရဖြစ်ဖို့ စားတာပါ"

"ဟုတ်တယ်ကြီးကြီး၊ လူ့ခန္ဓာကိုယ်မှာ လျှာအလိုလိုက်ရင်ရောဂါထူမယ်၊ နှလုံးသားကို အလိုလိုက်ရင် စိတ်ဆင်းရဲရမယ်၊





ကြောင့် စည်းကမ်းတကျလေးနေတာ အကောင်းဆုံးပါပဲ"

ယာယာက နှုတ်ခမ်းကိုမဲ့ရင်း ဟွန့်ခနဲ အသံပြုသည်။ ကြီးကြီးကျယ်ကျယ် စကားတွေပြောရင်း လူကို စောင်းချိတ်ပြီး ဩဝါဒပေးနေတာ အသိသာကြီး။ ဒါမျိုးဆို ယာယာတို့က နာခံဖို့မပြောနဲ့။ ပိုတောင်အံ့တိုက်ချင်လာသည့် အရွတ်ဆန်သောစိတ်ကြောင့် စားပွဲကိုလက်ထောက်အားပြုပြီး ထရပ်သည်။ ခြေထောက်နှင့် ခုံကို တွန်းဆုတ်၍ အသံမြည်စေခြင်းဖြင့် သင်းတို့ကို မကျေနပ်ခြင်းအား သိသာအောင် ပြသည်။

"တော်ပြီလား ကလေး၊ လုပ်တုန်းကတော့ အများကြီး စားတော့မလိုနဲ့၊ အခုတော့ ကြည့်စမ်း၊ နည်းနည်းမှ အရာမယွင်းဘဲနဲ့"

"အစကတော့ စားမလို့ပဲ၊ အခုတော့ ရင်ခံသွားပြီ"

ယာယာက ဟိုနှစ်ကောင်ကို မကြည့်ပေါက်နှင့်ကြည့်ပြီး သူတို့ဆီက ခပ်တည်တည်လေး ထွက်သွားဟန်ပြင်သည်နှင့် ယာယာ့ရှေ့သို့ စွမ်းက ပိတ်ရပ်သည်။

"မေးစရာရှိတယ် ယာယာ"

"ဘာလဲ"

ယာယာ ပြန်မေးပုံက လေသံတင်းသလို ရုပ်ကလည်း ဂျစ်တိဂျစ်ကန်ပုံအပြည့် ဖြစ်သည်။

"ညက ကြီးကြီး နွားနို့ပို့တာ ဘာလို့ တံခါးမဖွင့်တာလဲ"

"အဲ့ဒါ နင့်အပူလား"

ယာယာက မျက်တောင်ဖျားတွေ စိုက်ချရင်း ဂျစ်တစ်တစ်ပြန်ပြောသည်။ စွမ်းက မေးကြောကြီးတွေ တင်းနေအောင် အံကြိတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ကြည့်ခြင်းကို ယာယာကလည်း မျက်တောင်မခတ်စတမ်း ပြန်ကြည့်ခြင်းဖြင့် တုံ့ပြန်လေသည်။ နှစ်ယောက်စလုံးက ပြေပြစ်ခြင်း မရှိသော အခြေအနေကို ဦးတည်နေတာမို့ မောင်မြတ်ကပဲ ကြားဝင် ရပ်သည်။

"ကဲပါ ယာယာရာ၊ နင် စိတ်မပြေသေးဘူးဆိုတာ ငါတို့ သိ တယ်၊ မသွားရ မလာရဘူးလို့ ချုပ်ချယ်တယ်ဆိုတာလည်း နင့်အတွက် ပါ၊ အခုတလော အနေအထိုင်ဆင်ခြင်လို့ စာအိတ်နီတွေ မလာတော့ တာ ကြည့်ပါလား"

ယာယာက နှစ်ယောက်စလုံးကို အံကြိတ်ကြည့်ကာ မျက်စောင်း ဒိုင်းခနဲ ထိုးလိုက်သည်။ ပြောပုံက ရယ်စရာမို့ နှုတ်ခမ်းတစ်ဖက်တွန့်ပြီး မထိတရိ ပြုံးလိုက်သည်။

"အရင်က ယာယာ့နား သူစိမ်းယောကျ်ားလေးတွေလာတာနဲ့ စာအိတ်နီရောက်လာတာပဲ၊ အခု သူစိမ်းယောကျ်ားလေးက တစ်ယောက် မဟုတ်ဘူး၊ နှစ်ယောက်တောင်ဆိုတော့ စာအိတ်လာရင် တစ်အိတ် လာမှာ မဟုတ်ဘူး၊ နှစ်အိတ်လာရမှာ၊ နင်နဲ့ စွမ်းအတွက် တစ်ယောက် တစ်အိတ် ဟုတ်တယ်မလား" -

"အဲဒီစာလာရင် နင်တို့နှစ်ယောက် ယူလိုက်" -

ယာယာ ခနဲ့တဲ့တဲ့ အပြုံးနဲ့ပြောပြီး အဲဒီနှစ်ယောက်ကြားထဲ ဖြတ်ထွက်ခဲ့သည်။ စွမ်းနဲ့မောင်မြတ်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ဘာသာမဲ့စကားကို ဖလှယ်နေပြီးမှ တစ်ခုခု သတိရသွားသလို ယာယာ့နောက် ပြေးလိုက်သွား၏။

"ဟိတ်... ယာယာ နေဦး"





"ဘာလုပ်မလို့လဲ"

"နင် ဘယ်သွားမှာလဲ သိချင်လို့"

ဒေါ်အေးဘုံက အဲဒီသုံးယောက်ရဲ့အဖြစ်ကို ကြည့်ပြီး ခေါင်းယမ်း ...ည်။ ယာယာ ပြန်ဖြေပုံကိုလည်း နားထောင်ကြည့်ပါဦး။

"တွိုင်းလက်ဝင်မလို့ဟေ့၊ စိတ်မချရင် အဝကနေ လာစောင့်"

"ခစ်... ခစ်"

အိမ်မှာခိုင်းသည့် ကောင်မလေးတွေက မထိန်းနိုင်ပဲ ရယ်ကြ ...ည်။

စိတ်ညစ်ရသည့်ကြားက ဒေါ်အေးဘုံ ယောင်ယောင်လေး ပြုံးမိ ...းသည်။ မျက်စိအောက်က အပျော်ကဲမခံဘူးဆိုတာ ဒါမျိုးပဲလား။ ...ယ်တိုင်ခံစားဖို့ မပြောနဲ့။ ဘေးကကြည့်တာတောင် အသက်ရှုကျပ် ...ည်။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

“ဟိတ်... ယာယာ”

“ဟယ်... တိုက်”

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အပြုံးတွေဖလှယ် ရင်ခုန်သံတွေ ပြိုင်နေချိန်မှာ ယာယာတို့နှစ်ယောက်ရဲ့ အာမေဍိတ် ကြောင့် ဈေးခြင်းကြီးဆွဲထားတဲ့ စိန်စိန်ရော၊ ပစ္စည်းစာရင်းတွေကို ဝယ်သမျှကို ဘောပင်နဲ့ ခြစ်ချလိုက်နှင့် အလုပ်များနေသော ဒေါ်အေး ပါ အသံလာရာဆီ လှမ်းကြည့်မိလျက်သား ဖြစ်သွားသည်။

နှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်တော့ ယာယာ့ဘေးနား အရပ်မြင့်မြင့်၊ ဆံပင်ထူပွပွနှင့် နှုတ်ခမ်းမွေးရဲ့စိုနေသော ကောင်လေး တစ်ယောက် ရပ်နေတာနှင့် အကြည့်ချင်း ဆုံသွားသည်။ ဒေါ်အေး ကို ကောင်လေးက ချစ်စရာကောင်းအောင် ပြုံးပြပြီး သူ့ကို မိတ်ဆက်သည်။

“ကျွန်တော်က အလင်းတိုက်ပါ”

“သြော်... အေး... အေး”





“သူက ယာယာ့သူငယ်ချင်း ဒေါ်အေးဘုံ”

“ဟုတ်လား”

ယာယာကပါ ဒေါ်အေးဘုံကို တိုက်နှင့် ဝင်မိတ်ဆက်ပေးတော့ ဒေါ်အေးဘုံအကြည့်တွေက ယာယာ့ဆီတစ်လှည့်၊ တိုက်ဆီတစ်လှည့် နေ၏။ နှစ်ယောက်စလုံးပုံစံက နုနယ်ပျိုမြစ်ခြင်းတွေနှင့် လှပနေပုံက နှုချင်စရာ ဖြစ်သည်။ ယာယာ့မိတ်ဆွေဆိုတဲ့ ကောင်လေးကို ဒေါ်အေးဘုံ တစ်ခါမှ မမြင်ဘူးပါ။

ယာယာ မိတ်ဆက်လာတာကို ဒေါ်အေးဘုံက ဘုမသိ ဘမသိနှင့် ခေါင်းညိတ်ရင်း ယာယာနှင့်တိုက်ကို အကဲခတ်သည်။ ကိုယ့်ကလေး မျက်နှာက ပန်းနုရောင်ရင့်နေကာ လှပသောမျက်နှာလေးကို ဟိုဒီလွှဲရင်း ရခက်သလို သူ့မမျက်နှာကိုဝှက်ရန် ကြိုးစားနေသဖြင့် ဒါ ယာယာ ပတ်သက်မှုရှိသည့်သူမှန်း ဒေါ်အေးဘုံက အကဲခတ်မိသည်။

“ကျွန်တော် ယာယာနဲ့ စကားခဏလောက် ပြောချင်လို့ ဘုံဘုံ”

“ဟေ...”

တိုက်ဆိုသည့် ကောင်လေးက ဒေါ်အေးဘုံကို ယာယာခေါ်သလို ဘုံဘုံလို့ခေါ်နေပါလား။

ဒေါ်အေးဘုံက မျက်မှန်အထက်ကနေ ယာယာ့ကိုကျော်ပြီး ကြည့် သည်။ ဘယ်လိုလဲဆိုသည့်သဘော။ ယာယာက ဒေါ်အေးဘုံမျက်နှာ တစ်ချက်ကြည့်ပြီး သူမ ဖြစ်ချင်တာ ခွင့်တောင်းသည်။

“ယာယာတို့ ခဏလေးပဲ ဘုံဘုံ၊ အိမ်ရောက်မှ ဘုံဘုံ့ကို ယာယာ အကြောင်းစုံ ရှင်းပြမယ်၊ အခုတော့ စကား ခဏပြောချင်လို့”

“အေးပါ၊ ပြောတာက အရေးမကြီးဘူး၊ ကားပါကင်မှာ စောင်



www.burmeseclassic.com

www.burmeseclassic.com



မြတ်တို့နှစ်ယောက် ရှိတယ်နော်၊ သတိလည်း ထားဦး''

''ယာယာ သိပါတယ်၊ ခဏပါ၊ သိပ်မကြာစေရပါဘူး''

''ဒါဆိုလည်း သွားလေ''

ယာယာက ဒေါ်အေးဘုံဆီက ခွင့်ပြုချက်ရ၍ ပျော်သွား

ဒီနေ့မှ အပြင်ထွက်ခွင့်ရခြင်းကို ထည့်ပြီး သတိပေးချင်ပေမယ့် ဒေါ်အေး

ဘုံ မပေးဖြစ်တော့။

''ကြီးကြီးကို ကျွန်တော်တို့က ယုံကြည်လို့ ထည့်လိုက်တာ

ပြဿနာတစ်ခုခု ဖြစ်လို့ကတော့ ကြီးကြီးတာဝန်ပဲ''

''အေးပါဟယ် ကြီးကြီးသိပါတယ်''

စွမ်းက ပလာဇာထဲ မဝင်ခင်အထိ ဒေါ်အေးဘုံကို ရှုတည်

နဲ့ မှာလိုက်တာ ပြန်သတိရပေမယ့် မတတ်နိုင်။ ကဲကဲဆတ်မခံ

ယာယာ့အကြောင်းကိုလည်း ဒေါ်အေးဘုံ သိထားသည်။

''ကလေး စိတ်ပြေလက်ပျောက် နေပါစေ''

''ယာယာ စိတ်ပြေလက်ပျောက် ဖြစ်စေချင်ရင် နင်တို့ ငါ

နားမှာ မနေနဲ့''

''ဟဲ့ယာယာ ခက်လိုက်တာ ကလေးရယ်''

''နေဦးကွဲ့ ဘုံဘုံကို စောင့်ပါဦး''

ဆောင့်အောင့်ပြီး ထွက်သွားသည့် ယာယာနောက်ကို ဒေါ်အေး

ပြေးလိုက်ခဲ့ရသည်။

ဟိုနှစ်ယောက်တော့ ဘယ်လိုပုံ ဖြစ်ကျန်ခဲ့သည် မသိ။ ဒီ

တော့ ယာယာ့ကို တိုက်ဆိုသည့်ကောင်းလေးက လာနှုတ်ဆက်

သူနဲ့အတူ ထည့်လိုက်ဖို့ ဒေါ်အေးဘုံဆီက ခွင့်တောင်းလိုက်သေး

ယာယာကိုယ်တိုင်လည်း လိုလိုချင်ချင် ဒေါ်အေးဘုံဆီက

တောင်းလာတော့ ခွင့်မပြုဘဲ နေလို့မရ။ ခွင့်ပြုလိုက်ရသည်။

ယာယာတို့နှစ်ယောက် ဒေါ်အေးဘုံမြင်ကွင်းထဲက ပျောက်သွား

ကို ငေးကြည့်ရင်း သက်ပြင်းချလိုက်သည်။

အခုတလော ခြံထဲမှာလည်း ညဆို အယ်ဖေးရှင်းခွေကြီး နှစ်ကောင်

ထားတာက စွမ်းနှင့် မောင်မြတ်တို့ အစီအစဉ်ဖြစ်သည်။

ဘက်ဆို သိပ်အိပ်ကြပုံမရ။ ခြေသံ တဖျပ်ဖျပ်ကြားနေရ၏။ မနက်

င်းပြီဆို မျက်တွင်းတွေ ချောင်ကျကာ အိပ်ရေးပျက်နေမှန်း သိသာ

၏။

''တရေးတမော အိပ်ကြပါလားကွယ်၊ ညကလည်း ကောင်းကောင်း

မပျော်ဘူးထင်တယ်''

ကိုယ်က စေတနာနှင့် ပြောတာကိုပဲ မျက်ထောင့်နီကြီးနဲ့

ကြည့်ခံရသည်။

''ရပါတယ်၊ ကျွန်တော်တို့က သုံးလေးလ ဆက်တိုက် အိပ်ရေး

တာတောင် ဘာမှမဖြစ်ဘူး၊ ခံနိုင်ရည်ရှိတယ်''

''အိပ်နေတုန်း ယာယာ တစ်ခုခုဖြစ်သွားမှ ခံနိုင်ရည် မရှိမှာ''

ယာယာ့အပေါ် စေတနာထားတာ တွေ့ရပေမယ့် ယာယာ

တို့ကြောင့် စိတ်ညစ်တာကို ကြည့်ပြီး ဒေါ်အေးဘုံလည်း မပျော်နိုင်။

င်းသန့်နှင့် ဖုန်းပြောတော့ ဆရာကြီးကိုယ်တိုင်က ယာယာ့

ဒီဂတ် တွေကို သဘောကျနေသည်။

''သူတို့ ဂရုစိုက်တာ သမီးအတွက်ပါကွယ်၊ သမီးဘက်က

င်တာကိုပဲ ညှိယူကြပေါ့၊ လူငယ်အချင်းချင်းဆိုတော့ အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ၊ သူတို့အလုပ်ပေါ် ရှိသေလေးစားမှုကို ပါပါး သဘောကျတယ်

ယာယာက သူမအဖေ့စကားကို ဘာမှ ပြန်မပြောပေ
နှုတ်ခမ်းစူ မပျက်။ အခုလည်း တိုက်ဆိုသည့်ကောင်လေးနှင့်အ
ပါသွားယုံမက ကော်ဖီဆိုင်ထဲ ယာယာ့လက်တစ်ဖက်ကို ပိုင်ပိုင်နိုင်
ဆွဲခေါ်သွားသည့် ကောင်လေးကျောပြင်ကို ကြည့်ရင်း ယာယာ မ
ပေမယ့် ဒါတော်ရုံ ပတ်သက်မှုမဟုတ်ဘူးဆိုတာ ဒေါ်အေးဘုံ သိလို
သည်။

◈



## အခန်း (၂၇)

"တိုက်… ဟိုမှာကြည့်စမ်း"

"ဘာလဲ"

"သက်လယ်ကွ၊ သူ့နားမှာလည်း တခြားကောင်တစ်ကောင်နဲ့"

"ကြည့်မနေနဲ့ ဝေယံ၊ ကိုယ့်အလုပ်ကိုလုပ်၊ သူတို့စုံတွဲကို
အစောကြီးကတည်းက ငါမြင်ပြီးသား"

"ဟင်"

"မင်း ဘာမှမဖြစ်ဘူးလား"

"ဘာဖြစ်ရမှာလဲ၊ ဘာမှမဖြစ်ဘူး"

ဝေယံက တိုက်မျက်နှာကို တအံ့တသြ ကြည့်သည်။ တကယ်
ည်း တိုက်မျက်နှာမှာ ဘာခံစားချက်မှ မရှိ။ သက်လယ်ကို တိုက်
တ်ပျက်စိတ်ကုန်သွားပြီဆိုတာ တကယ်မှန်း သိလိုက်သည်။ သက်လယ်
ိုယ်တိုင်ကလည်း တိုက် စိတ်ပျက်ချင်စရာကောင်းအောင် အခု
လော နာမည်သတင်း အမျိုးမျိုးထွက်နေတာ အားလုံး သိသည်။

တော်ကြာ မင်းသားတစ်ယောက်နဲ့ ဘာလိုလို။ ဒါနဲ့ဆိုတော



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ သက်လယ်သတင်းက မကင်း။ လုပ်ငန်းရှင်ပြ ဘာ်ယောက်ရဲ့ နံပါတ်စဉ်တွေထဲက တစ်ခုလိုလိုနှင့် သက်လ သတင်းတွေက တစ်ခုမှ မကောင်းပေမယ့် သက်လ ပိုမှာမည်ကြီးလာ တာကိုတော့ ငြင်းမရလို့ မဖြစ်။

မဂ္ဂဇင်း၊ ဂျာနယ်မျက်နှာဖုံးတွေမှာ သက်လယ်ပုံတွေ ပလ အောင် ပါလာသလို သက်လယ် ပါဝင်သရုပ်ဆောင်သည့် ဇာတ်ကား ကလည်း ခပ်စိတ်စိတ်လေး ထွက်လာ၏။ ထိုကြားထဲမှာ သက်လယ် တိုက် အဆက်အသွယ် မရှိသလောက် ပြတ်နေကြတာလည်း ဝေ ဖက်တီးပါ သိသည်။ တိုက်က သက်လယ်ထံ ဖုန်းမဆက်သ သက်လယ်ကလည်း တိုက်ကို ဘာတစ်ခုမှ အဆက်အသွယ် မ အရင်ကဆို တိုက်ထံ အကြောင်းမရှိ အကြောင်းရှာပြီး ရောက် တတ်သည့် သက်လယ်က တစ်နေ့ နှစ်ကြိမ် သုံးကြိမ် တိုက် ဖုန်းပြောလိုက်ရမှ ကျေနပ်သည့် ကလေးမ။

အခုတော့ ထိုပုံစံမျိုး သက်လယ်ဆီမှာ မတွေ့ရတော့သ တိုက်ကလည်း သက်လယ် ဘာလုပ်လုပ် ဘာဖြစ်ဖြစ် လုံးဝ စိတ် စားတော့သည့် ဒီဇိုင်းအပြည့်နှင့် ဖြစ်နေတာကြာပါပြီ။ အောင် ကျော်ကြားစပြုလာပြီဖြစ်သော သက်လယ်နားမှာ တခြား ရွှေမင်း တွေ ဝိုင်းဝိုင်းလည်လည်နေသလို ထိုအောင်မြင်မှုမှာ သာယာနေ သက်လယ်အတွက် တိုက်ကို မေ့ထားနိုင်လာခဲ့တာလည်း သိပ် မဆန်းပါ။

တိုက်ကိုချစ်တာ မှန်ပေမယ့် ထိုအချစ်က သက်လယ်အ ပျော်စရာမကောင်းခဲ့သလို တိုက်အတွက်လည်း သက်လယ် ချစ်သူ





စိတ်ညစ်စရာတွေချည်း ဖြစ်ခဲ့ရတာ သေချာသည်။ နှစ်ဦးစလုံး ယောက်သဘော တစ်ယောက် မလိုက်လျောနိုင်ခဲ့ကြသလို အတွေး ခံယူချက်ချင်းကြတော့လည်း ကွာချင်တိုင်းကွာသည်။ ဒီတော့ နှချင်းဆိုင်လိုက်တာနှင့် ရန်ဖြစ်ကြ၊ ဒေါသဖြစ်ကြရတာပဲ ရှိသည်။ ပျော်စရာ ရှာမရ။

ကြာတော့ ထိုအခြေအနေကို နှစ်ယောက်စလုံး စိတ်ကုန် စိတ် လာကြတာနှင့် ဝေးမှန်းမသိ ဝေးလာခဲ့ကြတာလည်း ပါသည်။ ကတည်းက သက်လယ်က တိုက်ကို ချစ်ခဲ့ရသူဆိုတော့ သက်လယ် နေရာတိုင်း တိုက်ကို အရှုံးပေး၊ အလျှော့ပေး ချစ်လာခဲ့ရသည်။ တိုက်ကတော့ သက်လယ်ကို ဘယ်တော့မှ အလျှော့ပေးခဲ့တာ မရှိ။ သူ့သက်တမ်းတစ်လျှောက်လုံး သူဖြစ်ချင်တာဖြစ်ရမှ ကျေနပ်သူ။ ခံယူချက်၊ သူ့သဘောထားတွေကို မှားသည်ဟု မဆိုချင်သော်လည်း တစ်ယောက်အတွက် တိုက်စကား၊ တိုက်အပြုအမူ၊ တိုက်ခံယူချက် ကြ သူ့ဘဝတက်လမ်းမှာ ကန့်လန့်ကြီး ဖြစ်နေသည်။

သက်လယ်က သူ့ဘဝကို အမြင့်ဆုံး လှမ်းတက်ချင်သူ။ တက် မ်းမှန်သမျှ ကြိုးစားရှာဖွေနေသည့် မိန်းကလေး။ အပြိုင်အဆိုင်တွေ ကြားမှာ ရပ်တည်နေသည့် ဘဝက ထင်သလောက် မလွယ်။ တိုးနိုင် ကိုက်နိုင် ခုန်ပျံကျော်လွှားနိုင်မှဆိုတာ ဘဝပေးအသိတွေနှင့် သက်လယ် ခဲ့၊ နားလည်ခဲ့ပြီးနောက်မှာ သူများ မိုးခါးရေသောက်သလို သူမလည်း သောက်ရမှာကို ဝန်မလေး နောက်မတွန့်တော့။

တိုက်ကိုချစ်ပေမယ့် ထိုအချစ်က ဘဝမဖြစ်နိုင်မှန်း သိခဲ့တာ ကြာပါပြီ။ သက်လယ်အမေကိုယ်တိုင်ကလည်း သက်လယ်ကို တိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူတာ သက်လယ် သိသည်။ ဒါပေမယ့် အချစ်ဦး၊ အချ
ဖြစ်သော တိုက်ကို သက်လယ်ချစ်မြဲ မြတ်နိုးတွယ်တာနေဆဲ ဖြစ်
အတိုင်း တိုက်အပေါ်မှာ မပြတ်သားနိုင်ခဲ့။

ဟိုတစ်နေ့က တိုက်ကို ကောင်မလေးတစ်ယောက်နှင့် နှစ်ယော
ထဲ ကော်ဖီဆိုင်မှာ တွေ့လိုက်ရတုန်းက သက်လယ်ရင်ထဲ ပူပြင်းမှု
တောက်လောင်နာကျင်သွားခဲ့သည်။ ဖြစ်နိုင်ရင် တိုက်နားမှာ သက်
ကိုယ်တိုင်ကလွဲပြီး ဘယ်မိန်းမကိုမှ မမြင်ချင်။ မကြည့်ချင် တို
သက်လယ် မပိုင်ဆိုင်ရရင်နေပါစေ။ တိုက်ကို တခြားဘယ်မိန်းမရ
ထဲကိုမှ ထည့်မပေးချင်တာကလည်း သက်လယ်ရဲ့ ချစ်အတ္တဖြစ်

နုငယ်လှပသော ကောင်မလေးနားမှာ အပြုံးအရယ်တွေ
တိုက်မျက်နှာက ချစ်ရိပ်တွေနှင့် နုနယ်ပျိုမြစ်နေလိုက်တာ တို
တောင် မထင်ရ။ သက်လယ်နှင့် တွေ့တိုင်း တိုက်မျက်နှာက
တင်းမာမှုန်ကုတ်နေတာနှင့် အခုလက်ရှိ တိုက်မျက်နှာက
တခြားစီ။

သက်လယ်ရင်ထဲ နင့်နေအောင် နာသွားပေမယ့် တိုက်ကို
မဆိုးနိုင်။ သက်လယ်ကိုယ်တိုင်လည်း တိုက်မဟုတ်သည့် တ
ယောက်ျားတစ်ယောက်နှင့်အတူ စိတ်ပါပါ မပါပါ ရယ်မောပျော်ရွှ
အတတ်ကို တတ်မြောက်ခဲ့ပြီးဆိုတော့ တိုက်ကို ခွင့်လွှတ်
ရှိသည်။

သေချာတာက ထိုမိန်းမလှလေးကို ကြည့်သောအကြည့်
အပြုံးမျိုး သက်လယ်တို့ ချစ်သူဘဝမှာ တိုက်ထံမှ သက်လယ်
ခဲ့ခြင်း ဖြစ်သည်။ သက်လယ်ကသာ တိုက်ကို ချစ်ခဲ့ရတာပါ။ တို





သက်လယ်ကို ချစ်ခဲ့တာမှ မဟုတ်ပဲ။ သက်လယ် ရင်နာပေမယ့်
ပြုံးနေလိုက်သည်။ ဒီအချိန်ကတည်းက တိုက်ကို အဆက်အသွယ်
လုပ်မိအောင် နေလာခဲ့တာ ဒီနေ့အထိ ဖြစ်သည်။

တိုက်ကလည်း သက်လယ်ကို ဂရုမစိုက်။ သူ့မှာ အချစ်သစ်
ရှိနေသလို တိုက်မှာလည်း အသည်းနှလုံးထဲက မြတ်မြတ်နိုးနိုး ချစ်ရမယ့်
ချစ်သူသစ်ရှိနေပြီဆိုတော့ သူလည်း သူ့လမ်းသူသွား၊ ကိုယ်လည်း
ကိုယ့်လမ်းကိုယ်သွားကြရုံသာ။ သက်လယ်တို့အတွဲကို သူ မသိချင်ဟန်၊
မမြင်ချင်ဟန်ဆောင်နေကာမှ သက်လယ်က တိုက်ကို တွေ့သွားသည်။

"မောင်"

အပြုံးလှလှနှင့် တိုက်ရှေ့ ရောက်လာသည့် သက်လယ်ကို
ရှောင်ပြေးချင်ပေမယ့် ဘယ်လိုမှ ရှောင်ပြေးလို့မလွတ်တော့သည့်အတူ
သက်လယ်ကို အလိုက်သင့် ပြန်နှုတ်ဆက်လိုက်သည်။

"ဘယ်ကိုလာတာလဲ သက်လယ်"

"အသိတစ်ယောက်နဲ့ ကားရှိုးရွှန်းကိုလာတာ တိုက်၊ တိုက်တို့
ကရော ကားလာဝယ်တာပဲလား"

"ကိုယ်အတွက် မဟုတ်ပါဘူး ဝေယံက ကြည့်ချင်တယ်
ဆိုလို့ အဖော်လိုက်ပေးတာ"

"ဘယ်လိုလဲ ဝေယံ၊ ဟိုတစ်နေ့က ကောင်မလေး ချောချောတစ်
ယောက်နဲ့ ဝေယံကို သက်လယ်တွေ့တယ်နော်၊ ဘယ်တော့ မုန့်စား
ရမှာလဲ"

"ငါ့ကောင်မလေး မဟုတ်ပါဘူးဟာ၊ ဖက်တီး ကောင်မလေး
ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံကို သက်လယ်က ရယ်ရယ်မောမော နှုတ်ဆက်စကားဆို ရင်း သူတို့နားမှာ ငြိမ်သက်တိတ်ဆိတ်နေသည့် တိုက်ကို အကဲခတ် သလို မျက်ဝန်းတွေနှင့် ဖျက်ခနဲ လှမ်းကြည့်သည်။

"မောင်ရော... ဘယ်လိုလဲ သက်လယ်အပြင် နောက်ထပ် အချစ်သစ် တွေ့နေပြီလား"

"မင်းစကားက ဘာစကားလဲ သက်လယ်"

"သက်လယ်မေးတာ မဟုတ်လို့လား"

တိုက်နှင့် သက်လယ် အကြည့်ချင်း ဆုံသွားသည်။ နှစ်ယောက် စလုံး ဘယ်သူမှ အကြည့်မလွှဲ။ ကြားထဲက ဝေယံက အနေရခက်၍ သူတို့နားက မသိမသာ ရှောင်ထွက်သွားသည်။

"မင်းပြောတာ ဟုတ်တယ်ဆိုရင် မင်းဘာလုပ်မှာလဲ သက်လယ်"

"ဟာ... မောင့်ပုံစံက တကယ့်ကို အတည်ကြီးပါလား၊ မောင် သူ့ကို တကယ်ချစ်သွားပြီထင်တယ်"

သက်လယ်က သူ့စကားအဆုံးမှာ လှပစွာ ရယ်ပစ်သည့်အတွက် တိုက် မျက်ခုံးထူတွေတွန့်ပြီး သက်လယ်ကို မကျေနပ်သလို ကြည့်သည်

"မင်းက ကိုယ့်ကို ဘာရယ်တာလဲ"

"မောင့်ရဲ့ ချစ်သူက သက်လယ်ပဲ"

"မင်းဆိုလိုတာက ဘာလဲ"

"သြော်... မောင်ကလဲ၊ ဒါသချည်းပဲ၊ လိုအပ်ရင် သက်လယ် ဟာ မောင့်အချစ်ဦး၊ မောင့်အချစ်ဆုံးဆိုတာမျိုး မောင့်ကောင်မလေး သွားပြောရရင် ကောင်းမလားလို့ပါ"

"သက်လယ်... မင်း"





"သက်လယ် သွားပြီနော်မောင်"

"သက်လယ်"

တိုက် လှမ်းခေါ်ပေမယ့် သက်လယ်က သူ့ကို လှည့်၍ပင် ကြည့်တော့။ သူနှင့်အတူပါလာသည့် အဖော်နားမှာကပ်ပြီး စကားတွေ အောင်ဖွဲ့နေတာနှင့် တိုက် တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ပြီး ဆိုနေရာက ဝေယံကိုခေါ်၍ ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်လာ သည်။ စိတ်ထဲက သက်လယ် စကားလုံး၊ သက်လယ် အပြုအမူတွေ အတွက် အတော်ခံပြင်းနေမိသည်။

သက်လယ်ကို သူ ဘယ်တော့မှ လျှော့မတွက်။ သက်လယ် ဆိုသည့် မိန်းမက သူလိုချင်တာ၊ သူဖြစ်ချင်တာမှန်သမျှ လုပ်ရဲသည်။ ပြောရဲသည်။ ဘာကိုမှ အကြောက်အလန့်မရှိသည့် မိန်းမ။

"မင်ကို သက်လယ် ဘာတွေပြောသွားတာလဲ တိုက်"

"အလကား မိန်းမပါ"

သူ ဒါပဲပြောလိုက်သည်။

ဝေယံကို အကြောင်းစုံ ရှင်းပြမနေချင်တော့။ သက်လယ်နှင့် သူ့ကိစ္စထဲမှာ မလိုအပ်ဘဲ ယာယာ့ကို ဆွဲမထည့်ချင်ပေမယ့် သက်လယ် က ဘယ်အချိန်ကတည်းက ယာယာ့ကို ပစ်မှတ်ထားနေမှန်း မသိ။ ယာယာ့မှာက သူ့ဒုက္ခနှင့်သူ ဖြစ်နေရသည့်အထဲ သက်လယ်ကြောင့် သူမကို နောက်ထပ် စိတ်အနှောင့်အယှက်ဖြစ်တာမျိုး မဖြစ်စေချင်။

ဒီမိန်းမတော့ကွာ။

တိုက် စိတ်ထဲကပဲ သက်လယ်ကို အပြစ်တင်လိုက်သည်။ သူ တခြားမိန်းမတစ်ယောက်နဲ့ တွဲတာကိုတော့ သက်လယ်က အပြစ်



www.burmeseclassic.com

www.burmeseclassic.com



တင် ဝေဖန်ချင်သည်။ သူမကိုယ်တိုင် ယောကျ်ားတကာနဲ့ တွဲချင်တိုင်း တွဲနေတာကိုကြတော့ ဘာမှ မပြောတော့ဘူးလား။ တိုက်ကိုယ်တိုင် ကလည်း သက်လယ် ဘယ်သူနဲ့တွဲတွဲ စိတ်မဝင်စားတာလည်း သည်။

ညီမရ နိုင်းမရ သဘောထားကွဲလွဲနေပြီးကတည်းက သက်လ ဆိုတာ တိုက်ဘဝ၊ တိုက်နှလုံးသားထဲမှာ မရှိတော့။ သက်လ ကိုယ်တိုင်လည်း သူ့လိုပဲ ဖြစ်လိမ့်မည်ဟု ထင်ခဲ့သည်။ အခု သက်လယ်က သူထင်သလို မဟုတ်တော့။ သူမအပေါ် တိုက် အပြစ်မတင်ခဲ့ပေမဲ့ တိုက်ပေါ်မှာ သူမက ဝင်ရှုပ်ချင်နေ၏။

"အခု သက်လယ်နဲ့ တွဲလာတဲ့သူကို မင်းသိလား တိုက်"

"ကိုသူရလေကွာ၊ မိုးတိမ်အုပ်စုက ရှယ်ယာမန်းလေ၊ သက်လ အတွက် ကားလာဝယ်ပေးတာထင်တယ်၊ သက်လယ်တော့ နောက် စပွန်ဆာ ရှာစရာမလိုတော့ဘူး"

"ဩော်…"

သက်လယ်နှင့်သူ တကယ်တော့ ဘာမှမဆိုင်တော့။ သက်လ မှာ ဆိုင်သူ ရှိနှင့်နေပြီးသားဆိုတာ သူသာ မဟုတ်။ အားလုံး သိ ကြသည်။ ဒါကို သက်လယ်က သူနှင့်ယာယာကြား ဝင်ရှုပ်ချင် သည်။ ကားကို ပို၍ အရှိန်မြှင့်လိုက်သည်။ သူနှင့် သက်လယ် အပြတ်ရှင်းမှ ဖြစ်တော့မည်။

ဝေယံကို သူ့အိမ်လိုက်ပို့ပြီး အိမ်အပြန်မှာ သူ့ဖုန်းက အသံ လာသည်။ ကြည့်လိုက်တော့ ယာယာ့ဖုန်း။

"ပြော… ယာယာ"





"ပြောစရာ မရှိပါဘူး၊ တိုက်ကို သတိရလို့"

"မင်း သိပ်မချွဲနဲ့နော်၊ ကိုယ်ချက်ချင်း ပြေးလာအောင် လုပ်နေ လား"

"တိုက်ကလဲ"

ယာယာ့အသံလေးက တိုးတိုးအီအီလေး။ ချစ်သူကိုချွဲသည့် ရာမှာ ယာယာလောက် ချစ်စရာကောင်းသည့်သူ မရှိ။ ယာယာ့ကို တော့ တိုက်ရင်ထဲ အသည်းထဲက လှိုက်လှဲသော အချစ်နှင့် ချစ်မိခြင်း သည်။

"ယာယာက အမှန်အတိုင်းပြောနေတာကို၊ မပြောရတော့ဘူး းလို့"

"ပြောရပါတယ်ဗျာ၊ ပြော… ကိုယ့်ကိုချစ်လား"

"ပြောပြီးပြီလေ"

"ထပ်ပြော"

"အင်း… ပြောချင်ပါဘူး"

"ဘာဖြစ်လို့ ကိုယ့်ချစ်သူ စိတ်ဆင်းရဲအောင် လုပ်ချင်ရတာလဲ၊ ယာက ကိုယ့်ကို ချစ်တယ်ဆိုရင် ကိုယ် ဘယ်လောက် စိတ်ချမ်း မလဲ၊ ဘယ်လောက်ပျော်ရမလဲ"

"ဒါဆိုလည်း စိတ်ချမ်းသာတော့၊ ပျော်တော့၊ တိုက်ကို ချစ်တယ်၊ … ကျေနပ်ပြီလား"

"အင်း… ကိုယ်လည်း ယာယာ့ကို တွေ့ချင်လာပြီ၊ ကိုယ် ယာ့ဆီ လာခဲ့မယ်"

"ဟာ… ဒါတော့မလုပ်နဲ့ ယာယာ အခု အပြင်ထွက်လို့ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ယာယာ အပြင်ထွက်လို့မရရင် ယာယာ့အခန်းကို ကိုယ် လာ
မယ်"

"အဲဒါမှ ပိုဆိုးဦးမှာ သိလား၊ ယာယာ့အခန်းထဲမှာ ဒေါ်အေး
မိစိန် ရောက်နေတယ်"

"သူတို့က ယာယာ့အခန်းထဲ ဘာလာလုပ်တာလဲ"

"အခန်းသန့်ရှင်းရေး လုပ်နေတာ တိုက်ရဲ့"

"ပြန့်ခိုင်းလိုက်တော့ကွာ၊ ကိုယ် အခု လာနေပြီ"

"နောက်မှလာပါ တိုက်ရယ်... နော်၊ တိုက်က လိမ္မာပါတယ်
ယာယာ့ကိုချစ်ရင် ယာယာ့စကားကို နားထောင်ပါနော်"

"မင်းရော ကိုယ့်ကို မလွမ်းဘူးလား"

"လွမ်းတယ်"

"လွမ်းရင် ကိုယ်နဲ့လာတွေ့"

"အို"

တိုက်စကားကြောင့် ယာယာ စိတ်ညစ်သွားသည်။ ယာယာ
တိုက်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ယာယာ့ကိုယ် ယာယာ
သိသည်။ တခြားသူတွေကို ချစ်မိသည့် အချစ်တွေနဲ့လည်း လုံးဝမတူ
တိုက်ကို ယာယာ့နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲ ချစ်မိ၍ ချစ်
ဒုက္ခရောက်မှာကို ကြောက်နေသည့် ကောင်မလေးပါ။ အခုတော့
တိုက်ကြောင့် ယာယာ ငိုချင်လာသည်။ တိုက်ကို ယာယာ ဘယ်လော
ချစ်လဲဆိုတာ ရင်ခွဲပြလို့ရရင် ရင်ခွဲပြလိုက်ချင်သည်။ အချစ်ဆိုတာ
အချိန်နှင့်မဆိုင်ကြောင်း ကိုယ်တိုင်ချစ်မိမှ ယာယာ ကိုယ်တိုင် သိ
နားလည်ခဲ့ရတာပါ။





"ဟိတ်... ဘယ်လိုလဲ၊ ကိုယ်ပြောတာ မကြားဘူးလား၊ ကိုယ့်ကို
ဘာတွေ့မှာလား"

"တိုက်"

"ကိုယ် သိပါတယ်၊ မင်းက ကိုယ်ချစ်သလို မချစ်ပါဘူး"

"ယာယာ ငိုမိတော့မယ်နော်၊ ဒီလောက်ပဲ ယာယာ့အချစ်ကို
တိုက် အထင်သေးနေလား"

ပြောရင်း ယာယာ့အသံက ငိုသံဘက်ပါလာကာ တုန်ယင်လာ
တော့ တိုက် သက်ပြင်းချလိုက်သည်။ ရှေ့ဆက်ပြောရင် ယာယာ
ငိုချလိုက်တော့မှာ သူ သိသည်။

"ဆောရီး... ကိုယ် ယာယာ့ကို သိပ်တွေ့ချင်လာလို့ ပြောလိုက်
မိတာပါ"

"ယာယာကလည်း တိုက်ကို တောင်းပန်ပါတယ်၊ ကိုယ့်ကို
သိပ်ချစ်ပေမယ့် တိုက်အလိုကို မလိုက်နိုင်တာ ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ်၊ နောက်မှ ကိုယ် ဖုန်းထပ်ဆက်လိုက်မယ်၊
အခု ဖုန်းချလိုက်ပြီ၊ ဒါပဲနော်"

"တိုက်... ယာယာ့ကို စိတ်ဆိုးသွားတာတော့ မဟုတ်ပါဘူး
နော်"

"ဟုတ်တယ်ဆိုရင် ကိုယ့်ကို ယာယာ ဘယ်လိုချော့မှာလဲ"

"တိုက်ရယ်"

"ယာယာ့ကို ကိုယ် ချစ်တယ်"

"ယာယာလည်း တိုက်ကို ချစ်တယ်"

ဖုန်းလိုင်းတွေ ပြတ်တောက်သွားချိန် နှစ်ယောက်စလုံး သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီ ချလိုက်မိကြတာ ဘယ်သူမှမသိ။ ရင်ထဲမှာ ကိုယ်စီ ခံစားချက် တွေကြောင့် ဘယ်သူမှ မပျော်နိုင်ကြတာ လုံးဝ အသေအချာဖြစ်သည်။

◈



## အခန်း (၂၈)

အိပ်ရာထက်မှာ လူးလိမ့်နေပေမယ့် ယာယာ ဘယ်လိုမှ အိပ်မပျော်။ တိုက်က သူ့အကြောင်း ယာယာ့ကို မပြောပါနဲ့ဆိုပေမယ့် တိုက်သတင်းက ယာယာ့ဆီ သူ့အလိုလို ရောက်လာတော့ ယာယာ့ခေါင်းထဲ တိုက်အကြောင်း တွေးမိစဉ်းစားမိတိုင်း ပါးပြင်ပေါ် မျက်ရည်ပူတွေ စီးကျလာသည်အထိ တိုက်အတွက် စိုးရိမ်သောကတွေက ယာယာ့နှလုံးသားနဲ့အပြည့် ဖြစ်သည်။

"ဒီကိစ္စ ယာယာ မသိစေနဲ့နော် စွမ်း၊ တိုက်ဆိုတဲ့ကောင်လေး အားအက်ဆီးဒင့်ဖြစ်တယ်ဆိုတာသာ ယာယာသိရင် ဒေါ်အေးဘုံဖြင့် အလေး ခံစားရမှာကို မတွေးရဲပါဘူး မောင်မြတ်ရယ်"

"ကျွန်တော်တို့လည်း ဒီကိစ္စ ယာယာသိအောင် မပြောပါဘူး၊ ဒေါ်အေးဘုံကိုသာ ပြောတာ၊ ဖြစ်တဲ့ကိစ္စကလည်း ကျွန်တော်တို့ မျက်စိရှေ့မှာဖြစ်တာဆိုတော့ ဒေါ်အေးဘုံလည်း သိသင့်တယ်ထင်လို့ ပြောပြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်၊ အခုလိုပြောတာ မောင်မြတ်တို့ကို ကျေးဇူး
ပါတယ်၊ တိုက် ဘာမှမဖြစ်တာ တော်သေးတယ်၊ သူသာ တစ်
ဖြစ်ရင်..."

"ထားလိုက်ပါဗျာ၊ အခုဖြစ်တာက ကားပဲထိတာပါ၊ လူ
ပွန်းရုံပဲ့ရုံအပြင် ဘာမှမဖြစ်ပဲ"

မောင်မြတ်နှင့် ဒေါ်အေးဘုံ တခြားအကြောင်းအရာတွေ ပြော
တာကို ယာယာ ဆက်နားမထောင်တော့။ တိုက် ကားအက်ဆီ
ဖြစ်သည့်နေရာမှာ စွမ်းနှင့်မောင်မြတ်တို့ ရောက်နေ၍ ထိုကိစ္စကို သူတို့
အစအဆုံး သိလာပြီး ဒေါ်အေးဘုံကို ပြန်ပြောပြနေတာ ယာယာ
မထင်မှတ်ဘဲ ကြားလာခဲ့ရခြင်းဖြစ်သည်။

တိုက်ကို ယာယာ ချစ်သည်။ ကိုယ်ချစ်သည့် ချစ်သူ ကိုယ့်ကြော
ဒုက္ခရောက်ရမှာမျိုး ယာယာ မလိုချင်။ တစ်နေ့တစ်နေ့ ယာယာ့ရင်
တိုက်အကြောင်းတွေးပြီး တိုက်အတွက် အမြဲ စိုးရိမ်သောက ဖြစ်
ရတာ အခုတော့ လက်တွေ့ဖြစ်လာသည်။ ဒါကလည်း ယာယာ
ပတ်သက်သူ ဘယ်သူဖြစ်ဖြစ် ဒီလိုအဖြစ်ဆိုးနှင့် ကြုံရမည်လို့ အနိ
စာထဲမှာ ပါသည်ပဲ။ ပါသည့်အတိုင်းလည်း ယာယာနဲ့ ပတ်သက်
မှန်သမျှ တစ်ခုမဟုတ်တစ်ခု ဖြစ်ကြရတာလည်း ယာယာ့ကိုယ်
ဆိုတော့ တိုက်ကို ယာယာနှင့် မပတ်သက်စေချင်တာ တိုက်
သိပ်ချစ်လို့ပါဆိုရင် တိုက် ယုံပါ့မလား။

နောက်ဆုံး ယာယာကိုယ်တိုင်ပဲ တိုက်နှင့် အဆက်အသွယ်ဖြ
ကြိုးစားမိသည်။ တိုက်ဖုန်းဆက်လျှင် လိုတာထက် ပိုမပြော။ ပြီး
အချိန်အကန့်အသတ်နှင့် ဖုန်းကို ပိတ်ပစ်လိုက်သည်။ ဒါမှ ယာယာ





ိုက် စိတ်ပျက်စိတ်ကုန်ပြီး တခြားနေရာမှာ အချစ်သစ် ရှာနိုင်မည်။
ာယာကတော့ တိုက်ကို အမြဲချစ်ရင်း ကျိတ်ဆွေးနေရုံပဲရှိသည်။
ချစ်သူကို ရယူပိုင်ဆိုင်ဖို့ မကြိုးစားချင်တော့။ ချစ်သူ ပျော်နေရင်
ာယာက ကျေနပ်ပါပြီ။

ယာယာ့ အပြုအမူလေးတွေ လွန်နေမှန်း သိပေမယ့် ယာယာ့
ဘက်က မလျှော့။ ကြာတော့ တိုက်ကိုယ်တိုင် ယာယာ့အပေါ်မှာ
ာ်ဆိုးဒေါသ ဖြစ်လာ၏။ နှစ်ယောက်ချင်းတွေ့ခွင့် ရွတ်အတင်း
ောင်းဆိုလာတော့ ယာယာ့ဘက်က ခွင့်မပြုချင်ဘဲ ပြုရသည်။
ို့မှ ယာယာ့ဘက်က တိုက်အလိုဆန္ဒကို မလိုက်လျောရင် တိုက်က
ချင်ရာဖြစ် ယာယာ့အိမ်ထဲ စွတ်ရွတ်ဝင်လာတော့မှာ ယာယာ
သည်။

ဒေါ်အေးဘုံကိုလည်း ယာယာ့ရင်ထဲက ခံစားချက်၊ ယာယာ
ချင်တာတွေအားလုံး ဖွင့်ပြောပြီးပါပြီ။ ဒေါ်အေးဘုံကတော့ ယာယာ
က်ကို မေ့ပစ်ဖို့ကြိုးစားနေပုံလေးတွေ မြင်ရတော့ ယာယာ့ကို သနား
်နှင့် ယာယာ့အချစ်ရေးမှာ အနှောင့်အယှက်ပေးနေသူကို မကျေနပ်။

"အခုလိုဖြစ်ရတာတွေဟာ အကြောင်းတိုက်ဆိုင်လို့ပါ ကလေး
ည်၊ တိုက်ကို ကလေးကိုယ်တိုင် ချစ်နေတာပဲ၊ ဘာမဟုတ်တဲ့ ကိစ္စ
းနဲ့ တိုက်အသည်းကို ခွဲရမှာလည်း ဖြစ်နိုင်ရင် တိုက်နဲ့ကလေး
မြန် လက်ထပ်ရဦးမှာ"

"ဒေါ်အေးဘုံကလဲ"

"ဘုံဘုံ တကယ်ပြောနေတာ ကလေးရဲ့၊ ဆရာကြီးကိုလည်း
ဘုံ ပြောပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… တကယ်လား ဒေါ်အေးဘုံ၊ ပါပါးက ဘာပြော ဟင်"

"အဖေတွေထုံးစံအတိုင်း သူ့သမီး ငယ်ပါသေးတယ်၊ ဘာ ပေါ့ကွယ်၊ သူ့သမီးကို ယောကျ်ားပေးစားရမှာ နှမြောနေတာ"

ယာယာ့ကို ပါပါး ဘယ်လောက်ချစ်လဲဆိုတာ ယာယာ နောက်ထပ် စကားမဆိုဖြစ်တော့။ ယာယာကိုယ်တိုင် ကိုယ့်ချစ် အတူနေချင်သည်ဆိုပေမယ့် ယာယာ မမြင်မတွေ့နိုင်သည့် ကံကြ ခြိမ်းခြောက်မှာကိုလည်း ကြောက်သည်။ အခုလည်း တိုက်ရှေ့ လူမှာ ရောက်နေပေမယ့် တိုက်မျက်နှာကို ရဲရဲမကြည့်ဝံ့။ မျက်နှာ လေးကို ခပ်လွှဲလွှဲ တမင်လုပ်ပြီး တခြားနေရာတွေကို စိတ်ဝင်စား လိုက်ကြည့်နေမိတာ ယာယာ့ရင်ထဲက အချစ်တွေကို တိုက် သွားမှာ စိုးလို့ပါ။

တိုက်ကတော့ ယာယာ လုပ်နေပုံတွေကို မျက်တောင်မ လိုက်ကြည့်ရင်း ယာယာ့ကိုယ်လေးကို ,သူ့ရင်ခွင်ထဲ ဆွဲယူပြီး ချစ် တွေ အားပါးတရ ခြွေချချင်နေသည်အထိ အသည်းယားနေမိ ကြာပါပြီ။ ယာယာနှင့်သူ ချစ်သူတွေဆိုပေမယ့် ချစ်သူ့မျက်နှ မြင်ချင်တိုင်း မြင်ခွင့်တွေ့ခွင့် မရတာက တစ်မျိုး။ ဖုန်းပြောတဲ့ အ တောင် ယာယာ့ဘက်က အချိန်အကန့်အသတ်တွေနဲ့။ သူနဲ့ စကား တာကိုပဲ စိတ်ပါသလိုလို မပါသလိုလို လုပ်နေတာက တစ်မျိုး ကြာတော့ မျိုသိပ်ထားရသည့် သူ့ရင်ထဲက ခံစားချက်တွေ ပေါက် လာသည်။ ယာယာ့ဘက်က သိသိသာသာ ပုံစံပြောင်းလာတ တိုက်ရင်မှာ နားမလည်နိုင်မှုတွေနှင့် အခံရခက်လာသည့်အ





ယာနှင့်သူ နှစ်ယောက်ချင်း တွေ့ဖြစ်အောင်တွေ့ဖို့ ကြိုးစားခဲ့သည်။

ဒါတောင်မှ သူမဘက်က သိပ်ခွင့်ပြုချင်တာ မဟုတ်။ တိုက်ဘက် ဇွတ်အတင်း ကြိုးစားမှုဖြင့် တိုက်ရှေ့ကို ယာယာ ရောက်လာခြင်း ဖြစ်သည်။ နှစ်ယောက် မျက်နှာချင်းဆိုင်တွေ့တော့လည်း ယာယာက ချင်လို မဟုတ်။ သူနှင့် အကြည့်ချင်း အဆုံမခံ သူမမျက်နှာလေးကို ခြားဘက်ကို လွှဲထားသည့်အတွက် ယာယာ လုပ်သမျှ သူ အသည်း ယားနေခြင်း ဖြစ်သည်။

အချိန်တွေသာ တရွေ့ရွေ့ ကုန်လာသည်။ ယာယာ့ကို ပြောစရာ သည်ဆိုသည့် တိုက်က ယာယာ့ကို ဘာစကားမှမဆိုဘဲ တစ်ချိန်လုံး ယာ့မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေတာ မြင်တော့ ယာ့ပါးလေးတွေ ယန်းနုရောင်ဖြစ်ကာ တိုက်လုပ်နေပုံကို စိတ်ကောက် ချင်လာတာနှင့် ယာယာကပဲ တိုက်ကို စကားစပြောရသည်။

"ယာယာ့ကို ဘာမှမပြောရင် ပြန်တော့မယ်"

"အဲဒီစကားက ဘယ်သူ့ကို ပြောတာလဲ"

"တိုက်ကို ပြောတာ"

"ကိုယ်ပြောနေတဲ့စကားတွေ အများကြီး မင်းမကြားဘူးလား"

"ဟွန့်… ဟုတ်လည်း မဟုတ်ဘဲနဲ့၊ ညာနေတယ်၊ တစ်ချိန်လုံး ယာ့ကိုပဲ ထိုင်ကြည့်နေပြီးတော့"

ပြောရင်း ယာယာ နှုတ်ခမ်းစူချင်လာတာကို အမြန်ဘရိတ်အုပ် လိုက်ရသည်။ ယာယာ့အပြုအမူကြောင့် တိုက်ပိုချစ်သွားမှာ စိုးလို့ပါ လိုက်ရယ်။

"အခုမှ ကိုယ်ချစ်သူမျက်နှာကို သေချာမြင်ရတာလည်း သည့်



www.burmeseclassic.com

www.burmeseclassic.com



ပြောဦး၊ ယာယာ ဘာဖြစ်နေတာလဲ··· ပြော''

''ဘာမှမဖြစ်ဘူး''

''အဲဒီ ဘာမှမဖြစ်ဘူးဆိုတာကိုက ဖြစ်နေတာ၊ ပြော··· ကိုယ်
နှစ်ယောက်က ဘာတွေလဲ''

တိုက်အမေးကို ယာယာ မဖြေဘဲ ခေါင်းလေး ငိုင့်သွား
တိုက် ယာယာ့လက်လေးကို ဆွဲယူဆုပ်ကိုင်လိုက်တော့ ယာယာ
ဘေးပတ်ဝန်းကျင်ကို အလန့်တကြားကြည့်ပြီး သူမလက်လေးကို တို
လက်ထဲက ရုန်းသည်။

''သူများတွေ မြင်ကုန်ပါ့မယ်၊ ယာယာ့လက်ကို လွှတ်ဝ

''မြင်ပါလေ့စေ၊ မင်းဟာ ကိုယ့်ချစ်သူ၊ ချစ်သူချင်း လက်က
တောင် ကိုင်ခွင့် မရှိရတော့ဘူးလား''

တိုက့်အသံက ဒေါသသံ။

သူ့အပေါ်မှာ ယာယာ့ဘက်က ဤမျှ ဝန်တိုစေးနည်းနေတာ
လည်း မကျေနပ်။ ယာယာက တိုက် ဒေါသဖြစ်နေတာကို သိပေ
အလျှော့မပေးရန် သူမစိတ်ကို တင်းထားသည်။

''ပြောစမ်းပါဦး ဖြူမာယာသန့်၊ ကိုယ်တို့နှစ်ယောက်ရဲ့ ပတ်သ
မှုက ဖုန်းပြောရုံနဲ့ လုံလောက်တဲ့ အခြေအနေလား''

ဒေါသကြောင့် အရောင်ရင့်နေသော တိုက်မျက်နှာကို ကြည့်
ယာယာ စိတ်ညစ်လာသည်။ အဖြစ်မှန်ကို ဖွင့်ပြောရင် တိုက် ဒီထက်
ဒေါသဖြစ်တော့မည်။

''တိုက်··· ရယ်''

ချစ်စိတ်ဖြင့် ချစ်သူအမည်ကို ယာယာ ရေရွတ်လိုက်သည်





''ဖုန်းပြောတာတောင် အချိန့်အကန့်အသတ်နဲ့၊ မင်း ကိုယ့်ကို
ည့်စားတာလား ယာယာ၊ ဒါမှမဟုတ် ကိုယ်က မင်းအတွက်
ပျင်းပြေ ကစားနေသလား''

''မဟုတ်တာတွေ မပြောနဲ့နော် တိုက်''

''ဟုတ်တာတွေ ပြောနေတာကွ၊ ချစ်သူဖြစ်ကြတာ ဘယ်လောက်
ာပြီလဲ၊ ကိုယ် တွေ့မယ်ချိန်းတိုင်း မင်းငြင်းတယ်၊ ဟိုနှစ်ယောက်နဲ့
းထွက်တာမြင်လို့ ကိုယ်လိုက်တော့ မင်းက အဲဒီနှစ်ယောက်နားက
ွာဘူး''

''ကဲ··· ဒီတော့ အခု ပြော၊ မင်း ဘာတွေဖြစ်နေတာလဲ''

ဖြစ်နေတာတွေ အများကြီးဆိုတာတော့ ယာယာ့စိတ်ထဲကပဲ
ပြောလိုက်သည်။

တိုက်ကတော့ မျက်မှန်ကိုဆွဲချွတ်၍ ခုံပေါ်ပစ်တင်ခြင်းကအစ
င်းမာခြင်းတွေနှင့်ဖြစ်သည်။ စတွေ့ကတည်းက ဆွဲထားသော လက်
စ်ဖက်ကို အခုထိလည်း လွှတ်မပေးသေးဘဲ တင်းတင်းကျစ်ကျစ်
ုပ်ကိုင်ထားခြင်းကြောင့် ယာယာမှာ မလူးသာမလွန့်သာ။ ချစ်သူ့
ါသကို ဘယ်လိုဖြေသိမ့်ရမှန်းမသိ ဖြစ်နေ၏။

''တိုက် ကားအက်ဆီးဒင့်ဖြစ်တယ်ဆို''

''အဲဒါ ဘာဖြစ်လဲ''

ဒေါသသင့်နေသည့် ချစ်သူမျက်နှာကို စိတ်မသက်သာသလို
ယာ ကြည့်လိုက်တော့ သူမကို စူးစိုက်ကြည့်နေသည့် တိုက်မျက်လုံး
ာက်တောက်များနှင့် ဆုံသည်။

''တိုက်တစ်ခုခုဖြစ်မှာ ယာယာ ကြောက်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကြောက်ပေမယ့် ကိုယ်မှ မကြောက်ဘဲ"

"ခွတ်မပြောပါနဲ့ တိုက်ရယ်၊ ယာယာလေ တိုက်ကို သိပ်ချစ်တာ အဲဒါကြောင့်... ဟို.... ယာယာ့ကို မေ့လိုက်ပါလားဟင်"

"ဘာ..."

"ယာယာ့ကို မချစ်နဲ့လို့ ပြောတာပါ"

"မင်းတော်တော့ ယာယာ"

"ကိုယ် မင်းကိုချစ်တာ လမ်းခွဲဖို့လို့ထင်လား"

"ယာယာကတော့ လမ်းခွဲချင်တယ် တိုက်"

"ဖြူမာယာသန့်"

တိုက်မျက်နှာ တင်းမာခက်ထန်သွားပေမယ့် ယာယာ မျက် မပျက်။

တိုက်ကိုချစ်လို့ ဘာမှမဖြစ်စေချင်လို့ လမ်းခွဲကြဖို့ ယာယာ့ဘာ စကားဆိုတိုင်း ဒီလို နာမည်အပြည့်အစုံအခေါ်ခံရတာ ဖုန်းထဲ ကတည်းက နားယဉ်ပြီးသားမို့ ယာယာက ထူးပြီး မနာကျင်တော့

"မင်း ငါ့ကို ဘယ်လိုကောင်စားမျိုးထင်နေလဲ"

"ယာယာ မသိဘူး"

"မင်း မသိလို့ မရဘူး၊ သိကို သိရမယ်"

"မင်းက ငါ့ကိုချစ်လွယ်၊ မေ့လွယ်တဲ့ကောင်ဆိုပြီး လျှော့တွ ထားတာလား ဖြူမာယာသန့်၊ ကိုယ်တို့ အတူရင်ဆိုင်ကြမယ်ဆိုတဲ့စကား တစ်ခါမှ ထွက်မလာဘဲ ထစ်ခနဲရှိ မေ့လိုက်ပါ၊ မုန်းလိုက်ပါနဲ့၊ ငါ့ အချစ်ကို မင်း အထင်သေးလှချည်လား"

"မဟုတ်ဘူး တိုက်"





"ဟုတ်ကိုဟုတ်တယ်ကွာ၊ အဲဒီစကားကို ငါ အမုန်းဆုံးပဲ"

"တိုက်ရယ်"

အစိမ်းရင့်ရောင် လည်ဝိုင်းဆွယ်တာကြောင့် ဖြူဝင်းသော တိုက် ချက်နှာက အစိမ်းရောင်ဟပ်နေတာ ဘာကိုမဆို ရင်ဆိုင်မည့်ပုံမျိုးဖြင့် ရဲရင့်ပြတ်သားနေ၏။ ယာယာက အရင်လူတွေမှာ မချစ်ဖူးတဲ့အချစ်နဲ့ ကိုယ့်ချစ်သူအတွက် စိုးရိမ်စိတ်တွေနဲ့ တိုက်ကို လမ်းခွဲစေချင်တာက လွဲရင် ယာယာ့ဘဝမှာ တိုက်ကလွဲပြီး တခြား ဘယ်သူ့ကိုမှ မချစ်နိုင် သော့တဲ့ အထိပါ။

"မင်းပဲ ကိုယ့်ကို ချစ်တယ်ဆို"

"ချစ်လို့ တိုက်ကို..."

"ဒီလောက်ဆိုရပြီ၊ မင်း ကိုယ့်ကို ချစ်နေသရွေ့ နောက်ထပ် ဘာမှ မကြားချင်ဘူး၊ မင်း မချစ်လို့ လက်တွဲဖြုတ်လိုက်ရတာ၊ အရှုံးပေး တာ မဟုတ်ဘူး၊ သိပ်ချစ်တဲ့သူ စိတ်ချမ်းသာစေချင်လို့၊ အခုလို ချစ်နေတာ သိသိကြီးနဲ့တော့ မထားခဲ့နိုင်ဘူး၊ အဲဒါ မင်းနဲ့ ပတ်သက်တဲ့ ကိုယ့်ခံယူချက်"

"တိုက်... ရယ်"

"မငိုနဲ့လေ၊ မျက်ရည်က ဘာလို့ ကျရတာလဲ"

တိုက် ပြောပေမယ့် အချိန်မမီတော့။ ယာယာ့ပါးပြင်ပေါ်နှင့် ချက်တောင်ကော့ကော့တို့ စိုစွတ်နေသည့် မျက်ရည်တို့ကြောင့် ကလေး ငယ်လေးနှင့်တူတာ ချစ်ဖို့လည်း ကောင်းသည်။ ကလေးကို ချော့သလို ရင်ခွင်ထဲ ပွေ့ပိုက်ရင်း အနမ်းတွေနှင့် နှစ်သိမ့်ပေးချင်စရာလည်း ကောင်း ၏။ တိုက်က ဒေါသတွေနှင့် ထပ်ချီပြီး ပြောပြီးကာမှ ဘူမ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝဲရတော့လည်း မချင့်မရဲတွေဖြစ်ကာ ဆုပ်ကိုင်ထားသည့် လက်ဖမိုးလေးအား သူ့ပါးမှာ ကပ်ထား၏။

"မငိုနဲ့ကွာ"

"မင်းငိုသံကို ကြားနိုင်အောင် တို့နှလုံးသားက မမာဘူး"

"ဘာမဟုတ်တဲ့ စာတစ်စောင်ကြောင့် ကိုယ်တို့ဘဝ ကိုယ်တို့ နှလုံးသားကို စတေးရရင် ဘယ်တရားပါ့မလဲ၊ အဲဒီလူကို ကိုယ် လိုက်ရှာပြီး သတ်ပစ်ချင်တယ်"

"တိုက်က လူ တကယ်သတ်ရဲလို့လား"

"ကိုယ့်ချစ်သူ စိတ်ဆင်းရဲအောင် လုပ်နေတဲ့ကောင်ဆို သတ်သင့် သတ်ရမှာပဲ"

"ယာယာ့ကို တိုက်က သိပ်ချစ်တာပဲနော်"

"ဖြစ်နိုင်ရင် ရင်ဖွင့်ပြချင်တာ"

"ယာယာကလည်း တိုက်နဲ့အတူတူပါပဲ တိုက်ရယ်"

"ကိုယ့်ရှေ့မှာ နောက် ဘယ်တော့မှ မျက်ရည်မကျနဲ့"

မျက်ရည်တွေနဲ့ စိုလူးနေတဲ့ မျက်တောင်တွေကို ဝင့်ခနဲ ပြေ တက်ကာ မျက်စောင်း ရွယ်လေသည်။ တိုက်က မျက်ခမ်းစပ်နားမှ မျက်ရည် အကြွင်းအကျန်တွေကို လက်ချောင်းထိပ်တွေနဲ့ အသာအယာ သုတ်ပေးသည်။

"ကိုယ့်ကို လက်ထပ်မှာလား ပြော"

"ဘယ်တော့ လက်ထပ်ရမှာလဲဟင်"

"အခု"

"သွား"





ရှက်စနိုးနှင့် ရွယ်လက်စ မျက်စောင်းကို ပြန်သိမ်းတော့ တိုက်က ရယ်သည်။

"သိပ်ချစ်တယ်ကွာ"

"ပြောရင် ယုံမှာမဟုတ်ဘူး"

"တိုက်ပြောရင် ဘာမဆို ယုံမယ့်သူက ယာယာပါ တိုက်ရယ်၊ ပါပဲနော်....ယာယာကလွဲပြီး တခြား ဘယ်သူ့ကိုမှ မချစ်ရဘူး"

"ဖြစ်ရပြန်ပြီ"

"ဘာလဲ... တိုက်က နောက်တစ်ယောက် ချစ်ချင်လို့လား"

"ဟီတ်... မဆိုင်တာ မပြောကြေးနော်"

မျက်ဝန်းထဲ မျက်ရည်တွေ မခမ်းသေးပဲ တိုက်ကို ရန်တွေ့တော့ သည်း ယာယာက ချစ်ဖို့ကောင်းသည်။ တိုက်က သူမပါးလေးကို နာအောင် ဖွဖွလိမ်လိုက်တာ သိပ်ချစ်လာလို့ပါ။

"ဆက်မပြောနဲ့နော်၊ အသည်းယားလာရင် ဖက်နမ်းမှာပဲ၊ ကြိုတင် ကြေညာပြီးသား"

"လူကြားထဲ ဘာတွေပြောနေမှန်း မသိဘူး... သွား"

"မင်းပါ အတူလိုက်ခဲ့မယ်ဆိုရင် ဘယ်နေရာဖြစ်ဖြစ် သွားနိုင်တာ ယုံ"

ဒေါသတွေ ပျောက်သွားပြီး အချစ်တွေ ရောက်လာတော့ ချစ်သူ နှစ်ယောက်ရင်မှာ ကြည်နူးချမ်းမြေ့ခြင်းတွေနှင့် အရာရာကို ရင်ဆိုင် ခဲ့တဲ့သတ္တိ ကိုယ်စီနဲ့ပါ။

"ဘယ်ကိုသွားသွား ဘာကိုပဲလုပ်လုပ် အမြဲ သတိရှိပါ ကိုရယ်... နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သိပါတယ်၊ အဲဒီအတွက် ယာယာက မပူပါနဲ့၊ ယာယာ စိတ်ပူအောင် ကိုယ် ဘာမှမလုပ်ဘူး"

"ကိုကတော့ မလုပ်ဘူးပေါ့"

"ယာယာ့အကြောင်း အစအဆုံးသိပြီးမှ ချစ်ခဲ့ရတဲ့သူပါကွာ ကိုယ် အဲဒါတွေ ဂရုမစိုက်လို့ ယာယာ့ကို ချစ်ခဲ့တာ"

"ကျေးဇူးတင်ပါတယ် ကိုရယ်၊ ယာယာ့ဘဝအတွက် ကိုယ မေတ္တာစစ်ကို ပေးအပ်ခဲ့တဲ့သူပါ၊ ယာယာလေ ကိုနဲ့တွေ့မှ အချစ်ဆိုတာ ခံစားနားလည်ခဲ့ရတာ သိလား"

"အစတုန်းက ယာယာဆိုတဲ့ ကောင်မလေးက မချစ်တတ်ဘူး ပေါ့"

"ဟုတ်တယ် ကို"

"အချစ်ဆိုတာ ဘာပဲဖြစ်ဖြစ် နောက်မဆုတ်ဘူးဆိုတာ တကယ် ကိုသာ ယာယာ့နားမှာရှိရင် အားလုံး ရင်ဆိုင်ရဲတယ်"

"ယာယာရယ်"

ခမ်းနားသော အချစ်ရဲ့အဓိပ္ပာယ်။ ဆန်းပြားသော ရင်ခုန်ခြင်း တို့က ချစ်သူနှစ်ယောက်ရဲ့ နှလုံးသားအတွင်း လှပခမ်းနားစွာ တစ်ခဏ ခြင်း စီးဆင်းသွားရသလို တစ်ယောက်ကိုတစ်ယောက် အခုမှ ပိုချစ် ပိုမြတ်နိုး ပိုနားလည်သွားကြသည်။

"ယာယာ့ပါပါးကို ကိုယ်တို့အကြောင်း ဖွင့်ပြောပြီးပြီလား"

"ပြောတော့ ပြောထားတယ်၊ ယာယာ့မှာ ချစ်ရမယ့် ချစ်သူရှိနေ ပြီလို့"

"ယာယာ့ပါပါးက ဘာပြောလဲ"



"စောင့်ကြည့်ပါဦးတဲ့"

ထိုစကားကို တိုက် စိတ်မဆိုးပါ။ ယာယာ့ကို သိပ်ချစ်ပါတယ် ဆိုပြီး ထားသွားတဲ့သူ၊ ယာယာ့ကို အပြစ်တင်သွားတဲ့လူတွေကြားမှာ နောက်တစ်ယောက်ကို အလွယ်တကူယုံဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာပဲ။

"ပါပါး အဲဒီလိုပြောလို့ တိုက် စိတ်ဆိုးလားဟင်"

"မင်း ကိုယ့်ကို မချစ်ရင်သာ စိတ်ဆိုးမှာ"

သူက မချိုမချဉ်ပြုံးပြီး နှာခေါင်းတစ်ဖက်တွန့်ကာ ယာယာ့ကို နှုတ်ခမ်း မျက်စိမှိတ်ပြသည်။ ပြီးမှ လက်ချောင်းလေးတွေကို နှုတ်ခမ်းနဲ့ နှုတ်ခမ်း ဖိကပ်ကာ နမ်းတော့ ပန်းသွေးရင့်ရင့်မျက်နှာလေးမှာ အနီရောင် ဇာပဝါတစ်ထပ် ပစ်တင်လိုက်သည်။

ရှက်သွေးဖြန်းတဲ့ မျက်နှာကိုကြည့်ရင်း တိုက်က ရင်ခုန်သံတိုင်း ဘချစ်ချစ်မြည်နေသော နှလုံးသားတစ်စုံနှင့် သူမလက်ဖဝါးလေးတွေကို အကြာကြီး ဖျစ်ညှစ်ဆုပ်ကိုင်ထားမိသည်။ ကော်ဖီဆိုင်အပြင်ဘက်မှာတော့ ဆါအေးဘုံနဲ့စိန်စိန်က ဆွဲခြင်းအလေးကြီးဆွဲပြီး ရပ်စောင့်နေရတာ ခြေထောက်တွေ တောင့်တင်း၍ နေလေပြီ။ ဩော်... ချစ်ကြပြီဆိုမှ တော့ မိုးမမြင် လေမမြင်တို့ ငှားကာသည်ပေးရင်း ကိုယ်စီ ပြုံးလိုက်ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"မင်းကို ငါ ရှောင်ဖို့ သတိပေးတာလေ တိုက်၊ မင်းက ဖြူမာယာသန့်နဲ့ ချစ်သူဖြစ်ထိုက်တယ်လို့ ပြောခဲ့တာမှ မဟုတ်တာ"

"မင်းပြောလည်း ငါ ချစ်ချင်မှချစ်မှာပေါ့၊ ဒါက နှလုံးသား ကိစ္စကွ၊ ငါလည်း မတတ်နိုင်ဘူး"

"မင်းကွာ ပြောလိုက်ရင် ဖွတ်ချည်းပဲ"

"ငါကလည်း ဖြစ်တတ်တာကို ပြောတာ"

ထက်အောက်ဆင်တူ အပြာရင့်ရောင် ဘောင်းဘီရှည်နဲ့ အင်္ကျီကြား ကို သုံးယောက်သား လဲလှယ်ဝတ်ရင်းက ဝေယံက မကျေမလည် တိုက်ကို ပြောပေမယ့် တိုက်က ခပ်အေးအေး တုံ့ပြန်တော့ ဘာဆက် ပြောရမှန်းမသိ ဖြစ်သွားသည်။

"ငါက မင်းကို စိုးရိမ်လို့ပြောတာ တိုက်၊ သူ့ဆို သားရှင်တိုင်း လက်လန်ထားကြတာ"

"အဲဒါလည်း တစ်မျိုးကောင်းတာပဲ၊ ငါနဲ့ ပြိုင်ဘက်ရှိမလာတော့ ဘူးပေါ့"





"ပြိုင်ဘက်မရှိပေမဲ့ အသက်အန္တရာယ်ရှိတာကို မင်းစဉ်းစား"

"ငါက မစဉ်းစားတဲ့ကောင်လား တိုက်"

အားလုံးပြင်ဆင်ပြီးသွား၍ ခုတင်ပေါ်မှာထိုင်ပြီး တိုက်က အဝတ် လဲနေဆဲ သူ့အတွက် စိုးရိမ်နေသော ဝေယံနှင့်ဖက်တီးကို မေးခွန်းထုတ် သလို ဝေယံကလည်း သူပြောစရာရှိတာကို ချန်မထားဘဲ သူငယ်ချင်း ပီသစွာ ဆက်ပြောသည်။

"ဝီရတုန်းကဆိုရင်"

"အေး… ဝီရဆိုမှ သတိရတယ်"

"ဒီရက်ပိုင်းအတွင်း ဝီရနဲ့တွေ့အောင် ငါ့ကို စီစဉ်ပေး၊ ပြီးတော့ အိတ်နီရဲ့ နောက်ကြောင်းကို ငါ စလိုက်တော့မလို့၊ လမ်းကြောင်းတွေ ဆွဲထားပြီးပြီ"

ဖက်တီးက တိုက်ကြားသာအောင် လေပူတွေ ဖူးခနဲ မှုတ်ပြ သည်။ တိုက်ပုံစံက ဘယ်သူ ဘာပြောပြော ဂရုမစိုက်။ သူမှန်သည်ဟု ထင်တာ လုပ်တော့မည့် ဒီဇိုင်းအပြည့်နှင့် ဖြစ်သည်။

"မင်းအချစ်ရေးကလည်း စထွက်ကတည်းက အကြမ်းအရမ်း တွေနဲ့နော် တိုက်၊ စိတ်ပျော်စရာ တစ်ကွက်မှ မရှိဘူး"

"ရည်းစားနဲ့ ချိန်းတွေ့ဖို့ အခွင့်အရေး ချောင်းရတာနဲ့၊ ဒီကြားထဲ စုံထောက်လုပ်ရဦးမယ်၊ သာသာယာယာနဲ့ ရင်ခုန်လို့ရမှာတွေ တပြုံ ကြီးပါ၊ သက်လယ်ဆိုရင်…"

"တော်ပြီ၊ သူ့အကြောင်းဆက်မပြောနဲ့ မကြားချင်ဘူး"

တိုက်ပြောတာ မှန်နေ၍ ဝေယံ ပါးစပ်ပိတ်သွားသည်။ အခု တစ်လော သူတို့ကြားနေရသည့် သက်လယ်သတင်းတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်း။ အင်တာနက်အထိ သက်လယ်သတင်းတွေ ရောက်နေတာ အားလုံး သိသည်။ တိုက် စိတ်ပျက်မည်ဆိုလည်း စိတ်ပျက်စရာ

"မင်းတို့ ငါ့ကို ကူညီမလား၊ မကူညီဘူးလား၊ ဒါပဲပြော"

"အင်း… ရဲရဲတောက် အချစ်စကားပဲ၊ မင်းကို မကူညီရင် ငါတို့က ဘယ်သူ့ကို ကူညီရမှာလဲ"

"ဒါဆိုလည်း ပြီးရော"

"အချစ်… အချစ်… အင်း"

ဝေယံက သံဝေဂရသလို ခေါင်းတဆတ်ဆတ်ညိတ်ပြီး ရေရွတ် သည်။ ဖက်တီးက လျှပ်စစ်ပစ္စည်းတွေ ပြုပြင်သည့်အခါတိုင်း လိုအပ် သော ပစ္စည်းတွေ ထည့်ထားသည့် လေးထောင့်ပုံးကို ဆွဲရင်းထ သည်။

"လောလောဆယ်တော့ ငါတို့က မီးပြင်သမားအဖြစ် ဟန်ဆောင် လိုက်ဦးပေါ့… ဟုတ်လား တိုက်"

"အေး"

"အဲဒါပဲ ဖက်တီး၊ ကျွန်ုပ်ဝယ်ရာအဆစ်ပါ၊ ဘုန်းကြီးအမှူ ရှာဝင် ဆိုတာ"

"လုပ်မနေနဲ့ ဟိတ်ကောင်၊ မင်းအလှည့်တုန်းကလည်း ငါ ကူညီခဲ့တာပဲ"

"ဒါလည်း ဟုတ်ပါတယ်"

ဝေယံနှင့်ဖက်တီးရဲ့ အတိုင်အဖောက်ညီညီ ပြောနေတာကို နား ထောင်ပြီး တိုက် အလယ်မှဝင်ရပ်၍ သူငယ်ချင်း နှစ်ယောက်စလုံး ပခုံးဖက် ဆွဲခေါ်သည်။





"သူငယ်ချင်းဆိုတာ ဒါပါပဲကွယ်၊ တစ်ယောက် ဒုက္ခရောက်ရင် တစ်ယောက် ကူညီရမယ်"

"မင်းပဲ အပြောကောင်း"

ဖက်တီးက မကျေမနပ် ရှုပွပွရေရွတ်တာကို နားထောင်ပြီး ကျေကျေ နပ်နပ်ကြီး ရယ်လိုက်မိသူက တိုက်။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ယာယာ အရမ်းစိတ်ညစ်နေပြီ ပါပါး၊ အဲဒီနှစ်ယော
ယာယာ့အတွက် မလိုအပ်တော့ဘူး၊ သူတို့ကို အလုပ်က ထုတ်ပစ်လို
ပါတော့နော်"

"မဖြစ်သေးပါဘူး သမီးရယ်၊ သမီးကို ခြိမ်းခြောက်တဲ့စာ
ဟိုတစ်နေ့က ထပ်ရောက်လာတာပဲ ကြည့်ပါလား၊ သမီးနားမှာ သူ
ရှိနေတာ ပါပါး စိတ်ချတယ်၊ အလုပ်သွားရတာလည်း စိတ်ဖြောင့်တယ
ခဏတော့ သည်းခံလိုက်ပါဦး သမီးရယ်၊ အခု ပါပါးပြောနေတာ
ပါပါးအချစ်ဆုံး သမီးလေးအတွက်ပါကွယ်"

ဦးလင်းသန့်က သမီးဖြစ်သူ စိတ်မကောင်းဖြစ်နေတာကိုကြည့်
စိတ်မကောင်းသလို ယာယာကလည်း သူမဖြစ်ချင်တာ ဖြစ်ခွင့်မရ
မျက်နှာလှလှလေး သိသာစွာ မှုန်နေပါသည်။ အဖြစ်က ပါပါး စိတ်
ချင်လည်း စိတ်မချရပါ။ ဒီလောက် လုံခြုံရေးတွေ တင်းကျပ်နေသည
ကြားက ယာယာ့ကို ခြိမ်းခြောက်သည့် အနီရောင်စာက ယာယာ့
ရောက်ဖြစ်အောင် ရောက်လာသေးသည်။ စာကိုမြင်တော့ အားလုံ





င်ထဲမှာ စိုးရိမ်သောကလေးတွေ ကိုယ်စီဖြစ်ကြရတာကို ဝန်ခံလို့
ဖြစ်။

ယာယာကိုယ်တိုင်လည်း စိုးရိမ်စိတ်နဲ့ ထိတ်လန့်နေ၍ တိုက်သိ
အောင် ထိုစာရောက်လာသည့်အကြောင်းပြောပြီး ကားဖြည်းဖြည်းမောင်းဖို့
အစစအရာရာ သတိရှိဖို့ ပြောရသည်။ တိုက်ကတော့ ယာယာ့လို
ခြိမ်းခြောက်စာကို မကြောက်။ စာပေးပို့သူ ဘယ်သူလဲဆိုတာကိုသာ
ချင်စိတ် ပြင်းပြနေ၍ သူ သိချင်တာအားလုံး ယာယာ့ကို အသေးစိတ်
မြန်းသည်။ ယာယာကလည်း သူမ သိသမျှ တစ်လုံးမကျန် တိုက်ကို
နဲ့ပြောပြသည်။

ယာယာ့စိတ်ထဲမှာ တိုက်ကို အားလည်း ကိုးသည်။ ချစ်လည်း
ချစ်သည်။ တိုက်လုပ်ရင် ဒီအလုပ် အောင်မြင်မည်ဟုလည်း သူမစိတ်
ထဲက ယုံကြည်နေတာလည်း အံ့ဩသည်။

"ဘာမှမကြောက်နဲ့ ယာယာ၊ သိပ်မကြာပါဘူး၊ အဲဒီလူ ဘယ်သူ
သဲဆိုတာ ကိုယ်တို့ သိကြရမှာပဲ၊ ယာ့ယာသာ ကိုယ့်ကိုယ်ကို ဂရုစိုက်၊
ယာယာ့ပတ်ဝန်းကျင်မှာ ထူးခြားမှုတစ်ခုခုရှိလာရင်လည်း ကိုယ့်ကို
ချက်ချင်းဖုန်းဆက်"

"ဟုတ်ကဲ့ပါ ကို"

ယာယာက လိမ္မာသော ပုတ်သင်ညိုမလေးဖြစ်နေလျက် တိုက်
ပြောသလို သူမ အနီးပတ်ဝန်းကျင်ကိုပါ ပထမဆုံး သတိထား စောင့်
ကြည့်ဖြစ်လာတာကလည်း တိုက်ဆိုသည့် ချစ်ရသူကြောင့်ပါ။
လောလောဆယ် ယာယာ့နားမှာ ဘာထူးခြားမှုကိုမျှ ရှာမတွေ့။ ယာယာ
တွေ့နေရတာက စွမ်းနှင့်မောင်မြတ်ဆိုသည့် အရုပ်ထုပ်နှစ်ယောက်သာ။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တာထက်ပိုပြီး ချုပ်ချယ်နေသည့် ထိုနှစ်ယောက်ကို ယာယာ ကြည့်မရ။

ပါပါးကို ပြောပြတော့လည်း ဘာမှမထူး။ ပါပါးကိုယ်တိုင်လည်း ထိုနှစ်ယောက်နှင့် ယာယာ အဆင်မပြေတာသိပေမယ့် သူ့သမီးအတွက် စိတ်အချရဆုံးလူတွေလို့ ထင်မြင်ယူဆထား၍ ယာယာ့နားမှာပဲ သူ နှစ်ယောက်ကို ဆက်ထားပေးနေတာကို ယာယာလည်း တားလို့မ စွမ်းနဲ့မောင်မြတ်က ပါပါးပေးထားသည့် အခွင့်အရေးတွေနှင့် ယာယာ နားမှာ တရစ်ဝဲဝဲ။ ယာယာ စိတ်ကျေနပ်မှုရအောင် ယာယာ့ လာချော့ နေကြသည်။

"ဒီမှာ ကော်ဖီခွက်ကနေ ငှက်ကလေးဖြစ်အောင် လုပ်ပြမယ်"

"ငါ စိတ်မဝင်စားဘူး"

ယာယာက ခပ်ပြတ်ပြတ် မောင်မြတ်ကို ပြော ဂရုမစိုက်ဟန်နှင့် မျက်နှာချင်းဆိုင် ထိုင်နေရာမှ ဆိုဖာခုံ တစောင်းလှည့် ထိုင်သည်။ ခြံထဲဆင်းလျှောက်လည် ခွေးကြီးနှစ်ကောင်ကပါ၊ အိမ်မှာထိုင်နေတော့ သင်း မျက်စိအောက်တွင်ရှိကာ အဆိုးဆုံးက ဘုံဘုံနှင့် ဈေးလိုက် ဆုံးရှုံးသွားခြင်းပင်။

ပါပါးကို သူတို့ကို အလုပ်ထုတ်ဖို့ပြောတာလည်း မရမှ သူတို့သဘောချည်း ဖြစ်နေရ၏။

"ဘုံဘုံနဲ့ ဈေးမလိုက်ရဘူးလို့ မပြောဘူးနော်၊ လိုက် လိုက်သွား၊ ဒါပေမယ့် ငါတို့ ပါမှရမယ်"

"နင်တို့ပါလို့ကို ဘယ်မှ မသွားတာ"





သူတို့ပါမှတော့ ယာယာ့မှာ အသက်တောင် ရဲရဲရှူခွင့်ရမှာ ဟုတ်တော့။ ပြီးတော့လည်း တိုက်နှင့် တွေ့ခွင့်မရတော့မည့်အတူတူ ဘုံဘုံ ဈေးသွားရာသို့ ယာယာ မလိုက်တော့။ အိမ်မှာပဲ နေလိုက် သည်။ စိတ်ထဲက တိုက်ကို လွမ်းစိတ်နှင့် သတိရပြီး လူချင်း တွေ့နေ သမယ့် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ ချစ်သူပေးထားသည့် ဓာတ်ပုံလေးကိုပဲ ယာယာ့ဖုန်းထဲက မကြာခဏ ဖွင့်ဖွင့်ကြည့်နေဖြစ် သည်။

လွမ်းလိုက်တာ တိုက်ရယ်။

တိုက်လည်း ယာယာ့ကို လွမ်းနေမှာပဲဆိုတာ ယာယာ သိ တယ်။ အရင်တုန်းက ဘုံဘုံဈေးကို ခေါ်ထုတ်ပေးပြီး ဘုံဘုံ ဈေးဝယ် အချိန်မှာ တိုက်နှင့်ယာယာ ကော်ဖီဆိုင်ထိုင်၊ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြရသေးသည်။ လွမ်းသမျှ အတိုးချခဲ့ရသည့် အချစ်ရက်တွေကို ပြန်တွေးတိုင်း ယာယာ့ရင်ထဲ ပိုခံစားရသည်။

"ကိုယ့်မေမေကို ယာယာ့အကြောင်း ဖွင့်ပြောလိုက်ပြီ"

"တကယ်"

"တကယ်ပေါ့"

"ကို့မေမေက ဘာတဲ့လဲဟင်"

ယာယာ စိတ်ပူနေတာကိုကြည့်ပြီး တိုက်က မချိုမချဉ်ပြုံးသည်။

"အဟွန်း... မေမေက သူ့ချွေးမလေးကို အမြန်ဆုံး ခေါ်လာ ခဲ့တဲ့"

"သွား... ဟုတ်လည်းမဟုတ်ဘဲနဲ့"

"သြော်... တကယ်ပါဆို၊ မယုံရင် ကိုယ်နဲ့ ယာယာလိုက်ခဲ့"

"လိုက်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်ပဲ ချစ်သူနှင့်တွေ့၍ တွေရာလေးပါးပြောရင်း ခွန်အားသစ်တွေ ဖြစ်ပေါ်စေသည်။ အခုတော့ တိုက်နှင့် မတွေ့ရ ဒီနေ့နဲ့ဆို ငါးရက်လို့ ယာယာက လက်ချောင်းတွေချိုးရေရင်း ငြိမ် သွားသည်။

"ရှော့ပင်(န်)သွားမလား ယာယာ၊ ငါတို့ လိုက်ပို့မယ်၊ (×× စင်တာမှာ အရောင်းမြှင့်တင်ပွဲ လုပ်နေတယ်တဲ့"

"တော်ပါပြီ နင်တို့နဲ့တော့၊ နေရာတကာ ရှုပ်လိုနေတာ၊ မှာလည်း မဟုတ်ဘူး၊ မသွားဘူး"

သူတို့နှင့် စကားပြောချင်စိတ် မရှိတာနှင့် နေရာမှဆတ်ခနဲထ ယာယာက အပေါ်ထပ်တက်ရန် ခြေလှမ်းပြင်လိုက်ချိန်မှာပဲ အိမ်ဖော် လေး စိန်စိန်ထံမှ လှမ်းအော်လိုက်သံကို ကြားလိုက်ရသည်။

"ကိုစွမ်း... ဒီမှာ လျှပ်စစ်ကုမ္ပဏီကတဲ့"

အိမ်က အဖော်မိန်းကလေးတွေကအစ သင်းတို့ဆို ကြော ကြောက်ရွံ့ရွံ့နှင့် အရင်ဆုံး သတင်းအရင်ပို့ရတာကလည်း ယာယ လုံခြုံရေးအတွက်ပါတဲ့။

"ဒီအိမ်ကို ဧည့်သည်ပဲလာတာ၊ ဘာစာပဲရောက်ရောက် လက်ထဲ အရင်ထည့်၊ ဒါလုံခြုံရေး"

ဒါ သူတို့အမိန့်။ သူတို့လုပ်ပိုင်ခွင့်လို့ ယူဆထားတာကို ဘယ် မှ မတားနိုင်။ ယာယာက လုပ်ပါစေ ဆရာကြီးတွေလို့ မကြားတကြ ရွှေ့ရှောင်ပြီး အပေါ်တက်ရန် ပြင်ထားတဲ့ ခြေလှမ်းကို နောက်မဆုတ်တော့ အိမ်နေရင်းမို့ ချည်သားဂါဝန်ရှည်ကြီးအား လက်နှစ်ဖက်နှင့် စုံမ လှေကားထစ်တွေကို ဆောင့်ကြီးအောင့်ကြီးနဲ့ တက်ခဲ့လေသည်။

အောက်ထပ်မှာတော့ စွမ်းနှင့်မောင်မြတ်က လျှပ်စစ်ရုံးကဆိုသူ တူညီ ဝတ်စုံနှင့် သုံးယောက်အား စစ်ဆေးရေး စတင်လေ၏။

"ဘာတွေကို စစ်မှာလဲ"

"ဒီအိမ်က လျှပ်စစ်နဲ့ပတ်သက်တာတွေက အမှားအယွင်းမရှိ ပါဘူး၊ အားလုံး အဆင်ပြေနေတာပဲ"

တိုက်က ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆွဲချထားပြီး ဝေယံနှင့်ဖက်တီး ရဲ့နောက်နားမှာ ရပ်နေတာမို့ ရှေ့က မေးသမျှဖြေရန် နောက်ကနေ ဆော့ပြင်ကို တံတောင်နှင့် လှမ်းတို့သည်။ ဒီတော့မှ ဝေယံက အရင်စ သည်။

"ဒီလိုပါ၊ ကျွန်တော်တို့ကုမ္ပဏီက ဒီအိမ်ရာဝင်းတွေကို လျှပ်စစ်မီး သွယ်တန်းပေးခဲ့တာပါ"

"အဲဒီတော့"

"ကုမ္ပဏီရဲ့ဝန်ဆောင်မှုအနေနဲ့ တစ်နှစ်တစ်ခါ မီးကြိုးတွေ ပေါက်ပြဲနေတာ၊ ပျက်စီးနေတာမျိုးတွေ့ရင် အသစ်လဲလှယ်ပေးတာ မျိုးပါ"

ဝေယံက မင်းအလှည့်၊ မင်းရှင်းပြလိုက်ဆိုတဲ့ ပုံစံမျိုးနဲ့ ဖက်တီး ဘက် လှည့်ကြည့်သည်။

"ဟုတ်ပါတယ်ခင်ဗျ၊ လျှပ်စစ်မီးလိုင်းတွေနဲ့ အိမ်တစ်အိမ်လုံးရဲ့ စည်းစိမ် ထက်ဝက်ဆိုင်တယ်ဆိုတာ ကျွန်တော်တို့ကုမ္ပဏီရဲ့ ဆောင်ပုဒ် ပါ"

ဖက်တီးက ဒီလိုဆိုတော့လည်း မဆိုးလှသေး။ သူတို့ ဇာတ် တိုက်တဲ့အထဲမှာ ဒီစကားမပါဘဲ အခုမှ ထပြောနိုင်တာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း နောနော အကြံဉာဏ်တော့ မဟုတ်။

"ဒါကြောင့် ကျွန်တော်တို့က တာဝန်ဝတ္တရားသိသိ လာစစ်ပေး
ပေးတာပါ"

"ကဲ... ရှင်းပြလို့ပြီးရင် လုပ်ငန်းစကြရအောင်"

တိုက်ကပဲ အားလုံးကို နှိုးဆော်သည့်အတွက် စွမ်းနှင့်မောင်မြ
ဘာမှမပြောနိုင်ဘဲ ဖြစ်သွား၏။

"မင်းက မိန်းနားမှာနေ၊ မင်းနဲ့ငါက အပေါ်ထပ်နဲ့အောက်ထ
လှူခွဲမယ်၊ အိုကေ"

တိုက်က စကားပြောစက်တွေထုတ်ယူပြီး ညွှန်ကြားသော
ယာယာရဲ့ ဆော်ဒီဂတ်တွေ မျက်လုံးထဲ ယုံကြည်ခြင်း အရိပ်အယောင်
ဖြတ်သန်းသွားတာ မြင်ရ၏။

"ငါ အောက်ထပ်အခန်းတွေ လိုက်စစ်လိုက်မယ်"

"ဒါဆို ငါက အပေါ်ထပ်အခန်း၊ ကဲ... ဒီက အစ်ကို
အောက်ထပ်အခန်းတွေကို သူနဲ့ လိုက်ပြပေးလိုက်ပါ"

"ဒါဆို အစ်ကိုက ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ မိန်းနေရာနဲ့ ခြံထဲ
မီးတိုင်တွေ စစ်ဖို့"

နဂိုကတည်းက စီစဉ်လာခဲ့သည့်အတိုင်း ဝေယံနှင့်ဖက်တီး
ဘော်ဒီဂတ် ညီနောင်နှစ်ယောက်ကို တစ်ယောက်စီ ခွဲထုတ်သည်
ရှုတည်တည်မျက်နှာထားနှင့် လူမိုက်ဒီဇိုင်းနှင့်လူက အောက်ထပ်အ
တစ်ခန်းစီ လျှောက်သွားရင်း တံခါးကို အပြင်မှ လော့ချလိုက်သည်

"ဒီအခန်းကိုတော့ ဝင်စစ်စရာမလိုဘူး၊ အားလုံးကောင်းတယ်"

"အာ... အဲဒီလို တရားသေ ပြောလို့မရဘူးခင်ဗျာ၊ မီးဆေး





ရှာရယ်ဆိုတာ ဘာမဟုတ်တဲ့ ဝါယာကြိုးစလေးတွေပူးပြီးတော့
ော့(ခ်)ဖြစ်တာမျိုးတွေ ရှိတတ်တယ်လေ၊ ပေါ့ဆမှုတစ်ခုကြောင့်..."

"ဒီမှာ..."

လျှာကြောရှည်နေသော ဝေယံအား မကြည်သလို စွမ်းဆိုသည့်
သူက ထအော်သည်။ သူကြည့်ရတာ ဒီအခန်းထဲ အဝင်ခံရမှာပဲ
ပို့ဝှက်ချက်တွေ ပေါက်ကြားမှာပဲ စိုးရိမ်နေတာမျိုးရှိကာ ဒီအခန်းထဲ
င်သူတွေနှင့် အသက်ချင်းလဲ၍ ကာကွယ်သွားမည့်ပုံ ဖြစ်သည်။
ယံက အခန်းရှေ့မှာ ခြေခွဲပိတ်ရပ်ကာ လက်ပိုက်ထားသည့် မိုက်တိ
က်ကန်းပုံစံနဲ့ စွမ်းဆိုသူကိုကြည့်ကာ စိတ်လျှော့လိုက်သလို သက်ပြင်း
တစ်ချက် ချသည်။

"ကောင်းပြီလေ၊ မစစ်နဲ့ဆိုတော့လည်း ခင်ဗျားသဘောအတိုင်း
စစ်ရုံဘဲပေါ့၊ တစ်ခုခုဖြစ်ရင်သာ ကျွန်တော်တို့ဌာနကို အပြစ်မတင်နဲ့၊
ကဲ... အခု ကျွန်တော် ဘယ်သွားရမှာလဲ၊ ဘာလုပ်ရမှာလဲ ပြော"

"ခဏနေဦး"

စွမ်းဆိုသည့်လူက ဝေယံမေးတာကို ချက်ချင်းမဖြေနိုင်သေးဘဲ
ဝေယံတို့ တက်သွားသည့်အပေါ်ထပ်ကို မသက်သာသလို စိတ်မချဟန်နှင့်
တစ်ချက် လှမ်းကြည့်ပြီး အနီးပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်ပြီး
လူတစ်ယောက်ကို လိုက်ရှာနေပြီးမှ စောစောက သူတို့နှင့် အရင်ဆုံး
တွေ့ခဲ့ရသည့် အိမ်ဖော်မလေးကို လှမ်းခေါ်လိုက်၏။

"စိန်စိန်... ခဏ"

"ဟုတ်ကဲ့... လာပါပြီ"

စိန်စိန်ကို နောက်ထဲကို လှမ်းခေါ်ပြီး အနားရောက်လာတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက တိုက်ထံ မေးဆတ်ပြ၏။

"ဟိုမှာ တွေ့လား"

"သူနဲ့လိုက်သွား၊ သူ ဘာလုပ်တယ်ဆိုတာ ကြည့်ထား-သွား"

"ဟုတ်"

တိုက်က တကယ် ကြောက်စရာကြီးပါလားဆိုတဲ့ ဒီဇိုင်းနှင့်ဖန်-စုံတွန့်ရင်း အပေါ်ထပ်ဆီ တက်ခဲ့သည်။ အပေါ်ရောက်မှ စကားပြော-စက်ကို ဖွင့်သည်။

"တူးနဲ့သရီး... ဝမ်းပြောနေတယ်... ကြားလား၊ ကြားလား ကြားရင် အကြောင်းပြန်"

တကယ်တော့ ဒီစက်တွေ ကိုင်လာရတာလည်း ကိုယ့်အကြောင်း-နှင့်ကိုယ်။ တိုက်က သူနဲ့ ယာယာရဲ့ လျှို့ဝှက်တွေ့ဆုံခန်းအား ဖျက်ဆီး-မည့်သူရှိလျှင် စကားဝှက်နှင့် သတင်းပို့ရအောင် ဖြစ်သည်။

"ကြားတယ် ဝမ်း၊ အခု ပြောနေတာ တူး ဖြစ်တယ်၊ လျှပ်စီး-ကြောင်းတွေ ပုံမှန်ပဲ၊ အကြောင်းထူးရင် ပြောမယ်"

သူတို့ကို အကဲခတ် စောင့်ကြည့်နေသူတွေရှေ့မှာ ဝေယံက ဆရာကြီးအသံနှင့် အတည်အတန့် တိုက်ကို အကြောင်းပြန်သည်။

"အခုပြောနေတာ သရီးပါ၊ ရှော့(ခ်)ဖြစ်နေတဲ့ အကြောင်းရင်းက ပူးလို့နော်၊ သိပ်မပူးပါနဲ့၊ ပူးနေတာတွေ့ရင်ခွာပါ၊ ရှော့(ခ်)ရှိမှာစိုး၍ သတိပေးခြင်းပါ၊ ဒါပဲ"

"မင်းဘိုးအေ ရှော့(ခ်)"

တိုက်က စကားပြောစက်ကို အောက်ချပြီး ရွတ်သည်။ စိန်စိန်က ဒီစကားစုကြားတာနှင့် တအံ့တသြ လှည့်ကြည့်တော့ တိုက်က ခပ်-ငိုက်ငိုက်ဆောင်းထားသော ဦးထုပ်ကို စိန်စိန်မြင်အောင် ချွတ်ပြလိုက်-သည်။





"ဟယ်... အစ်ကို တိုက်"

"ရှူး"

"အစ်ကို ဒီရောက်နေတာ ဘယ်သူမှ မသိစေနဲ့"

"ဟုတ်"

တိုတ်တိတ်နေရန် အချက်ပေးတော့ စိန်စိန်က ပါးစပ်ကို လက်ဝါး-နှင့်အုပ်ကာ ခေါက်ကလေး ပုသွားသည်။ ဒါပေမဲ့ စိန်စိန့်မျက်ဝန်းတွေထဲ ထိတ်လန့်ခြင်းနှင့် မေးခွန်းတွေက အပြည့်။ တိုက်နဲ့ယာယာတို့ အပြင်မှာ ချိန်းတွေ့တိုင်း စိန်စိန်နှင့် ဒေါ်အေးဘုံကြီးက တစ်ဖက်ဝိုင်းမှာ ထိုင်စောင့်-ရတာလည်း ရှိသည်။ တစ်ခါတလေတော့ အတူစားရင်းသောက်ရင်း စကားပြောကြတာလည်း ရှိတာမို့ ရင်းနှီးပြီးသား။ တိုက်နှင့် ယာယာရဲ့ ဘက်တော်သား။ တိုက်က ပိတ်ထားသောတံခါးကို လက်ညှိုးညွှန်ပြ-သည်။

"နှင့်မမ ရှိတယ်မဟုတ်လား"

"ဟုတ်... ရှိတယ်၊ အစ်ကိုတိုက် တွေ့ချင်ဝင်တွေ့လေ၊ သမီး စောင့်ပေးမယ်"

"သင့်ခ်ယူး... ရော... ညည်းအတွက် မုန့်ဖိုး"

တိုက်က ကျေးဇူးတင်စွာနှင့် ညင်သာစွာ ခုန်လှုပ်လာသော သူ့နှလုံးသားအား လွတ်လပ်ခွင့်ပေးထားပြီးနောက် ရင်ခုန်သံတွေ့နှင့် နွေး-မြန်ဆန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

အခန်းထဲက ယာယာ့အသံလေးက ချိုမြနေ၏။ သူဘာမှ မပြောဘဲ အခန်းတံခါးကို ထက်ခေါက်တော့ ဖျတ်ခနဲ အခန်းတံခါး ပွင့်လာပြီး ဒေါသဖြစ်နေသည့် ယာယာ့မျက်နှာလေး ပေါ်လာ၏။

"ဘယ်သူလဲလို့ မေးနေတာ မကြားဘူးလား"

"အို… ရှင် ဒါဘာလုပ်တာလဲ"

ယာယာ အခန်းတံခါးဖွင့်ပြီး မေးခွန်းအထုတ်မှာပဲ သူမကို တိုးတိုက် ဝင်လာသော လူရိပ်ကြောင့် ဖျတ်ခနဲ ယာယာ လန့်သွားပေမဲ့ တရင်းတနှီးကြီး ညှို့ဆွဲခေါ်သွားတဲ့ ကိုယ်သင်းရနံ့ကြောင့် ထိုလူရဲ့ မျက်နှာကို ယာယာ ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"ယာယာ"

"ဟင်"

"တိုက်"

တအံ့တဩလေး ခေါ်သံထွက်သွားသည်။ တိုက်က ယာယာ့ပခုံးကိုဖက်ပြီး သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူပစ်လိုက်ပြီး ချစ်စနိုး ရယ်သည်။

"တော်သေးတာပေါ့၊ ကိုကို မှတ်မိလို့"

"တိုက်တစ်ယောက်တည်း ဝင်လာတာလားဟင်၊ ဟိုလူတွေ မောင်မြတ်နဲ့စွမ်းတို့သိရင်…"

"သူတို့ရှေ့ကပဲ ဝင်လာတာ၊ မင်းနဲ့ မတွေ့ရတာကြာလို့၊ အရမ်း လွမ်းလို့"

"တိုက်ရယ်"





တံခါးကို ကျောမှီပြီး ယာယာ့ကို ခါးကနေ သိမ်းပွေ့တော့ ယာယာက သူ့ရင်ဘတ်ထဲမှာ မော့မော့လေး မှေးမှိန်လိုက်ချိန်မှာပဲ ချစ်အနမ်းတွေက လွမ်းခဲ့ရသမျှအတွက် အတိုးချပြီးသား ဖြစ်သွားသည်။

"သိပ်ချစ်တာပဲ ယာယာရယ်"

"ယာယာရောပဲ"

"လွမ်းလိုက်ရတာ"

"ယာယာလည်း လွမ်းတာပဲ"

"အခုပဲ တိုက်နဲ့တွေ့ရရင် ကောင်းမယ်ဆိုပြီးတော့ တောင့်တနေတာ"

"အင်း… ယာယာ တောင့်တသံကြားလို့ ကိုယ်က မရ ရအောင် လာခဲ့တာ၊ ဒီလောက်ချစ်သူအတွက် စွန့်စားတဲ့သူကို ဆုတစ်ခုခုတော့ ဆုံးသင့်ပြီ"

သူက တောင်းဆိုတော့ ယာယာက သူ့လည်တိုင်ကို လက်နှစ်ဖက်နှင့် လှမ်းချိတ်ခိုလိုက်၏။

"ပြောလေ… ဘာဆုပေးရမှာလဲ"

"အနမ်းဆု"

"ရှော့"

"အို"

တိုက်က ဖွဖွလေးနမ်းလာသည့် ယာယာ့ကို ခပ်ကြမ်းကြမ်းအနမ်းနှင့် တုံ့ပြန်လိုက်တော့ သူ့ရင်ခွင်ထဲ ယာယာ့တစ်ကိုယ်လုံး မြုပ်သွားကာ ဘာစကားမှ ဆိုခွင့်မရဘဲ ဖြစ်သွားသည်။

ချစ်စရာကောင်းအောင် ခေါင်းလေးမော့ပြီး မေးတဲ့ မျက်နှာပြင်



www.burmeseclassic.com

www.burmeseclassic.com



လေးက အခြယ်အသကင်းသော ပန်းနုရောင် ဖျော့ဖျော့လေး၊ ပါးပြင်နှစ်ဖက်က အနည်းငယ် အရောင်ရင့်ကာ မျက်တောင်နက်တို့က ကော့ညွတ်နေကြသည်။ နှုတ်ခမ်းတွေကျတော့ သဘာဝအတိုင်း ရဲရဲနေတာကို အနီးကပ်ကြည့်မိစဉ် ရင်ထဲမှာ အစီအစဉ်မကျသော သံစဉ်တွေ ဆူညံလာသည်။ အဲဒီမျက်နှာလေးကို ငေးကြည့်မိတိုင်း နှလုံးသားတစ်ခုလုံး မွှန်းကြပ်ထိုးကြိတ်လျက် တဒိတ်ဒိတ် သောင့်ခုန်ခြင်းက သူ့အတွက်တော့ စွဲလမ်းစရာ ရင်ခုန်သံများ ဖြစ်သည်။

"ကို သိပ်ဆိုးတယ်သိလား"

"သိပ်ချစ်တာ ပြောဦးလေ"

"ကိုယ့်ကို ချစ်လား"

ယာယာက နှုတ်ခမ်းကို ဖွဖွကိုက်ရင်း ရယ်ချင်ပက်ကျိရုပ်လေးနဲ့ သူ့ကို ကြည့်သည်။

"အင်း"

"ဘာအင်းလဲ ပါးစပ်ကပြော"

"သိရက်သားနဲ့ မေးနေတာကိုးလို့"

"ကြားချင်တာကိုးကွ၊ ချစ်လား"

"ပြော"

"ချစ်ပါဘူး"

"ဟင်"

"မုန်းတောင်မုန်းသေးတယ်"

"ကြည့်စမ်း"

"ကြည့်နေတာပဲ"





"ခစ်... ခစ်"

"ညာတဲ့ကောင်မလေး"

"လာခဲ့"

"ကိုနော်"

"အို"

"သိပ်ချစ်တယ် ကလေးရယ်"

"ကိုရယ်"

အချစ်တွေကြားမှာ အရာရာကို မေ့သွားကြတာ ချစ်အနမ်းတွေ ကိုယ်စီ ဖလှယ်နေမိကြတာ အချိန်အကြာကြီးဖြစ်သည်။

"ကိုနော်... ကလေးဆိုးကြီးကြနေတာပဲ"

"မင်းနော်... ကိုယ် အသည်းယားလာပြီ"

တမင် ညစ်နေမှန်း သိသိကြီးနှင့် တိုက်မျက်နှာကို ကြည့်ပြီး ယာယာ ရယ်သည်။ ချစ်သူကို လိုက်လျောချင်သည်။ ချစ်သူအလိုကျ ဘာမဆို ပေးဆပ်ရန် အသင့်ပြင်ထားသော နှလုံးသားလည်း ရှိပါသည်။ ဒါပေမဲ့ လိုက်လျော၍ မဖြစ်တာလည်း ရှိသည်။ ယာယာက တိုက်မေးဖျားကို နှဖူးနှင့် တွန်းတိုက်လိုက်တော့ ယာယာ့တစ်ကိုယ်လုံး တိုက်ရင်ခွင်ထဲ ထွေးခနဲ ရောက်သွားသည်။

"ကို... ပြန်သင့်ပြီထင်တယ်နော်"

"ဘယ်လောက်ကြာသေးလို့ လူကို နှင်နေရတာလဲ"

"ဘယ်သူက ကိုယ့်ချစ်သူကို နှင်ချင်မှာလဲ၊ ယာယာက သူတို့ မြင်မိမှာစိုးလို့ပြောတာ"

"ဘယ်သူမှ မရိပ်မိပါဘူး ကိုယ်သေချာ စီစဉ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပြီးရော"

"မပြီးသေးဘူး လာခဲ့"

"ကိုနော် အို"

"အရမ်းချစ်တယ်ကွာ၊ တိုက်နဲ့အတူ မနေချင်ဘူးလား"

"တိုက်နဲ့ မခွဲချင်ဘဲ အမြဲတွေ့ချင်နေတာပေါ့ ဒါတောင် မသိဘူးလား"

တိုက်မျက်နှာက ပြုံးအိသွားသည်။ ထို့နောက် ယာယာ့မျက်နှာမေးဖျားလေးကို ဆွဲမော့ရင်း သူ့မျက်နှာကို ရှေ့သို့ ငိုက်ချပေးသည်။

"ချစ်ရင် နမ်း"

"အာ… ဘာမှန်းလဲ မသိဘူး"

"မင်းပဲ ကိုယ့်ကို ချစ်တယ်ဆို"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်အောင်လို့ နမ်းခိုင်းတာ"

ယာယာက ရယ်ကာ တိုက်မေးဖျားကို နှာသီးဖျားနှင့် ထိတာဆိုရုံလေး ဖျက်ခနဲ နမ်းတော့ တိုက်က အသံထွက်အောင်ရယ်သည်။

"ကိုယ်နမ်းခိုင်းတာ အဲဒီနေရာ မဟုတ်ဘူး၊ ပြီးတော့ နှာခေါင်းလည်း မနမ်းနဲ့၊ ကိုယ်က ကလေးမဟုတ်ဘူး"

"အံမယ်… ယာယာက ဒီလိုပဲ နမ်းတတ်တာ လူကြီးတွေမနမ်းတတ်ဘူး"

"မတတ်ရင် ကိုယ်သင်ပေးမယ်"

"ကိုနော်"

"အို… အမေ့"





"ချစ်တယ် ယာယာရယ်"

"အိုကွယ်"

ရှန်းထွက်ချိန်မရ။ ဖျက်ခနဲ့ သိမ်းပွေ့ခြင်းမှာ ယာယာ့တစ်ကိုယ်လုံး တိုက်ရင်ခွင်ထဲ နစ်မြုပ်သွားပြီးနောက် သူမမျက်နှာလေးကို အလွတ်မပေးပဲ မဆုံးနိုင်သော အနမ်းတို့သည် နုလှသော ပွင့်ဖတ်လေးတွေ အဖက်စီ တလွှာစီ ကျဲဖြန့်လာသလို မြတ်နိုးခြင်းများစွာနှင့် ဖြစ်တည်ခဲ့သည်။ ယာယာသည် နေ့ခင်းကြီး သူ့ရင်ခွင်ထဲ၌ အနမ်းများနှင့် အမှောင်ကျရင်း…။ အချစ်သည် သုံးရာသီစလုံးနှင့် သင့်မြတ်သော ဇာတ်စာဖြစ်ခဲ့လေ၏။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"သေချာတယ်၊ ပြန်မထွက်လာဘူး။ ကားတစ်စီးထွက်သွားသေး
သုံးယောက်ပဲ၊ ဒါပေမဲ့ ငါတို့အိမ်ကိုလာတဲ့ အဝတ်အစားနဲ့ မဟုတ်ဘူး"

စွမ်းက လိုက်ကာစကို ဖျက်ခနဲ ပြန်ချရင်း မှန်ပြောင်းတို
မောင်မြတ်ထံ ကမ်းပေးသည်။ အိမ်ကို မီးစစ်ဆေးရေးတွေဆိုပြီး ဝင်သ
သူ သုံးယောက်ကို မောင်မြတ်က မသင်္ကာဆို၍ စွမ်းတို့ စောင့်ကြည့်
နေတာ အတော်ကြာပြီ။ ရှေ့အိမ် တိုက်ပြာပြာလေးထဲ ဝင်သွား
တော်တော်နှင့် ပြန်ထွက်မလာ။ လာပြန်တော့လဲ ကား အကောင်း
ကြီးကို မောင်းထွက်သွား သုံးယောက်ပေမယ့် ဒီလောက် အလှမ်း
သော အနေအထားကြောင့် မျက်နှာတွေကို သဲသဲကွဲကွဲ မမြင်ရ
တော့ စွမ်းကို အပြစ်မပြောသာ။

"မင်း ဘာကို မသင်္ကာတာလဲ မောင်မြတ်"

စွမ်းက အကြံဉာဏ်တောင်းခြင်း၊ သိလိုခြင်းများအား မောင်မြ
ကို ထိုသို့ မေးနေကျ။ သူတို့နှစ်ယောက်မှာ သူက လက်ရုံး





ဘော်တာ။ မိုက်ရဲတာ မှန်ပေမဲ့ မောင်မြတ်ကျတော့ လူကဲခတ်
ဘော်သည်။ ဆက်ဆံရေးလည်း ကောင်းသည်။ အခုလည်း စွမ်းက
ရိုးရိုးပဲ ထင်ထားသည့်ကိစ္စအား မောင်မြတ်က ဆန်းဆန်းပြားပြားဟု
ယူဆ၍ နောက်ကြောင်းလိုက်တဲ့အခါ သံသယဖြစ်ဖွယ်ကိစ္စတွေ
ပေါ်လာခဲ့ပြီ။ မောင်မြတ်ကတော့ အခန်းထဲမှာ လက်နောက်ပစ်၍
ခေါက်တုံ့ခေါက်ပြန် ဟိုဒီ လျှောက်သည်။

"တကယ်… မီးစစ်တဲ့သူတွေဆိုရင် ဒီအိမ်ယာရဲ့ စက်ကျူရိုတီ
တွေ သိရမယ်ကွ၊ လိုင်းခွဲနံပါတ်နှိပ်ပြီး ဖုန်းခေါ်ပေး စွမ်း"

စက်ကျူရိုတီရဲ့ ဖုန်းနံပါတ်ကို စွမ်းကခေါ်ပြီး လိုင်းဝင်သွားတာနဲ့
မောင်မြတ်ထံ ကမ်းပေးလိုက်၏။

"ကျွန်တော် သိချင်တာလေးရှိလို့ပါ၊ ဒီအိမ်ယာကို တစ်နှစ်
တစ်ခါ မီးစစ်ဆေးရေးသမားတွေ ကုမ္ပဏီက လွှတ်တတ်သလား
ခင်ဗျ"

"× × ×"

"အာ… အိမ်မှာ ဘာမှမဖြစ်ပါဘူး၊ သိချင်ရုံသက်သက်ပါ၊
သြော်… ဟုတ်ကဲ့၊ ဟုတ်ကဲ့… ကျေးဇူးပါနော်"

တစ်ဖက်က ဘာပြောလဲ မသိ။ မောင်မြတ်က ဟုတ်ကဲ့ချင်း
ဆပ်အောင် ခေါင်းညိတ်နေပေမဲ့ မျက်နှာက အင်နဲ့ အားနဲ့ ရှာချတော့
မယ့် ကောင်းကင်လို မည်းညို့မှောင်မိုက်နေ၏။ ဖုန်းဆက်ပြီးတာနဲ့
မောင်မြတ်က မွေ့ယာပေါ် စိတ်ပျက်လက်ပျက်နှင့် ဖုန်းပစ်တင်လိုက်၏။

"ငါတို့ တစ်ကွက်တော့ အကျောခံလိုက်ရပြီ စွမ်း"

"ဘာတဲ့လဲ မောင်မြတ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်က မျက်မှန်ကို စိတ်ပျက်လက်ပျက် ဆွဲချွတ်သည်။ ဆံပင်တွေကို လက်ဆယ်ချောင်းစလုံးနဲ့ ထိုးသိပ်ထား၏။

"အဲဒီလို ဝန်ဆောင်မှုမျိုး မရှိဘူးတဲ့"

"ဒါဆို"

"ယာယာ့အခန်းကို ဝင်သွားတဲ့ကောင်၊ အဲဒီကောင်က အမိ[...] မိန်းပွင့်ပဲ၊ ဟော့ကောင်... စိန့်စိန့်ကိုခေါ်လိုက်၊ မေးစရာရှိတာ [...] အောင်"

မောင်မြတ် အမိန့်ပေးတာနဲ့ စွမ်းက နေရာမှ ဆတ်ခနဲထ[...] အခန်းပြင် ထွက်သွားသည်။ မောင်မြတ်က အခန်းတွင်း အနေအထား[...] မျက်လုံးနှင့် တစ်ချက်ဝေ့ကြည့်သည်။ ခြေရာလက်ရာ ပျက်မပျက်[...] ဖြစ်ပြီး စာရေးစားပွဲရှိရာ လျှောက်သွားသည်။ သော့ခတ်ထား[...] အောက်ဆုံးအံဆွဲကို ဆွဲကြည့်ပြီး ပွင့်မလာမှ စိတ်ချလက်ချဖြစ်သွား[...] အခန်းပြင် လိုက်ထွက်ခဲ့သည်။ အခန်းတံခါးကို သေချာအော[...] လော့ချပြီး ဧည့်ခန်းထဲ မောင်မြတ် ရောက်တော့ စိန့်စိန့်အပါအဝ[...] ဒေါ်အေးဘုံရော ယာယာပါ ရောက်၍ နေ၏။

"လူစုံတက်စုံပါလား"

"ခေါ်ခိုင်းလိုက်တာ စိန့်စိန့်တစ်ယောက်တည်းပါ၊ ဘယ်လိုဖြ[...] ယာယာရော ကြီးကြီးကပါ..."

မေးတစ်ချက်ဆတ်ပြီး ပြောတဲ့စကားလုံးတွေက ပြေပြစ်နေ[...] လှည့်မပြောလာသည့် မောင်မြတ်မျက်နှာက အလိုမကျမှုတွေနှင့် [...] မညှတ် ဖြစ်နေလေသည်။ ယာယာက ဆိုဖာမှာ ကျောမှီထိုင်[...] ခြေထောက်ချင်းပါ ချိတ်ပစ်သည်။



"လူစုံတော့ ဘာဖြစ်လဲ"

"နင့်ကို ငါ ဘာမှမပြောဘူး"

"ပြောလို့လည်း မရဘူး"

"ဒါ ယာယာ့အိမ်၊ ယာယာ နေချင်တဲ့နေရာမှာ နေလို့မရဘူးလား ဆုတ်ပါဦး စည်းကမ်းချက်လေး၊ ဒီအိမ်ထဲမှာ ဖြူမာယာသန့်နဲ့ သက်ဆိုင်တဲ့နေရာဆိုပြီး"

မျက်တောင်ဖျားတွင် စိုက်ချကာ ပြုံးမလို မဲ့မလိုမျက်နှာနှင့် ယာယာက မောင်မြတ်ကို ရွဲ့သည်။ မောင်မြတ်က ခေါင်းငုံ့ကာ သူ့ထံ မရဲတရဲနှင့် မျက်လွှာပင့် ခိုးကြည့်နေသော စိန့်စိန့်အား တစ်ချက်ကြည့်သည်။

"ကဲ... ဘာမေးချင်တာလဲ၊ မေး"

"တခြားမဟုတ်ပါဘူး၊ ခြံထဲကကားကို သန့်ရှင်းရေးလုပ်တုန်းက ငါ့နာရီချိတ်များ တွေ့မိသလားလို့"

ထင်ထားတာနှင့် မေးတာတခြားမို့ စွမ်းက တထူးတဆန်းကြီး မောင်မြတ်ကို လှမ်းကြည့်သည်။ 'မင်းမေးမှာ အဲဒါမဟုတ်ဘူး'လို့ အသံတိတ်ပြောနေတဲ့အတိုင်း။ မောင်မြတ်က မသိမသာ ခေါင်းယမ်းပြတော့လည်း စွမ်းက ငြိမ်ကျသွားရတာပါပဲ။ လှည့်ကွက်တွေ လူတွေကို သုံးမည့် ပရိယာယ်တွေနှင့်ပတ်သက်လျှင် စွမ်းက မောင်မြတ်လောက် မတော်တာ ဝန်ခံရပါမည်။ စိန့်စိန့်ကတော့ အခုမှ လွတ်မြောက်သွားသူလို အသက်ဝဝလည်း ရှူနိုင်သွားသည်။ ခေါင်းပါ မော့လာ။

"မတွေ့ပါဘူး ကိုမြတ်၊ ဘာရောင်လေးလဲဟင် စိန့်စိန့် နောက်တစ်ခါ သန့်ရှင်းရေးလုပ်မှ သေချာပြန်ရှာပေးမယ်လေ၊ ဒါမှမဟုတ် အခု



www.burmeseclassic.com

www.burmeseclassic.com



သွားရှာပေးရမလား”

“နေပါ တွေ့မိလား မေးတာ မတွေ့လည်း အရေးမကြီးပါဘူး”

“စိန်စိန် ရှာထားလိုက်မယ် ကိုမြတ်”

“အေး… အေး”

“ငါ သွားတော့မယ်”

“ဟုတ်”

မောင်မြတ်ကပြောရင်း ညှို့ခန်းမှ ခွာလာ၏။ ပြင်ဆင်ထားသည့် အဖြေစကားများအတိုင်း ကျန်ရှိသွားတဲ့ အဖြစ်ကို ကျေနပ်စွာ။ လှိုင် စွာနဲ့ သူပြုံးရင်း ရင်ထဲမှာ ပွဲတင်အောင်အော်နေသည်။

“မင်းကို ငါ ဘယ်ကိုမှ ထွက်သွားခွင့်မပြုဘူး ယာယာ”

◈



## အခန်း(၃၂)

“ဒါ မင်းတွေ့ချင်တဲ့ ဝီရပဲ၊ ဝီရ… ဒါ ငါ့ရဲ့ငယ်သူငယ်ချင်း၊ ညီအစ်ကိုလိုပဲ နေလာတဲ့ အလင်းတိုက်တဲ့၊ မင်းဆီက သိချင်တာ ရှိလို့တဲ့”

ဝေယံရဲ့ မိတ်ဆက်ပေးခြင်းကဏ္ဍက ဒီမှာတင် ပြီးဆုံးသွားသည်။ ဘိုက်က မျက်ကြည်လွှာ အစားထိုးခြင်းဖြင့် မျက်လုံးပြန်မြင်လာသော ဝီရဆိုသူအား ဒီအတိုင်း ငေးကြည့်နေတာက ကြည့်ပျော်ရှုပျော် ဖြစ်လွန်း၍ မဟုတ်။ မေးခွန်းတွေကို ဘယ်ကစရမလဲဆိုတာ စဉ်းစားနေ၍ ဖြစ်သည်။ ဝီရကတော့ သူ့အတွင်းရေးမှူးမ လာချပေးသော ကော်ဖီခွက်အား တိုက်ရှေ့သို့ တိုးပေးသည်။

“သောက်လိုက်ပါဦး ပြီးမှ လာရင်းကိစ္စကိုပြောပေါ့ ကိုဝေယံ သူငယ်ချင်းဆိုတော့ ကျွန်တော့်အစ်ကိုလိုပါပဲ၊ ဘာပဲဖြစ်ဖြစ် ပြောပါ ကူညီပါ့မယ်”

သူက ကော်ဖီကို ပြန်တွန်းထုတ်သည်။

“ကော်ဖီအတွက် ကျေးဇူးပါ၊ ကျွန်တော် သိချင်တာက ကိုဝီရ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကွယ်ရတဲ့ အကြောင်းအရင်းကို သိချင်တာပါ"

"သြော်..."

ဝီရမျက်နှာရှိ အကြောစိုင်တွေ ဆတ်ခနဲ တင်းသွားတာ တိုက် သတိထားမိလိုက်သည်။ ဝီရက ဒေါသထွက်သွားခြင်းကို အနိုင်နိုင် ထိန်းလိုက်တာ တိုတ်မျက်နှာကို ခပ်စိမ်းစိမ်း စိုက်ကြည့်သည်။

တိုက်က ခေါင်းတစ်ချက် လေးလေးနက်နက် ညိတ်သည်။

"ဆိုင်ပါတယ်"

"ဘယ်လို"

"ကျွန်တော် စာအိတ်နီအကြောင်းလည်း သိချင်ပါတယ် ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အခုလက်ရှိ ဖြူမာယာသန့်ရဲ့ ချစ်သူဖြစ်နေတဲ့အတွက်ပါပဲ"

"ဗျာ..."

"ခင်ဗျားက ဖြူမာယာသန့်ရဲ့ချစ်သူ ဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား သူ့အကြောင်းတွေ အခုမှ သိတာလား"

"မဟုတ်ပါဘူး၊ သူနဲ့ စတွေ့ကတည်းက ဒီအကြောင်းတွေ သိခဲ့ တာပါ၊ ဒါပေမဲ့ ဒါတွေကို ကျွန်တော် စိတ်မဝင်စားလို့ ဘာမှ မလုပ် ဖြစ်ခဲ့ဘူး၊ အခု ကျွန်တော် သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"လက်ထပ်မယ်... ဟုတ်လား"

"ဟုတ်ပါတယ်"

ဝီရ အံ့သြခြင်းတွေ ထူးဆန်းခြင်းတွေပါ သူ့မျက်နှာပေါ်၌ တစ် ပြိုင်တည်း ဖြစ်ထွန်းသွားခဲ့သည်။ ဖြူမာယာသန့်ဆိုသော အမည်က





ဝီရ နားထင်အား ဆယ်ပေါင်တူကြီးတွေနှင့် အားပါးတရ ထုနှက်နေသလို နာကျင်ခြင်းဝေဒနာအား သူ ခံစားရသည်။ ချစ်စရာကောင်း၍ ချစ်ခဲ့ သည်။ စွဲလမ်းစရာမို့ စွဲလမ်းခဲ့သည်။ ထိုစိတ်တွေရဲ့ အဆုံးသတ်က ဝီရ ကိုယ်အင်္ဂါချို့ယွင်း ပျက်စီးသွားခြင်းပင် ဖြစ်၏။ မေမေကဆို ဒီနေ့အထိ ပြောမဆုံးအောင် ဖြစ်ခဲ့သည်။

"မအေ မွေးတုန်းက ဘာချို့ယွင်းချက်မှ မရှိတဲ့ကလေး၊ ကြည့် စမ်း မျက်ကြည်လွှာ အစားရလို့ မျက်လုံးပြန်မြင်တယ်ဆိုပေမဲ့ ဒီဖအေ ဒီမအေက မွေးထုတ်ပေးတဲ့အတိုင်း မဖြစ်တော့ဘူးလေ၊ အဲဒါ ပေတ်သက်သင့်တဲ့ မိန်းမတစ်ယောက်နဲ့ ပတ်သက်နေတဲ့ အကျိုးကျေးဇူးပဲ သား၊ အို... ဒီကလေးမ တစ်ကိုယ်လုံးက စိန်တွေရွှေတွေ ထွက်နေ ပါစေ၊ သဘောမတူဘူး"

ဒါ မေမေ့ တစ်သဘောတည်း မဟုတ်။ သားရှင်မိခင်တိုင်း အဲဒီလို တညီတညွတ် အသံတွေ ထွက်လာတာဖြစ်သည်။ မုန်း၍ လမ်းခွဲခဲ့ကြတာ မဟုတ်ဘဲ တစ်စုံတစ်ရာသော ဖိအားကြောင့် ဝီရနဲ့ ယာယာ ဝေးကွာခဲ့တာ မှန်သည်။ ဒါပေမဲ့ ယာယာ့ ဘဝလေး ပျော်ရွှင်စေချင်တာ ဝီရ စေတနာ ဖြစ်၏။ ဖြူစင်ကြည်လင်သူဟာ ဘဝအတွက် လုံခြုံ အားကိုးဖွယ်ကောင်းသည့် စစ်မှန်သော ချစ်ခြင်း မေတ္တာနှင့် ဆုံဆည်းသင့်သည် မဟုတ်ပါလား။ ဝီရက ပင့်သက် ရှိုက်ရင်း သူ့စားပွဲ အံဆွဲထဲမှ တစ်စုံတစ်ရာကို ထုတ်ယူသည်။ ထို့နောက် စားပွဲပေါ်တင်တော့ စာအိတ်နီနှင့် စက္ကူအိတ်တစ်အိတ်တို့ ဖြစ်နေ၏။

"ခင်ဗျားဆုံးဖြတ်ချက်ကို ကျွန်တော် ဘာမှ မပြောချင်ဘူး၊ ဒီမှာ ခင်ဗျားလိုချင်တဲ့ စာအိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအိတ်နီဟာ ယာယာ့ဆီက ကျွန်တော် အဖြေတောင်းခဲ့ ရက်ထက် နှစ်ရက်စောပြီး ရောက်လာခဲ့တာ"

တိုက်က စာအိတ်ကို ယူဖွင့်ကြည့်တော့ အထဲကလည်း အနီရောင် စာရွက်တစ်ရွက် ထွက်ကျလာ၏။

"ဖြူမာယာသန့်ရဲ့ချစ်သူ မဖြစ်စေရ၊ ဖြူမာယာသန့်ရဲ့ အချစ်ကို မတောင်းခံရ"

ရေးထားပြီး ဝီရက နောက်ထပ် စက္ကူအိတ်ကို တိုက်ရှေ့ ရောက်အောင် တိုးပေးသည်။

"ခင်ဗျား မြင်တော့မြင်ချင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကြည့်ကြည့် လိုက်ပါ၊ ယာယာ့ကို ပရိုပို့(စ်)လုပ်ပြီးကျွေးတဲ့ ဒင်နာပွဲကို ဓာတ်ပုံ ရိုက်ထားတာ၊ အမှတ်တရအဖြစ် ယာယာ့ကို အံ့သြသွားအောင် လုပ်ချင် တဲ့ ရည်ရွယ်ချက်နဲ့ပါ၊ ဒါပေမဲ့ ကျွန်တော် ပြချင်တာက ကျွန်တော်တို့ ဘေးဘက်စားပွဲကို ခင်ဗျား သတိထားကြည့်လိုက်ပါ"

ဝီရ လက်ထောက်ပြသော စားပွဲဆီ တိုက်အကြည့် အရောက် တိုက်ရင်ထဲ ဒိုင်းနမိုက်တစ်လုံး ထပေါက်ကွဲသွားသလိုပင်။ ဘေးဘက် ဝိုင်းပေမဲ့ ကင်မရာထဲ ထင်ရှားပြတ်သားစွာ မြင်ရတဲ့ လူနှစ်ယောက်က တိုက်နဲ့ မစိမ်းသောသူတွေဖြစ်ပြီး တစ်ယောက်က အနက်ရောင် လည်သာဂျက်ကတ်နှင့်။ ကျန်တစ်ယောက်က ဖြူသော အသားအရည် ရှိပြီး အနက်ရောင်ကိုင်းတပ် မျက်မှန်နှင့် နှစ်ယောက်ဖြစ်သည်။

"အဲဒီနှစ်ယောက်ကို ကျွန်တော် ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာမှာ တွေ့တဲ့လူလည်း ရှိတယ်၊ ပြီးတော့ ကျွန်တော့်ကို ဆေးရုံပို့ပေးတာ လည်း အဲဒီနှစ်ယောက်ပဲတဲ့၊ ပြီးတော့ ကျွန်တော့်ကားရဲ့ ဒတ်(ရှ်)ဘုတ်





ပေါ်မှာ အနီရောင် စာအိတ်တင်ထားခဲ့တာလည်း သူတို့ပဲလို့ ကျွန်တော် ထင်တယ်"

"ဟာ..."

ဝီရ စကားမဆုံးခင် တိုက် ဝုန်းခနဲ ထရပ်လိုက်သည်။ ဓာတ်ပုံ ထဲက လူနှစ်ယောက်က တခြားသူတွေ မဟုတ်။ ယာယာ့နားမှာ အနီးကပ်စောင့်ရှောက်နေကြပါသည်ဆိုသည့် မောင်မြတ်နှင့် စွမ်းဆိုသည့် လူနှစ်ယောက်။ သူထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ငါတို့ ဘယ်ကိုသွားနေတာလဲ မောင်မြတ်၊ စွမ်း အက်ဆီးဒင့် ဖြစ်လို့ဆို၊ အခု စွမ်းက ဘယ်မှာလဲ၊ ဒါဆေးရုံသွားတဲ့လမ်းမှ မဟုတ်တာ မြို့ပြင်ထွက်တဲ့လမ်းကြီးပဲ"

ယာယာ့စကားကို မောင်မြတ်က မတုံ့ပြန်ပဲ ကားကိုသာ အာ နိုက်မောင်းနေ၍ ယာယာ စိတ်တိုလာ၏။

"မောင်မြတ်... ယာယာ ပြောနေတာ မကြားဘူးလား"

"ကြားပါတယ်"

ယာယာက ဘေးဘီကိုကြည့်ရင်း ချောက်ချားစွာ မေးသည် အရာရာ မရှုးစမ်းရလေခြင်းဆိုပြီးလည်း ကိုယ့်ကိုယ်ကို အပြစ်တင် သည်။ အိမ်မှာတုန်းက စွမ်း ကားအက်ဆီးဒင့်ဖြစ်၍ဆို၍ ယာယာ မောင်မြတ် ဒေါ်အေးဘုံကို မခေါ်ဘဲ အသည်းအသန် ထလိုက်ခဲ့ကြ ဖြစ်သည်။ အခုတော့ မြို့တွင်းဆေးရုံသို့ သွားသောလမ်းမဟုတ်





မြို့ပြင်ထွက်သောလမ်း ဖြစ်နေတာကြောင့် မောင်မြတ်ကတော့ နောက် ကြည့်မှန်မှ ယာယာ့ကို လှမ်းကြည့်သည်။

"ကိစ္စလေးတစ်ခု ရှိလို့ပါဟာ"

"ဘာကိစ္စလဲ၊ စွမ်းထက် နင့်ကိစ္စက ပိုအရေးကြီးနေလို့လား"

"စွမ်းအတွက် မစိုးရိမ်ပါနဲ့ဟာ၊ စွမ်း ဘာမှမဖြစ်ပါဘူး"

"အေး... မဖြစ်ဘူးဆိုလည်း အခုချက်ချင်း အိမ်ကိုပြန်လှည့်တော့ မောင်မြတ်၊ ဘုံဘုံတို့ကို ငါ ဘာမှ ပြောခဲ့ရတာ မဟုတ်ဘူး၊ ပြီးတော့ ဖုန်းလည်း ပါမလာဘူး"

ယာယာက ကိုယ့်ပေါ့လျော့မှုတွေကို ပြန်တွေးရင်း လူက ချောက် ချောက်ချားချား ဖြစ်လာရသည်။ မောင်မြတ်ကို ယုံကြည်၍ လိုက်လာ ပြီးမှ အခု တွေ့နေရသော မောင်မြတ်အကြည့်တွေက ဟိုးအရင်ကနဲ့ မတူ။ မောင်မြတ်ကတော့ နောက်ခန်းမှာ တစ်ယောက်တည်း ထိုင်နေ သည့် ယာယာကို အဓိပ္ပာယ်တစ်မျိုးပါသော အကြည့်တွေနှင့် မျက်ဝန်း ကို မှေးစင်းကြည့်ရင်း အောင်နိုင်သူလို ပြုံးသည်။

"နင် စွမ်းအတွက် စိုးရိမ်နေတာ မဟုတ်ပါဘူး ယာယာ၊ နင့် အတွက် နင် စိုးရိမ်နေတာ မဟုတ်လား၊ ဒါမှမဟုတ် ငါ့ကို ကြောက်နေ တာလား"

"အို... ငါက နင့်ကို ဘာကိစ္စ ကြောက်ရမှာလဲ၊ စကားပြောတာ ကြည့်ပြော"

"တကယ် မကြောက်ဘူးလား"

"မောင်မြတ်... နင် ဘာဖြစ်နေတာလဲ"

ဒေါသနှင့် ယာယာ ခက်ထန်ထန်ပြောလိုက်ပေမယ့် လူက



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး၌ချွေးစေးတွေ စိမ့်ထွက်နေတာ ကိုယ့်ကိုယ်ကို သိသည်။ မောင်မြတ်ကတော့ မျက်နှာထားတင်းတင်းနှင့် ယာယာ့ကိုကြည့်ပြီး အေးစက်စွာရယ်သည်။

"မကြောက်ဘူးဆိုရင်တော့ ငါ ပြောပြရတော့မှာပေါ့ ယာယာ"

ယာယာ့စိတ်ထဲ မောင်မြတ်ကိုကြည့်ပြီး ကြောက်လာပေမယ့် သူမအတွင်းစိတ်ကို သူ မရိပ်မိအောင် မျက်နှာကို တမင်တင်းပြီး မကြောက်ဟန်ဆောင်ထားသည်။

"နင် ဘာဖြစ်နေတာလဲ မောင်မြတ်"

"ငါ ဘာဖြစ်နေတာလဲဆိုတော့ နင့်ကို အခုချိန်ကစပြီး အိမ်ကို ပြန်မပို့တော့ဘူး၊ ငါနဲ့ စွမ်းနေတဲ့အိမ်လေးကို ခေါ်သွားမလို့"

"ဘာပြောတယ်၊ နင်ခေါ်တိုင်း ယာယာက လိုက်ရမှာလား ကားကို အခုရပ်စမ်း မောင်မြတ်၊ ပြောမရရင် ယာယာ အော်လိုက်မှာနော်"

"အော်လေ၊ နင် အော်လည်း ဘယ်သူမှ မကြားဘူး"

ဒါတော့ ဖြစ်နိုင်သည်။ လမ်းမှာ ယာယာတို့ကားကလွဲပြီး တခြားကား မရှိ။

"နင်တော့ ရူးနေပြီ မောင်မြတ်၊ နင်တို့ အရူးတွေ ဟဲ့… သိလား၊ ယာယာ ပျောက်သွားရင် နင်တို့ပေးထားတဲ့ လိပ်စာအတိုင်း ပါပါးလာရှာမှာပဲ"

"အဟက်… ဟက်… ဟက်"

ယာယာ့စကားကို မောင်မြတ်က ကားမောင်းရင်း အူလှိုက် သည်းလှိုက် ရယ်သည်။ ခေါင်းမော့ပြီး ရယ်တာကို လက်စသတ်ရင်း သူက နောက်ကြည့်မှန်မှ ယာယာ့ကိုကြည့်တော့ သနားစဖွယ် အကြည့်





မျိုးနဲ့ဖြစ်ကာ လှုကို လှောင်ပြောင်နေသလို အရိပ်တွေ စွန်းထင်းနေ၏။

"ငါတို့ပေးထားတဲ့ လိပ်စာက အမှားကြီးဖြစ်နေတယ်ဆိုရင်ရော ယာယာ"

"ဘာ… ဘာပြောတယ်"

ယာယာက အလန့်တကြား အော်တာ ထခုန်မိမတတ်။ စီစီဖောင် လို့ သူမ သိထားသည့်အထဲမှာ မောင်မြတ်တို့ရဲ့ ဓာတ်ပုံတစ်ပုံစီ ကပ်ထားတာရယ်၊ မှတ်ပုံတင်နံပါတ်နဲ့ မွေးသက္ကရာဇ်တွေ။ ပြီးတော့ လိပ်စာက အင်းစိန်ဆိုပါလား။ အတိအကျ မမှတ်မိ။ မှတ်ထားရန်လည်း မလိုဟု ယာယာက ယူဆထားပြီးကာမှ အခု နေရပ်လိပ်စာက အမှား ကြီးဆိုတော့။ မောင်မြတ်က ရှေ့ခန်းမှ ကားမောင်းနေရင်းက အရူး တစ်ယောက်လို တဟီးဟီး တဟားဟားနဲ့ ထရယ်တော့ ယာယာ့စိတ်ထဲ မောင်မြတ် အရူးထနေပုံကို ပိုကြောက်လာ၏။

"မောင်မြတ်… နင်… နင်တို့ အစကတည်းက ဘာ့အကြံ အစည်နဲ့ ယာယာ့အိမ်ကို ဝင်ခဲ့တာလဲ… ပြော၊ နင်နဲ့စွမ်းက ယာယာ တို့ကို အယုံသွင်းပြီးတော့၊ အခု စွမ်းရော၊ စွမ်းကိုလည်း နင် ဘာလုပ် လိုက်လဲ… ပြော"

"စွမ်း… စွမ်းလက်ရုံးလား၊ သူ့ကို ငါက ဘာလုပ်စရာလိုမှာလဲ၊ သူနဲ့ငါက သွေးသောက်ညီအစ်ကိုတွေပဲ"

"ဟင်…"

"ငါ ဒီမှာရှိပါတယ် ယာယာရဲ့"

ရုတ်တရက် ကားနောက်ခန်းထဲမှ ထွက်လာသော စွမ်းကြောင့် ယာယာက တအံ့တဩ နောက်လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စွမ်း"

"အေး… ငါပဲ"

"လောလောဆယ် နှင် သိချင်တာတွေ သိမ်းထုတ်ပြီး ခဏ အနားယူလိုက်ဦး ယာယာ၊ နှင် နိုးလာတဲ့အခါ ငါတို့အားလုံး ပြောပြမယ် ဟုတ်ပြီလား"

"နှင် ယာယာ့ကို ဘာလုပ်မလို့လဲ"

"စွမ်းနော်"

"အူး… ပူး"

"ပူး"

စွမ်း လက်တစ်ဖက်မြောက်တက်လာပြီး ယာယာ့ကိုယ်လေးကို ဖမ်းချုပ်လိုက်၏။

ရုတ်တရက် အသက်ရှူလမ်းကြောင်းထဲ စိမ်းရွှေရွှေအနံ့ကြီး ရူးခနဲ တိုးဝင်လာသည်။ ဒါ မေ့ဆေးပဲ ယာယာ။ ရုန်းစမ်း။ လွတ်အောင် ရုန်းလို့ ကိုယ့်ကိုယ်ကို သတိပေးပြီး ခေါင်းကို ဘယ်ပြန် ညာပြန် ခါယမ်းပေမဲ့ အချည်းနှီးပင်။ နှာခေါင်းဝ၌ အုပ်ထားသော လက်ကိုင် ပဝါမှတစ်ဆင့် မေ့ဆေးနံ့ကြီးသည် ဟိုးအဆုတ်ထဲအထိ တလူးလူး တလွန့်လွန့် တိုးဝင်သွားပြီးနောက်။ ပျော့ခွေခေါက်သွားတဲ့ ယာယာ့ ကိုယ်လုံးလေးအား နောက်ခန်းကုရှင်ပေါ်တွင် စွမ်းက ချထားသည်။ မောင်မြတ်က နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်သည်။

"ကားချိန်းမဲ့နေရာကို မင်း သေချာစီစဉ်ထားခဲ့ရဲ့လား စွမ်း"

စွမ်းက ခေါင်းညိတ်ပြသည်။

"ရှေ့တစ်ကွေ့ဆိုရင် ရောက်ပြီ"





မေ့ဆေးတန်ခိုးနဲ့ ငြိမ်ကျသွားတဲ့ ယာယာ့ကိုကြည့်ပြီး နှမ်းယောက် လုံး အူမြူးနေတာတော့အမှန်။ ကျပျောက်တဲ့ပစ္စည်း ပြန်တောင်းရတာ လောက် ဝမ်းသာစရာမရှိတာမို့။ ဒါ ဥစ္စာရှင်းမှန်လို့ ပြန်ရတာပဲဖြစ်ပါး

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဆောရီး ယာယာ၊ ငါ တောင်းပန်ပါတယ်"

"နှင့်ကို အခုလိုမျိုး မလုပ်ချင်ပါဘူး၊ ဒါပေမယ့် နှင်က ငါ
နှစ်ယောက်တည်းနဲ့မှ မနေချင်တာကိုး"

ယာယာ့နှာခေါင်းထဲမှာ အသက်ရှူလိုက်တိုင်း အောက်သိုး
အနံ့ရသည်။ မျက်လုံးတွေ မဖွင့်ချင်အောင် မျက်ခွံတွေ လေးလံနေသ
ကြားမှ ငါ ဘယ်ကို ရောက်နေသလဲလို့ ယာယာက စူးစမ်းသ
သူမ သတိရတာ သိသေးပုံမပေါ်သော မောင်မြတ်က ယာယာ့န
စကားတိုးတိုးလေး ပြောနေတာကို ကြားရ၏။ ယာယာက တ
သတိမေ့ချင်ဟန်ဆောင်ရင်း ထိုစကားတွေကို နားစွင့်ထားသည်

"နှင်က ချစ်သူနဲ့လက်တွဲပြီး ကမ္ဘာသစ်ရှာချင်တာကိုး ယာ
နှင်လည်း သော်တာနဲ့ အတူတူပဲ"

သော်တာ။ သူမ တစ်ခါမှ မကြားဖူးသော စိမ်းသက်
အမည်။ ယာယာက ထိုအမည်ကို မေ့မသွားအောင် စိတ်ထဲမှ
တလဲလဲ ရွတ်ဆိုရင်းက မှုးမိုက်နေသောခေါင်းကို ကြည်အောင် ကြ





သည်။

"သော်တာလည်း ငါတို့ကိုပစ်ပြီး ဝေဇင်ကို လက်ထပ်သွားတာ
လေ၊ မကြိုက်ပါဘူးဆိုတာကို ထပ်တလဲလဲ လုပ်ဖြစ်အောင် လုပ်တဲ့
နှင့်ကို ဒဏ်ပေးလိုက်ပြီးခါမှ… အခု ယာယာကလည်း နှင်နဲ့ မျက်နှာ
သည်း တူတယ်၊ ဒီတော့ နှင့်လမ်းစဉ်အတိုင်းပဲ ယာယာ့ကို ပို့ပေးမယ်၊
နှင်လည်း အဖော်ရတာပေါ့ သော်တာရာ… နော်"

အမယ်လေး၊ ဘယ်ကို ပို့ပေးမှန်း မသိပေမဲ့ ကြားရတာနဲ့တင်
ကြက်သီးထချင်စရာ ကောင်းသည်။ ကြောက်စိတ်ကို ထိန်းရင်း
ယာယာက သတိမေ့ချင်ဟန်ဆောင်နေသည့် ဘဝမှ အမြန်ရုန်းထွက်ချင်
သာ၏။ ထိုအခိုက်မှာပဲ စွမ်း အသံက လွင့်ခနဲ ရောက်လာ၏။

"ငါ ပြန်ရောက်ပြီ မောင်မြတ်၊ ဒီမှာ… အလွယ်ရတဲ့ ခေါက်ဆွဲ
ကြော်တစ်ပွဲ ငါဝယ်လာတယ်၊ မင်း လာစားလိုက်ဦး"

"သင့်ခ်ယူး… စွမ်း၊ မင်းရော စားခဲ့ပြီးလား"

"အေး"

"ကောင်မလေးက အခုထိ သတိမရသေးဘူးလား"

"သူမေ့နေတော့ ပိုစိတ်ချရတာပေါ့ကွာ"

'သူငယ်ချင်းနှစ်ယောက် အတိုင်အဖောက်ပြောရင်း စကားသံ
ပိတ်သွား၍ ယာယာလည်း မလှုပ်ရဲ။ မျက်စိကို မှိတ်ပြီး သတိမေ့နေဟန်
ဆက်ပြီး နေနေလိုက်သည်။ စိတ်ထဲမှတော့ ဒီနှစ်ယောက် ယာယာ့နားက
မြန်မြန်ထွက်သွားပါစေလို့ ဆုတောင်းရင်း ခြေတွေလက်တွေ တုပ်နှောင်
ထားသည့်အဖြစ်အား ကြံဖန် ကျေးဇူးတင်ရသည်။

ထို့နောက် ခြေသံတဖျပ်ဖျပ်ကြားရပြီး ယာယာ့နားက သူတို့ထွက်



www.burmeseclassic.com

www.burmeseclassic.com



သံကြားရသည်။ သူတို့ မရှိတော့ဘူးဆိုမှ ယာယာက မျက်လုံးတွေ ဖြည်းညင်းစွာ ဖွင့်ကြည့်သည်။ ယာယာမျက်လုံးထဲ အရင်တွေ့တ ပင့်ကူအိမ်တွေ တို့လို့တွဲလောင်းနှင့် ပစ္စည်းအပျက်အစီးတွေ ပလတ်စတစ် အစကြီးတွေဖြင့် အုပ်ထားတာ ထိုးထိုးထောင်ထော ဖြစ်သည်။ ယာယာ လှဲနေသောနေရာရဲ့ ခပ်လှမ်းလှမ်းမှာ မေ အကြီးစားကြီးထွန်းပြီး မောင်မြတ်နှင့် စွမ်းက ဖွန်သံခက်ရင်းသံ ပေးကာ စားသောက်နေကြသံကို ကြားနေရသည်။

ယာယာလဲကျနေသော နေရာမှ ကြည့်လျှင်အပေါက်ဝ တန်းနေပြီး တံခါးမရှိသော ဂိုထောင်ပျက်ကြီး ဖြစ်ဟန်တူသ ယာယာက လှဲနေရာမှ အသာ ကျုံ့ထသည်။ သူမ တော်တော် သတိပြန်မလည်လာနိုင်ဟု ယူဆထားပုံရသော မောင်မြတ်နှင့်စွ ယာယာရှိရာဘက်ဆီ တစ်ချက်ကလေးမှ လှည့်မကြည့်။

"မနက် မိုးမလင်းခင် ငါတို့ ဆက်သွားကြတာပေါ့၊ သော တော့ ပျော်နေမှာကွ၊ သူတစ်ယောက်တည်း နေရတာ ဘယ်လေ ကြာပြီလဲ၊ အခုလို သူနဲ့ အတူနေဖို့ အဖော်ခေါ်လာတာသိရင် ငါ ကျေးဇူးတောင် တင်ဦးမှာ"

"တကယ်လို့ ဟိုကောင် လိုက်လာခဲ့ရင်"

မောင်မြတ်စကားကြောင့် အားကြိုးမာန်တက် ပြောနေသော ပါးစပ် ပိတ်သွားသည်။ မီးရောင်အောက်မှာ မျက်မှန်အပေါ်ဘ မျက်ခုံးတွေကို မောင်မြတ်က ထိလုမတတ် ကျုံ့ထားရင်း တစ်စုံတ အပြင်းအထန် စဉ်းစားလျက် ရှိသည်။ စွမ်းကတော့ ဘာဘာညာ မစဉ်းစား။





"လိုက်လာတော့လည်း ဘာဖြစ်လဲကွာ၊ ဟို ဝေဇင်ဆိုတဲ့ ကောင်လို မြွေနဲ့ တိုက်ပစ်တာပေါ့"

ပီပီသသကြားရသော ထိုစကားက ယာယာ့ကို အဝေးဆုံး ပြေးရန် တွန်းအားပေးလိုက်သလို ဖြစ်သည်။ ပြေးတော့ ယာယာ။ တို့လက်ထဲက ပြေးနိုင်မှ နင်အသက်ရှင်ခွင့်ရမယ်လို့ ကိုယ့်ကိုယ်ကို တိပေး၍ ယာယာက ထွက်ပေါက်ဆီ တဟုန်ထိုးပြေးထွက်ခဲ့သည်။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဝေါ ... ဝရော ... ဂူး"

နောက်ပါးက ကားစက်နှိုးသံနှင့်အတူ ကားမီးရောင်ဖွေးခနဲ ယာယာ့ပြေးလမ်းရှေ့သို့ ကျလာ၏။ ယာယာက နောက်သို့ လှည့်ကြည့်သောအခါ စက်နှိုးပြီး မောင်းထွက်လာတဲ့ကားဟာ သူမထံ ဦးတည်လာနေတာ မြင်ရသည်။

"ဟေး ... ယာယာ၊ မပြေးနဲ့တော့၊ နင် မလွတ်ဘူး သိလား။ လွတ်ရင်လည်း နင့်ကို ဒီမှာ မထားခဲ့ဘူး၊ နင်က ငါတို့နဲ့ ပြန်လိုက်ခဲ့ရမှာ၊ ငါတို့ကလွဲရင် နင် တခြားလူကို မချစ်ရဘူး၊ တခြားလူနဲ့ မနေရဘူး"

ကားပြတင်းပေါက်ကနေ ကိုယ်တစ်ပိုင်းထွက်ပြီးအော်တာ စွမ်းမှန်း ယာယာ သိသည်။ သူတို့က အဲဒီလိုအော်လေ ယာယာက လွတ်အောင် ပြေးလေဖြစ်ကာ စီးထားတဲ့ ဟပ်(ဖ်)ရှူးတွေလည်း ခွဲချွတ်ပစ်ပေါက်ကား ရောက်ရာပေါက်ရာသို့။ ဖိနပ်မပါ ခြေဗလာနဲ့ပြေးကာ သူမအတွက် ပိုသွက်လက်မြန်ဆန်လာသလို ထင်ရပေမဲ့ စက်တပ်ယာဉ်နဲ့ လူခြေထောက်ရဲ့ မြန်နှုန်းက နှိုင်းယှဉ်မရမှန်း တစ်စထက်တစ်စ သိသာ





လာခဲ့သည်။

"ဝေါ ... ဂူး"

မောင်မြတ်က အံတင်းတင်းကြိတ်ပြီးနောက် ကားခေါင်းကို ယာယာ့ နောက်ကျော ဦးတည်သည်။ ထို့နောက် အဆုံးစွန်ထိ လီဗာကို ဖိနင်းရင်း ကားကို အရှိန်မြှင့်ကာ သူမထံ တိုးဝင်တိုက်ပစ်ဖို့ ရည်ရွယ်သည်။

"ဝေါ ... ဝရော"

လမ်းချိုးကွေ့တစ်ခုမှ ခုန်ပေါက်ထွက်လာဟန်ရှိသော ကားမည်းမည်းကြီးသည် ယာယာနှင့် မောင်မြတ်တို့ကား၏ ကြားထဲသို့ မိုက်မိုက်မဲမဲ တိုးဝင်သွားသည်။ ထို့နောက် ပြင်းထန်သော အသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ဒုန်း"

"ဝုန်း"

"ကျွီး"

သတ္တုချင်း ထိမိသံပြင်းစွာ ကြားလိုက်ရပြီး နောက်မှာ ယာယာ မကြည့်ရဲသလို မျက်ဝန်းအစုံကို အလန့်တကြား မှိတ်ချလိုက်သည်။

"ဂျိမ်း ... ဒိန်း"

ကားချင်း ထိခိုက်မိသံတွေနှင့် အရှိန်ပြင်းသော ကားနှစ်စီးသည် မီးခိုးတွေ အူထွက်ရင်း နေရာမှာတင် ရပ်တန့်သွားသည်။ ယာယာက ရုတ်ချည်း တိတ်ဆိတ်သွားတဲ့ ပတ်ဝန်းကျင်ကို သတိထားပြီးမှ ပြေးနှုန်းကို လျှော့ကာနောက်သို့ လှည့်ပြန်ငဲ့ကြည့်မိတဲ့အခါ သူမနောက် လိုက်လာသော မောင်မြတ်တို့ ဗင်ကားအဖြူလေးရှေ့မှာ ကန့်လန့်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပိတ်ကာထားသော အနက်ရောင် LEXUS ကားကြီးနှင့် ထိုကားကြီးရဲ့ မောင်းသူနေရာတွင် စတီယာရင်ပေါ် ပါးတစ်ခြမ်းအပ်၍ သူမရှိရာ လှမ်းမျှော်ကြည့်နေသော သူက ယာယာ့ချစ်သူ တိုက်။ အမှောင်ထဲမှာပင် ထိုမျက်နှာအား ယာယာက အလွတ်ကျက်မှတ်၍ အိပ်မက်ထဲအထိ အလည်ခေါ်ခဲ့သောသူ။ နှလုံးသားသည် တစ်စုံတစ်ရာကြောင့် အခုမှ လန့်နိုးသလို တဆတ်ဆတ် ခုန်လာကာ ငြိမ်သက်နေသော သူ့ထံ ပြန်ပြေးသည်။

"တိုက်"

သည်းအူပြတ်မတတ် အော်လိုက်သော သူမအသံကြောင့် တိုက်က နှားထင်ဘေး စီးကျနေသော သွေးတို့ဖြင့် တုတ်တုတ်မလှုပ်ပေမယ့် ကမ္ဘာကြီးကတော့ တုန်လှုပ်သွားမည် ဖြစ်၏။

◈



## အခန်း (၃၆)

"လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က ကလောမြို့လေးပေါ်မှာ ဒီလူသတ်မှုဖြစ်ခဲ့တာ"

"လက်ထပ်ပြီးစ လင်မယားမှာ မိန်းမက မြွေပေါက်ခဲ့ပြီး ဆုံးတယ်၊ ယောက်ျားက စပါးကြီးမြွေရဲ့ ရစ်ပတ်မှုကြောင့် သေဆုံးခဲ့ရတယ်၊ ဒီအမှုကို သူတို့နဲ့ သက်ဆိုင်တယ်ထင်လို့ စစ်ဆေးဖို့ ပြင်ဆင်ခဲ့ပေမဲ့ နှစ်ယောက်စလုံးက နယ်လှည့်ကုန်သည်တွေ ဖြစ်တာရယ်၊ ဂေါ်လာပွဲမတိုင်ခင်ကတည်းက မြို့လေးပေါ်မှာ မရှိတော့တာရယ်ကြောင့် ရိုးရိုးလူသေမှုအနေနဲ့ အမှုပိတ်ခဲ့ရတာပါ"

"အခုတော့ ဒီက မိန်းကလေးပြောတဲ့ စကားအတိုင်း အဲဒီအိမ်လေးကို သွားရှာကြည့်တဲ့အခါ မြေတိုက်ခန်းလို့ အင်္ဂတေကိုင်ထားတဲ့ နေရာမှာ မိန်းကလေးအရိုးစုကို တွေ့ရပါတယ်"

စခန်းမှူးက စကားကိုဖြတ်ပြီး အားလုံးကို ဝေ့ကြည့်သည်။

"မှုခင်းဆရာဝန်ရဲ့ ဆေးမှတ်တမ်းအရတော့ အဲဒီအရိုးစုက သော်တာဆိုတဲ့ မိန်းကလေးအရိုးစုဆိုတာ မှန်ကန်ကြောင်း သိခဲ့ရပါတယ်"

"မြွေကိုက်လို့သေတဲ့သူကို သုသာန်မပို့ပဲ ဘယ်လိုလုပ်ပြီး အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်နေတာလဲဟင် စခန်းမှူးကြီး”

သိချင်တာရှိရင် အချိန်မဆိုင်း နေရာမရွေးတဲ့ ဖက်တီးက ထမေး သည်။

“လူသေပြီးမှ သုဿန်ကနေ အလောင်းကို သွားဖော်ပြီး အိမ်ထဲ ထည့်သိမ်းထားတဲ့ သဘောပါ၊ သုဿန်က သော်တာရဲ့ မြေပုံမှာ ခေါင်းအခွံကြီးပဲရှိတာကိုလည်း ကျွန်တော်တို့ စစ်ဆေးတွေ့ရှိပြီးပါပြီ”

အဖြစ်အပျက်တွေက အားလုံး ရှင်းသွားပါပြီ။ သော်တာနှင့် ရုပ်ချင်းတူသူ ပေါ်ထားခဲ့သော အစွဲအလမ်းက ယာယာနဲ့တွေ့မှ တစ်က ပြန်စခြင်း ဖြစ်သည်။ ဦးလင်းသန့်က သမီးဖြစ်သူရဲ့ ပခုံးကိုဖက်ရင်း သက်ပြင်း မောချသည်။ ဒေါ်အေးဘုံ ဖုန်းဆက်အကြောင်းကြားကြားချင်း မြန်မာပြည်ကို ပြန်ခဲ့ပေမယ့် သူ ဒီရောက်သောအခါ သမီးက ဘေး အန္တရာယ်ကင်းရှင်းစွာရှိပြီး သမီးကို ကယ်ခဲ့သူက… အလင်းတိုက်။

“တီ… တီ… တီ… တီ”

အရေးပေါ်ခန်းထဲ အချက်ပေးသံတွေ ဆူဆူညံညံ ထွက်ပေါ်လာ သည်။ ရှင်းလင်းချက်တွေကို နားထောင်နေသော စခန်းမှူးအနားရှိ နာ့(စ်)တွေရော၊ ဆရာဝန်တွေရောက ဝုန်းခနဲ အခန်းထဲ ပြန်ပြေးဝင်ကြ၏။

“စမ်းသပ်စစ်ဆေးမှုတွေ လုပ်ရဦးမှာမို့ ခဏလောက် သည်းခံ ပေးကြပါရှင်”

အရေးပေါ် အခန်းဝမှာ တိုက်မိဘတွေရော၊ ဝေယံနှင့်ဖက်တီး အပါအဝင် ယာယာပါ ဒီတိုင်း ရပ်စောင့်နေရ၏။ ယာယာက မျက်ဝန်းပါ စုံမှိတ်သောအခါ ကားစတီယာရင်ပေါ်တွင် မျက်နှာအပ်ကျနေသော သွေးချင်းချင်းရဲသည့် တိုက်အသွင်က မျက်ဝန်းထဲ မဖိတ်ခေါ်ဘဲ





ပေါ်လာ၏။ ယာယာက ကြောက်လန့်တကြားနှင့် မျက်လုံးပြန်ဖွင့်သည်။

“ကို ဘာမှမဖြစ်ပါစေနဲ့၊ တိုက် အရင်လို ကျန်းမာပြီး ယာယာ့ အပေါ် ချစ်နိုင်တဲ့သူ၊ ယာယာက ပြန်ချစ်ရတဲ့သူ ဖြစ်ပါစေ”

ယာယာ ဆုတောင်းမဆုံးခင်မှာပဲ အခန်းတံခါးက လှစ်ခနဲ ပွင့်လာ၏။

“ဖြူမာယာသန့်”

ယာယာ့အမည်ခေါ်သံကြောင့် ဝမ်းသာအားရအခန်းထဲဝင်မည့် ဟန်ပြင်ပေမယ့် နာ့(စ်)က တားထားသည်။

“နေဦး”

“လူနာက ရှင့်ကို နောက်ဆုံးမှ ဝင်ပါတဲ့”

“အို”

ထိုစကားတစ်ခွန်းကြောင့်ပင် ယာယာငိုချင်သွားသည်။ မောင်မြတ် ဘို့လက်ချက်ဖြင့် အသေမစောခဲ့သည့် ကိုယ့်အဖြစ်ကို နောင်တရသွား၏။ အချစ်မရှိသော အရပ်မှာ အသက်ရှင်နေလည်း အလကားဖြစ်သည်။

◈



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

အားလုံးသောလူတွေ ပြန်ထွက်သွားကြတာ ခေါင်းငိုက်စိုက်နှင့်ဖြစ်ပြီး နောက်ဆုံး ကျန်သူ ယာယာ့အလှည့်သို့ ရောက်လာ၏။ ယာယာက ခေါင်းမော့ကာ အသက်ရှုသွင်းရင်း အားတင်း၍ အခန်းထဲဝင်ရန် ခြေတစ်လှမ်းဖြင့် စတင်အားယူသည်။ အခန်းထဲဝင်တာနှင့် ခေါင်းအထက်ပိုင်းကို မြင့်ထားသည့် ခုတင်ပေါ်မှာ ယာယာရဲ့ ချစ်ရပါသောသူ။ ဦးခေါင်းထက်မှာ ပတ်တီးအဖွေးသားနဲ့ မျက်တောင်တွေဖိချထားသော မျက်ဝန်းတွေက မှေးမှိတ်ထားသည်။ အနီရောင် နှုတ်ခမ်းလွှာတို့သည် အရောင်ရင့်ကာ ခြောက်သွေ့နေပြီး လက်မောင်းမှာ ပိုက်တွေတပ်ထားကာ ဆေးရည်တွေ တစ်စက်ချင်း ခန္ဓာကိုယ်ထဲသွင်းနေရပုံက မြင်ရသူအား စိတ်နှလုံးညှိုးချုံးစေ၏။ ယာယာက တိုက်ခုတင်နား ဖြည်းညင်းစွာ လျှောက်သွားရင်းက အိပ်ရာအောက်ချထားတဲ့ တိုက်လက်ချောင်းတွေကြား သူမလက်တွေကို ညှပ်ပူးဆုပ်ကိုင်လိုက်၏။

"တိုက်"





"ယာယာ့ကို စိတ်နာသွားပြီလားဟင်၊ ဒီတစ်ယောက်ကို ချစ်ရတာ ပင်ပန်းလွန်းတယ်ဆိုပြီး စိတ်ကုန်သွားတာမျိုးလား"

"အင်း"

သူ့က ခေါင်းညိတ်ရင်း တိုက်က သူ ပြုမူနေကျအတိုင်း ယာယာက လက်ချောင်းတွေ ပူးကပ်ဆုပ်ကိုင်ရင်း သူ့လက်ခုံကို သူမပါးမှာ အပ်ထားပေမယ့် တိုက်အဖြေကြောင့် ယာယာ့ရင်ထဲ ဝမ်းနည်းမှုတွေနှင့် ပြည့်နေ၏။

"အဲဒါကြောင့် ယာယာက တိုက်ကို မချစ်စေချင်ခဲ့တာ၊ ယာယာက တိုက်က မချစ်စေချင်ခဲ့တာ၊ ယာယာကြောင့် တိုက် ထိခိုက်ဒဏ်ရာရခဲ့ရတာ"

ပြောရင်း ယာယာ့အသံလေး တိမ်ဝင်သွားကာ ဖြေရှင်းပြခြင်းလား။ ဆောင်းပန်ခြင်းလား မသိသော စကားကိုဆိုရင်း ဝမ်းနည်းစိတ်က ယာယာ့ရင်ထဲ စိမ့်ဝင်လှိုက်တက်လာကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။

"ကို့ရှေ့မှာ မျက်ရည်မကျနဲ့လို့ ပြောထားတယ် မဟုတ်လား"

"တိုက်မှ ယာယာ့ကို မချစ်တော့ဘဲ"

"ဘယ်သူက မချစ်ဘူး ပြောလို့လဲ၊ မင်းကို အသက်စွန့်ပြီး ကယ်ထားတာ မင်းကို မချစ်လို့လို့ ထင်နေလား"

"ဒါဖြင့် ဘာလို့ အားလုံးကို အရင်တွေ့ပြီးမှ ယာယာ့ကို နောက်ဆုံးမှ တွေ့ရတာလဲ"

ယာယာက သူမရင်ထဲက ခံစားချက်ကို မကျေမနပ်ဆိုရင်း မျက်စောင်းရွယ်တော့ တိုက်က ချစ်စရာကောင်းအောင် နေယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မသိဘူးလား"

"ယာယာက ဘာကို သိရမှာလဲ"

"အရှုပ်ထုပ်တွေ အရင်ရှင်းတာလေ၊ ဒါမှ ယာယာနဲ့ကိုယ် အခုလို"

"အို… ကို"

"လူတွေ မြင်ကုန်မယ်၊ မရှက်ဘူးလား"

"မလွှတ်ဘူး၊ လွမ်းနေတာ ကြာလှပြီ"

"တိုက်"

"အိုကွယ်"

ချစ်သူအလိုကို ကြည်ဖြူစွာ လိုက်လျောမိသူက ယာယာ အားလုံးက သူတို့နှစ်ယောက်အကြောင်း အစအဆုံး သိထားပြီးသား ဆိုတော့ ဘယ်သူမှ ယာယာတို့ချစ်သူနှစ်ဦးကို နှောင့်ယှက်ဖို့ မကြိုး စားတော့။

"သိပ်ချစ်တာပဲ ယာယာရယ်၊ မင်းကို သိပ်ချစ်လို့ ကိုယ့်အသက်ကို ဂရုမစိုက်ဘဲ လိုက်ကယ်ရတာ၊ ဒေါ်အေးဘုံကြီးက မောင်မြတ်ခေါ်သွား တယ်ဆိုကတည်းက ကိုယ် အမှီလိုက်တာ၊ လမ်းတစ်ဝက်မှာ ပွိုင့်မိပြီး ပြတ်ကျန်ခဲ့တာ၊ ကံကောင်းချင်တော့ သူတို့ကားချင်း အချိန်းမှာ မှီလိုက် တယ် ဆိုရုံလေးပဲ၊ ဒီကြားထဲ ကိုယ့်ကားက ထဖောက်လို့ အချိန် နည်းနည်းကြာသွားတာ၊ နို့မို့ဆို ကို့အချစ်လေး နေမလောင်မီးမခဲ ကိုယ့်ရင်ခွင် ရောက်နေပြီ"

"ကျေးဇူးတင်ပါတယ် ကိုရယ်"

"ကျေးဇူးတင်ရင် ဒီကိုနမ်း"





"သွား"

"သွားမယ်… လာခဲ့"

တိုက်က အရှက်ကြီးနေသည့် ချစ်သူလေးကိုယ်စား သူကပဲ ချစ်အနမ်းတွေ ခပ်ကြမ်းကြမ်းလေးပေး ပစ်လိုက်သည်။ ယာယာက တော့ ချစ်သူ၏ မွှေးပျံ့ဖွယ်ရာ အနမ်းများ၏ ညှို့ယူခွဲခေါ်ရာ ယန်းနုရောင် ချစ်လွင်ပြင်ထဲမှာ အတူစီးမျောလိုက်ပါရင်း ချစ်သူရင်ခွင်မှာ သူမ မျက်ဝန်းအစုံကို အလန့်တကြား မှေးမှိတ်ပစ်လိုက်မိသည်။

မြပုလဲသွယ်



www.burmeseclassic.com